1500



# စစ်ကိုင်းဦးဘိုးသင်း

# စလေမင်းခွေး

တတိယအကြိမ်

# စစ်ကိုင်း ဦးဘိုးသင်း [ ၁၈၉၀–၁၉၇၃ ]

သရက်ခရိုင် မင်းတုန်းမြို့ မြို့သစ်ကုန်းရပ်၌ အဖ ဦးဘိုးသာ၊ အမိ ဒေါ်ရွှေဆိတ်တို့က ၁၈၉၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ မွေးချင်း သုံးယောက်တွင် ဒုတိယမြောက် သားဖြစ်၍ အမည်ရင်း ဦးဘိုးသင်း ဖြစ်၏။

မန္တလေး ဆရာအတတ်သင် နော်မန်ကျောင်းမှ ဆရာဖြစ်သင် အောင်ခဲ့သည်။

မြစ်ကြီးနားမြို့တွင် ကျောင်းဆရာအဖြစ် စတင် အမှုထမ်းသည်။ ဗန်းမော်တွင် ကျောင်းဆရာ၊ ခေတ္တပညာအုပ်၊ တစ်ဖန် ရန်ကုန်ကူးသန်းရောင်းဝယ်ရေး သတင်းစာ လက်ထောက် အယ်ဒီတာ၊ တောင်သာ 'အေ'နယ် ဒုတိယပညာအုပ်၊ ထိုစဉ်ပင် 'ပညာမဏ္ဍိုင်' သတင်းစာကို တစ်လ တစ်ကြိမ် ဦးစီးထုတ်သည်။ တောင်သာ၊ စစ်ကိုင်း၊ မော်လိုက်၊ ထားဝယ်တို့တွင် ခေတ္တပညာအုပ် လုပ်ခဲ့သည်။ မလွတ်လပ်ဟု ယူ၍ အလုပ်ထွက်ပြီး စာရေးဆရာဘဝသို့ ကူးပြန်သည်။ တစ်ဖန် မြစ်ကြီးနား ပညာအုပ်အဖြစ် ဂျပန်ဝင်စထိ အမှုထမ်းပြီးနောက် အငြိမ်းစားယူခဲ့သည်။

ကျောင်းဆရာ ဖြစ်လာသောအခါ သူရိယ၊ ကူးသန်းရောင်းဝယ်ရေး စသည့် သတင်းစာများတွင် လည်းကောင်း၊ သူရိယ၊ ပညာအလင်း စသည့် မဂ္ဂဇင်းများတွင် လည်းကောင်း ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသည်။ 'မိန်းမတို့အတွက်'၊ 'ယောကျ်ားတို့အတွက်'၊ 'ကျောင်းသားတို့အတွက်' စာအုပ်များကို သူရိယတိုက်မှ ထုတ်ခဲ့သည်။ 'သားသမီးများကြီးပွားရေးလက်စွဲကျမ်း' ကို ပြုစုသည်။ ကျောင်းသားများအတွက် 'မင်္ဂလသုတ် အကျယ်ကျမ်း'၊ 'လောကသာရ အဖြေ'၊ 'စိတ္တ ကျော်သူ အဖြေ'၊ 'ကျည်းကန်ကိုရင်ကြီး မေတ္တာစာ အဖြေ'၊ 'ဘလ္လာတိယပျို့အဖြေ'၊ 'မူလတန်းသဒ္ဒါ'၊ 'မြန်မာသဒ္ဒါ ပထမတွဲ၊ ဒုတိယတွဲ' ရေးခဲ့သည်။ ကျောင်းသုံး ပြဋ္ဌာန်းအဖြစ် တိုင်းရင်းသားဘာသာ ကျောင်းများအတွက် 'ကိုးသိန်းမောင်'၊ 'ဦးအောင်စေရ'၊ 'စလေမင်းခွေး'၊ အင်္ဂလိပ်ကျောင်းများအတွက် 'ခရီးသည်ကြီး'၊ 'ခေတ်သစ်မောင်'၊ အမျိုးသားကျောင်းများအတွက် 'တို့တိုင်းပြည်'တို့ကို ရေးသည်။ 'ပင်လယ်ပျော် သီသီ'၊ 'တို့ပြည်'၊ 'ဖာတစ်လုံး ခေါင်းကျား' တို့မှာ ကျောင်းစာကြည့်တိုက်သုံး ဖြစ်လာသည်။ ဝတ္ထုနှင့် ကျမ်းစာအုပ် ၉၀ ကျော်နှင့် မထုတ်ဖြစ်ခဲ့သည့် စာအုပ် ၂၀ ကျော် ပြုစုခဲ့သည်။ ထုတ်ဝေပြီး စာအုပ်များအနက် **ဖာတစ်လုံး ခေါင်းကျား** (၁၉၃၈)သည် အစောပိုင်း ထင်ရှားသောဝတ္ထု ဖြစ်သည်။ ရုပ်ရှင်အဖြစ်ပါ အောင်မြင်ခဲ့သည်။ **မဲကျွန်ဝတ္ထု**သည် ၁၉၅၄ ခု စာပေဗိမာန်ဆု ရရှိသည်။ **သူ့အမြင်နှင့် သူ့အတွေး** (၁၀–တွဲ)[၁၉၆၅–၆၆]သည် သိမှတ်ဖွယ်ရာ၊ ဆင်ခြင် စဉ်းစားဖွယ်ရာ အများ ပါဝင်သောကြောင့် တစ်မူထူးခြားသည်။ **စစ်ကိုင်းဦးဘိုးသင်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ** (၁၉၇၉)သည်ကား မိမိ၏ ပျော့ကွက်၊ ညံ့ကွက်များကို ပွင့်လင်းရိုးသားစွာ တင်ပြထားသည့် အတ္ထုပ္ပတ္တိထူးပင် ဖြစ်သည်။ 'ရွှေချိုးဖြူ' ကလောင်ခွဲကိုလည်း အသုံးပြုသည်။

၁၀ ဒီဇင်ဘာ ၁၉၇၃ တွင် ကွယ်လွန်သည်။

ရာပြည့်စာအုပ် ၃၂၇

# စလေမင်းခွေး

## စစ်ကိုင်း ဦးဘိုးသင်း

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ဝ၁၊ ၇၁ဝ၁ဝ၃

စာမူ ခွင့်ပြုချက်အမှတ် [၅၀၁၄၀၀၁၂၁၀]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၅၀၀၉၃၀၀၈၁၁]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၁၉၄၁) မြသန်းစာပုံနှိပ်တိုက်၊ စစ်ကိုင်း
ဒုတိယအကြိမ် – (၁၉၅၄) သွေးသောက်စာအုပ်တိုက်
တတိယအကြိမ် – (၂၀၁၁) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၅၀၀]၊ (ဒီဇင်ဘာ ၂၀၁၁)

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ် ၊ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ
ပန်းချီဦးငွေကိုင်၏ ပုံကို ပန်းချီကျော်သောင်း ပြန်လည်ရေးဆွဲ၍
လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

❑

တန်ဖိုး
၁၅၀၀ ကျပ်

၈၉၅.၈၃

ဘိုးသင်း၊ ဦး၊ စစ်ကိုင်း
စလေမင်းခွေး/ စစ်ကိုင်း ဦးဘိုးသင်း။
– ရန်ကုန်၊ ရာပြည့်စာပေ၊ ၃– ကြိမ်၊ ဒီဇင်ဘာ ၂၀၁၁။
၂၀၅ – စာ၊ ၁၂ x ၁၈ စင်တီ။
(၁) စလေမင်းခွေး

## နိဒါန်း

**စလေမင်းခွေး** ဝတ္ထုကို ရေးသားရန် ရာဇဝင်နှင့် ပတ်သက်၍ တိုစိကလေး ဖော်ပြပါအံ့။

ပုဂံ ရာဇဝင်ကို ပြောဆိုရာ၌ တုတ်ထမ်း၍ ပြောဆိုရသည်ဟု ရှေးပညာရှိတို့သည် ဆိုစလေ့ ရှိကြကုန်၏။ ထိုသဘောကား ရာဇဝင် အမှတ်အသားနှင့် ပတ်သက်၍ တုတ်တစ်ပြက် ဓားတစ်ပြက်နှင့် အငြင်းအခုံ ဖြစ်ပွားဖွယ်ရာ အကြောင်းတို့သည် များစွာ ပေါ်ထွက်လျက် ဝါဒကွဲပြား ခြားနားနေခြင်းကြောင့် ဖြစ်ချေသည်။

ထိုသို့ ဖြစ်ရသည်ကား မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဦးကုလားရာဇဝင်၊ ရာဇဝင်ကြီး၊ ပါးစပ်ရာဇဝင်တို့တွင် ပါရှိသော အချို့အကြောင်းများသည် ယုတ္တိမတန် ဒဏ္ဍာရီဝတ္ထုသဖွယ် ဖြစ်နေသည်ဟု ခေတ်ပညာတတ် အချို့တို့သည် မြန်မာရာဇဝင်ကို အချို့ အချက်ကြီးများအတွက် များစွာလေးစားခြင်း မရှိကြဘဲ တရုတ်ရာဇဝင်မှသော်လည်းကောင်း၊ နိုင်ငံခြားသားတို့ ရေးသော ရာဇဝင်များမှ သော်လည်းကောင်း ကောက်နုတ်ကိုးကား၍ ဖော်ပြတတ်ကြလေသည်။

စင်စစ်သော်ကား မည်သည့်လူမျိုးမဆို မိမိတို့၏ လူမျိုးကို မိမိတို့ အမွှမ်းတင်၍ ရေးသားခြင်းသာ များကြလေသည်။ ယခု ရေးသား

အံ့သော စလေမင်းခွေး ဝတ္ထုမှာကား ထင်ရှားနေသော မြန်မာရာဇဝင်တွင် အတိအကျ မပါမရှိသော အကြောင်းတို့ ဖြစ်သော်လည်း ရှေးသူကောင်းတို့ အလေးအမြတ်ပြုကာ ပြောဆိုကြသည့် ကျွန်ဘဝမှ ရေမြေကို အစိုးရသည့် ဘုရင်မင်း ဖြစ်သော အကြောင်းတို့ ဖြစ်၍ ခေတ်နှင့် လျော်ညီအောင် တန်ဆာဆင်ပြီးလျှင် ရေးသားရပေလိမ့်မည်။

သရေခေတ္တရာ ခေတ်ကြီးသည် တိမ်ကော ပျက်စီးသွားပြီးနောက် သမုတိရာဇ်မင်းကြီးသည် သုမုန္ဒြီမင်း ဖြိုကြွင်းသက္ကရာဇ် ၂၉ ခုနှစ်တွင် ရွာပေါင်း ၁၉ ရွာကို ချုပ်၍ ယုန်လွတ်ကျွန်း၌ ပုဂံပြည်ကြီးကို တည်ထောင်တော်မူသောအခါ မြန်မာပြည်ကြီးသို့ မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ပထမအကြိမ်ဝင်ရောက်လာသော ဗုဒ္ဓဘာသာ သာသနာတော်သည် ရွေ့လျောလျက်လာသဖြင့် အရည်းရဟန်းတို့သည် ပြောက်ကျားအဖြစ်နှင့် တစ်စတစ်စ အခြေတည်စိုက်ကာ ရှိလေ၏။ သို့ရာတွင် သာသနာတော်၏အားသည် များစွာ မနည်းသေးသဖြင့် ထိုအရည်းတို့သည် သာသနာစစ်၊ သာသနာမှန်ကို ပပျောက် တိမ်မြုပ်သွားအောင် တတ်နိုင်ဟန်မရှိကြသေးပေ။

ပုပ္ပားစောရဟန်မင်း ဖြိုသော သက္ကရာဇ် ၂၂၀ တွင် နန်းတက်တော်မူသော တံမနက်မင်းကြီး လက်ထက်တော်သို့ ရောက်သောအခါ၌ကား ဗုဒ္ဓဘာသာ အစစ်အမှန်သည် ပျောက်ကွယ်သွားအောင်မတိမ်ကောစေကာမူ အရည်းရဟန်းတို့ကို မင်းနှင့်တကွ တိုင်းသူပြည်သားတို့သည် ကြည်ညို လေးစားနေကြသဖြင့် ဗုဒ္ဓဘာသာစစ်စစ် ရဟန်းတော်များသည် အားနည်းလျက်၊ အချို့ရဟန်းတော်အရှင်များသည် ဝိနည်းဒေသနာတော်ကို များစွာ မလေးစားကြဘဲ

ပစ္စည်းများကို စုဆောင်းပြီးလျှင် လူတို့၏အမှုဥ္စ များစွာ ရောယှက် လာကြကုန်၏။

ထိုခေတ်က မြန်မာနိုင်ငံတော်၏ အခြေအနေသည်ကား သေလည်ကြောင်မင်း၏ လက်ထက်တော်တိုင် ပုပ္ပားတောင်ကြီးသည် မီးတောင်အဖြစ်နှင့် တည်ရှိနေဟန် ဖြစ်၍၊ သေလည်ကြောင်မင်းသည် ပြည်သူတို့၏ အယူအဆအတိုင်း ပုပ္ပားတောင်သည် ပန်းပဲနတ် အုပ်စိုး စောင့်ရှောက်သောတောင် ဖြစ်သည် ဟူ၍ ယူဆလျက်၊ မဟာဂီရိ နတ်မောင်နှမအဖြစ်နှင့် အညာပုဂံပြည် ပန်းပဲသမား အကျော်အမော် မောင်တင့်တယ်နှင့် တကောင်းမင်းကြီး၏ မိဖုရားတို့ စုတေသဖြင့် နတ်ဖြစ်သည်ဟု အထိမ်းအမှတ်ပြုပြီးသော် ပုပ္ပားတောင်၌ နတ်မောင်နှမရုပ်ကို ထုထားကာ ကိုးကွယ်ထားလေသည်။

ပုဂံပြည် အနီးအပါး မြေတို့၌လည်း ရွှံ့ဖွက်တောင်ကလေးများ၊ ရွှံ့ဖွက်များတို့သည် အနံ့အပြားရှိလျက် နဂါးကျစ်တွင်းဟု ယူဆကြပြီးသော် နဂါးများကို မြေလျှင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းဘေးတို့မှ ကာကွယ်စိမ့်သောငှာ ကိုးကွယ်ကြဟန် ရှိကုန်၏။

မီးတောင်ပေါက်ကွဲခြင်း၊ မြေလျှင် အကြီးအကျယ် တုန်လှုပ်ခြင်းတို့ကြောင့်လည်း မြန်မာပြည်အလယ်ပိုင်းဒေသသည် နော်ရထာမင်းကြီး လက်ထက်တော်တိုင် လူနေရပ်ကွက်တို့ များစွာ မဖြစ်ထွန်းခဲ့ချေ။ ထို့ကြောင့် တကောင်း ကောင်းစားပြီးနောက် မြန်မာပြည်အလယ်ပိုင်းကို ကျော်လွန်၍ သရေခေတ္တရာခေတ် ဖြစ်ထွန်းလေသည်။ ထိုခေတ်၌ ဧရာဝတီမြစ်၏ အရှေ့ဘက်ဒေသထက် အနောက်ဘက်ဒေသသည် လူနေ ဖြစ်ထွန်းသော်လည်း ထိုကဲ့သို့ ငလျင်ဘေးဖြင့် မြို့ပြ ပြည်ရွာ အတည်တကျ မဖြစ်ထွန်းခဲ့ချေ။

မြန်မာပြည် အထက်ပိုင်း ဖြစ်သော ကလေးတောင်ညို

ရာဇဗြိုဟ်၊ မောရိယ–တောင်တွင်းချောင်၊ ဗိဿနိုးပြည်၊ တကောင်းပြည်၊ စမ္မာနဂိုရ်ပြည် စသော မင်းနေပြည်တော်တို့သည်ကား လျှင်ဘေး ဆိုက်ရောက်ခြင်း မရှိသော်လည်း ရှမ်းများ၊ လူရိုင်းများတို့နှင့် ခဏခဏ တိုက်ခိုက်ရခြင်း၊ တစ်ဦးနှင့်တစ်ဦး မြေဩဇာကောင်းရာဒေသကို လုယက်ကြခြင်းတို့ကြောင့် မတည်မြဲကြသည်ပြင် ထိုခေတ်က အထက်ပိုင်းသည် အလွန်အေးမြလွန်းသဖြင့် မိုးသေး မိုးဖွဲတို့သာ များစွာ ရွာသွန်းလေရကား မြို့ပြပြည်ရွာ ဖြစ်ထွန်း၍ လူဦးရေ ထူထပ်လာသောအခါ မြေဩဇာ ညံ့ဖျင်းခြင်းကြောင့် သရောခိုင်းပြီးလျှင် မြို့ပြပြည်ရွာတို့သည် ပျက်စီးသွားကြရလေသည်။

သမုတိရာဇ် မင်းကြီးသည် ပုဂံပြည်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူသောအခါ မြန်မာပြည် အလယ်ပိုင်းသည် မိုးလေဝသ မှန်၍ မြေဩဇာ ကောင်းသောကြောင့် တိုင်းပြည်ထီးနန်းတည်မြဲလာပြီးသော် ပုဂံခေတ် ဟူ၍ ထွန်းတောက်လာသဖြင့် မြန်မာတို့တွင် ဘိတ် (မြိတ်)၊ ထားဝယ်၊ ရခိုင်၊ ပုဂံ၊ ယော ဟု ထင်ရှားလာကြကုန်၏။ ထိုသို့ ပုဂံခေတ် ထွန်းတောက်လာသောအခါ ပုပ္ပားစောရဟန်မင်း ဖြိုကြွင်းသက္ကရာဇ် (ယခုတည်ဆဲ သက္ကရာဇ်) ၂၄၀ လောက်က စပြီးလျှင် မြန်မာပြည်၏ အခြေအနေမှာ ပုဂံမြို့နှင့် ၎င်း၏အနီးအပါး မြစ်ရိုးတစ်လျှောက်၌ တစ်စတစ်စ လူဦးရေ ထူထပ်လာ၍ အထက်ပိုင်းမှ လူတို့သည်လည်း အလယ်ပိုင်းသို့ တစ်စတစ်စ ဝင်ရောက်လာကြကုန်၏။

မြစ်ဝကျွန်းပေါ် ရပ်ကွက်သည်လည်း ဖြစ်ထွန်းလာ၍ သထုံပြည်၊ ဥဿာပြည်တို့သည် ကောင်းစားနေနှင့်လျက် ရခိုင်၊ ထားဝယ်၊ မြိတ်တို့တွင် မြန်မာတို့သည် အစည်းအရုံး မပျက်ဘဲ ရှိကြကုန်၏။

ထိုခေတ်၌ လူတို့သည် တစ်ဦးနှင့်တစ်ဦး စောင့်ရှောက်ကြကုန်လျက် အကြီးအကဲခေါင်းတို့၏ ဩဇာကို ညောင်းပြီးလျှင် နေထိုင်

ကြကုန်၏။ နေပြည်တော်နှင့် မြို့ကြီးများ၌ကား ငွေရှင်၊ ကြေးရှင်တို့နှင့် ကျွန်တို့မှာ ခဏခဏ မကျေမနပ် ဖြစ်ကြရဟန် ရှိကုန်၏။

မြန်မာပြည်၌ မွန်နယ်မှတစ်ပါး မြစ်ဝကျွန်းပေါ်ဒေသက စ၍ အလယ်ပိုင်းဒေသ ရပ်ကွက်တို့သို့ ပုဂံပြည့်ရှင်၏ ဩဇာသည် ပျံ့နှံ့လျက်၊ မြို့ငယ်တို့၌ အုပ်စိုးနေသော အကြီးအကဲတို့သည် ပုဂံပြည့်ရှင်မင်းကို ဘုန်းတန်ခိုးကြီးသော ပြည့်ရှင် ဧကရာဇ်ဟု အသိအမှတ်ပြုဟန် ရှိကြကုန်လျက် အေးချမ်းစွာ နေထိုင်ကြကုန်၏။ တစ်နှစ်တစ်ကြိမ် ဥကင်သမင်္ဂလာ ဖွင့်သောအခါ ပုဂံပြည်သို့ သံတမန် ပို့လျက် ကန်တော့ လက်ဆောင် ဆက်သကြ၍ ကျေးရွာသားများမှာလည်း မြို့များကို ကျုံး မြို့ရိုးတို့ဖြင့် ကာကွယ်ပြီးလျှင် ရန်သူတို့၏ ဘေးရန်ကို ကာကွယ်ဘိသကဲ့သို့ မိမိတို့၏ရွာများကို ဆူးစည်းဆူးတားတို့ဖြင့် ပတ်ဝိုင်းလျက် ရန်သူတို့၏ ဘေးရန်မှ ကာကွယ်ကာ နေထိုင်ကြ၏။

မြို့ပိုင်များ၊ ရွာစိုးများလည်း အခွန်တော် ဟူ၍ သတ်မှတ်ခြင်း မခံရသော်လည်း တစ်နှစ်တစ်ကြိမ် ဥကင်သ မင်္ဂလာအခါ၌ ကန်တော့လက်ဆောင်တော်များကို ဆက်သကြကုန်၏။ မင်းများနှင့် မင်းမှုထမ်းတို့သည် လယ်တောများနှင့် မင်းပိုင် လယ်များတို့ကို အမှီပြုကာ နေထိုင်ကြကုန်၏။ တရားရုံးတော် ဟူ၍ ပုဂံခေတ် အနော်ရထာ လက်ထက်တော်တိုင် ထင်ရှားမရှိဘဲ မြို့စိုးများ၊ ဝန်များ၊ ကလန်များတို့၏အိမ် သို့မဟုတ် တရားတင်းကုပ်များတို့နှင့် ဘုရင့်နန်းတော်၊ လွှတ်တော်များတွင် တရားစီရင် ဆုံးဖြတ်ကြကုန်၏။ တရားတပေါင် ဖြစ်ခြင်းမှာလည်း နေပြည်တော်နှင့် ၎င်း၏ အနီးအပါးတို့မှတစ်ပါး မရှိသည်လောက်ပင် နည်းပါးကြလျက် လူငယ်များသည် လူကြီးများ၏ ဩဇာနှင့် ဆုံးမခြင်းတို့၌သာ တည်ကြကုန်၏။

ကျေးရွာများသည် ကျေးရွာရှိ ခေါင်းအကြီးအကဲတို့၏ ဩဇာကို ခံယူလိုက်နာကြကုန်လျက် ၎င်းတို့ ဆုံးမကံမြစ်သည်အတိုင်း တည်ကြကုန်၏။ မြို့များမှာလည်း အများအားဖြင့် ထိုနည်းလည်းကောင်း ဖြစ်နေ၍ လူကို သတ်သော သူသည် မင်းမှုထမ်းများနှင့် မင်းများသာလျှင် များသောအားဖြင့် ဖြစ်နေရကား မင်းကို ရန်သူတစ်ဦးဟုပင် အမှတ်ထားကြဟန် ရှိကုန်၏။

လူတို့သည် တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ ဆက်ဆံကူးလူးခြင်း အလွန် နည်းပါးကြလျက် ဘုရင့်နေပြည်တော်သို့ ရောက်ဖူးသူများ အလွန် နည်းပါးကြ၏။ များစွာသော သူတို့မှာ ပေါ့သော အသက်မွေးမှု ရှိကြလျက်၊ ပုဂံပြည်တော် အနီးအပါးရှိ မြို့ငယ်များမှ အစွမ်းအစ ကောင်းသူများ၊ အဝေးမြို့ငယ်ရှိ အစွမ်းအစ ကောင်းသူများ၊ ကုန်သည်များတို့သည် ကျေးရွာတို့သို့ သွားရောက်ကြ၍ ကျေးရွာများမှ ကောက်ပဲသီးနှံများ၊ လက်မှုပညာထည်များတို့ကို ပစ္စည်းလဲလှယ်ခြင်း အဖြစ်ဖြင့် ဆက်ဆံကြကုန်၏။ ပုဂံမြို့၊ စလေမြို့ စသော ဧရာဝတီမြစ်ကမ်းရှိ မြို့များသည် လက်မှုပညာ ထွန်းကားရာ အရပ်များ ဖြစ်ကြသည့်ပြင်၊ ထိုမြို့များမှ ရေကြောင်းခရီးသည်များ ထွက်ကြကုန်၏။ စကု၊ ပန်းတိမ်း၊ မဘဲ၊ မင်းတုန်း၊ ပန်းတောင်း၊ ဟလင်းကြီး၊ ဆားကျင်၊ တပယင်း၊ ချီပါ စသော မြို့တို့မှလည်း နွားဝန်တင် ကုန်သည်ကြီးများ ထွက်ပေါ်ကြကုန်၏။

စကု၊ ပန်းတိမ်း စသော ဒေသတို့မှ နွားဝန်တင် ကုန်သည်ကြီးများသည် ရခိုင်ပြည်၊ ဝေသာလီပြည် စသည်တို့သို့ တိုင်အောင် ကူးလူး ဆက်ဆံကြကုန်၏။ ဤနည်းဖြင့် အနော်ရထာမင်း လက်ထက်တော်တွင် ဝေသာလီပြည်၌ ပဥ္စကလျာဏီ မင်းသမီး ရှိကြောင်းကို နွားဝန်တင် ကုန်သည်ကြီးများဖြင့် သိရလေ၏။

ဟလင်းကြီး၊ ချီပါ၊ ဆားကျင် စသော ကုန်းပိုင်း မြို့ရွာတို့မှ

လည်း ကသည်းပြည်၊ တရုတ်ပြည်တို့သို့ တိုင်အောင် ကူးသန်းသွားလာသည့် ဝွမ်းကုန်သည်၊ ဆားကုန်သည်၊ ကျောက်ကုန်သည် အစ ရှိသော နွားဝန်တင်၊ မြင်းဝန်တင် ကုန်သည်ကြီးတို့သည် ရှိကြကုန်၏။ ထိုသို့ တရုတ်ပြည်သို့ ပေါက်ရောက်သော ကုန်သည်တို့ဖြင့်လျှင် အနော်ရထာမင်း လက်ထက်တော်တွင် တရုတ်ပြည်၌ မြတ်စွာဘုရားသခင်၏ စွယ်တော် ရှိကြောင်းကို သိရလေ၏။ အချုပ်သော်ကား တံနက်မင်းကြီး လက်ထက်တော်၌ပင် ကုန်းလမ်းခရီးဖြင့် ဖောက်ကားရောင်းဝယ်သော ကုန်သည်ကြီးများ၊ ရေလမ်းခရီး၌ ကူးသန်းသွားလာသော ကုန်သည်ကြီးများတို့ ပေါ်ထွန်းနေလေ၏။ ပုဂံပြည်သည် အလွန်ကောင်းစား ကြွယ်ဝလာသောတိုင်းပြည် ဖြစ်နေလေသည်။

ထိုခေတ်၌ စလေမြို့သည် ပုဂံရွှေမြို့တော်ကြီး၏ အထောက်အခံ မြို့ကြီးတစ်မြို့ ဖြစ်နေ၍ အလွန်စည်ကားလျက် သူဌေး သူကြွယ်တို့ အလွန် ပေါများ၏။ မြေပိုင်ရှင် တောင်သူကြီးများ၊ သူဌေးသူကြွယ်များတို့ မှိုခိုနေထိုင်ရာ ဖြစ်၏။ "စလေ" သည် ဇျုပ္ပတ်နှစ်မျိုးရှိရာတွင် ထိုခေတ်က "လေ" ရာတွင် ထိုမြို့က "စ" သည်ဟု ဇျုပ္ပတ်တစ်မျိုးလည်း ဖြစ်သည်အတိုင်း မင်းညီ၊ မင်းသား၊ မှူးသား၊ မတ်သားများ စ၍ လေလွင့်စ သူများတို့ ပျော်ပိုက်ရာ မြို့ကြီးလည်း ဖြစ်၏။ ကျေးကျွန်နှင့် ကြေးကျွန်တို့လည်း များစွာ ပေါများ၏။ ထို့ကြောင့် စလေမြို့သည် မင်းနေပြည် မဟုတ်စေကာမူ မြန်မာရာဇဝင်၌ အဆက်ဆက်ပြု၍ ထင်ရှားခဲ့၏။

တိုင်းပြည်တစ်ပြည် ကြွယ်ဝ ကောင်းစားရာ၌လည်း တစ်ဦးတည်းပြု၍ ကောင်းစားခြင်းဖြင့် သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်တို့၏ ကောင်းစားခြင်းသည် တိုင်းသူပြည်သားတို့ကို များစွာဆင်းရဲစေသဖြင့် ပုဂံပြည်နှင့် စလေမြို့၌ ကျွန်များ များစွာရှိရာတွင် စလေမြို့မ သူဌေးတစ်ဦး၏ အိမ်တွင်နေရသော **ငစွေး** ဆိုသူ ကျွန်

တစ်ယောက်၏ အကြောင်းကို တန်ဆာဆင်ကာ "စလေမင်းခွေး" ဝတ္ထုကို ထွက်ပေါ်စေတော့ပြီ။

"စလေမင်းခွေး" ဝတ္ထုတော်ကြီးကို အင်္ဂလိပ်များ ပြေးရခါနီး အချိန်တွင် ပုံရိုက်ခဲ့ရာ၊ စာအုပ် တစ်ရာလောက်သာ ရောင်းရပြီး နောက် ပုံနှိပ်တိုက်သည် တရုတ်စစ်သည်များ၏ ဘေးဖြင့် မီးလောင် ရာတွင် စာအုပ်ပေါင်း လေးထောင်ကျော်လည်း ပါသွားလေရကား ထပ်မံ၍ ယခု ပုံနှိပ် ဖြန့်ချိစေပါသည်။

**စစ်ကိုင်းဦးဘိုးသင်း**

# အခန်း [ ၁ ]

## ငွေး နှင့် ငဖြိုး

ကမ္ဘာ၏ သဘာဝဖြစ်သော ဥတု၊ တော၊ တောင်၊ ရေမြေ လုပ်ခင်းကိုင်တာတို့သည် ရာသီအလိုက် လူတို့၏ စိတ်နှလုံးကို ဖွဲ့နွဲ့ကာ ဖန်ဆင်းသည်ဖြစ်၍ ဝမ်းမြောက်ခြင်း၊ ဝမ်းသာခြင်း၊ ရွှင်ပျခြင်း၊ မြူးထူးခြင်း တို့ကိုသာ ဖြစ်စေသည် မဟုတ်၊ ဝမ်းနည်းကြေကွဲခြင်း၊ အောက်မေ့လွမ်းဆွတ်ခြင်း၊ ပူပန်ခြင်းတို့ကိုလည်း ဖြစ်စေတတ်လေသည်။

ဤဝတ္ထုကို အစပြု၍ တန်ဆာဆင်သော လ သည်ကား ရှေး ခေတ် တော်သလင်းလ ဖြစ်သဖြင့် လူတို့၏ စိတ်နှလုံးကို အလွန့် အလွန် အမျိုးမျိုး ထိခိုက်နိုင်ပေသည်။

"တော်သလင်း ဆီးနှင်းတစ်ကျိုက်၊ မိုးတစ်ပြိုက်" ဟူသော ရှေးသူဟောင်းတို့ စကားအတိုင်း နံနက်၌ ဆီးနှင်းတို့သည် ရှစ်ခွင်မှိုင်းလျက် ရေစက်ရေပေါက်ငယ်တို့သည် သစ်ရွက်တို့၏ အပေါ်တွင် ပုလဲလုံးကလေးကဲ့သို့ စီရရီ ကျတင်ကာ ရှိကြကုန်၏။ တော်သလင်းနေ ပူစွန်သေ ဟူသော စကားအတိုင်း နေ့အချိန်၌ နေသည် အလွန်ပူပြင်းစွာ တောက်ပသဖြင့် ရတ်တရက် မိုးတိမ်တိုက် ဆင်ပြီးသော်

မိုးကြီးလည်း ခဏခဏ သည်းထန်စွာ ရွာသွန်းတတ်၏။ တော်သလင်း မြစ်တွင်း သင်ဖြူးခင်း ဆိုသော စကားအတိုင်း လေသည် အလွန် ငြိမ်လျက် ရှိသဖြင့် လယ်ခင်းထဲမှ ကောက်ပင်တို့သည် ညီညီညာညာ စီစီရီရီ တည့်မတ်ခြင်းဖြင့် အားအရှိန်ယူလျက် တစ်ဟုန်တည်း တိုးတက်ကြီးပွားကာ ရှိ၍၊ တောင်ယာထဲမှ စပါးပင်တို့သည် မှည့်ခြင်းဖြင့် လေပြည်လေချိုတို့ တစ်ခါတစ်ခါ အနည်းငယ်ကလေး ကစားသောကြောင့် ကောက်နှံတို့သည် ယိမ်းနွဲ့ကာ တရှဲရှဲနှင့် ရှိကြကုန်၏။

တောင်ယာတွင်းရှိ ပြောင်းဖူးပင်တို့မှာ အပြိုင်အပြိုင် ပြုကာ ဖူးကြကုန်၍ သခွားသီးတို့သည် မှည့်လျက်၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီးတို့သည် ရင့်ကြပြီးလျှင် ခွေး နို့စို့သကဲ့သို့ အတုံးအရုံးနှင့် ဖြစ်ကြကုန်၏။ ချဉ်ပေါင်ပင်တို့သည် နီရဲလျက် မှည့်စ ဖြစ်ကြ၏။ ပဲစိမ်းစားဥ (ပဲမျောက်ဥ) တို့သည်လည်း ဥချ၍ ပျားမွဲ အရသာကဲ့သို့ ချိုမြိန်သော အရသာတို့ကို ဆောင်ကာ တည်ကုန်၏။ ယာစည်းရိုးရှိ မျောက်ပင်၊ သင်းအုံပင် တို့သည် စည်ပင်လျက် ဥ စ ရှိနေကြ၏။ နှမ်းတို့ကိုကား ရိတ်သိမ်းတုန်းပင် ဖြစ်၏။ ဝါပင်တို့သည်ကား မိုးဦးတု ကောက်ပဲသီးနှံများကို ရိတ်သိမ်းပြီးသောအခါ နှင်းစာတ်နှင့် တစ်ဟုန်တည်း ကြီးမြင့်လာရန် ထိုကောက်ပဲသီးနှံတို့၏ အကြားတွင် အားယူကာ ရှိနေကြ၏။ တောင်ယာအနီးရှိ ဝါးပင်တို့မှ မျှစ်တို့သည် ပျံကာ ရှိကြ၏။

ထိုသို့သော ရတုနှင့် ရာသီ၌ အတောမသတ်နိုင်၍ စိမ်းလန်းတင့်ပန်းသည့် အသရေကိုဆောင်သော မိုးကောင်း လယ်ကွက်ကြီး အနီး နံဘေးတောစွယ်၌ အလွန်ကျယ်သော တောင်ယာကြီးအတွင်းရှိ တဲကြီးတစ်တဲမှ “တောင်တောင်၊ တောင်ပုတို၊ တောင်ပုတိုမှာ ဘာလုပ်မယ်၊ တောင်ယာခုတ်မယ်၊ လယ်လုပ်မယ်” ဟူသော ယာဘွဲ့

သီချင်းအလိုက် အုန်းမောင်းတီးသံသည် စိမ်းလန်း ရွှန်းဝေသော လယ်ကွက်ကြီးနှင့် နတ်ဥယျာဉ်တမျှ ဖန်တီး၍ သီးမျိုးစုံသော တောင်ယာကြီးကို ကောင်းချီးသြဘာ သာယာသော အသံဖြင့် ပဲ့တင်ရိုက်ကာ လွှမ်းလျက်ရှိ၏။

တောင်ယာအတွင်းရှိ စပါးနှံတို့တွင်ကား နားလျက် အုန်းမောင်း၏ အရသာကို မခံစားနိုင်ဘဲ စီစီကျွက်ကျွက်နှင့် ရန်ဖြစ်ရင်း အစာစားနေသည့် စာကလေးတို့သည် ဆူညံမှုကြောင့် မိမိ၏ အုန်းမောင်းဖြင့် တောင်ယာကြီးနှင့် လယ်ကြီးကို သာယာနာပျော်ဖွယ် ဆက်လက်ကာ အပျင်းမဖြေနိုင်တော့ဘဲ တီးနေသော အုန်းမောင်းကို လက်ကချလျက် ယာစောင့်သည် "ဖြောင်းဖြောင်း" နှင့် ဂါတ်ကြိုးကို ဆွဲကာ စာကလေးတို့ကို ခြောက်လှန့်နေရလေ၏။

ထိုသူသည် ကြည်လင်သော မိုးကောင်းကင်ကို တဲပေါ်မှ "ဂါတ်ကြိုးငယ်တဲ့ ဖောင်ဖောင်၊ လူ့ဘောင်မှာတဲ့ နန့်နဲ့။ ကောက်သစ်ထမင်း၊ မျှစ်ပျုံဟင်းနှင့် လွေးရအောင်ကွယ့်လေး ... အဝေး" ဟု ဆိုကာ မျက်ရည်တို့သည် ရတ်တရက် တတွေတွေ ကျဆင်းလာပြီးသော် ဤသို့လျှင် စိတ်ထဲတွင် ဖြစ်ပေါ်လာလေ၏။

"သြော် ... လာပြီး အလုပ်လုပ်ရတဲ့ ကျွန်မများလည်း မနိုင်ဝန်ကို ရွက်ပြီး ပြန်ရရှာပြီ။ သူဌေးဟဲ့ သူဌေး၊ တကယ့် သူဌေးပါပဲ။ တောင်ယာကြီးနှင့် လယ်ကြီးမှာ စောင့်ပြီးနေရတဲ့အခါ ခုနစ်ရက်စာ စားဖို့တဲ့၊ ဆန်က တစ်စလယ်၊ ငါးပိက တစ်ကျပ်သား၊ ဆားက တစ်မတ်သား၊ ငရုတ်သီးက နှစ်တောင့်၊ ဆီဆိုရင် ဝေး၊ ကြက်သွန်ကိုတော့ မဝေး။ တောင်ယာထဲက ပဲသီး၊ ဘူးသီး၊ ချဉ်ပေါင်၊ ရွှေဖရုံသီး အစရှိတဲ့ အသီးအနှံတို့ကိုလည်း ခူးပြီး မစားရဘူးတဲ့၊ သြော် ... တကယ် ရက်ရောပါကလား။ တကယ် ခူးစားရင်ကော သူ သိမလား။ စေးနဲသလောက် ဉာဏ်မရှိတာပါကလား။ လောကမှာ

သူဌေးရှိသလောက်၊ ဆင်းရဲသူ ပေါသည်။ လူစိတ်ဓာတ် ကင်းရှင်းသလောက် ကျွန်နှင့် အစေခံများ ပေါသည်။

"အိမ်ကိုပြန်တော့လည်း လှည်းဆယ်စီးတိုက် ထင်းကို ပါအောင်ခွေခဲ့ရမတဲ့။ ငါ တကယ် ခွေနိုင်တယ် ထား၊ ထမ်းပြီး ယူနိုင်မယ်၊ မယူနိုင်မယ်ကိုတော့ မတွေးတောဘူး၊ ကိုယ်လိုချင်တာလောက်ကိုသာ သိတယ်။ ဒါကြောင့်လည်း သူဌေးဖြစ်တယ် ထင်ပါရဲ့။ လောကမှာ သူဌေးတွေ၊ လူချမ်းသာတွေဟာ လူညစ်ပတ်တွေပဲ ထင်ပါရဲ့။ 'မင်းတို့အာဏာ ကြိုးကြိမ်မှာတည်၊ သခင်တို့အာဏာ ကျွန်မှာတည်စေ' ဆိုလို့သာ ငါ စည်းစောင့်ရတယ်၊ ပြုမူပုံကတော့ နည်းနည်းကလေးမှ မတရားဘူး။

"သြော် ... ငွေ့ရှင်၊ ငွေ့ရှင်။ ငွေ့ရှင်များဟာ လောကကြီးကိုအတော်ပဲ နိုင်ချက်သား ကောင်းလှပါကလား။ ကျွန်မများ အိမ်ရောက်တဲ့အခါ စောစောပြန်လာရမလားဆိုပြီး ရိုက်များနေဦးမလား။ ငါက စောစောလွှတ်လိုက်တယ်ပြော လို့တော့ မှာလိုက်တာပဲ။

"အင်း ... သူဌေးကြီးက အနိုင်ကျင့်သား ကောင်းပေမဲ့ သူဌေးကတော်ကြီးနှင့် မယ်ကျေးကဖြင့် တရားနှင့် ပြည့်ဝပါပေတယ်။ ငါလယ်နှင့် ယာတောကြီးကို လာလို့ တစ်ရက်သာ ကြာသေးတယ်၊ သူတို့ လိုက်လာကြပြီး ဆန်က တစ်စိတ်၊ ဆီက တစ်ကျည်တောက်၊ ငါးပိ ဆား လုံလုံလောက်လောက်၊ ငရုတ်သီး ကြက်သွန် ပြည့်ပြည့်စုံစုံ၊ ငါးခြောက် အမဲခြောက်တို့လည်း လိုလေသေးတယ် မရှိရ။

"သြော် ... မယ်ကျေး၊ မယ်ကျေး။ ကောင်မကလေး တရားပြည့်ဝပါပေတယ်။ ကိုယ်ချင်းစာတရား ရှိပါပေတယ်။ တောင်ယာထဲကိုရောက်ရင်ပဲ ဦးလေး ကျွန်မတွေကို နေ့တိုင်း စောစောလွှတ်ပါ။ မတော်တဆ ... တဲ့။ ယာကြီးထဲက သခွားသီးတွေ၊ ပြောင်းဖူးတွေကိုဆွတ်ချိုးပြီး စားကြပါစေတဲ့။ ပြီးတော့ သခွားသီးတွေကို ဘာကြောင့်

ခူးမစားသလဲဆိုပြီး သခွားသီးတွေကို ခူးလာခဲ့တဲ့အပြင်၊ ပြောင်းဖူးတွေကိုလည်း ချိုးလာခဲ့တယ်။ အခြား အသီးအနှံတို့ကိုလည်း ခူးလာလိုက်တာ စုံလို့၊ တော်ပါတော့ ဆိုလို့တောင် မရဘူး။ ငွေလည်း သုံးဖို့ ဆိုပြီး ရွက်နီတစ်ခွက် ပေးခဲ့သေးတယ်။ အင်း ... အင်း ... အဘ ဘယ်လိုပင် ဆိုးပေမဲ့ အမိကောင်းရင် သားကောင်း သမီးကောင်း မွေးဖွားနိုင်တာပဲနော်"

ထိုသို့ တွေးတော၍ မျက်ရည်ကျလာပြီးသော် ဤသို့လျှင် ၎င်း၏ ဖြစ်စဉ်တို့သည် ပေါ်လာပြန်လေ၏။

"ငါဟာလည်း တကယ် ကံခေတဲ့လူပါကလား။ မိအိုဖအိုကို တင့်တောင်းတင့်တယ်နှင့် နေနိုင်ပါစေလို့ သူဌေး ဦးမျိုးညွန့်ထံ ငွေ တစ်ပိဿာနှင့် ကိုယ်ကိုပေါင်နှံပြီး ကျွန်ခံကာ ထောက်ပံ့နေရတယ်။ မိဘနှစ်ပါး ဘဝတစ်ပါးသို့ ပြောင်းသွားရတဲ့ အခါမှာလည်း သင်္ဂြိုဟ်ငွေ မရှိလို့ နောက်ထပ် ငွေ တစ်ပိဿာယူပြီး သင်္ဂြိုဟ်ခဲ့ရတာနှင့် ယခု နွားနှစ်ဖက် ဖောက်ပြီး သူပိုင်ကျွန် လုံးလုံးလျားလျားကြီး ဖြစ်နေရပါပေါ့။

"သူဌေးကတော့ ကပ်စေးနဲတဲ့အပြင် အတော်ကို ဆိုးတဲ့ သူဌေးပဲ။ မျက်နှာကောင်းလည်း ဘယ်တော့မှ မရဘူး။ သို့သော် ငါ့မှာ အပိုင်ကျွန်ကြီး ဖြစ်နေရလို့ နွားတစ်ဖက်သာ ဖောက်ရတဲ့ အပေါင်ကျွန်များ အပေါ်က ကျွန်မင်းသား ဖြစ်နေတဲ့အပြင် သူဌေးကတော်ကြီးနှင့် မယ်ကျေးက မျက်နှာသာပေးလို့ တော်ပါသေးရဲ့။ လူနှင့်လူချင်းကို ရက်စက်လိုက်ပါဘိတော့တယ်။ ခါးကြိုး နားကြိုး ချည်ပြီး နွားကို ခိုင်းသလို လူများကို ခိုင်းရတာဟာ နည်းနည်းမှ မတော်ပါကလား။

"အိမ်ကို ပြန်ရောက်ရင်လည်း အပေါင်ကျွန်တွေကို နားကြိုး

တပ်ပြီး ကုန်သယ်ခိုင်းရမှာက ခက်သေးတယ်နော်။ သေရတာက ကောင်းပါသေးရဲ့။

“အင်း … ဘာပဲဖြစ်ဖြစ် မိဘအား ကျေးဇူးဆပ်ရတာဟာ အမြတ်ပေါ့။ ယနေ့ ခုနစ်ရက်စေ့ပြီ၊ ပုဂံက လှေနှင့် ပြန်ချိန်ရောက်လို့ လဲဖို့ လူများလည်း လာချိန်တန်ပေါ့။ အိမ်ကိုပြန်ဖို့ ပြင်ရဦးတော့မလေ”

ထိုခေတ်သည်ကား မင်းစိုးရာဇာတို့ အလွန် တန်ခိုးကြီး၍ မနုရှင်တို့ လွှမ်းမိုးနေသော ခေတ်ကြီး ဖြစ်၏။ လူတို့သည် မင်းနှင့် မင်းမှုထမ်းတို့ကို အလွန် ကြောက်ရွံ့ ရိုသေကြရကုန်၏။ မင်းအိမ်သို့ ပို့မည်ဆိုလျှင်ပင် အသက် သေရမည်လောက် ဖြစ်ဘိ၏။ မင်းမှုထမ်းတို့ကလည်း တရားကို ကျော်ပေး၍ အသည်များ အပေါ်တွင် ကျင့်ကြံသည်သာ များကြ၏။

လူချမ်းသာ ငွေရှင်တို့ကား မင်းနှင့် မင်းမှုထမ်းများထံ ကြေးငွေ ပစ္စည်းတို့နှင့် ပဏ္ဏာပြုကာ ခစားကြကုန်သဖြင့် အလွန် မျက်နှာကြီး၍ လောကမှာ တင့်တယ်ပြီးလျှင် ကျွန်များကို ခါးကြိုး၊ နားကြိုး ချည်ကာ ခိုင်းစေကြကုန်၏။ မင်းစိုးတို့ကလည်း ထိုကဲ့သို့ တရားခံများအား ခါးကြိုး၊ နားကြိုး ချည်ကာ စစ်ဆေးလေ့ ရှိကြ၏။ လယ်ယာတို့ကို စောင့်နေရသော ထိုသူသည်ကား မိမိ ကျွန်ဖြစ်နေရသည်ထက် အခြားသူတို့ ကျွန်ဘဝနှင့် ဆင်းရဲ ရောက်နေရသည်ကို အလွန် နှလုံး နောက်ကျုလျက် ကျွန်များကို မည်သည့်နည်းနှင့် မည်ကဲ့သို့ ကယ်ဆယ်ရပါမည်နည်းဟု အမြဲ ကြံဆနေဘိ၏။ နောက်ဆုံး၌ ၎င်းသည် ရှင်ဘုရင် ဖြစ်မှသာလျှင် ကျွန် တည်းဟူသော ဆိုးယုတ်နေသည့် သူများကို ကယ်ဆယ်နိုင်မည်ဟု ထင်မြင်လာလေ၏။ သို့ရာတွင် ကျွန်ဘဝမှ ရှင်ဘုရင် ဖြစ်ရရန် အကြောင်းသည် အလွန် ခက်ခဲကြောင်းကို ထိုသူသည် ထင်မြင်လာပြန်၏။

ထိုခေတ်၌ ထိုသူသည် လ ထဲသို့သာ သွားရောက်နိုင်ကောင်း နိုင်ပေမည်။ ဘုရင် ဖြစ်ရန်ကား ကွာလှမ်းလှချည်ဟု ထင်မှတ်ဖွယ် ဖြစ်၏။ အကြောင်းသော်ကား ကုက္ကိုတောင်ပန္နာ သူကြွယ်မ၏ ကျွန် တစ်ယောက်သည် မြင်းကျောင်းရာမှ မြင်းပျောက်သဖြင့် သခင်မကို ကြောက်ရွံ့သောကြောင့် ထွက်ပြေးပြီးလျှင် မင်းတွင် ဝင်၍ ခစားရာ၊ သူကြွယ်မသည် မင်းထံ၌ တရားစွဲဆိုလေ၏။

[ထိုကျွန်သည် မြင်းခံပြုလုပ် အမှုထမ်းရာ နောင်သော် တောတွင် မင်းကြီးကို ဖျောက်၍ မင်းလုပ်လေ၏။ ထိုမင်းကို **မြင်းကျွေးမင်း**ဟု ခေါ်ဆိုကြ၏။]

ထိုအခါ တရားသူကြီးသည် လူတူမရှား၊ ခွေးတူမရှား ဆိုပြီး လျှင် အမှုကို ပယ်၏။ ထိုသို့ ပယ်ပြီးနောက်မှ ကျွန်များကို မပျောက် ရအောင် အထိမ်းအမှတ်အားဖြင့် နားဖောက်ပြီးသော် ခိုင်းစေခွင့် ပြုရာ၊ တော်လှန်နိုင်သော ခေတ္တကျွန် ဖြစ်က နားတစ်ဖက်ဖောက်၍ ကျွန်ပိုင် ဖြစ်က နားနှစ်ဖက် ဖောက်ရန် သခင်များမှာ အခွင့်ရကြ ကုန်၏။

ထိုသူမှုကား ထိုအကြောင်းကြောင့် နားနှစ်ဖက် ဖောက်ထား ရပြီး ဖြစ်သဖြင့် ထွက်ပြေးသော်လည်း ကျွန်ဘဝက မလွတ်နိုင်။ မင်းပြစ် မင်းဒဏ် ခံရရန်သာ ဖြစ်ချေမည်။ တော်လှန်ရရန်လည်း အပိုင်ကျွန် ဖြစ်နေ၍ မဖြစ်နိုင်။ ထို့ကြောင့် ထိုကျွန်သည် စိတ်ကူး ရှိသော်လည်း ရှင်ဘုရင် ဖြစ်ဖို့ရန်ကား များစွာ ခဲယဉ်းချေသည်။ သို့ရာတွင် ထိုသူသည် လူတို့၌ ကောင်း၍ တည်မြဲသော အကျင့် တစ်ခု ရှိပါက မိမိဆန္ဒကို ကသိဏ်းရှုသကဲ့သို့ အမြဲထင်မြင်ကာ အားထုတ်သည်ရှိသော် အောင်မြင်မြဲ ဓမ္မတာပေတည်းဟု အောက်မေ့ ခြင်းဖြင့် ယုတ်ညံ့စွာ တွေ့ကြုံနေရသော ကျွန်ပေါင်းများစွာကို ကယ် ဆယ်ရန် အမျိုးမျိုး ကြံဆ စိတ်ကူးလျက် ရှိချေသည်။

ထိုသို့သည်တွင် တောင်ယာကြီးနှင့် လယ်ကို လှူလဲ၍ စောင့်ရှောက်ရန် ကျွန်နှစ်ယောက်တို့သည် ရောက်လာကြ၏။

'မောင်တို့ ရောက်လာကြမင့်ကိုး'

'ဟုတ်ပ့ါ ခင်ဗျား'

'ရိက္ခာများ လုံလုံလောက်လောက် ပေးလိုက်ကဲ့လား'

'ကိုခွေးရယ် အသိသားနှင့်၊ မမေးပါနှင့်တော့။ ကျွန်တော်တို့ ကံဆိုးတဲ့သူများဟာ မင၊ မဝ၊ မပ၊ မလောက် ဆိုတာနှင့်သာ အမြဲတွေ့ရမှာမို့ သူဌေးကိုလည်း အပြစ်မဆိုတော့ပါ။ ကျွန်တော်တို့ နှစ်ယောက်အတွက် ခုနစ်ရက်စာတဲ့၊ ဆန်က သုံးလမယ်၊ ငါးပိက တစ်ကျပ်ခွဲသား၊ ဆားက ငါးမတ်သား၊ ငရုတ်သီးက လေးတောင့်၊ ဒါပါပဲ ခင်ဗျာ'

'အင်း မယ်ကျေးကများ ဘာမှ မပေးလိုက်ဘူးလား'

'ကိုခွေးရယ် ... ကျွန်တော်ရဲ့ ကံကလည်း ကံပါပဲ။ မမကျေးက အစ်ကိုတို့ ယာတောကိုသွားရင် မိကျေး သိပါရစေလို့ မနက်ကပဲ မှာထားပါတယ်။ ကံဆိုးမိုးမှောင် ဖြစ်ချင်တော့ ကနေ့မှပဲ ငွေတိုးစာရင်း ရှင်းတဲ့အခါ ဘုရင်မင်းမြတ်ထံ ငွေတော်၊ လက်ဆောင်တော် ဆက်ဖို့အခါနှင့် ကြုံကြိုက်နေလို့ မမကျေးမှာ သူဌေးကြီးရှေ့တွင် မအားသာဘဲ အလုပ်လုပ်နေရလို့ မတွေ့ခဲ့ရတော့ပါ'

'အင်း ... အင်း ... မင်းတို့ကလည်း တကယ်ကံခေတဲ့လူများကိုးကွယ်၊ မင်းတို့ ချည် တစ်ပိဿာ၊ ဆန် တစ်တင်းလောက်စီနှင့် သူဌေးထံမှာ အပေါင်ကျွန် ဖြစ်ရကတည်းကပဲ ကျုပ်ကတော့ ကံကိုချည်း မယိုးချင်ဘူး။ မင်းတို့ လူကဲညံ့လို့ ဆိုချင်တာပဲ။ ကိုင်း ဒါတွေရှိပါစေတော့ကွယ်၊ ရော့ မင်းတို့ ဆန်ဝယ်စားဖို့ ငွေတစ်ခွက်၊ ဟောဟိုမှာ ကျုပ် သိမ်းထားတဲ့ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ်၊ ဆေး၊ ငါးခြောက်၊ ငါးပိကောင်တို့ ရှိတယ်။ ဖရုံသီး၊ သခွားသီး၊

ပြောင်းဖူး၊ ကျောက်ဖရုံသီး၊ ပဲတောင့်တို့လည်း ရှိတယ်။ မနေ့ကပဲ ကျားစားကြွင်း သမင်နှစ်လက်ရလို့ ကျုပ် ကျပ်တင်ပြီးထားတယ်၊ တစ်ဝက်လောက် မင်းတို့စားဖို့ ယူထားလိုက်။ သူဌေးကြီးကိုတော့ လုံးလုံး မသထာပါဘူးကွယ်။ မယ်ကျေးတို့သားအမိ ရှိနေလို့ တစ်ဝက်လောက်ကို ကျုပ် သယ်ပိုးပြီး ယူသွားမယ်'

'ကျွန်တော်တို့ ဒါတွေကို ချက်ပြုတ်ပြီး စားမနေဝံ့ပါ၊ သူဌေးကြီး သိရင် အစားတစ်လုတ် တုတ်တစ်ချက် ဖြစ်နေပါလိမ့်မယ်။ ရှိတဲ့ ဆန်ကလေးကိုသာ မသေရုံ ထမနဲကြိုပြီး သောက်နေပါ့မယ်'

'ဟုတ်ရိုးလားကွယ်၊ လူဆိုတာ ဝဝစားရမှ အလုပ်ကောင်းကောင်း လုပ်နိုင်တယ်ကွယ့်။ မကြောက်ပါနှင့် ငါ့တာဝန်ထားပါ ... ဟော၊ ကာလက ခက်တယ် ... တစ်နည်းနည်းနှင့် လူက လူကို ခိုင်းစေတာဟာ တရားတယ်လို့ ကျုပ် ဘယ်တော့မှ မထင်ခဲ့ဘူး။ အလုပ်သမားများဟာလည်း စေတနာနှင့် အလုပ်တစ်ခုကို လုပ်မှသာ လောကရဲ့တာဝန် ကျေတယ်လို့ ကျုပ် ထင်နေတာပဲ။ အဲသည်တော့ လောကမှာ ငါဟာ ဘယ်သူ့ကျွန် ဘယ်သူ့ အစေခံရယ်လို့ သဘော မထားကြနှင့်။ လောကတွင် ငါနှင့် ထိုက်တန်တာကို ငါ လုပ်နေရတယ်လို့ အောက်မေ့ပြီး အလုပ်နှင့်သာ တန်ဖိုးရှိစေကြပါကွယ်'

'ဟုတ်ကဲ့ ခင်ဗျား'

'ညမှာ သိပ်မအိပ်ကြနှင့်ကွယ့်၊ ဒရယ်တွေ အင်မတန် ပေါတယ်။ ဆင်အုပ်ကလည်း ခဏခဏ လာတယ်။ ဝက်တွေကလည်း ထ တယ်။ မီးကို အမြဲဖိုထား၊ ဖြူကလည်း စပါးတွေကို အတော်နှောင့်ယှက်တယ်၊ သတိဝီရိယ မလစ်ကြစေနှင့်'

*

ခွေးသည် ထိုကဲ့သို့ မှာထား၍ တောင်ယာကြီးနှင့် လယ်တောမှ ထင်းတုံးများနှင့် မျှစ်၊ ဝါးရုံမှို၊ ပြောင်းဖူး၊ သခွားသီး၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး စသည်တို့ကို ထမ်းဆောင်ကာ ပြန်လာလေ၏။

'သည်အကောင် ပြန်လာမှကိုး။ ငါ ဆန်တစ်စလယ်နှင့် ခုနစ်ရက် တွက်၊ တွက်ပြီးပေးလိုက်တာများ ပြန်ပါလာသေးသလား'

'ဟင် ... ဖေဖေ့နှယ် လူတစ်ယောက်ဟာ ဆန် တစ်စလယ်ကို တစ်ရက်တောင် မစားလောက်ဘူး ဖေဖေရဲ့'

'ဟင်း ... မိကျေးဉက တယ်ပြီး သဒ္ဒါတရား ကောင်းနေတယ်။ ကျွန် အချိုးအစား ဆိုတာဟာ ထမင်းကို ချက်မစားရဘူး သိရဲ့လား။ ယက်မန်းကျိုပြီးတော့ ရေပေါ်ပေါ်နှင့် သောက်ရတယ်ဟဲ့'

'ဖေဖေ ပြောမှဖြင့် သည်လိုချည်းပဲ၊ ဖေဖေလည်း သူဌေးဝါဒ ဆိုပြီး ထမင်းမစား ရေမသောက်ဘဲ ပါးစပ်ဟပြီး လေညင်းခံကာ စိပ်ပုတီးနှင့် ဥပုသ်စောင့်နေပါတော့လားရှင့်'

'ကောင်မကလေး နင်တော့ ခက်မယ်၊ ဟေ့ ငခွေး ငါက လှည်းဆယ်စီးတိုက် ထင်းများကို ထမ်းယူခဲ့ ဆိုတာဟာ ဘယ်မှာလဲ'

'ဩော် ... ဖေဖေနှယ် လူတစ်ယောက်ဟာ လှည်းဆယ်စီး တိုက် ထင်းကို ဘယ်မှာ ထမ်းနိုင်ပါ့မလဲ၊ စဉ်းပဲ စဉ်းစားပါဦးရှင်'

'အောင်မယ် ကျေးဉ၊ နင် ဘာနားလည်သလဲ၊ ငခွေးဟာ ဘယ်လောက် လူလုံးလူဖန် ထွားကျိုင်းပြီး အားကောင်းသလဲ။ သည်အကောင်ဟာ ငါ့ဟာတွေကို နင်းပြီး အပင်းထည့်နေလို့ ဘယ်လောက် ဝနေသလဲ။ အဲသည်တော့ သင်းဟာ လှည်းဆယ်စီးတိုက် ထင်းကို ထမ်းနိုင်ရမယ်၊ သင်း စဉ်းလဲလို့ မထမ်းခဲ့တာ'

'နေပါဦး ဖေဖေရယ်၊ ခု ဦးလေးခွေး ထမ်းလာတဲ့ ထင်းဟာ လှည်းဆယ်စီးတိုက်ပါပဲရှင့်'

'ဘယ်မလဲ၊ ဘယ်မလဲ။ ထင်းကလေး ဆယ့်လေးငါးချောင်း ထဲ ပါကလား'

'ဖေဖေ့ လှည်းဆယ်စီးကိုပဲ က စမ်းပါဦးတော့၊ ဘယ်မှာ နိုင်မှာလဲ၊ အများကြီးဟာကို'

'က ပြီဟယ် လှည်းဆယ်စီး၊ ထည့်ပြစမ်းပါ သင်း ထင်းတွေကို'

'ကိုင်း ထည့်ပြီရှင်၊ လှည်းတစ်စီး တစ်ချောင်းပေါ့၊ ဟောထင်းတွေ အပုံကြီး ပိုနေဦးမယ်'

'ထွိ ... အလကား ကောင်မကလေး၊ သင်းကြောင့် အိမ်မှာ ကျွန်တွေဟာ ပျက်စီးနေတာပဲ။ တောက ပါလာတဲ့ မျှစ်တွေ၊ ဝါးရုံမှို တွေ၊ ရွှေဖရုံသီးတွေ၊ အမဲကျပ်တင်ခြောက်တွေကို သိမ်းထားလိုက်။ လူမိုက် ငခွေး မမြင်စေနှင့်။ သင်း မြင်ရင် ခိုးစားလိမ့်မယ်' ဆိုကာ သူဌေးကြီးသည် အိမ်ပေါ်သို့ တက်သွားလေရာ၊ ကျေးဥလည်း ကန့်ကလျှနှင့် ငခွေးကို ဤသို့ ပြောဆိုနေလေ၏။

'ဦးလေးခွေး စိတ်မဆိုးနှင့်နော်၊ ဖေဖေက အသက်ကြီးလာတော့ ရောက်တီးရောက်ရာ ပြောတတ်တယ်ရှင့်၊ ဦးလေးကြီး လာရင် အမောပြေသောက်ဖို့ ကျွန်မ မန်ကျည်းမှည့်ရည် ဖျော်ထားတယ်ရှင့်'

ထိုခဏ၌ သူဌေး ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းမှ ကျောင်းသား ငဖြိုးသည် ဆွမ်းဝတ်ပို့ရင်းနှင့် ကွမ်းအစ်ဝတ်ယူရန် ရောက်လာလေ၏။ ထိုအခါ ကျေးဥသည် ငဖြိုးကို စောင်းကြည့်လိုက်ပြီးနောက် ငခွေး၏ ရှေ့တွင် ဝါးရုံမှိုများကို ခြင်းထဲမှ ထုတ်ယူနေလေ၏။

'ကျေးဥ၊ နင်မှာလိုက်လို့ ငါ စကားဝါပွင့်တွေကို တက်လာခဲ့တယ် ရော့' ဆိုကာ ငဖြိုးသည် စကားဝါပွင့် ငါးဆယ်လောက်ကို ကျေးဥအား ကွမ်းအစ်ကိုယ်ထဲမှ ထုတ်ပေးနေလေ၏။

'ဦးလေးခွေး ယူလိုက်ရမလား'

'ငါတော့ သေချင်တာပဲ မယ်ကျေးရယ်၊ မင်းကြောင့် သူဌေးကြီးရဲ့ အသတ်ကို ငါ ခံရလိမ့်မယ်။ အင်း ... ခက်တာပဲ၊ ခက်တာပဲ၊

ငခွေးတော့ လက်ပေါ်မှာ ရာဟုသံဒေါင်းစီးနင်းပြီး စန်းပေါ်မှာ စနေဂြိုဟ် စီးနေတော့တာပဲ'

'ကိုခွေး၊ ခင်ဗျား အတော့်ကို နတဲ့ လူပဲ၊ ယူလိုက်လို့ဆိုရင် ခင်ဗျား အဝီစိ ကျမှာလား။ ကုသိုလ်တောင် ရလေဦးမယ်။ ကျေးဥက သူ ပန်ချင်လို့ မှာလိုက်တာကို ခင်ဗျားမှာ ရာဟုဂြိုဟ်၊ စနေဂြိုဟ် စီးနင်းနေရသေးသလား'

ငခွေးသည် မောင်ဖြိုးကို မျက်တောင်မခတ်နိုင်ဘဲ စိန်းစိန်း ကြည့်ပြီးလျှင် 'ဟင် မင်းကလည်း အတော်လာတဲ့ လူပဲ။ ငါ့ကျောမှာ သားရေဖုံးပြီး ထားတာ မဟုတ်ဘူးကွယ့်။ မင်း ပြန်ယူသွားရင် အင်မတန် ကောင်းတယ်၊ မင်းတို့စပ်ကြားမှာ ငါ ရာဇဝတ်သား မဖြစ်နိုင်ဘူး' ဟု ဆိုလေ၏။

'နေပါရှင်၊ ဦးလေးခွေးဟာ မိကျေးကို မချစ်ဘူး၊ မသနားဘူး ဆိုတာ ခုမှ သိရပါတယ်။ အိပ်ရာထဲမှာ တစ်ညလုံး ငိုနေမှာပဲ' ဆိုပြီးလျှင် ငိုဟန်ပြုလျက် နှုတ်ခမ်းစူပြီးသော် ခြေထောက်ကို ဆောင့်ကာ၊ အောင့်ကာ နင်း၍ ယူနေသော မှိုများ၊ မျှစ်များ၊ အမဲကျပ်တင် ခြောက်များတို့ကို ထားခဲ့ကာ အိမ်ပေါ်သို့ ကျေးဥသည် တက်သွားလေ၏။

'ခက်တယ်၊ ခက်တယ်၊ တကယ်ခက်တယ်၊ တောက ရောက်ရင် ရောက်ချင်း သူဌေးက မာန်ရတဲ့အထဲမှာ မင်းကလာပြီး ဂြိုဟ်မွှေပြန့်တာပေါ့'

'ကိုင်းဗျာ ခင်ဗျား သိပ်စကားများတယ်၊ ပန်းတွေကို ကျွန်တော် ပြန်ယူသွားမယ်'

'မောင်မင်းကြီးသား ရှိခိုးပါရဲ့ ဘုရား၊ သည်ပန်းတွေကို ထားတော်မူခဲ့ပါ၊ သခင်မအား ကျွန်တော်မျိုး ဆက်သလိုက်ပါ့မယ်။

ဆွမ်းဝတ်ကို ပို့မြဲတိုင်း ပို့ပြီး ကွမ်းအစ်ဝတ်ကို ထားနေကျနေရာမှာ ထားတော်မူခဲ့ပါ။ ကျွန်တော်မျိုး အသင့်ပြင်ထားလိုက်ပါ့မယ် ဘုရား'

'ခင်ဗျား တော်တော့ကို ဖောက်တဲ့ လူပဲ' ဆိုကာ ဖြေးသည် ပန်းများကို ထားခဲ့၍ ဆွမ်းဝတ်များ၊ ကွမ်းအစ်ဝတ်များတို့ကို ပို့ထားကာ ပြန်သွားရာ၊ ကျေးဥသည် မန်ကျည်းဖျော်ရည် တစ်အိုးကို ယူလာ၍ ငခွေးအား သောက်စေလေ၏။

'ဦးလေး၊ ပန်းတွေ သိပ်လှတယ်နော်'

ငခွေးသည် မန်ကျည်းရည် သောက်ပြီးနောက် ကျေးဥကို မကြည့်ဘဲ မှိုများမှ ရွှံ့များကို ခါနေလေ၏။

'ဦးလေး၊ ကိုဖြိုးက မိကျေးအား ပန်းတွေ ပေးတာဟာ ဘာကြောင့် ပေးပါလိမ့်'

'သူ ပေးချင်လို့ပေါ့'

'မေတ္တာရှိလို့ ပေးတာ မဟုတ်ဘူးလား ဦးလေးခွေးရယ်'

'သေချင်တယ် မယ်ကျေးရယ်' ဆိုကာ ငခွေးသည် ခေါင်းကို လက်နှစ်ဖက်နှင့် စုံကုတ်ကာ နေလေ၏။

'အို ... ဦးလေးခွေး သေချင်ပေမဲ့ မသေရသေးဘူး။ ဦးလေးခွေး သေရင် မိကျေး ဘယ်သူ့ကို အားကိုးရမှာလဲ၊ ဦးလေးခွေး မသေနဲ့နော်၊ ခေါင်းကို ကုတ်တာဟာ သန်းယားလို့ထင်တယ်၊ ကျွန်မ သန်းရှာပေးမယ်လေ'

*

ငခွေးမှာ သူဌေးအိမ်၌ ကျွန် ဆယ်ယောက်အထဲတွင် အကြီးအကဲ ဖြစ်၍ သူဌေးအိမ်မှာ လက်ဝါးကြီးအုပ်ကာ ခြယ်လှယ်နေသူ ဖြစ်၏။ စီမံခန့်ခွဲစရာ၊ ဆွမ်း ကွမ်း ပြင်ဖွယ်ရာရာ ရှိသမျှတို့နှင့် အိမ်မှု အိမ်တာ၊ သမီးအရေးတို့၌ ငခွေးမှာ တာဝန်ခံထားရလျက် သူဌေးကြီးက 'ငခွေး၊ မိကျေးဥ ၁၈ နှစ် ပြည့်ရင် မင်းသားတစ်ပါးပါးနှင့်

ထိမ်းမြားဖို့ ငါ စိတ်ကူးထားတယ်။ သည်အတွင်း ဖောက်ပြား သွားရင် နင် အသေပဲ။ ကြိမ်ကို ရေစိမ်ပြီး မသေမချင်း ရိုက်မယ်' ဟု မှာထားသဖြင့် ငခွေးမှာ အလွန် စိတ်ဆင်းရဲခြင်းနှင့် တွေ့ကြုံလာ တော့၏။ ထိုကဲ့သို့အရေး ဖြစ်ပေါ်လာနေသည်ကို ငခွေးမှာ စိတ် ရှုပ်ထွေးလျက်နှင့်ပင် မီးဖိုချောင်သို့ ဝင်ကာ စီမံရလေ၏။

'ဦးလေးခွေး၊ ရော့ ပြောင်းဖူးတွေကို ဖုတ်ထားစမ်းပါ'

'များလှချည်ရဲ့လား မယ်ကျေးရယ်'

'ဦးလေးခွေးဟာ သိပ်တိုတောင်းပြီး စဉ်းလဲတာကိုး၊ ကျွန်မ လိုချင်တာကလေးကိုများ နည်းနည်းကလေး လိုက်လျောပါဦးတော့'

'မယ်ကျေးချည့် စားလို့ ကုန်မှာလား'

'ကိုဖြိုးကိုလည်း ပေးချင်သေးတယ် ဦးလေးရယ်'

'ဟင် ... ငါ့နယ် သေပါတော့ ငခွေးရဲ့၊ ငါ သေပါတော့'

'ဦး ... လေး ... က၊ သူများ ပေးချင်တာကို မပေးရဘူး။

'ဟင့် ... ဟင့် ... ဟင့် ...' နှင့် ကျေးဥသည် မဲ့၍ ငိုလေ၏။ တရှုပ်ရှုပ်နှင့်လည်း နေလေ၏။

'တိတ်၊ တိတ်၊ တိတ်၊ မငိုနဲ့နော်၊ ဦးလေးက ဖုတ်ပေးမှာပေါ့၊ ဒါပေမဲ့ ဘဘကြီး မမြင်အောင် ပေးနော်၊ ဘဘကြီး မြင်သွားရင် ဦးလေးကို ရိုက်လိမ့်မယ်။ ကြားလား'

'ဦးလေးခွေးရယ်၊ ကိုဖြိုးဟာ ချစ်စရာလည်း ကောင်းတယ်၊ သနားစရာလည်း ကောင်းတယ်နော်'

'မယ်ကျေး၊ ဟိုဘုရားစင်နားမှာ ကစားနေချည်၊ ဦးလေး ပြောင်းဖူး ဖုတ်ထားလိုက်မယ်'

*

ကျေးဥသည် အသက် တစ်ဆယ့်ငါးနှစ် အရွယ်သို့ ရောက်နေ၍ ဟိုခေတ်က အပျိုဖော်ဝင်စ ဖြစ်၏။ ငဖြိုးကား အသက် ကျေးဥထက်

တစ်နှစ်ကြီးသူ ဖြစ်သဖြင့် ကျောင်းသား ဖြစ်နေ၏။ ထိုခေတ်နှင့် ယခုခေတ်သည်လည်း အလွန်ခြားနား၏။ မိန်းကလေး၊ ယောကျ်ားကလေးတို့သည် သဘာဝအလျောက် စိတ်ချင်းကစားမိကြစေကာမူ သုံးနှစ် သုံးဝါထက် မနည်း တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကာ ယောကျ်ားကလေးသည် ကိုယ်နှစ်သက်သူကို လှည့်ကာ နေရ၏။

အသည် အမျိုးသမီးများကလည်း မိမိတို့ သက်ဆိုင်ရာ အလုပ်အကိုင်ဖြင့် သဘောနှင့် အရည်အချင်းကို ပြကာ လူပျိုလှည့်လာသူများကို ညှော်ခံကာ အကဲခတ် တည်းဖြတ်ကာ ရှိ၏။ လူပျိုလူရွယ်တို့ကလည်း ယခုခေတ်မှာကဲ့သို့ အလုပ်အကိုင်မဲ့ ပေါ်ကြော့မနေကြဘဲ လုပ်ငန်းဖြင့် လူကဲကို ပြလျက် ငွေဝင်သော အလုပ်တစ်ခုခုကို ဖြစ်စေ၊ မိဘကို ကူညီသောအားဖြင့် ဖြစ်စေ ဂုဏ်တင်အသားယူပြီးသော် မိမိ အိမ်ထောင်ပြုရန် ရည်ရွယ်မှန်းထားသော အမျိုးသမီးကို သုံးနှစ်သုံးဝါထက် မနည်း လည်ပြီးသော် အကဲခတ်ကာ တည်းဖြတ်လေ့ရှိ၏။

မိဘများကလည်း သားသမီးများ စိတ်ဝမ်းမျှတပြီးနောက် သားသမီးတို့ကို အရိပ်တကြည့်ကြည့်နှင့် ဂုဏ်တင်ကာနေလျက် တစ်ဦးနှင့်တစ်ဦး အပြစ်ဆိုဖွယ်ရာ မရှိသည်နောက်မှ ထိမ်းမြားခြင်းကို ပြုလေ့ရှိသည်သာ များကြ၏။ နှစ်ဖက်မိဘများ သဘောမကျဘဲ အိမ်ထောင်ကျရသည့် အိမ်ထောင်သည်များကား အလွန်ရှားပါးချေသည်။ အကယ်၍ မိန်းကလေးရှင် မိဘများ သဘောမတူဘဲ ခိုးယူ ပေါင်းသင်းသော်ကား မင်း အိမ်သို့ ရောက်ရပြီးလျှင် ရာဇဝတ်ဒဏ် ခံကြရသည်သာ များကြလေ၏။

ယခုခေတ်၌ လူသစ်ဟု အမည်ယူနေသော မောင်မောင် မမတို့ကမူကား ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကိုယ်တိုင် လွတ်လပ်ရေးကို မိဘများထံမှ အတင်းယူကြလျက် မိမိတို့၏ စိတ်သဘောအလျောက်

ဖြစ်လွယ် ပျက်လွယ် ကာလကြီးကို ဖန်တီးတည်ထောင်ကြကုန်၏။ ဟိုရှေးအခါက ထိုခေတ်ကိုလည်း မည်ကဲ့သို့သောသဘော သက်ရောက်၍ ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ ယခုခေတ် လူသစ်မောင်မောင် မမ အမည်ခံသူတို့ကား ခေတ်တုံးကြီး၊ ခေတ်တိကြီး၊ ခေတ်နှေးကြီး၊ ခေတ်ဆွေးကြီးဟု အပြစ်တင်ဆိုကောင်း တင်ဆိုကြပေလိမ့်မည်။ သို့သော် ရှေးခေတ်ကို သဘောမျှသည့် ပညာရှိလူကြီးလူကောင်း အချို့တို့ကမူကား ထိုခေတ်ကို အောက်မေ့လွမ်းဆွတ် တောင့်တမိကြဟန်ပင် ရှိပေသည်။ ငဖြိုးနှင့် ကျေးဥ၏ အဖြစ်အပျက်ကို ထောက်ဆ၍လည်း ထိုခေတ်ကို တည်းဖြတ်နိုင်ဖို့ သင့်ချေသည်။

ငခွေးသည် ညနေစာ ထမင်းစားပြီးနောက် အိမ်ခွေးကတက်တွင် ဝါးလျှင်အရိုးရှိသည့် မြေဆေးအိုးကို ခဲလျက် ဆောင့်ကြောင့်ထိုင်ကာ တစ်စုံတစ်ခုကို စဉ်းစားနေသည်တွင်ပင် ကျောင်းသားငဖြိုးသည် ကွမ်းဝတ် ယူရန် ရောက်လာသဖြင့် အသင့်ပြင်ဆင်ထားသော ကွမ်းအစ်ကို ငခွေးသည် ထ ယူပြီးလျှင် ငဖြိုးအား ပေးတော့မည် အပြုတွင် ကျေးဥသည် ရောက်လာ၍ ငဖြိုးအား ပြောင်းဖူးဖုတ်သုံးဖူး၊ ပဲစိမ်းစားဥ နှစ်ဥ၊ ဆေးလိပ် တစ်လိပ်တို့ကို ပေး၍ ငခွေးမှာ မျက်လုံးပြူးသွားပြီးသော် ရင်ကို မ ကာ ကြည့်နေပြီးနောက် ဤသို့ဆိုလေ၏။

'ဟင် ... ဟင် ... မယ်ကျေး ဘယ့်နှာလဲ'

'ဦးလေးခွေးက ဘာမှ အဖိုးမတန်တဲ့ သူ့ပြောင်းဖူး အပိန်အခြောက်ကို နမြောနေလို့ ထင်ပါရဲ့'

'မင့်ဦးလေးခွေးက နမြောရင် ငါ မယူပါဘူးကွယ်'

'ကျွန်မက မနမြောပါဘူး၊ ယူသာ သွားပါ'

'မင်းတို့အတွက် ကြားထဲက ငါတော့ ခက်တာပဲ၊ မယ်ကျေး

ကလေး မဟုတ်တော့ဘူး၊ ထင်သလို ဖွတ်မလုပ်ပါနဲ့၊ ဦးလေးဟာ ဘယ်လို စိတ်ဆင်းရဲနေရပြီး လောကကြီးမှာ မပျော်ပိုက်ဘူး ဆိုတာကိုလည်း မယ်ကျေး သိထိုက်ပြီ။ မယ်ကျေးရဲ့ ဘတော်ကြီးကလည်း ဦးလေးရဲ့အပေါ်မှာ ဘယ်လို ရက်စက်တယ် ဆိုတာကိုလည်း မယ်ကျေး အသိ ဖြစ်သင့်ပြီ။ မယ်ကျေးဟာလည်း ဦးလေးရဲ့ ရင်ခွင်ထဲမှာ ငယ်ကတည်းက စပြီး ကြီးပြင်းလာလို့ မယ်ကျေးရဲ့ သံယောဇဉ် ဦးလေးမှာ သိပ်ကို လေးနေတာပါ။ မယ်ကျေးဟာလည်း ဘာမဆို ဖွတ်ကြီးလုပ်တာပဲ။ ဦးလေးတော့ သေပန်းပွင့်ရတော့မှာပါပဲ' ဆိုကာ ငခွေးသည် အလွန် စိတ်မချမ်းသာသည့် မျက်နှာနှင့် ပြည့်လျှံနေသော မျက်ရည်တို့ကို သုတ်ကာ ပြောဆိုလေ၏။

'ဦးလေးခွေးကို ကြည့်ရတာ ဘယ်တော့မှ ကြည်သာတယ် မရှိဘူး၊ အဘလည်း ဦးလေးခွေးအပေါ်မှာ စကားနှင့်သာ တိုတောင်းပါတယ်။ ဦးလေးခွေးရဲ့ သဘောကို နောက်ဆုံးမှာ သဘောတူတာပဲ မဟုတ်လား။ တစ်နေ့ကတောင် ကျွန်မတစ်ယောက်ကို ဦးလေးခွေးက အလွတ်ခိုင်းလို့ လွှတ်တယ် မဟုတ်ဘူးလား။ ဦးလေးခွေးက မိကျေးကို ကလေး မဟုတ်တော့ဘူး ဆိုတာ မိကျေး ကလေးတွေ မွေးနေလို့လား။ သူများက သနားလို့ ကိုဖြိုးအား ပြောင်းဖူးပေးတာကို စိတ်ဆိုးမှန်း သိပါတယ်' ဆိုကာ ကျေးဥသည် စူဆောင့်၍ အိမ်ထဲသို့ ဝင်သွားလေ၏။

ငခွေးကား "အင်း သူတစ်ပါးအိမ်မှာ ကျွန်ဘဝနဲ့ နေရတာဟာ ဘယ်လိုမှ ကိုယ့်စိတ်ကို ကိုယ် မပိုင်လို့ အင်မတန် စိတ်ဆင်းရဲရပါကလား။ ရှင်ဘုရင်ဆိုတဲ့ လူကလည်း ဘာပဲဖြစ်ဖြစ် သူဌေးတွေ၊ ငွေ့ရှင် ကြေးရှင်တွေဘက်ကသာ ပါပြီး ဆင်းရဲသားတွေ၊ ကျွန်တွေကိုသာ ရာဇဝတ်ပြစ်ဒဏ် ပြုတာပဲ။ လောကကြီးတော့ ပျက်လုနီးပြီ"

... ဟု တွေးတောကာ ရေအိုးစင်၌ ရေများကို လဲလှယ်ပြီးသော် အခြားကျွန်များအား ခိုင်းဖွယ်ရှိသမျှကို ခိုင်းစေနေလေ၏။

ထိုခဏ၌ ကျေးဥသည် ရောက်လာပြန်၍ ‘လာ ဦးလေးခွေး၊ သွားရအောင်’ ဟု ခေါ်လေ၏။

‘ဘယ်ကိုလဲ မယ်ကျေး၊ မိုးချုပ်ပြီ၊ အချိန်မတော်ပါကလား’

‘မိကျေး ကြပ်ပစ်တမ်းကစားဖို့ သွားမလို့။ မိညက်တို့၊ မိလှတို့က ညတိုင်း ကျွန်မတွေကို လွှတ်ပြီး ခေါ်ခေါ်နေပါတယ်၊ ဦးလေးခွေး မရှိလို့ မိကျေး မကစားရဘူး။ လက သာသာနှင့် ထိန်လို့’ ဟု ပြောပြောဆိုဆိုနှင့် ထွက်သွားရာ ငခွေးမှာ ‘ခက်လည်း ခက်တာပဲနော်၊ နွားတစ်ထောင်လောက်ကို ထိန်းရတာဟာ သိပ်ကို ဝန်လေးတာပဲ’ ဟု ညည်းညူကာ ဝါးရင်းတုတ်တစ်ချောင်းကိုဆွဲလျက် ကျေးဥနောက်သို့ လိုက်ပါသွားရလေ၏။

ထိုနေ့ညကား တော်သလင်းလပြည့်ကျော် ၁ ရက်နေ့ဖြစ်၍ လ သည် အလွန်ထိန်လင်းစွာ တောက်ပလျက် ရှိ၏။ ထိုလရောင်အတွင်း၌ သူဌေးသမီးများ၊ သူကြွယ်သမီးများတို့သည် ဆူညံပျော်ရွှင်စွာ ကြပ်ပစ်တမ်း ကစားနေကြ၏။ ၎င်းတို့ မနီးမဝေး၌လည်း ကာလသား လူပျိုလူရွယ်တို့သည် ပျော်ကောင်းပျော်ဖွယ်တဝေါဝေါ တသောသောနှင့် တွတ်ထိုးတမ်း ကစားနေကြကုန်၏။ ငခွေးကား ဆောင့်ကြောင့်ထိုင်ကာ တုတ်ကြီးကို ထောင်လျက် ဒန်တိုကို ခဲ၍ မိမိ၏ သခင်မကလေးကို စောင့်နေရလေ၏။ အချို့ ဂုဏ်သရေရှိ ကာလသားတို့သည်ကား ကျေးဥသည် စလေမြို့၌ အကျော်အမော် ဖြစ်နေသဖြင့် ငခွေး မျက်နှာသာပေးခြင်းကို ရနိုင်လေအောင် ပြောင်းဖူး၊ မုန့်ပေါင်း စသော သရေစာများကို လာရောက် လက်ဆောင်ပြုကာ မျက်နှာချို သွေးကြကုန်၏။ ငခွေးကား သစ္စာရှိသောသူ ဖြစ်၍

မည်သူ့ကိုမျှ ဂရုမပြုခြင်းခြင်းဖြင့် စကားကို လိုက်ရောသွေးကာ မဆိုဘဲ ဣန္ဒြေရရနှင့်သာ နေဘိ၏။

အခြားကျွန်တို့သည်လည်း ငခွေး၏နည်းတူ မိမိတို့၏ သခင်မကလေးများကို စောင့်ထိန်းနေကြရင်းပင် ... 'ကိုခွေးတို့တော့ အင်မတန်ကို မျက်နှာပွင့်ပါတယ်' စသည်ဖြင့် ပြောဆိုကလိကြသော်လည်း ငခွေးသည် ချက်လှည့်ခံကာ စကားမဆိုဘဲ "ငါသည် မည်ကဲ့သို့လျှင် ဆင်းရဲလှသော လုပ်စားကိုင်စားတို့အား သက်သာရာရအောင် ကယ်ဆယ်ရပါမည်နည်း။ ငါသာ ရှင်ဘုရင် ဖြစ်ခဲ့ရင် လောကကြီး၌ ငွေရောင်လွှမ်းကာ ဖိစီးနှိပ်စက်ခြင်းကို တားမြစ်နိုင်မှာပဲ။ မင်းမျိုး၊ သူဌေး သူကြွယ်မျိုး၊ သူကောင်းမျိုး၊ ကျွန်မျိုး စသည်ဖြင့် လူ၏ အဆင့်အတန်းကို ခွဲခြားထားခြင်းသည် လူတို့၏ တရားသော ယဉ်ကျေးမှုကို ဖျက်ဆီးခြင်းပင် ဖြစ်ချေသည်။ ငါ့လိုလူသည်လည်း ဘုရင်ဖြစ်ဖို့ မိုးနှင့်မြေကြီး ကွာလှမ်းသည်ထက်ပင် ကွာလှမ်းနေလေစွတကား" ဟု ဆင်ခြင်တွေးဆခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခြင်းဖြင့် မိမိ ရရှိသော လက်ဆောင် သရေစာများကို အခြား ကျွန်တို့အား ကျွေးမွေးလေ၏။

အပျိုကလေး၊ လူပျိုကလေးတို့သည် သူငယ်အိပ်ဆိတ်ချိန်တိုင်သောအခါ ကစားပွဲကို ရပ်သိမ်းကြပြီးလျှင် ကိုယ်စီကိုယ်င အိမ်သို့ ပြန်ကြသောကြောင့် မယ်ကျေးလည်း ကစားဖော်တို့ကို နက်ဖြန်သူ၏ အိမ်ဝိုင်းကြီးထဲ၌ ကစားရန် ဖိတ်မန်ခဲ့ပြီးသော် ဤသို့လျှင် စကားတပြောပြောနှင့် ပြန်လာ၍၊ ငခွေးသည် နောက်က တုတ်တစ်ချောင်းကို ထမ်းကာ လိုက်ပါလာရလေ၏။

'မယ်ကျေး၊ ဦးလေး တစ်ခုပြောပြမယ်'

'ဘာလဲ၊ ဘာလဲ ပြောပြပါ။ နောက်ကို မကစားရတော့ဘူးလား'

'မဟုတ်သေးပါဘူး မယ်ကျေးရယ်၊ မယ်ကျေးလည်း အပျို ဖြစ်လာပြီ'

'အပျိုဖြစ်ရင် ဘာဖြစ်သလဲ ဦးလေးခွေးရဲ့'

'လူပျိုကလေးများနှင့် အရောတဝင် စကားမပြောရဘူး၊ မနေရဘူး။ ဣန္ဒြေလုပ်နေရတယ်။ ဘဘကြီးကလည်း မယ်ကျေးကို အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ရင် မင်းသားတစ်ပါးပါးနှင့် ထိမ်းမြားပေးမယ်တဲ့၊ အဲဒီတော့ အသည့်သား လူပျို လူရွယ်ကလေးတွေကို အရောမဝင်ပါနဲ့ မယ်ကျေး'

'သြော် သည်လိုကိုး။ အဲဒီ မင်းသားကို ဦးလေးခွေး မြင်ဖူးသလား၊ သိသလား'

'မမြင်ဖူးဘူး၊ သိလည်း မသိဘူး'

'ဒါဖြင့် ကိုဖြိုးနှင့် ဘယ်သူက အားကောင်းသလဲ၊ ဘယ်သူက ချောသလဲ၊ ဘယ်သူက လိမ္မာသလဲ။ ကိုဖြိုးလို သိုင်းတတ်ကဲ့လား၊ ဗန်တိုဗန်ရှည် တတ်ရဲ့လား၊ လှေထိုးလှေပဲ့ တတ်ကဲ့လား၊ ဦးလေးခွေးလို ဆင်စီး မြင်စီး တတ်ရဲ့လား'

'မမြင်ဖူးပါဘူး၊ မသိပါဘူး ဆိုနေမှပဲ။ မယ်ကျေးရဲ့ မေးခွန်းတွေကို ဦးလေး ဘယ်လို ဖြေဆိုရပါမလဲ'

'ဒါနဲ့ပဲ ဦးလေးခွေးက အောင်သွယ်နေသေးသကိုး။ ကိုဖြိုးကိုသာ သွားပြီး မင်း မယ်ကျေးကို မြန်မြန်ကြဲ၊ မင်းမှာ ရန်သူတော်တွေ ထပ်ထပ်ရံနေပြီ၊ မင်း ပေါ့ပေါ့ဆဆနှင့် အေးအေးနေရင် ကောင်မကလေး သူများနောက် ပါသွားလိမ့်မယ်လို့ ပြောပါလား ဦးလေးခွေးရယ်'

'ပြောလေခက်လေ၊ ဆိုလေ သည်းလေပဲကိုး။ ဦးလေးခွေးကို ချစ်ရင် သနားရင် သည်လိုစကားမျိုးတွေကို ဘယ်တော့မှ မပြောပါနှင့်၊ ဘဘကြီး သိရင် ဦးလေးမှာ အသက်ရှိရတော့မယ် မဟုတ်တော့ဘူး'

'ဦးလေးခွေးဟာ သိပ်ကို ကြောက်တတ်ပါကလား'

'ကြောက်ရပါသော်ကော မယ်ကျေးရယ်။ ဦးလေးဟာ ဘယ်တော့မှ ဘယ်လိုမှ မလွတ်နိုင်တဲ့ ကျွန်ကြီးပါကလား'

'ဦးလေး၊ မိကျေး ပြောမယ်နော်၊ စဉ်းစားပါ။ မိကျေးက ဦးလေးခွေးကို ဦးလေးအရင်းလို သဘောထားပြီး တူဝရီးနှစ်ယောက် ဘယ်တော့မှ မခွဲဘဲ အိမ်ဦးခန်းမှာ ထားပြီး ကိုးကွယ်ချင်တာနှင့် သည်လို ပြောတာပါ ဦးလေးခွေးရယ်'

'ဒါပေမဲ့ ဒီအကြံဟာ နည်းနည်းမှ မတော်ဘူး။ ဘာကြောင့်လဲ ဆိုရင် မယ်ကျေးနှင့် ဂုဏ်ရည်တူမှ မဟုတ်ပါပဲကလား'

'ဟော ... ဦးလေးခွေး လွဲပြီ။ ဂုဏ်ရည်တူဆိုတာဟာ ဘာလဲ၊ ဂုဏ်ဆိုတာဟာ ဘာလဲ၊ မင်းညီမင်းသား မျိုးကြီးမတ်ရာ ကလန်သံပျင်သား၊ သူဌေးသူကြွယ်သား ဆိုတာတွေဟာ ဂုဏ်တွေလား။ ငွေပေါတာဟာ ဂုဏ်လား။ အဲဒါကို ဂုဏ်လို့ ယူဆရင် လောကကြီးဟာ မှောက်မှားနေပြီ ဦးလေး။ သည်လောကကြီးဟာလည်း ဘယ်တော့မှ သာယာအေးချမ်းမယ် မဟုတ်ဘူး။ ဂုဏ်ရည်တူ ဆိုတာဟာလည်း တစ်ယောက် အကျင့်သဘောကို တစ်ယောက်က သဘောကျပြီး နှစ်နှစ်ကာကာ ချစ်ခြင်းကို ခေါ်တယ်ရှင့်'

ငခွေးကား စိတ်ပါဝင်စားဖွယ်ရာ စကားကလေး ဖြစ်၍-

'မယ်ကျေးက ဂုဏ်လို့ ဘယ်ဟာတွေကို ယူဆနေသလဲ' ဟု မေးရလေ၏။

'မိကျေး ပြောမယ် နားထောင်နော်၊ လူမှာ အကျင့်စာရိတ္တ ကောင်းတဲ့ မိဘက မွေးဖွားလာရတာဟာ ဂုဏ်တစ်ခု၊ ယောကျ်ားတို့မှာ ဂုဏ်ဟာ စာပေ ပိဋကတ် တတ်ရမယ်။ မြင်းစီး၊ ဆင်စီး၊ ဓားခုတ်၊ လှံထိုး၊ လေးလှော်လေးပဲ့၊ ရေကူး အတတ်တို့ကိုလည်း တတ်ရမယ်။ ကာယဗလ ရှိပြီး သန်မာ ပြေပြစ်တဲ့ ကိုယ်လုံး

ကိုယ်ပေါက် ရှိရမယ်။ အကျင့်စာရိတ္တ ကောင်းရမယ်။ ကောင်းသော အသက်မွေးမှုနှင့် ညီတဲ့ အလုပ်တစ်ခု ရှိရမယ် ဦးလေးရဲ့။

'အဲဒီတော့ ဦးလေး စဉ်းစားနော်။ ကိုဖြိုးဟာ စလေမြို့ ဂုဏ်ကြီးရှင် အပေါင်းတို့ ကိုးကွယ်ပြီး ကြောက်နေရတဲ့ ဘုရင့်ဆရာတော် ရဟန်းကြီးရဲ့ တူအရင်းရှင့်။ စာပေပိဋကတ်လည်း တတ်တယ်။ (ထိုခေတ်က ပိဋကတ်ကိုသာ ဆိုလိုသည်) မြင်းစီး၊ ဆင်စီး၊ ဓားခုတ် ကောင်းတယ်။ ဓားပြ ဆယ်ယောက်ကို သူတစ်ယောက်တည်းနှင့် နိုင်အောင် တိုက်နိုင်မယ်။ ကျောင်းကထွက်ရင် အလုပ်သမားကောင်း ဖြစ်မယ့် အစွမ်းအစ ရှိတယ်။ အဲဒီတော့ ဖေဖေ ငွေအိုးမြှုပ်ထားတာကို ဦးလေးခွေးလည်း အသိသားကပဲ၊ သွားဖော်ပြီး ကိုဖြိုးအား ပေးပါလား။ သူလည်း သူဌေး ဖြစ်မှာပေါ့။ တစ်ဆိတ်ရှိရင် ဦးလေးခွေးမှာ မျက်ရည်ကျပြီး ခက်နေတာပဲ။ ယောကျ်ား မဟုတ်သလို။ မရွံ့ပါနဲ့၊ စွန့်လိုက်စမ်းပါ။ မချွဲပါနှင့်၊ ရဲလိုက်စမ်းပါ။ မိကျေး ရှိပါတယ်။ ဦးလေးခွေး ဘာကြံကြံ ဟန်ပြီး အောင်ရစေ့မယ်။ မိကျေး လိုတာကို တော့ ဦးလေးရဲ့ တာဝန်နော်'

'ယောကျ်ားဆိုတာ သစ္စာရှိရတယ် မယ်ကျေး၊ ဦးလေးဟာ ဘယ်တော့မှ သစ္စာမဖောက်နိုင်ဘူး'

'အို ... ဒါတွေကို မိကျေး မကြားချင်ဘူးနော်။ ဦးလေးခွေးရယ်၊ မနေ့က လပြည့်နေ့မှာ မိကျေးတော့ ဦးလေးခွေး မရှိလို့ ကျောင်းတော်ကြီးကို လိုက်ရပေါင်။ မယ်လှတို့ မယ်မြတို့က ပြောကြတယ်။ ကိုဖြိုးဟာ သိပ်ကို အားကောင်းသတဲ့၊ တွတ်ထိုးနေကြတာ ကိုဖြိုးကို လူတစ်ဆယ့်တစ်ယောက် ဝိုင်းပြီး ဖက်ဆွဲကြတာတောင် မနိုင်ဘူးတဲ့၊ ကိုဖြိုးတို့ဘက်ကကြီး နိုင်တာပဲတဲ့။ သူတို့ ကြီးရင် ကိုဖြိုးလို ယောကျ်ားကောင်းကို ရအောင် ယူကြမှာပဲတဲ့။ သူတို့လက်ထဲများ ကိုဖြိုး ပါသွားရင် မိကျေးဟာ သူဌေးသမီး ဆိုတာ အလကားပဲ။

သည်တော့ မိကျေးကို ကိုဖြိုးနှင့်မှ ဦးလေးက သဘောမတူဘဲ ကဖျက်ယဖျက် လုပ်နေရင် မိကျေးတော့ အရည်းတွေဆီ သွားပြီး ကချေသည်မ လုပ်နေတော့မှာပဲ။ ဦးလေးခွေး မိကျေးကို သနားတယ်၊ ချစ်တယ်နော်'

ငခွေးမှာ မျက်လုံးပြူးကာ သက်ပြင်းချလျက် ရင်ကို မ ၍ ဆေးတံကိုမှ မခဲနိုင်တော့ဘဲ ကျေးဥ၏နောက်က လိုက်ပါသွားရလေ၏။

ထိုည အရဏ်တက်လတ်သော် ငခွေးသည် ကျွန်များအား ခိုင်းစေဖွယ်ရာရာတို့ကို ခိုင်းစေ၍ ကျွန်မကြီး တစ်ယောက်အား ဆွမ်းဝတ်များကို အပြင်ခိုင်းနေလေ၏။ ထိုခဏ၌ပင် ငဖြိုးသည် ဆွမ်းဝတ်ယူရန် ရောက်လာသည်တွင် ကျေးဥသည် အိပ်ရာထဲမှ ထ တည့်၍ 'ကိုဖြိုး ရှင်တို့ကျောင်းမှာ နှင်းဆီပွင့်ကြီးတွေ သိပ်ပွင့်တယ်လို့ ကြားတယ်ရှင့်၊ ညနေလာရင် ယူခဲ့ပါနော်၊ စကားဝါပွင့်တွေကိုလည်း ယူခဲ့ပါဦး' ဟု မှာနေလေ၏။

ထိုအခါ ငခွေးသည် ငဖြိုးနှင့် ကျေးဥတို့၏ ကြားက ဝင်ကာ ရပ်၍ 'ကိုင်းကိုင်း မောင်ဖြိုး ခပ်မြန်မြန်ပြန်နော်၊ ဆွမ်းနောက်ကျရင် ကိုယ်တော်ကြီးက ရိုက်နေဦးမယ်' ဆိုကာ ကြားဖောက်လိုက်ရာ ငဖြိုးသည် ဆွမ်းဝတ်ထမ်းကာ ပြန်သွား၍ ကျေးဥမှာကား 'သည်လောက်ကလေး စကားပြောမိတာနှင့် နောက်ကျပါလိမ့်မယ်၊ သက်သက် နှောင့်ယှက်တာပါ' ဆိုပြီးသော် ရန်တွေ့လျက် အိမ်ထဲသို့ ပြန်ဝင်သွားလေ၏။

'ဒေါ်ထိပ်တင်၊ ခါတိုင်း ဆွမ်းဝတ် ယူလာတိုင်း မယ်ကျေးဟာ မောင်ဖြိုးနှင့် တွေ့သလား'

[ဒေါ်ထိပ်တင် ခေါ်သည်ကား တောင်း စသည်တို့ကို ရွက်ရာတွင် ခေါင်းပေါ်တည့်တည့်က မရွက်ဘဲ ရှေ့ထိပ်ကျကျက ရွက်လေ့ရှိသဖြင့် ဒေါ်ထိပ်တင်ဟု ခေါ်သည်။ နာမည်ရင်း ဒေါ်ဆုံ ဖြစ်၏။]

'မတွေ့ပါဘူးမောင်၊ မောင် ရောက်လာမှပဲ သူ့ခများ အိမ်ထဲက ထွက်ရရှာတယ်။ မောင့်ရှေ့မှာကြောင့် သူ ဒီလို ယောကျ်ားကလေး တစ်ယောက်နှင့် စကားပြောဝံ့တာပါ။ မောင် မရှိရင် ဘယ်ကိုမှ မသွားရရှာဘူး။ လှေပွဲကိုတောင် ကြည့်ချင်လျက်နှင့် မကြည့်ဘဲ နေရ ရှာတယ်။ သူ့ဒွေးကြီးနှင့် သူ့ဒွေးကတော်ကြီးကလည်း သူ့ကို ထားခဲ့ ကာ လှေပွဲကို သွားကြတော့ ကတဲ ဦးလေးခွေးကလည်း ပြန် မလာဘူး၊ သည်လယ်ထဲ ယာထဲက စပါးတွေကို ဝက်တွေ စားကုန် ရင်ကော ဘာဖြစ်သလဲ၊ ငတ်သေမှာလား ဆိုပြီး ငိုရှာတယ်။ ဒေါ်ဒေါ် မှာ ချော့လိုက်ရတာ မောလို့၊ ပါးကိုတောင် စိတ်ဆိုးပြီး အချခံရသေး တယ် မောင်။ သခင်မ မိညက်တို့၊ မိလှတို့၊ မိမြတို့ကလည်း အိမ်ကို လာပြီး မောင်ဖြိုးဟာ လှေလှော်ကောင်းကြောင်း၊ အရည်းတွေရဲ့ တပည့်တွေကို နိုင်ကြောင်းနှင့် ဝိုင်းအုံကာ ပြောကြတော့ အပျို ကလေးချင်း ဖြစ်နေလို့ ဘယ်ခံနိုင်မှာလဲ မောင်ရယ်။ မောင်ဖြိုးကို သူ့တစ်ယောက်တည်းသာ မြင်ချင်မှာပေါ့'

'ခင်ဗျားကလည်း ကောင်းမကလေးဘက် ပါနေပြီ။ ကျုပ် သေပန်းပွင့်မှာဗျ'

'မောင် သေပန်းပွင့်မှာလား၊ ငုံမှာလားကိုတော့ ကျွန်မ မသိ။ ကိုယ်ချင်းစာပြီး သခင်မကလေးကိုတော့ သနားတာပဲ'

*

မောင်ခွေးကား ကျေးဥသည် မိမိ၏ လက်ပေါ်မှာ ပုခက်တွင်းက စပြီးလျှင် ကြီးလာခဲ့ရ၍၊ အလွန်ချစ်ခင် သနား၍ ကျောပေါ်မှာ ကြိမ်တင်ပြီးသော် ကျေးဥ၏ အလိုကို လိုက်နာရတော့မည်ကဲ့သို့ ကြုံနေရကား မကြံတတ်ဘဲ ရှိနေလေ၏။ ကျေးဥ၏ မျက်နှာပျက် ခြင်း၊ ငိုခြင်း၊ နှုတ်ခမ်းစူခြင်းတို့နှင့် စိတ်ကောက်ခြင်းတို့ကိုလည်း ငွေးသည် မခံနိုင်၊ ရင်တွင် လှိုက်၍လှိုက်၍ သနားလာဟန် ဖြစ်နေ

၏။ ထို့ကြောင့် ထိုသို့သော အခက်အခဲတို့ကို အတော်ကြာ စဉ်းစားပြီးနောက် တစ်စုံတစ်ရာကို စဉ်းစား၍ ရလာဘိသကဲ့သို့ ပြုံးရွှင်လာပြီးသော် ငဖြိုး၏မိခင် အကြော်သည်ကြီးထံသို့ သွားရောက်လေ၏။

ငခွေးသည် ငဖြိုး၏ မိခင်ထံ၌ ယခုသီတင်းဝါလကျွတ်သော အခါ မောင်ဖြိုးမှာ အရွယ်ရောက်ပြီ ဖြစ်သည့်အတိုင်း ရှင်သာမဏေပြုရန် သင့်ပြီဖြစ်ကြောင်း၊ နောင်သောအခါ ရဟန်းပြုက ရဟန်းဂိုဏ်းတွင် အလွန်ထင်ရှား ကျော်ကြား၍ သူ့ဦးရီး ရဟန်းကြီးကဲ့သို့ပင် ဘုရင့်ဆရာတော် ဖြစ်မည် မုန်ကြောင်းတို့နှင့် ချီးပပြောဆိုသော အခါ ငဖြိုး၏ မိခင်သည် သဘောတူညီလေ၏။ ငခွေးကား ပရိယာယ်၌ ယဉ်ကျေးဖွယ်ရာ ရှိသည်အတိုင်း သူဌေးကြီးအားလည်း သီတင်းဝါလ ကျွတ်လျှင်ကျွတ်ချင်း ကြီးစွာသော အလှူကြီးကိုပေး၍ မိမိကိုးကွယ်သော ရဟန်းတော်၏ တူအရင်း ငဖြိုးအား သားယောကျ်ား မရှိသည်အတိုင်း သာသနာ့ဒါယကာ အမွေကို ခံနိုင်ရစိမ့်သောငှာ ရှင်ပြုသင့်ကြောင်းတို့နှင့် ပြောဆိုသောအခါ သူဌေးကြီးလည်း ငခွေး၏ စကားကို သဘောတူညီခြင်း ပြုလေ၏။

သူဌေးကြီးသည်လည်း ငခွေး၏အပေါ်၌ ဝါသနာအလျောက် နိုင့်ထက်စီးနင်း ပြောဆိုပြုမူ ကျင့်ကြံတတ်သော်လည်း ငခွေးက ပြန်၍ ချေပကာ နည်းမှန် လမ်းမှန်ကို ပြောဆိုသောအခါ ကြက်တွန့်မတက်ဘဲ တိတ်ဆိတ်စွာ နေတတ်၏။ ငခွေး၏ အကြံပေးစကားကိုလည်း အမြဲ လိုက်လေ့ရှိ၏။ သူဌေးကတော်ကြီးကမူကား ငခွေးကို မောင်အရင်းသဖွယ် မြှောက်စားထား၏။ ငခွေးသည် အသက်တစ်ဆယ့်တစ်နှစ်က စ၍ သူဌေးထံတွင် ကျွန် ဖြစ်၏။ ငခွေး ရောက်သည်က စပြီးလျှင် ထိုသူဌေးမှာ စီးပွား အလွန် တိုးတက်လာသဖြင့် သူဌေးကတော်၏ အသက်လေးဆယ်ကျော်မှ ရသော သမီးကလေး

၏ အထိန်းအယ အဖြစ်နှင့် ငခွေးသည် ထိုကလေးကို မွေးစက စ၍ တည်၏။

သူဌေးကတော်ကြီးသည်လည်း ငခွေး၏ မိဘများကို တစ်သက်လုံး မဆင်းရဲရအောင် ပြုစုစောင့်ရှောက်၏။ ငခွေးသည် ထိုသူဌေးအိမ်၌ အသက်နှစ်ဆယ်က စပြီးသော် ကျွန်ပိုင် ဖြစ်ရ၏။ စင်စစ်ကား သူဌေးကြီးသည် မည်မျှလောက်ပင် အပြောအဆို ဆိုးစေကာမူ ငခွေးကို အလွန် ချစ်၏။ အလွန်လည်း ယုံကြည်၏။ အခြားကျွန်များ မအားမလပ်မှသာ အလုပ်ကြမ်းခွင်သို့ ဝင်ရ၏။ သူဌေးကြီး၏ အလုပ်ဝတ္တရား အရပ်ရပ်ကိုလည်း ငခွေးပင်လျှင် ခေါင်းဆောင်ကာ ပြု၏။ သို့သော် သူဌေးကြီးသည် ငခွေးကို မျက်နှာသာပေးလေ့မရှိချေ။

ငခွေးသည် ကျေးဥကို ၎င်း၏လက်ပေါ်၌ ကြီးပြင်းလာရသဖြင့် တူမအရင်းကဲ့သို့ ချစ်၍၊ ကျေးဥကလည်း ဝရီးအရင်းကဲ့သို့ ချစ်၏။ ကျွန်ဟု ဆိုလျှင်ပင် ငခွေးအတွက် ကျေးဥသည် ဆတ်ဆတ်ခါအောင် နာ၏။

ငဖြိုးသည်ကား ငခွေး၏ ပရိယာယ်မှုဖြင့် ရှင်သာမဏေဘောင်သို့ ရောက်ချေပြီ။ ငခွေးသည်လည်း စိတ်ချလက်ချ နေနိုင်ချေပြီ။ ကိုရင်ဖြိုးသည်လည်း သူဌေးကြီးက ရှင့်ဒကာ ပြုထားသည်အားလျော်စွာ သူဌေးကြီး၏အိမ်သို့ နေ့စဉ် ဆွမ်းခံကြွလာ၍ စကားစမြည် စသည်တို့ကို ရပ်နားနေရင်း ကျေးဥနှင့် ပြောဆိုရန် အခွင့်သာလျက် ရှိလေသည်။

# အခန်း [ ၂ ]

## ငဖြိုး နှင့် ကျေးဥ

ကျေးဥမှာ ငဖြိုး သာမဏေဘောင်သို့ ရောက်သည်က စ၍ များစွာ ပျော်ရွှင်ခြင်း ဖြစ်၏။ ငဖြိုးကို ရှင်ပြုစဉ်အခါကပင် မိမိတို့မှာ ရှင့်ဒကာ ဖြစ်ချေသောကြောင့် မိညက်၊ မယ်လှ၊ မယ်မြ စသော သူဌေးသမီး၊ သူကြွယ်သမီးတို့၏ အပေါ်၌ မဏ္ဍပ်တိုင် တက်သည့် သဘောဖြင့် 'မိကျေးရဲ့ ကိုရင်၊ မိကျေးရဲ့ ကိုရင်' နှင့် တရင်ရင် နေလေ၏။

ကျေးဥသည် ကိုရင်ဖြိုး ဆွမ်းခံလာတိုင်းလောက်၌ပင် ကိုယ်တိုင် ဆွမ်းလောင်းရခြင်း၊ ဆွမ်းဟင်း ထည့်ရခြင်း၊ သရေစာ မိုးစာ ထည့်ရခြင်းတို့ဖြင့် အလုပ်များလျက် ရှိ၏။ ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဝတ် တို့ကိုလည်း မလစ်ဟင်းရအောင် ကိုယ်တိုင် စီမံခြင်း ပြု၏။

ကျေးဥသည် ကိုရင်ဖြိုးထံ၌ တစ်ခါတစ်ခါ သီလယူသည့်ပြင် ... 'ကိုရင် ဘုရား၊ ဝက်သားကြော်ပါ ဘုရား၊ ကြိုက်တော်မူရဲ့လား။ မျှစ်ချဉ်နှင့် ဆတ်သားကြော်ကို ရောပြီး ချက်ထားတာပါ ဘုရား၊ ကြိုက်တော်မူပါရဲ့လား ဘုရား၊ တပည့်တော်မရဲ့ သဒ္ဓါမှုကို

ကိုယ်တော်က မနောကြည်ကြည် သဘောတော် တည်တည်နှင့် တပည့်တော်မ ရည်သန်တဲ့ ဆုအတိုင်း ပြည့်စေလို့ သနားတော်မူပါ ဘုရား' စသည်ဖြင့် ရား၍မငြီး၊ ရားမပြီးဘဲ ပြုံးကာ ပြုံးကာ မျက်လုံး ကလေး ကစားကာနှင့် ပလီတာတာကို ချစ်စရာ နှောပြီးသော် သဘောရှိတိုင်း လျှောက်ထားလေ့ ရှိနေ၏။

ထိုခေတ်၌ အရည်း (အရီး) ဂိုဏ်း၊ ရဟန်းဂိုဏ်း ဟူ၍ ရှိရာ တွင် ကိုရင်ဖြိုးကား ရဟန်းဂိုဏ်းမှ ရှင်သာမဏေ ဖြစ်သောကြောင့် သာမဏေတို့၏ ဣန္ဒြေနှင့် တည်ငြိမ်ခြင်းကို ပြုပြီးလျှင် စက္ကူကို ချလျက် ဆွမ်းကွမ်း ဒကာမ အနေနှင့်သာ ကျေးဥ အပေါ်၌ သဘော ထားပုံ ရှိ၏။ ကျေးဥမှာကား တဏှာဖက်၍ သဒ္ဒါတက်လျက် ရှိရာ တွင် သဒ္ဒါလွန်၍ တဏှာကျွံနေသူ ဖြစ်သည်အတိုင်း ကျောင်းသို့ ညနေတိုင်း သွားရောက်ကာ ထန်းလျက်ဝတ် လှူခြင်း၊ ဆေးလိပ် လှူခြင်း၊ မန်ကျည်းဖျော်ရည် ကပ်ခြင်းတို့ကို ပြုသည့်ပြင် ကျောင်းထိုင် ဆရာတော်ဘုရား အလိုရှိသော ဝတ္ထုပစ္စည်း တို့ကိုလည်း ရက်ရက် ရောရော လှူလေ့ရှိ၏။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးကမူကား မိမိတို့၏သမီးသည် မှန်ကန်သော သာသနာတော်၏ဘက်၌ သဒ္ဒါ တရားနှင့် ပြည့်စုံပြီးသော် သာသနာ့ဝတ်၌ ကုံသည်ဟု အလွန် အားရ နှစ်ထောင်းလေ၏။

ထိုခေတ်သည်လည်း သာသနာ ရွှေ့လျောနေသည့်အတိုင်း အရည်းများနှင့် ရဟန်းတို့သည် တန်ခိုးပြိုင်ကာ နေကြကုန်၏။ အရည်းတို့သည် လူမှုရေးရာတို့၌ ဝင်ရောက် ရှုပ်ထွေးကြကုန်လျက် ဘုရင်မင်းမြတ်ထံ၌ ဝင်ဆံ့နေကြ၏။ မှူးကြီးမတ်ကြီးများ၊ လူကုံထံ များတို့နှင့်လည်း ရင်းရင်းနှီးနှီး ဆက်သွယ်ကြသည်ပြင် နောက်လိုက် များ များသည်ထက် များအောင် စုဆောင်းနေကြကုန်၏။ လူတို့အား လည်း လှည့်စားလျက် နေကြ၏။

အရည်းတို့သည် ငွေကို အလှူခံခြင်း၊ ငွေကို သုံးခြင်း၊ ချက်ပြုတ် စားသောက်ခြင်း ပြုသည်ပြင် အင်း၊ အိုင်၊ ခါးလှည့် လက်ဖွဲ့ပေးခြင်း၊ ပြီးဆေး ထိုးနှံပေးခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ဓာတ်ရိုက်ပေးခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပရိတ်ပေးခြင်း၊ ဓာတ်လုံးပေးခြင်း၊ ပြဒါးပြာပေးခြင်း၊ ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး စသည့် စစ်မှုရေးရာတို့ကို သင်ပေးခြင်းတို့ဖြင့် တန်ခိုးနှင့် နောက်လိုက်တို့ကို ယူကြလျက် ရဟန်းကျင့်ဝတ်ကို အယောင်ပြုပြီးလျှင် လူများနှင့် ရင်းနှီး လိုက်လျောကာ ပေါင်းသင်းခြင်း၊ သိမ်းသွင်းခြင်း၊ အစည်းအရုံး ပြုခြင်းတို့နှင့် ရဟန်းတော်များ၏ ရုံးတစ်လုံး ဓားတစ်စင်း အဖြစ်ကို ရအောင်ယူပြီးသော် တိုင်းသူပြည်သားများ အပေါ်၌ ဩဇာလွှမ်းမိုးကာ ရှိနေကြကုန်၏။

ဘုရင်မင်းမြတ်နှင့် မှူးကြီးမတ်ကြီး စသည်တို့လည်း အရည်းတို့၏ အပေါ်၌ စေတနာ မကျရောက်စေကာမူ ရွံ့ရှားလာရခြင်း၊ သာသနာရေးရာ၌ အတိအကျ နားမလည်မှုဖြင့် ယောင်ဝါးဝါး စမ်းတဝါးဝါး ဖြစ်နေခြင်းတို့ကြောင့် အရည်းတို့၏ အလိုကို အထူးသဖြင့် လိုက်လျောနေကြရကုန်၏။

အရည်းတို့လည်း မိမိတို့အား ကြည်ညိုလွန်သော ဒကာဒကာမတို့ထံမှ ရွှေငွေပစ္စည်း ပလိဗောဓ တို့ကို စည်းစိမ်အတွက် အလှူခံရုံသာမက ကျောင်းလွှတ် ပူဇော်မှုကို တီထွင် ခံယူကြကုန်၏။ ထို့ကြောင့် သာသနာတော်ကို အစစ်အမှန် လေးစားတော်မူကြကုန်သော ရဟန်းဂိုဏ်းရှိ ရဟန်းတော် အရှင်မြတ်များမှာလည်း သာသနာ မြင့်ရှည်၍ တည်တံ့နိုင်သမျှ တည်တံ့ရလေအောင် ကြိုးစားနေရသောကြောင့် မျက်နှာကြီး ဂိုဏ်းကြီးတို့၏အလိုကို အထူး လိုက်လျောကာ နေကြရသည်ပြင်၊ ဘုရင်မင်းမြတ်နှင့် မှူးကြီးမတ်ကြီးတို့၏ အလိုကိုလည်း သဘောတူကာ လိုက်လျောနေကြရကုန်၏။

လူတို့သည်လည်း အဘိဓမ္မာ တရားတော်ကို လေးစားလျက် ရဟန်းတို့၏ ကျင့်ဝတ်ကို အထူး လေးမြတ်သော ရဟန်းတို့အား ကိန်းခန်းကြီးသည်ဟု ယူဆကြခြင်းတို့ဖြင့် အကြည်အညို၊ အရိုအသေ ပေါ့တန်ကြကုန်၏။ ကျောင်းလွှတ် ပူဇော်မှုကို မနှစ်သက်သော ဒကာ ဒကာမ အချို့တို့သာလျှင် ရဟန်းကောင်းများကို ကြည်ညိုကြကုန်၏။ ကျောင်းလွှတ် ပူဇော်မှုမှာလည်း ဘုရင်မင်းမြတ်ပင်လျှင် မိမိ၏ ထီးသက် နန်းသက် ရှည်ခြင်းကို အကြောင်းရင်း ပြု၍ မနှစ်သက်လျက်နှင့်ပင် အရည်းတို့၏အလိုကို တစ်စတစ်စ လိုက်လျော လာရဟန်ရှိချေ၏။ ထို့ကြောင့် အရည်းသာသနာပိုင်ထံ၌ မိဖုရားကြီး လေးပါးမှတစ်ပါး မိဖုရားငယ်တို့ပင်လျှင် ကျောင်းလွှတ် ပူဇော်ခြင်းကို လိုက်ပါရဟန် တူချေသည်။

မောင်ဖြိုး၏ဦးရီး ရဟန်းတော်မှာကား ပုဂံပြည် ဘုရင်မင်းမြတ်က ကျောင်းဆောက်လှူဒါန်း ကိုးကွယ်ထားသော ရဟန်းတို့အားမှ ရဟန်းဖြစ်သည်အပြင် သူဌေးသူကြွယ်၊ လူကုံထံ အနည်းငယ်တို့နှင့် သူဆင်းရဲ အနည်းငယ်တို့ ကိုးကွယ်ကြည်ညိုသော ရဟန်းတော် ဖြစ်၏။ ထိုကိုယ်တော် အရှင်သည်ပင်လျှင် ကျောင်းလွှတ် ပူဇော်မှုမှ တစ်ပါး ရဟန်းတို့၏ အကျင့်သိက္ခာတော်ကို လက်မလွှတ်စေဘဲ လောကီရေးရာကို အရည်းတို့နှင့် တုပြိုင်ကာ ဆောင်ရွက်ရသော ကြောင့် မျက်နှာကြီး ဒကာများ၏ အလိုများကို အထူးလိုက်လျောကာ ဆောင်ရွက်နေရသည်အတိုင်း တူဖြစ်သူ မောင်ဖြိုးအပေါ်၌ ကျေးဇူး ၏ သဒ္ဒါမှုကို လိုက်လျောရမည် ကဲ့သို့ပင် ဖြစ်နေချေပြီ။

[ထိုခေတ်က သာသနာတော်မှာ ဥယျာဉ်ဗိမာန် မည်သည် မြေကို မှီ၍ စည်ပင်ထွန်းကားဘိသကဲ့သို့၊ အိမ်ထောင်သားများကို အမှီပြုပြီးသော် တည်နေလေသည်။]

ကိုရင်ဖြိုးလည်း သာမဏေဝတ်နှင့် သုံးနှစ်သုံးဝါ ကြာပြီ

ဖြစ်သော တစ်နေ့သ၌ ကျေးဥ၏အိမ်သို့ ထုံးစံအတိုင်း ဆွမ်းခံရောက်ရာ ကျေးဥသည် စေတနာ ပြည့်ပြည့် သဒ္ဓါရှိရှိနှင့် ကြည်ကြည်ဖြူဖြူ ဆွမ်းလောင်းပြီးသဖြင့် သာမဏေသည် ထ ၍ ပြန်တော်မူမည်ပြုရာ 'ဆိုင်းငံ့တော်မူပါဦး ဘုရား' ဟု ကျေးဥက လျှောက်ထားသောကြောင့် သာမဏေသည် ငံ့နေရာတွင် 'ကိုရင် ယခု သီတင်းဝါလကျွတ်ရင် လိင်ပြန်တော့မယ် မဟုတ်လား ဘုရား' ဟု ကျေးဥက လျှောက်ထားရာ သာမဏေလည်း 'ဒကာမကလေး၊ ငါကား ရဟန်းဘောင်သို့ တန်းတန်းမတ်မတ် ဝင်တော့မယ်' ဆိုလေ၏။

ထိုအခါ ကျေးဥသည် သာမဏေ၏ ရှေ့တွင်ပင် မျက်ရည် ဖြိုင်ဖြိုင် ကျလာပြီးသော် အိမ်ပေါ်သို့ တက်သွားရာ သာမဏေလည်း ပြန်လေ၏။

သာမဏေကား ထိုအဓိပ္ပာယ်ကို နားလည်၏။ ကျောင်းသို့ ရောက်သောအခါ ကျေးဥကို မြင်ယောင်နှင့် တွေးမိတိုင်း သနားကာ နေမိ၏။ "မိန်းမတို့၏ မျက်ရည်သည် ယောကျ်ားတို့ကို ၎င်းတို့၏ လိုဘအတိုင်း အလွယ်တကူနှင့် ပါစေနိုင်၏" ဆိုစကားသည် မှန် သကဲ့သို့ ဖြစ်နေသဖြင့် ကိုရင်ဖြိုးသည် ကျေးဥအပေါ်၌ အမျိုးမျိုး စိတ်ကစားကာ နေသည်ပြင်၊ "ကျေးဥ၏ စိတ်ကောက်ခြင်းကို ငါ ဘာကြောင့် မခံနိုင်ရသလဲ" ဟု မာန်တင်းသော်လည်း နောက်ဆုံး၌ ၎င်းသည် ဖျင်းရာသာ ရောက်နေတော့၏။

ကျေးဥကား ညနေချိန်သို့ ရောက်လတ်သော် ခါတိုင်းကဲ့သို့ မဖြီးမလိမ်း၊ မဆင်မသနိုင်ဘဲ မရွှင်ပျခြင်းဖြင့် ကျောင်းသို့ ကျွန်မ များနှင့် လာရောက်ပြီးသော် ကျောင်းထိုင်ပုဂ္ဂိုလ် ရဟန်းတော် အရှင် အား မန်ကျည်းဖျော်ရည် ကပ်လှူ၍ ကိုရင်ဖြိုးအား ငိုမဲ့မဲ့ မျက်နှာ မသက်မသာနှင့် မျက်လွှာကိုချလျက် မန်ကျည်းဖျော်ရည် တိုက်လေ ၏။

ရာပြည့်စာအုပ်တိုက်

'ဒကာမကလေး၊ ယခု သီတင်းကျွတ်ရင် ကိုရင် လူဝတ်လဲတော့မှာမို့ မသက်မသာ ငိုမျက်နှာနှင့် ကြည်သာဟန် မရှိတာလား။ သည်လိုရှိရင်လည်း သဘောရှိသလိုသာ မညှာမတာဘဲ လျှောက်စမ်းပါ၊ ရဟန်းဘောင်ကို ဆက်ပြီး တက်ပါ့မယ်'

'တပည့်တော်မ ငိုလိုက်လိမ့်မယ်နော်၊ အိမ်မှာတုန်းက ရဟန်းဘောင်ကိုဆက်ပြီး တက်တော့မယ် ဆိုတာနှင့် "မျှော်ရပါ၊ သလာငါ့မှာ ထိပြီ၊ စောင့်ရပါ၊ မဖြောင့် ငါ့မှာ ရိုပြီ" လို့ အောက်မေ့ပြီး အိမ်ပေါ်တက်ကာ အားရအောင် ငိုခဲ့တာပဲ။ လူဝတ်လဲရင် သိပါရစေ ကိုရင်၊ အိမ်ကို တစ်ခါတည်း ကြွတော်မူခဲ့ပါ ဘုရား'

*

ငဖြိုးကား ကျောင်းမှ ရှင်လူထွက်၍ ရှိချေပြီ။ ထိုအခါ ကျေးဥမှာ မိမိ၏ ထင်ခြေနှင့် မကိုက်ညီဘဲ သာ၍ မကျေမနပ် ဖြစ်နေလေ၏။ အကြောင်းသော်ကား ကျေးဥမှာ မေတ္တာရှေ့ဆောင်ကာ ဦးစီးနေ၍ မိမိ၏ အခြေအနေကို မိမိ မသိ၊ မမြင်။ ၎င်းသည် စလေမြို့၌ အလွန်ထင်ရှား ကျော်ကြားနေသော သူဌေးသမီးတစ်ယောက် ဖြစ်၏။ ထိုကဲ့သို့ သူဌေးသမီးထံသို့ အကြော်သည် မုဆိုးမသား ငဖြိုးသည် နီးကပ်နိုင်ဖို့ရန် အလွန်ခဲယဉ်းကာ ရှိနေချေပြီ။ ထို့ကြောင့် ကျေးဥသည် ရှေးက မိမိ ထင်ခြေနှင့် မကိုက်ညီဘဲ သာ၍ စိတ်မကျေမနပ် ဖြစ်နေရလေ၏။

ကျေးဥမှာ တစ်ယောက်တည်းသော သူဌေးသမီး ပညာတတ် အလိမ္မာကလေး ဖြစ်ရာတွင် ညိုချောယဉ်နွဲ့နွဲ့ကလေးနှင့် လှ၊ ပ၊ သ နေသည်နှင့် "အသားဖြူ မြင်းတစ်ပြေး၊ အသားညို ကွမ်းယာတစ်ကမ်း၊ အသားငယ်ဖြူ မူတယ်မို့လား၊ အသားညိုပြာညက်ကယ်၊ နန်းတော်ထက်ဖွား" ဆိုစကားအတိုင်း အလွန်ခေတ်စားကာ ကျော်ကြားပြီးသော် မင်းသား၊ မှူးသား၊ မတ်သား၊ သူဌေးသူကြွယ်တို့၏

သားများ ခေါင်းထဲမှ မထွက်ဘဲ ရှိနေလေ၏။ ထို့ကြောင့် ထိုဂုဏ်ရှင် အပေါင်း ပျားပန်းခပ်ဘိသကဲ့သို့ ကျေးဥထံ လူပျိုလှည့် ဆိုသလို အလည်အပတ် ရောက်လာကြကုန်၏။

ကျေးဥသည်ကား မည်မျှလောက်ပင် ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော လူပျိုလူရွယ်တို့သည် မိမိထံသို့ လာရောက်ပြီးသော် ချစ်ပန်းခိုင်ကို မြိုင်မြိုင်ကြီး စိုက်ကြသော်လည်း တစ်ယောက် တလေကိုမျှ ယောကျ်ားအင်္ဂါရုပ်နှင့် ညီသည်၊ ယောကျ်ားကောင်း ကျင့်ဝတ်နှင့် ညီသည်၊ ယောကျ်ားစစ် အရည်အချင်းနှင့် ပြည့်စုံ သည်၊ ယောကျ်ား ပီသသည်ဟု မထင်မှတ်သဖြင့် ထိုးစိုက်လာသော မေတ္တာပန်းများကို လက်မခံဘဲ မောင်ဖြိုးကိုသာ ငံ့မျှော်နေလျက် ငွေးကြောင့်သာ မောင်ဖြိုးသည် မလာဝံ့ဟု ငွေးအား အပြစ်မဲ့ စိတ်ကောက်ခြင်းကို ခဏခဏပြုလေ့ ရှိနေ၏။

နတ်တော်လ တစ်နေ့သော ညအချိန်၌ လမင်းသည် အလွန် ထိန်လင်းစွာ သာလျက် ရှိ၏။ ဆီးနှင်းတို့သည် ပေလျက် ရှစ်ခွင်၌ မှိုင်းကာနေ၏။ လူတို့မှာလည်း ချမ်းလွန်း၍ စောင်နှင့်ကွေးကာ မီးလှုံနေကြကုန်၏။ ကျေးဥမှာလည်း မီးလင်းဖိုကလေးနှင့် ကျွန်မကလေး နှစ်ယောက်ကို အဖော်ပြုလျက် မေတ္တာရှင်ကို မျှော်နေရင်းပင် ဝါဖတ် ခြင်း၊ မိုင်းငင်ခြင်း၊ ဝါကြိတ်ခြင်းတို့နှင့် တပျော်တပါးနေလေ၏။

ထိုကဲ့သို့ ညအခင်းများ၌ လူပျိုလှည့်ရန် လာရောက်ကုန် သော ဂုဏ့်ရှင်တို့၏ သားများကို မရိုင်းရုံ ညှော့ဝတ် ဖြစ်စေလျက် "မတီး လွန်မြည်၊ တီး မမြည်၊ သည်ဟာ ဘာတဲ့လဲရှင့်။ ။ မခေါ် ရောက်လာ၊ ခေါ်မလာ သူဟာ ဘယ်သူတဲ့လဲတော့။ ။ မလှရင်ဆင်၊ လှမပြင် လူတွင် ဘယ်သူလဲတဲ့။ ။ ငွေက ငါးသောင်း မောင်နှင့်အစ်မ အမွေတောင်း၊ အစ်မ နှစ်ဆ၊ မောင်သုံးဆ၊ ညီမျှရစေ၊ ဝေတော့လေ၊ သင့်ငွေ ဘယ်လောက်စီလဲရှင့်။ ။ ကျွန်မအသက်၊ လှခိုင်ညက်၊

လဒ်နှင့်စားခြေ တူရဲ့လေ၊ ဆိုစေ ဘယ်လောက်လဲရှင့်” စသည်ဖြင့် “ရှင့်” နှင့် “တော့” ကို ပဒေသာပင်ဆင်လျက် စကားထာဝှက်ခြင်း၊ ဂဏန်းပုစ္ဆာ မေးခြင်းတို့ဖြင့် အရုက်ခွဲသောကြောင့် ကျွန်မများ၏ မနီးမဝေးက “ပါးစပ်မရှိ၊ ငုံးတိတိ၊ ငါးပိသော်မှ ဟင်းခတ်ရ” ဟု လှောင်ပြောင် ရယ်ချင့်ထိုးကြသော်ကြောင့် လူပျိုလှည့်လာသူ ဂုဏ်ရှင်သားတို့သည် ကြာကြာမနေဝံ့ဘဲ ပြန်သွားကြရသည်သာ များကြ၏။ အခန်းတစ်ခန်းမှ ဘယ်လိုလူနှင့် မေတ္တာယှက်သွေး အချစ်ပေးသတတ်ဟု ချောင်းကြည့်နေသော သူဌေးကြီးသည်ကား ဆုတ်မနိုင် ခဲမရနှင့် သမီးဖြစ်သူကို ဒေါပွကာနေ၍ အချိန်များကို ကုန်စေခဲ့၏။

မောင်ဖြိုးမှာ ကျေးဥထံ တင်းထိမ်ကြီးကို ခြုံပြီးလျှင် လူပျိုလှည့်လာရာ နေဝင်သည်က စ၍ ဂုဏ်သရေရှိသော ခေတ်လူကြီးလူကောင်းတို့၏ သားတို့သည် တစ်ယောက်ဆင်း တစ်ယောက်တက်နှင့် နေသဖြင့် ကျေးဥထံ မရောက်နိုင်ရှာဘဲ၊ အိမ်အောက်တွင် ငခွေးနှင့် မီးဖိုတွင် မီးလှုံနေပြီးမှ ပြန်သွားရသည်သာ များခဲ့၏။

တစ်နေ့သ၌လည်း မောင်ဖြိုးသည် ကျေးဥအိမ်သို့ စောစောကပင် ရောက်နေသော်လည်း မြို့ဝန်သား၊ မြို့သူကြီးသားတို့ ရောက်နှင့်နေ၍ ငချိပ်ပေါင်းနှင့် ငါးကြင်းသားကြော်ကို စားပြီးသော် ငခွေးနှင့် ဤသို့လျှင် စကားပြောဆိုနေရလေ၏။

‘မောင်ဖြိုး သိပလား။ ကာလက အင်မတန် ခက်တဲ့ကာလ၊ ဂဏ်ခေတ်၊ ငွေကာလကြီးကွယ့်။ တစ်လောကလုံး သူတို့ချည်း လွှမ်းမိုးနေတာပဲ။ မင်းတို့ ငါတို့ ဆင်းရဲသားတွေ ကျွန်တွေဟာတော့ အစာစားပြီး အလုပ်လုပ်နေတဲ့ အသေကောင်တွေပဲ။ ငါများ ရှင်ဘုရင်ဖြစ်ရင်ကွယ် လား … လား’

‘ဒါတွေ အပထားဗျာ၊ လေကုန်တယ်။ လောကမှာ အကောင်းတစ်ခုနှင့် ပြည့်စုံရင် ကောင်းစားစတမ်းဗျ။ သူဌေး ဖြစ်ချင်ရင်လည်း

ဖြစ်နိုင်ပါတယ်။ အစအဆုံးဗျာ ရှင်ဘုရင် ဖြစ်ချင်ရင်တောင် ဖြစ်ရမှာပဲ၊ စိတ်ရဲ့ ဆန္ဒနိပတ် တစ်ခုပါ'

'အေး၊ ငါလည်း မင်းလို အောက်မေ့တာပဲ၊ ဒါပေမဲ့ မိုးနဲ့ မြေကြီးကိုသာ လင်ကွင်းတီးလို့ ဖြစ်မယ်၊ ငါ ကောင်းစားဖို့တော့ အင်မတန် ခက်တယ်ကွယ့်၊ ရှင်ဘုရင် ဆိုတော့ ဝေးရောပေါ့'

'ခင်ဗျား ရှင်ဘုရင် မဖြစ်ချင်ဘူးလား'

'ဖြစ်ချင်တယ်လို့ ပြောပြီးသားကွယ်'

'ဖြစ်ချင်ရင် ဖြစ်မှာပေါ့ဗျ'

'မင်း၊ ခက်တဲ့လူကွယ်'

'မခက်ဘူးလေ၊ လောကမှာ ငွေ၊ ငွေ၊ ငွေ ရှိရင် ဘာမဆို ဖြစ်နိုင်တယ်၊ ငွေဟာ လိုရာ သိဒ္ဓိကို ပေါက်နိုင်တယ်ဗျ'

'ဆိုစမ်းပါဦးကွယ်'

'ကျွန်တော်နှင့် ကျေးဥ အကြောင်းပါတဲ့အခါ ကျွန်တော် သူဌေး ဖြစ်ရော၊ အဲဒီအခါ ခင်ဗျားကို လွှတ်ပြီး ကျွန်တော်တို့က ငွေနှင့် ကြေးနှင့် ထောက်ပံ့မယ်။ ခင်ဗျားကလည်း ငွေကြေးပေးပြီး ကျွန်တွေကို ရွေး၊ ဆင်းရဲသားတွေကို ငွေကြေးထောက်ပံ့ကာ သိမ်းသွင်း၊ တောင်စဉ်ဘက်ကို ကူးပြီးတော့လည်း လူစုလူဝေးနှင့် တပ်ကြီးကို တည်ထောင်၊ ရခိုင်ဘုရင့်ထံမှာ အကူတောင်း၊ အဲဒီလို လုပ်ပြီး တံနက်မင်းကြီးရဲ့ ထီးနန်းစည်းစိမ်ကို လုယူရင် ရမယ် မဟုတ်လားဗျ'

'အင်း၊ မင်း အတော် အလာသားကပဲ'

ထိုကဲ့သို့ စကားပြောနေကြ၍ လူရှင်းသွားရာ မောင်ဖြိုးသည် ကျေးဥထံသို့ ရောက်သွားလေ၏။

'ကိုဖြိုးတို့များ ကျွန်မ မျှော်လိုက်ရတာ၊ လည်ပင်းကို ကျိုးလု ပြီရှင့်၊ ခုမှပဲ ရောက်လာတော်မူပေတော့တယ်။ ဘယ်ကိုများ ခတ်စာ

ကျနေပါလိမ့်။ မယ်ညက်တို့၊ မယ်လှတို့၊ မယ်မြတို့ထံမှာ အချိန်ကုန်နေတယ် ထင်ရဲ့။ ခုလို မျက်စိ လည်လာတော့ ကျေးလေ သိပ်အားရတယ်နော်၊ ဝမ်းသာတယ်နော်၊ ပျော်မဆုံးဘူးနော်။ စိတ်နာနေတာကလေး အသာထားပြီး အားရအောင် စကားပြောနေရအောင်နော်'

'မယ်ကျေး အထင်မှားပြီ၊ အယူအဆလွဲပြီ၊ ဦးအောင် တင်စီးတာရင်လည်း ဖြစ်ပြီ။ မယ်ကျေးထံ နေ့တိုင်းပဲ လာပါရဲ့။ မယ်ကျေးတို့ မျက်နှာက ကြီးလွန်းတော့ မင်းသားတွေ၊ မှူးသားမတ်သားတွေ၊ သူဌေးသူကြွယ်သားတွေ ကျေးရဲ့ ရှေ့တော်မှောက်မှာ တစ်ရောက်ထဲရောက်ကာ အချစ်ပန်း ဆက်နေကြတာ မပြတ်ဖြစ်နေတော့ ကျုပ်တို့လို ငမွဲအနုပ်မှာ ကျေးရဲ့ ရှေ့တော်မှောက်ကို မရောက်နိုင်ဘဲ ကိုခွေးနှင့်သာ နေ့စဉ်ပဲ ပြန်ရတာပါ ကျေးရယ်'

'သိပ်ကို စကားတတ်တယ်နော်၊ ကိုဖြိုးဟာ မဟော်ရဲ့ ကျေးကလေးလို ဖြစ်ပေမဲ့ မိကျေးဟာ သာလိကာမကလေး မဟုတ်တော့ ဘယ်လို ထုချေရမယ်လို့ မသိတော့ပါ။ အရင်ကတော့ မခြိမ်းတဲ့မိုး၊ ယခုမှာတော့ ဂြိမ့်ဂြိမ့်ဂြိုး။ ကျွန်မကလည်း နေ့တိုင်း ကိုဖြိုးကို မျှော်လျက်ပါ။ ကျွန်မ စောင့်လျက် မပျက်ပါ၊ စိတ်က မဖြောင့်ဘဲနှင့် စက်ရပါ၊ အိပ်ရာထဲမှာ တစ်ယောက်တည်း စိတ်က ကူးပြီး ကိုယ့်ကို ကလက်မိတာ မိကျေးတော့ ဒုက္ခပါပဲ။ ဟောသည်မှာ ကောင်ညှင်းပိုင်းနှင့် ဒေါင်းသားဟင်းပါ။ သည်ဟာက ငချိပ်ပေါင်းနှင့် ငါးကြင်းသား ကြော်ပါ။ ဟောဒါက လွန်ဆံနှင့် မိကျေးကိုယ်တိုင် သုပ်ထားတဲ့ မြူရွက်ပါ'

ထိုအခါ ခပ်စွာစွာ ကျွန်မတစ်ယောက်က 'သခင်မက ပုစ္ဆာတွေတော့ မမေးဘဲနှင့်' ဟု ဆိုရာ၊ မိကျေးသည် ပြုံး၍ 'ရှင်မတို့ရယ်၊ ကိုဖြိုးက ဒါမျိုးကို ဒိုးလို မွှေ့နိုင်တယ်တော့' ဆိုကာလ မောင်ဖြိုးလည်း 'ဘာလဲ၊ ဘာပုစ္ဆာလဲ' ဟု မေးသဖြင့် ကျေးဥသည် 'ကျွန်မက

အကဲစမ်းပြီး မေးတာ မဟုတ်ဘူးနော်၊ ကိုဖြိုးက သိချင်လို့ အသနား ခံရတာပါ' ဆိုကာ စကားထာနှင့် ဂဏန်းပုစ္ဆာများကို ပြောပြလေ၏။

မောင်ဖြိုးလည်း ရုတ်ခြည်း ဖြေပြကာလ ကျေးဥသည် ဝမ်းသာ လွန်းလျက် 'ရှင်မတို့ ကဲ ... ဘယ့်နှယ်လဲ၊ လူကဲ မပြောင်ဘူးလား' ဟု ကျွန်မများကို ပြောပြနေသည်တွင်ပင် သူဌေးကြီးသည် ကျေးဥ ၏ အမူအလေးကို မြင်လတ်သော် "အင်း ... ထူးလှချည်လား၊ ဘယ်လို လူစားများပါလိမ့်မလဲ၊ လောကွတ်တွေ ကောင်းပြီး ပျော့ပျော့ ပျောင်းပျောင်းနှင့် စကားသံ သာလှပါကလား" ဟု သေချာစွာ ကြည့် လတ်သော် ရှင်လူထွက် ငဖြိုး ဖြစ်နေသဖြင့် "ဟင် အကျိုးနည်းပေါ့၊ ငါ့သမီး ယောင်းမကြီးကို မြင်းစီးပေါ့" ဟု နေရာက ထ လာပြီးသော် 'ဟေ့ ငခွေး၊ မြန်မြန်လာခဲ့စမ်း' ဆိုကာ ဒေါသသံပါပါနှင့် ခေါ်ကာ ခေါ်လေ၏။

ငခွေးလည်း "တစ်ခါတော့ ခက်ကုန်ပေါ့။ ဘာတွေများ ဖြစ် ကုန်လိမ့်မလဲ" ဟု သူဌေးကို ကြောက်ကြောက်နှင့် တုတ်ကြီးကို ကိုင်ကာ တက်လာရလေ၏။

'ခွေးမသား၊ နင့်ကိုငါ လှေကားရင်းက စောင့်နေပါဦး ဆိုတာ ဟာ လူကို ရွေးချယ်ပြီး တက်ခွင့်ပြုဖို့ဟဲ့ ကျွန်မျိုးရဲ့။ နင် ဘာကြောင့် သည်အကောင်ကို ကျေးဥထံ ဝင်ခွင့်ပြုရသလဲ၊ ငါ့သမီးကို ခွေးလေမ မှတ်သလား။ နင်တော့ သေပေတော့'

. 'သူ ဘယ်က တက်လာသလဲ'

'ဖေဖေ၊ ဦးလေးခွေးက လွှတ်တာ မဟုတ်ပါဘူး။ ဦးလေးခွေး စောင့်နေတဲ့ လှေကားက တက်လာတာလည်း မဟုတ်ဘူးရှင့်'

'သယ် လား ... လား။ သင်း စောင့်နေတဲ့ လှေကားက တက် မလာရင် သည်အကောင် ဘယ်က လာသလဲ။ သိမ်းငှက်မို့ ကောင်း

ကင်က ပျံလာသလား။ မြွေမိုလို့ အိမ်တိုင်ကို လျှောက်ပြီး တက်လာသလား'

'နားထောင်ပါဦး ဖေဖေရယ်၊ ကျွန်မရဲ့သဘောနှင့် သဘောပါ။ ကျွန်မက နောက်ဖေးတံခါးကို ဖွင့်ထားပြီး နောက်ဖေးလှေကားက တက်ခဲ့ပါလို့ မှာထားတဲ့အတိုင်း လာတာပါ ဖေဖေရယ်'

'သည်နောက်ဖေးတံခါးဟာ ကောင်းကို မကောင်းဘူး။ မိကျေးဥ ဖွင့်တာနှင့် သင်း ပွင့်ရသလား။ သည်တံခါးကို လဲတပ်ရမယ်။ သည်အကောင် နောက်ဖေးပေါက်က တက်ရိုးမှန်ရင် ငါ့ကို ကျော်ပြီးတော့ သွားမှာအမှန်ပဲ။ ငါလည်း အင်မတန်ညံ့တယ် ... ဟင်း ...'

'အကြည်ခွာတ်ဝင်ပါ ဖေဖေရယ်'

'တန်၊ တန်၊ တန် ငါ့သမီး။ ဟေ့ ငဖြိုး၊ နင်နှင့်ငါ့သမီး ရာသလား၊ တန်သလား။ နင်က ရဟန်းတော်ကျောင်းမှာ ထမင်းကျန်ဟင်းကျန် ထမင်းသိုး ဟင်းသိုး စားပြီး ကြီးပြင်းလာရတဲ့ မုဆိုးမအကြော်သည်သား။ ငါ့သမီးက ဆီဦးထောပတ်၊ ကြက်သား၊ ဝက်သား၊ ချိုးသား၊ ခါသား၊ ယုန်သားဆိုတဲ့ အကောင်း ထိပ်သီးတွေ၊ အဆိမ့်အအိမ့်တွေကို စားပြီး ရွှေပုံ ငွေပုံပေါ်မှာ ကြီးလာရတဲ့ သူဌေးသမီး။ ငါ့သမီးက နုနုနယ်နယ်၊ လှလှပပ၊ သိမ်သိမ်မွေ့မွေ့၊ နူးနူးညံ့ညံ့။ နင်က တံငါ လှေထိုးသား၊ တောင်ယာခုတ်သမားတို့ကို အလွန်းတင်ကာ ကျစ်ထားတဲ့ သားရဲရုပ်။ တစ်နေ့လုံး စေ့စေ့ကြည့်လို့မှ ဖွဲတစ်ဆုပ်ကမှ မတန်။ ဟန်လိုက်လေ လူ့နှယ်။ ဟေ့ ငခွေး၊ သည်အကောင်ကို ချက်ချင်းဆွဲထုတ်'

'ကိုကိုဖြိုး သည်းခံပါနော်။ ဖေဖေက အသက်လည်း ကြီးတော့ ရုတ်တရက် အိပ်မှုန်စုံမွှားနှင့် ဒေါသအလျှောက် ပြောမိတာပါ။ ကျွန်မ တောင်းပန်ပါတယ် ဖေဖေရယ်၊ ကျွန်မ အသနားခံပါရစေ'

'အလို နင်ကများ သားရဲရုပ်လို အကောင်ကို လူလုပ်လို့ တောင်းပန်နေရသေးသလား။ နင် ငါ့ကို ဘာပြောချင်သေးသလဲ။ နင် ပြောဖို့မလိုဘူး၊ ပလီစိပတ်ချွဲနှင့် ပင့်သက်ကလေး ရှူကာ ရှူကာ နင်ပြောမှာကို ငါသိပါတယ်။ ဟော့ ငွေး၊ နင် ဘာကြည့်နေသလဲ။ နင်က အလိုတူ အလိုပါလား။ ချက်ချင်း ဆွဲထုတ်ပါ။ ငါ့အိမ် မင်္ဂလာ မဲ့ကုန်ပါမယ်'

ငွေးသည် ဆွဲထုတ်မည့် အဟန်ပြုကာလ၊ ကျေးဥသည် ငွေးနှင့် ငဖြိုး အကြားသို့ ထ တည့်ကာ ဝင်၍ ကာဆီး ကာဆီး ပြုလုပ်နေပြီးသော် မိမိ၏ ဖခင်အား အမျက်မှ ကျေအေးရာ ကျေအေး ကြောင်း အလို့ငှာ မဲ့မဲ့ကလေး မျက်နှာနှင့် ဤသို့ တောင်းပန် ပြောဆို လေ၏။

'စဉ်းစားတော်မူပါ ဖေဖေ'

'ဘာကို စဉ်းစားရမလဲ၊ သူဌေးနှင့် စဉ်းစားတာဟာ ဘယ် တော့မှ ဓာတ်စာမကျဘူး'

'လောကမှာ သတ္တဝါတစ်ခုကို မထိမဲ့မြင် မပြုစကောင်းပါ။ မင်းသား၊ မှူးသား၊ မတ်သား၊ သူဌေးသူကြွယ်သား အစရှိတဲ့ ပုပ္ပုရွရွ မြင်မြင်သမျှ ယောကျ်ားတို့မှာ ယောကျ်ားဆိုတဲ့ ဂုဏ်တစ်ခု ရှိရပါ တယ် ရှင့်'

'အင်း ငါ့သမီးက စာဆို အတော် လာပါကလား'

'သည်ဂုဏ် မရှိပါရင် လောကကို ဖျက်ဆီးနေတဲ့ အသရေ ယုတ်စေတဲ့ ယောကျ်ား မိန်းမပါတဲ့ ဖေဖေ။ သည်ဂုဏ်ဟာကော ဘာပါလဲတဲ့။ သည်ဂုဏ်ဟာ အရည်အချင်းပါရှင့်။ ဘယ်လို အရည် အချင်းလဲ ဆိုတော့ ယောကျ်ားတို့မှာ ရှေးဦးစွာ စာပေပညာကို ကောင်းစွာ တတ်ရမယ်ရှင့်။ ကိုယ်လက်အင်္ဂါ သန်မာထွားကျိုင်း ရမယ်ရှင့်။ ချွေးထွက်ရမှာ၊ အပင်ပန်းခံရမှာကို မရှက်မကြောက်ဘဲ

အလုပ်အကိုင် လုပ်တတ်၊ လုပ်ဝံ့ရမယ်ရှင့်။ ပေါ်ကြော့နေခြင်းကို ရှုပြီး အလုပ်နှင့်လက်နှင့် မြဲရမယ်ရှင့်။ အမျိုးသမီးတစ်ယောက်ရဲ့ ကိုးကွယ်ရာကို ရစေ့မယ်၊ အမျိုးသမီးများရဲ့ ဂုဏ်ကျေးဇူးကို နားလည်ပြီး ထောက်ထား ကြင်နာယုယ ပြုစုမှုတတ်တဲ့ အလေ့ရှိရမယ်'

'ငါ့သမီး သည်လို ပညာရှိလျက်ကနှင့် သည်အကောင်ကိုများ လက်ခံစကားပြောတာ ငါ အံ့ပါဘိတယ်ကွယ်'

'သဘောထားမြင့်မြင့်ထားပါ ဖေဖေ။ လူဆိုတာ စာတွေ့၊ ကိုယ်တွေ့ ဟူ၍ ရတ်တရက် မယုံမကြည်ဘဲ စဉ်းစားဝေဖန် ထောက်လှမ်း တိုင်းထွာတတ်ရမယ်ရှင့်။ ဉာဏ်ပညာရှိရမယ်၊ တည်ကြည်ရမယ်ရှင့်။ မိဘရိုးရာ ဟူ၍ အယူမသီးဘဲ ခေတ်နှင့် လျော်ညီအောင် ကျင့်ကြံနေထိုင် ဖန်တီးတတ်ရမယ်ရှင့်။ ဗဟုသုတ များရမယ်ရှင့်။ သတ္တိစွမ်းပကားတို့နှင့် ပြည့်စုံပြီး ယောကျ်ားတို့ရဲ့ လက်ရုံး ဖြစ်တဲ့ အတိုက်အခိုက်၌ ကျွမ်းကျင်ရမယ်ရှင့်။ ပရိသတ် အလယ်ကို ဝင်ဆံ့နိုင်တဲ့ နှလုံးရည်နှင့် ပြည့်စုံပြီး ပါးစပ်ရှိရမယ်ရှင့်'

'အင်း၊ ငါ့သမီး သည်လို စကားတတ်တာကို သည်ကနေ့ သည်အချိန်မှ ငါ သိတယ်'

'စိတ်ထားကလေး ကြည်ပါ ဖေဖေ။ ယောကျ်ားဆိုတာ ကြီးကြီး ငယ်ငယ်၊ အယုတ်အလတ်မရွေး သတ္တဝါများကို ကြင်နာ ထောက်ထားတတ်ပြီး ထောက်ထားရမယ်ရှင့်။ အဲသည်တော့ ဖေဖေရယ် ယခု ခေတ်မှာ ရွှေမြို့တော်မှာပါမကျန် ကိုဖြိုးဟာ လူ့ထိပ်သီး ဖြစ်နေလို့ အရည်အချင်းနှင့် ကုံလုံတဲ့ ယောကျ်ားကောင်းကလေး တစ်ယောက်ပါ ဖေဖေရယ်။ စဉ်းစားကာ သည်းခံတော်မူပြီး အရေးအခွင့် ပေးတော်မူပါ ဖေဖေ'

'ငါ့သမီး သိပ်စကားတတ်တယ်နော်။ သည်နေရာဟာ အရည်းတွေ သွေးဆွ မြှောက်ပင့်ပေးတဲ့၊ သူဆင်းရဲ လူအ၊ လူန၊ လူညံ့တွေရဲ့

အစည်းအဝေးသဘာ မဟုတ်ဘူးဟဲ့၊ ငါ့အိမ်၊ ငါ့အိမ်။ နင်ဟာ ငါ မွေးလို့ လူဖြစ်လာတာ။ သည်အကောင် မှဆိုးမသားကို ကရဏီယ အနုလုံပဋိလုံ ရွတ်တတ်တာနှင့် အထင်ကြီးနေသလား။ ချေး တ ပျစ်ပျစ်နှင့် ပါးစပ်က ဗလစ် ဗလစ်နေတဲ့ သာလိကာဟာ မင်းရှေ့ ပွဲရောက် စကားကို လျှောက်နိုင်ပါ့မလား။ အားအင်ဗလ မတန်မဆ ကြီးတဲ့ တောဆင်ရိုင်းကို သစ်ဆွဲခိုင်းလို့ ဖြစ်ပါ့မလား။ မှတ်ထားဟဲ့ ငါ့သမီး၊ လောကမှာ ငွေဆောင်မှ အသရေပြောင်ပြီး အာပေါင် အာရင်း ကောင်းနိုင်တယ်၊ ငွေနှင့်ဖိမှ အင်အားဗလကြီးပြီး လောက ကြီးကို စီးနိုင်တယ်။ သည်လို လူမွဲစားဟာ တရားစကားနှင့် ဂုဏ် လုပ်နိုင်ပေမဲ့ ဇရပ်က ထမင်းထုပ်နှင့်ပင် လောကကို တန်ဆာဆင်ရ မယ်။ သည်လို လူမွဲစားဟာ ငရုတ်ကျည်ပွေ့ အတက်ပေါက်ရင် တောင် ပြောင်မှာ မဟုတ်ဘူး။ ရဟန်းတော်ကျောင်းမှာ ကပ္ပိယအဖြစ် နှင့် သင်း ခါတ်စာသင့်ရမယ့် အကောင်ပါ၊ ဟော့ ငခွေး ... ဆွဲ ထုတ်ကွယ်'

ထိုခဏ၌ ကျေးဥ၏မိခင် ဒေါ်ကောင်းစံသည် ထ တည့်ကာ လာ၍ 'မောင်ဖြိုး အဒေါ်တူ၊ သည်းခံနော်' ဆိုပြီးသော် ဦးမျိုးညွန့်၏ မျက်နှာကို လက်ညှိုးထိုးလျက် 'ကို တော်တော်လွန်တယ်။ အင်မတန် ရိုင်းတယ်။ တစ်ဖက်သားကို ဘာကြောင့် နှိပ်နှိပ်စက်စက် ဆိုရ သလဲ။ သည်မျက်နှာတွေဟာ စလေမြို့က ပျောက်သွားနိုင်မှာလား။ ကိုယ့်သမီးနှင့် သဘောမတူရင် ကိုယ့်သမီးကိုသာ ကျိတ်ပြီး ဆုံးမ ပါလား။ ခုတော့ တကတဲ မကြားကောင်း မခံသီး ပြောလိုက် ဆို လိုက်လေ။ သူ့အမေနှင့် သူ့ဦးရီး ရဟန်းကြီးများ သိသွားရင် သိပ် အားနာစရာကောင်းတာပဲ။ ကို မှတ်ထားပါ။ သစ်ညွှန့်ဝါးညွှန့်သာ တုံးနိုင်တယ်၊ လူညွှန့် ဘယ်တော့မှ မတုံးဘူးရှင့်။ ဒေါ်ဒေါ်တူ သည်းခံနော်၊ နိုင်ငံတော်ကြီးမှာ မိန်းမ မရှားပါဘူး'

'ရှင်ကောင်းစံ၊ ညည်းတို့က တစ်ဖက်လား။ သူဌေးဆိုတာ ဘယ်သူ့ကိုမှ အားမနာတဲ့ ငွေ့ရှင်၊ သည်လို အားမနာလို့ ငွေတွေ ကျိကျိတက်ပြီး သူဌေးဖြစ်တာ ကြားလား။ ညည်း သဘောတူလို့ သည်အကောင် သည်လို ဝင်ဝံ့တာ။ သစ်တိုင်း ဝါးတိုင်း အတက် ထွက်နိုင်ပေမဲ့ ရေတ်ကျည်ပွေ့ဟာ ဘယ်တော့မှ အတက် မယွက်နိုင်ဘူး။ သည်အကောင်ဟာ ရေတ်ကျည်ပွေ့လိုအကောင်'

'တော် တော် တော်၊ ကို ကြာရင် သိပ်ပြီးမှားလိမ့်မယ်။ ကျွန်မလည်း ဘာမှမသိဘူး။ သို့သော် ကိုယ့်စကားအရ သဘောတူတယ် ထားလိုက်ပါ၊ ကိုယ်မွေးရတာကို ကိုယ်သဘောတူတယ်၊ ဘာဖြစ်သလဲ။ မိန်းမဆိုတာဟာ အိမ်ထောင်ကို ထိန်ပြောင်အောင်ထားပြီး ဝသည်ထက် ဝအောင် ရိုးရိုး မှတ်မှတ်နှင့် ရှာကြံ ကျွေးမွေးနိုင်တဲ့ ယောကျ်ားနဲ့ ရရင် လင့်အပေါ်မှာ မျှော်တော်ဇောနှင့် မောနေရတဲ့ ဧကရာဇ်မိဖုရားထက် စည်းစိမ်ချမ်းသာ မည့်ပါဘူးရှင့်။ မိကျေး ... ညည်းကြိုက်ရင် လိုက်သွား၊ ညည်း မမိုက်မှားဘူး'

'ငါ့ကို ရန်မတွေ့ပါနှင့်၊ ငါ လူကဲသိလို့ ပြောတာပါ'

'တယ်သိ ကိုယ်သိကြီး၊ လက်မောင်းက သက်ငယ်ချောင်း၊ ခြေသလုံးက ပလွေရိုး၊ ပါးချောင်ကျ မျက်နှာမှာ သနပ်ခါးရည်ကျဲနှင့် ဖောင်းရစ်တတူ လူဆင်ကာနေတဲ့ ဂုဏ်ရင့်သားတွေဟာတော့ သမီးကျေးဥကို မေတ္တာထားတာ မဟုတ်ဘူးတော့၊ သူဌေးဆိုတဲ့ ဦးမျိုးညွန့်ရဲ့ ငွေတွေကို မေတ္တာထားနေကြတာ။ လူထဲမှာဆိုရင်လည်း တသ၊ ငှနမှ မကွဲ၊ မပြောချင်ပါဘူးလေ ... မိကျေး မေးတဲ့ ပုစ္ဆာတွေကို မောင်ဖြိုးမှတစ်ပါး ဘယ်ဘုရား ယောက်ဖက ဖြေနိုင်သလဲ။ မောင်ဖြိုး စိတ်မဆိုးနှင့်နော်၊ အဒေါ်တူ အလိမ္မာ'

'ဒေါ်ဒေါ် ကျွန်တော် နားလည်ပါတယ်။ ဒါဟာ ကျွန်တော့်ကို သွန်သင်တဲ့ သင်ခန်းစာပါ။ ငွေကပ်ပါပြီး မွေးတဲ့ လူရယ်လို့ မရှိ၊

ရာဇပလ္လင်ပေါ်မှာထိုင်ပြီး မွေးတဲ့ လူလည်း မရှိ၊ ငွေသံဟာ မဆိတ် အော်ညံနေတာကို ငဖြိုး တပ်ရာကျ သိပါပြီ' ဆိုကာ မောင်ဖြိုးသည် အိမ်ပေါ်မှ ဆင်းသွားလေ၏။

ငဖြိုးသည်ကား ထိုနေ့ညဉ့် လင်းကြက်ဆော်သည် တိုင်အောင် အိပ်၍မပျော်ဘဲ ဦးမျိုးညွန့် ပြောလိုက်သော စကားကိုသာ မယ်န စွဲထားသကဲ့သို့ ခိုင်မြဲနေပြီးလျှင် အထပ်ထပ် ကြားယောင်နေလေ ရကား "ငါ ... မည်သည့်နည်းနှင့် ကြွယ်ဝကောင်းစားရပါမည်နည်း၊ ဘယ်လိုနည်းနှင့် အကျော်အမော် လူစွာ ဖြစ်ရပါမည်နည်း" ဟု ကြံစည်ခြင်းဖြင့်သာ အချိန်ကုန်သွားရလေ၏။

မိုးစင်စင် လင်းသောအခါ ငဖြိုးသည် ညက အိပ်ပျက်သဖြင့် ရတ်တရက် အိပ်ရာက မထနိုင်ဘဲ အိပ်ပျော်နေရာ၊ တံခါးကို တွန်း၍ 'မောင်ဖြိုး ... မောင်ဖြိုး' နှင့် ထပ်ကာထပ်ကာ နှိုးနေသဖြင့် နိုးလာ ရကား 'ဘယ်သူလဲ' ဟု မေးလေ၏။

'ငါပါကွယ်'

'ဦးလေးခွေးလား'

'အင်း ဟုတ်တယ်၊ မြန်မြန် တံခါးဖွင့်စမ်းပါကွယ်'

*

'ကိုင်း ထိုင်ဗျာ'

'ထိုင်မနေအားသေးဘူးကွယ့်၊ ကျေးဥက လွှတ်လိုက်တယ်။ ကိုကိုဖြိုးကို ကျေနပ်အောင် တောင်းပန်ပေးပါတဲ့။ သူ သစ္စာမြဲပါ တယ်တဲ့။ ကိုဖြိုးကလည်း သူ့အပေါ်မှာ မေတ္တာမပြယ်ဘဲ ယောကျ်ား တို့ စွမ်းအားနှင့် ကြံစည်ပါတဲ့။ ကြံစည်ဖို့လည်း ငွေသုံးပိဿာ ရွှေ တစ်ဆယ်သား ပေးလိုက်တယ်။ ရော့ကွယ်၊ ငါလည်း ကြာရှည် မနေသာဘူး။ ပြန်လိုက်ဦးမယ်'

'ဟာ ... ဦးလေးကလည်း သူ့ငွေတွေ၊ ရွှေတွေကို ကျွန်တော်

မလို။ ကျွန်တော် ယောကျ်ားစစ်စစ်ပါ။ မိန်းမတစ်ယောက်က အချစ်နှင့် ပတ်သက်ပြီး ထောက်ပံ့တာကို ဘယ်တော့မှ မလိုပါ။ ပြန်ယူသွားပါခင်ဗျာ၊ သစ္စာဟာငွေ သစ္စာဟာ ရွှေလို့ မေတ္တာဗရပွေနှင့် မှာလိုက်တယ်သာ ပြောလိုက်ပါ'

'မဟုတ်တာကွယ်၊ ရင်းနှီးဖို့ကွယ့်။ လောကမှာ အမှီမရှိရင် ဘုရားတောင် မပွင့်နိုင်ဘူး။ ကိုင်း ယူထားလိုက်ကွယ်'

'မိန်းမတစ်ယောက်ရဲ့ အထောက်အပံ့ကို ခံပြီး ချမ်းသာကောင်းစားရရင် ရာဇဝင်မသာဘူး ဦးလေးခွေး။ ဘုရားတောင် အမှီမရှိဘဲ မပွင့်နိုင်ဘူး ဆိုတာဟာ အင်မတန်ဖျင်းတဲ့ လူရဲ့ စကားပါ။ ဘုရားဟာ ပါရမီပြည့်လို့ ပွင့်နိုင်တာပေါ့။ ပါရမီ ဆိုတာဟာလည်း အလကားနေလို့ ရတာမျိုး မဟုတ်။ ဖြည့်ဖြည့်လာလို့ ပြည့်ရတာပါ။ ကျွန်တော်လည်း ယောကျ်ားတို့ရဲ့ လုံ့လဝီရိယနှင့် လုပ်ကိုင်ရင် ဘာကြောင့် သူဌေး မဖြစ်ရမှာလဲ။ သူ့ငွေနှင့် ရွှေကို ပြန်ပေးလိုက်ပါခင်ဗျာ။ အချစ်ကိုသိမ်းတဲ့ သဘောနှင့်တော့ ရွက်နီတစ်ခွက်နှင့် ရွှေတစ်ရွေးသားကို ယူထားလိုက်ပါမယ်။ အဲဒါကိုလည်း ငတ်လို့ပင်သေပါစေ၊ မသုံးမစားပါ။ ချစ်သူ့မျက်နှာကလေးကို ကြည့်လို မြင်လိုတိုင်း သူတို့နှင့်ပဲ အလွမ်းဖြေရမှာပါ။ ဒါကိုသာ ပြောလိုက်ပါဦးလေ'

# အခန်း [ ၃ ]

# အဝယ်တော် မောင်မောင်

ဖြိုးကား ထိုနေ့တွင် ရေမချိုး၊ ထမင်းမစား၊ အိပ်ရာက မထဘဲ စောင်ကို ခေါင်းမြီးခြုံကာ အိပ်၍ တွေးတော ကြံစည်နေ၏။ ဖြိုး၏ မိခင်ကား သားဖြစ်သူအား နေထိုင်မကောင်း၍လား၊ ဘယ်အကြောင်း ကြောင့်လဲဟု အကြောင်းကို ထပ်ကာ ထပ်ကာ မေးလေရာ၊ ဖြိုး လည်း ယမန်ညက အဖြစ်အပျက်တို့ကို ပြောပြလေ၏။ ထိုအခါ မောင်ဖြိုး၏မိခင်သည် ရုတ်တရက် စိတ်ဆိုးလာ၍ ထဘီကို တိုတို ပြင်ဝတ်ပြီးသော် ဤသို့ ဆိုလေ၏။

'ဟင်း ... မျိုးညွန့် သင်းကလား။ သင်းကော ဘယ်လို လူစားက ချမ်းသာပြီး ကောင်းစားလာရသလဲ။ သင်းဟာ ဝါကောက်၊ ယာခုတ်၊ လှေထိုးလိုက်၊ လှေပဲ့လိုက်ပြီး မစားရက် မသောက်ရက် စုဆောင်းလာလို့ မျက်စိအောက်တွင် ချမ်းသာလာတဲ့ အကောင် မဟုတ်ဘူးလား။ ချေးခြောက်အား ပဲပုပ်လုပ်စားတဲ့ သင်းတို့ သူဌေး ဝါဒကို ငါမသိဘူး ထင်လို့လား။ သင်းက ခုမှ လူပါးဝလို့။ အတိုး များများ နိုင့်ထက်စီးနင်းယူ၊ မြေတွေကိုသိမ်း၊ လူတွေကို မတန် တတန် ခိုင်းနေလို့ အားမရနိုင်ဘဲ ကြွေးတင် ကျွန်ဖြစ်ဆိုတဲ့။ မင်းထံ၊

စိုးထံ တံစိုးလက်ဆောင်များနှင့်ကပ်ပြီး အနုကြမ်း သခင်ဝါဒနှင့် အတ္တဟိတကိုသာ ဆောင်ရွက်တာကြောင့် ကောင်းစားနေလို့ သင်းက ငွေဂုဏ်မောက်လိုက်တာပေါ့၊ ငါမခံနိုင်ဘူး။ ဘာလဲ၊ ငါလည်း ရဟန်းကြီး နှမကပဲ၊ သင်းပါးကို ငါကိုယ်တိုင် သွားချမယ်။ အညီ ရှိရင် ယင်အုံမှာပေါ့။ ထန်းလျက်ထားရင် ပုရွက်ဆိတ် လာမှာပေါ့။ ခွေးမ မွေးရင် အိမ်မှာ ခွေးအူသံ ဆူမှာပေါ့။ ဟော့ ... စလေမြို့မှာ ရဟန်းကြီးနှမ ဖွံသီးတဲ့၊ တသီးတည်းရှိတယ်။ ငါ့လွှာဖိနပ်ဟာ သင်းတို့လို သူဌေးပါးနှင့်မှ တော်တယ်'

'အမေရယ် သည်းခံပါ။ ရန်ကို ရန်ချင်း မတုံ့နှင်းကောင်းပါ ဘူး။ သူတို့ အခွင့်သာတဲ့အခါ မောက်နိုင်သမျှ မောက်ပါစေ အမေ ရယ်'

'မင်းက ကြောက်သလား'

'မကြောက်ပါဘူး အမေရယ်။ လူကြားပါ့မယ်။ လူကြားရင် ရှက်စရာကြီးပါ'

'အေး၊ အေး ဟုတ်တယ်။ လူကြားရင်တော့ ရှက်စရာပဲ။ သို့ပေမဲ့ သင်းတို့ လူမဟုတ်ဘူး။ သင်းတို့ ကြားအောင် အမေ သွား ပြီး ဆူပြမယ်'

'အမေရယ် ... ယိုသူ မရှက်၊ မြင်သူ ရှက်ပါတဲ့'

'အမေ အခဲမကျေဘူး။ ဘာလဲ၊ သင်းသမီးနှင့် အမေ့သား ကော တန်သလား၊ ရာသလား။ အလကား ဆန်ပေါတိုင်းကြီးတာ။ ဆန်ကောလည်း မကိုင်တတ်၊ ဆန်ခါလည်း မကိုင်တတ်။ ဆန်သစ် ထမင်းအိုး တစ်လုံးကိုမှလည်း ကောင်းကောင်း နပ်အောင် မချက် တတ်။ ရေတ်သီးကိုမှလည်း ညက်အောင် မထောင်းတတ်။ မီးကို မှလည်း ကညင်ဆီ မပါဘဲနှင့် တောက်အောင် မမွေးတတ်။ ချည် တစ်မျှင်ကိုမှလည်း ရအောင် မိုင်းမငင်တတ်။ အထည်တစ်မိုက်ကိုမှ

လည်း ရအောင် မရက်တတ်။ အကျီ တစ်ထည်မျှကိုလည်း ဖြစ်အောင် မချုပ်တတ်။ ဘာအသုံးကျသလဲ မောင်'

'မရှည်ပါနှင့်၊ နေပါစေ အမေရယ်'

'အမေကလည်း ပြောစရာရှိတာတော့ ပြောရလိမ့်မယ်။ သင်းတို့ လူကို လူဟု သဘောမထားဘဲ လူနှင့် လူချင်းကို သနားမညှာ ခိုင်းစေပြီး တောင်သူတွေရဲ့ မြေတွေကို ငွေတိုးကြီးကြီးနှင့် သိမ်းနေတာဟာ အနုကြမ်းဝါဒ ခေါ်တယ်။ သင်း သူဌေးဖြစ်တာဟာ ဝါဒက ပေါက်ပွားလာတဲ့ အစိမ်းသရဲ ပြိတ္တာလမ်းပြ ခေါ်တယ်။ စည်းစိမ်ပေါ်မှာ ကိုယ်ကို သ ပြီး၊ လှလှကလေးနေအောင် ဖြီးလိမ်း ဆင်သနေတာဟာ မိန်းမကောင်း မဟုတ်ဘူး မောင်ရေ့။ အိမ်တွင်းမှုကို ကုံ ကျေပွန်အောင် ဆောင်ရွက်တတ်မှ မိန်းမကောင်းတဲ့။ သည်လိုဟာမျိုးကိုတော့ တိုင်းပြည် စည်စည်ကျက်ကျက် ရှိအောင် တန်ဆာဆင်ဖို့ရာသာ အသုံးကျတဲ့ မိန်းမစားမျိုးတဲ့။ သင်းသမီးနှင့် မောင်နှင့်လည်း မတန်ဘူး။ ဟဲ့ ... မျက်နှာကြီး ဆီးရှက်လောက် လိုချင်တဲ့ ကောင်မတွေ သွားပြီး ပြောချေကြ၊ ငမျိုးညွန့်ရဲ့အိမ်က ကျွန်စုတ်ပစ်တဲ့ သရက်စေ့ကို ဆုတော် လာဘ်တော် ရလိမ့်မယ်'

'တော်ပါ အမေရယ်' ဆိုကာ ငဖြိုးသည် ခေါင်းမြီးခြုံကာ တစ်ဖန် အိပ်ပြန်လေ၏။

'အမေ့သား အားငယ်တယ်ထင်တယ်၊ အားမငယ်နှင့်။ အမေဟာ မုန့်သည်မပေမဲ့ ငွေသုံးပိဿာတော့ ရှိတယ်။ မောင် ယောကျ်ားမဟုတ်ဘူးလား၊ ကြံချင်ရာကိုသာ ကြံ။ မောင့်ဦးရီး ရဟန်းကြီးထံ အမေ သွားလိုက်ဦးမယ်'

*

ဒေါ်ဖဲသီးသည် မိမိအစ်ကို ရဟန်းကြီးထံ အကြောင်းအကျိုးကို သွားရောက် တိုင်ကြားသောအခါ ရဟန်းကြီးလည်း မိမိ စုဆောင်း မြှုပ်နှံ

ထားသော ငွေသုံးပိဿာ ငါးဆယ်ကို နှမဖြစ်သူအား စွန့်လိုက်လေ၏။

ဒေါ်ဇီသီးလည်း လှေကြီးတစ်စင်းကို ငွေနှစ်ပိဿာနှင့်ဝယ်၍ စလေမှ ထန်းလျက်၊ ပေါက်ပေါက်ဆုပ်၊ ဆီးသီး၊ စောင်၊ အစ်ခွက်၊ အစ်တောင်း၊ ဒေါင်းလန်း၊ ကျောက်ပုတီး၊ ဆီ စသော အညာကုန်များကို တင်ဆောင်စေပြီးသော် မိမိ၏သား မောင်ဖြိုးအား အောက်မြို့ကျေးရွာတို့သို့ ကူးသန်းရောင်းဝယ်ရန် စေလွှတ်လိုက်လေ၏။

မောင်ဖြိုးသည် လှေသားပေါင်း ခုနစ်ယောက်နှင့် အညာကုန်များကို တင်ဆောင် စုန်ဆင်း၍ မြစ်ရိုးတစ်လျှောက်၌ ရောင်းချသွားရာ မင်းပူး (မင်းဘူး) ရွာမကြီး ဆိပ်ကမ်းသို့ ဆိုက်ကပ်ကာ စတည်းချနားနေလေ၏။

ထိုခဏ၌ မိန်းမပျိုကလေး သုံးယောက်သည် ရေခပ်ဆင်းလာ၍ ဤသို့ ပြောဆိုနေကြလေ၏။

'ဟေ့ လှေကြီးက ကြီးသနှင့်၊ ကုန်တွေ အပြည့်နှင့်ထင်တယ်၊ သွားကြည့်ရအောင်'

'အေးဟေ့ ...'

'တော့တော့ ... ဘယ်က လှေကြီးလဲ'

'ရေထဲက လှေကွယ့်'

'ဟော ခက်ကပြီ၊ ဘယ့်နှယ် လူကြီးပါလိမ့်၊ လာကွယ် ပြန်ကြစို့၊ သူတောင်းစားလှေနှင့် တူပါတယ်'

'မင်း ကောင်းကောင်းပြောတာ မဟုတ်ဘူး။ တို့ သူတောင်းစားဖြစ်ရတော့မယ်။ မိန်းကလေးများရဲ့ ... တို့ ကုန်လည်း ရောင်းပါတယ်၊ ကုန်လည်း ဝယ်ပါတယ်'

'အခန့်သင့်လိုက်တာရှင့်၊ ဒီလိုဖြင့် ကျွန်မတို့ရဲ့ သခင်မကို ပြောလိုက်ရဦးမယ်'

'မင်းတို့ သခင်မက ဘယ်သူလဲ၊ ဘာလဲကွယ့်'

'ကျွန်မတို့ သခင်မက သူကောင်းမျိုး၊ မမင်းပူး ပါတဲ့။ သည် ရွာမကြီးကို ဘုရင်မင်းမြတ်ကလည်း အပိုင်စားပေးထားလို့ ရွာမ ကြီးရဲ့ အရှင်မပါ။ သည်ရွာကိုတောင် ကျွန်မတို့သခင်မ အုပ်စိုးထား နိုင်တာနှင့် မင်းပူးရွာလို့ ခေါ်နေကြတယ်ရှင့်'

'အေး ... အေး ... တို့မှာလည်း ကုန်တွေ အများကြီး ပါတယ်၊ တို့ သရေခေတ္တရာကို စုန်မလို့၊ တို့ဟာလည်း မောင်မောင်ဖြိုးရဲ့ လှေသား အလုပ်သမားတွေကွယ့်၊ ဝယ်ချင်တာ ရှိရင်လည်း ရောင်း တာပဲ၊ ရောင်းချင်တာ ရှိရင်လည်း ဝယ်တာပဲ'

'ကျွန်မတို့ သခင်မကို ပြောလိုက်ရတာပေါ့၊ ဒါထက် ရှင်တို့ရဲ့ မောင်မောင်ဖြိုးမှာ သားသမီး ဘယ်နယောက် ရှိသလဲ'

'ညည်း ဘာတွေကို တောင်ရောက် မြောက်ရောက် မေးနေ တာလဲ'

'ငါ သိချင်လို့ပေါ့အေ့'

'တို့ မောင်မောင်ဖြိုးဟာ လူပျို အမိတို့ရေ့၊ ဟောဟိုက လာ တာဟာ တို့ မောင်မောင်ဖြိုးပဲ'

*

'မမ၊ ဖျာ့ ကျွန်မတို့ အင်မတန့် လှေကြီးကို တွေ့ခဲ့တယ်။ ကုန်တွေအပြည့်နှင့်ဖျာ့။ မောင်မောင်ဖြိုးရဲ့ လှေတဲ့'

'ဒါ ဘာဖြစ်သလဲ မိခင်ရဲ့'

'ဘာမှမဖြစ်ဘူးဖျာ့၊ မောင်မောင်ဖြိုး ဆိုတာကိုလည်း မြင်ခဲ့ တယ်။ လူပျို ဆိုပေမဲ့ ထောင်ထောင်မောင်းမောင်းကြီး မမရဲ့၊ အသား က သိပ်လည်း မဖြူဘူး၊ သိပ်လည်း မညိုဘူး၊ လူချောကြီးဖျာ့'

'ချောတာ ဘာဖြစ်သလဲ'

'ဘာမှ မဖြစ်ပေလို့ ချောလို့ ပြောတာဖျာ့'

'ခက်ကပြီ၊ ဒါဖြင့် ညည်းနှင့် ပေးစားရတော့မှာပဲ'

'တကယ်လား မမ၊ ဖျား ကျွန်မလက်ထဲမှာ မမက မလုနှင့်နော် ...'

'မိခင်ကြောင့် ငါတော့ခက်တယ် ... ကိုင်း ကိုင်း ညည်းတို့ကုန်ဝယ်သွားချင်သလား'

'သွားချင်တယ်ဖျာ့'

'အေး သွားကြ၊ တို့မှာလည်း ကညင်ဆီနှင့် ပျားဖယောင်းတွေ အများကြီး ရှိတယ်၊ လာပြီး ကြည့်ဝယ်နိုင်ပါတယ်လို့ ပြောခဲ့ကြ'

*

'ရှင့် သည်စောင် အစားထဲက ဆယ်ထည် ယူမယ်ရှင့်။ ဆယ်ထည်ကို ခြောက်ကျပ်တစ်မတ်နှင့် ရောင်းနိုင်မလားရှင့်။ စောင်နှစ်ဆယ် ယူပ့ါမယ်'

'ဘယ်လောက်ပဲယူယူ ဆယ်ထည်ကို ငါးကျပ်ပဲ'

'ဟင် ရှင် စဉ်းစားပြော၊ ကျွန်မက ခြောက်ကျပ်တစ်မတ် ပေးနေတယ်'

'အင်း၊ မင်း ပေးပေတယ်လို့ ကျုပ်က ငါးကျပ်နှင့်သာ ရောင်းနိုင်တယ်'

'ဩော်၊ တကယ်ခက်တဲ့ လူတွေပါကလား'

'တကယ်ခက်တဲ့ မိန်းမတွေပါကလား။ ကျုပ်တို့က ငွေသူဌေး ဖြစ်ချင်လို့၊ အိမ်က မိန်းမကို ရွှေတွေ၊ ကျောက်တွေ ဆင်ချင်လို့။ မိန်းမလည်း မရှိပါဘူးလေ၊ သူဌေး ဖြစ်အောင် ကျုပ်တို့ရဲ့ မောင်မောင်က ရောင်းတာ မဟုတ်ဘူးဗျ'

'ဟောတော့၊ ဘာကြောင့်လဲရှင်၊ လူလိုချင်လို့ ရောင်းတာလားရှင့်'

'ခက်ပလေ ... စောင် ရှားတဲ့ အရပ်မှာ လူတွေ စောင်ကို

အဖိုးချိုချိုနှင့် ဝယ်ခြမ်းနိုင်အောင်၊ စောင်တွေ တွင်ကျယ်တော့ စောင်လုပ်တဲ့ ကျုပ်တို့ဆီက ခင်ဗျားတို့လို မိန်းကလေးတွေ အလုပ်နှင့်လက်နှင့် မပြတ်ဘဲ လုပ်ရအောင် ရောင်းတာဗျ။ လူတွေအားလုံးအပေါ်မှာ မေတ္တာနှင့် ကျုပ်တို့ရဲ့ မောင်မောင်က ကုန်သည် လုပ်တာဗျ'

'ဒါဖြင့် ကျွန်မတို့လည်း ရှင်တို့မောင်မောင်ရဲ့ မေတ္တာစက်ကွင်းထဲမှာ ပါသပေါ့'

'အားလုံး ... အားလုံး ...'

'ရှင်တို့ လှေပေါ်မှာ ပါတဲ့ ကုန်တွေကို သည်လိုပဲ ရောင်းသလား'

'ဟုတ်တယ် ... ဝယ်ချင်တဲ့ ကုန်ကို ဝယ်သွား၊ ခင်ဗျားတို့တန်တယ် ထင်တဲ့ အဖိုးကို ချေသွား၊ များရင် ပြန်ပေးမယ်'

'ဟောတော့ ... ဟေ့ မယ်လှ၊ တို့တစ်တွေတောင် သူတို့ရဲ့မောင်မောင့်မေတ္တာစက်ကွင်းထဲကတဲ့၊ ကျွန်မတော့ သခင်မလေးကိုလျှောက်ချင်လှပြီ'

'မခင်ရယ် နေစမ်းပါဦး၊ ဣန္ဒြေထားစမ်းပါဦး၊ ဝိကလေး ဘာကလေးနှင့် နေစမ်းပါဦး'

'နေနိုင်ဘူးအေ့၊ ရှင်တို့ ကုန်သာမက လူကို ဝယ်ရင်ကောရောင်းမှာလားရှင်'

'ဟော ... အဲဒါမှ ခက်၊ တကယ်ခက်၊ ကျုပ်တို့အထဲမှာကျွန်ဇာတာ ပါတဲ့လူ တစ်ယောက်မှ မပါဘူးဗျ'

'ရှင် ဗေဒင်တွက်တတ်သလား၊ အရည်းရဲ့ တပည့်လား'

'မခင် ... သခင်မက ကြာတယ်လို့ စိတ်ကောက်နေဦးမယ်၊ မြန်မြန်ဝယ်ပြီး မြန်မြန်ပြန်ရအောင်'

'နေစမ်းပါဦးအေ .. ကျွန်မတို့ သခင်မဟာ ရွာစိုးမယ် သခင်မ

ဆိုပေမဲ့ သူကောင်းမျိုးမို့ ကုန်တွေလည်း အများကြီးရှင့်။ ပျားရည်၊ ပျားဖယောင်း အများကြီးရှိတယ်ရှင့်၊ လာပြီး ဝယ်သွား နိုင်ပါတယ်။ ရှင်တို့လို လူကိုတော့ မရောင်းဘူးနော်၊ ကျွန်မတို့ လူကုန်သည်တော့ မဟုတ်ဘူးရှင့်'

'ခက်ပလေဗျာ၊ ကျုပ်တို့ကကော လူကုန်သည်လားဗျာ'

'မဆိုနိုင်ဘူးတော်၊ မျက်စိကြည့်ပုံက ပုစွန့်ယောက်ဖလိုပဲ'

'ကိုင်းဗျာ မေးထားပါ့မယ်'

'ဒါတော့လည်း ပွေးရဲ့ဘထွေးနှင့် တူနေပြီ'

'အဟုတ်သားကွယ် ... မင့်းဟာကလည်း လွန်လွန်းတယ်၊ သမင်မျက်လုံးကလေးလို ထားပြီး ကြည့်ပါလား'

'ရှင့်နှင့် သမင်နှင့် ညီအစ်ကိုလား'

'လာလာ မခင် မဖြစ်ဘူး၊ ပြန်ကြစို့၊ ရှင်တို့ မောင်မောင်ကို ပြောပြပါ။ ကုန်တွေကို မဝယ်ဖြစ်ရင်တောင် ကြည့်ရုံလာပြီး ကြည့်ပါ။ ကျွန်မတို့ ကျေးဇူးတင်ပါမယ်'

'ဟုတ်ကဲ့ ... ခင်ဗျားလိုတော့ စကားပြောရတာ အတည့်သားပဲ၊ ဟိုမမလိုနှင့်တော့ ကျုပ်တို့မှာ ပုစွန်လည်းဖြစ်၊ ပွေးလည်းဖြစ်'

'ရှင်တို့က တည့်မှာပေါ့၊ ရှင်တို့ကို သူက ချိတ်ဆွဲနေတာရှင့်'

'လာလာ မခင် ပြန်ကြစို့'

*

'ဟော ... မိခင်တို့ ပြန်လာကြပြီ၊ စောင်တွေက သိပ်ကို အဆင်ကျပါကလား၊ အင်္ကျီစကလေးတွေက ချစ်စရာနော်'

'အင်္ကျီစရှင်က သည့်ထက်'

'မိခင် ... မိခင်ကြောင့် ခက်တယ်'

'အဟုတ်ပါ မမဖျား'

ရာပြည့်စာအုပ်တိုက်

'ရှိပါစေရှင်၊ လုံချည်စကလေးတွေက သိပ်ကို အဆင်ကျတာ ပဲနော်၊ မမနှင့် လိုက်ကဲ့လား'

'မမနှင့်သိပ်လိုက်၊ လုံချည်ရော၊ ဘာရော၊ ညာရော၊ ရှေ့သွား နောက်လိုက်ကို ညီပြီး သိပ်လိုက် ...'

'မိခင်၊ တန်ပါတော့ ဘုရားလို့ ငါ အော်လိုက်ချင်ပြီ'

'နေဦး ... မအော်နှင့် မမဖျား၊ သည်လူတွေက လူဆန်းတွေ၊ ရှူးပေါ်ပေါ်တွေ ထင်တယ်'

'ဟင် ... လာပြန်ပြီ၊ ဘာတုံး'

'ဖျား ကျွန်မတို့က စောင်တွေကို ဆယ်ထည် ခြောက်ကျပ် တစ်မတ် ပေးတယ်။ သူတို့က ငါးကျပ်ဈေးသာ ယူတယ်၊ အင်္ကျီစ ကိုလည်း ဆယ်ထည်စာ ငါးကျပ်ပေးတယ်၊ လေးကျပ်သာ ယူတယ်။ လုံချည်လည်း သည်လိုပဲ၊ ထဘီလည်း သည်လိုပဲ။ ထန်းလျက်ဖြူဆုပ် ကိုလည်း တစ်ပိဿာ တစ်မတ် ပေးတယ်၊ သုံးပဲသာ ယူတယ်'

'ဟုတ်ကဲ့လား မယ်လှ'

'ဟုတ်ပါတယ်ဖျား၊ နောက်တစ်နေ့မနက် သူတို့ကလည်း ကုန်ဝယ် လာလိမ့်မယ် ထင်ပါတယ်ဖျား'

*

'မမ ကုန်ဝယ်လာကြပြီ၊ ရှေ့ကလာတဲ့ လူဟာ သူတို့ မောင် မောင်ပဲ'

မယ်မင်းပူးသည် မောင်ဖြိုးကို သေသေချာချာ စိုက်ကြည့် လိုက်ပြီးနောက် မျက်လွှာချ၍ ဣန္ဒြေဆည်ကာ နေလေ၏။

ရဲရွှေတို့လည်း နေရာထိုင်ခင်းကို ပေးကြလေ၏။

'ဟော ... ကုန်တွေကို ကြည့်ကြပါရှင်'

'ကုန်ကောင်း ဆိုတာကို သတင်းကောင်းနှင့်ပဲ ယုံကြည်ပါ တယ်၊ အဖိုးကိုသာ ပြောပါဗျာ'

'ပျားရည်က ပိဿာတစ်ဆယ်မှာ နှစ်ကျပ်ခွဲ၊ ဖယောင်းက ဆယ်ပိဿာမှာ နှစ်ကျပ်၊ ဆီက တစ်ဆယ်မှာ နှစ်ကျပ်တစ်မတ်၊ ကျွန်မက တင်မဆိုပါဘူးနော်၊ မျက်နှာကို မြင်ရုံနှင့် ဖြောင့်မတ်တယ် ဆိုတာကို သိလို့ ပြောတာပါ'

'ဝမ်းသာလှပါတယ်၊ ပျားရည်ကို ပိဿာတစ်ဆယ်မှာ သုံးကျပ်ခွဲ၊ ဖယောင်းကို တစ်ဆယ်မှာ သုံးကျပ်၊ ဆီကို တစ်ဆယ်မှာ သုံးကျပ်တစ်မတ် ချေပြီး ရသလောက် ယူသွားပါရစေ'

'အလို၊ မောင်မောင် ပေးမယ် ဆိုတာက ကျွန်မ ရောင်းမယ် ဆိုတဲ့ ဈေးထက် များနေပါပကော'

'ဟုတ်ပါတယ် ရွာမရှင်ရယ်၊ မောင်မောင်တို့ ကုန်သည်လုပ်တာက တိုင်းနေပြည်သူတို့ အကျိုးငှာပါ၊ မောင်မောင်တို့က ကုန်ဈေးတွေကို သည်လို မြှင့်ပေးသွားတော့ လုပ်သားတွေဟာ လုပ်ခများများရပြီး အဆင့်အတန်း တက်လာမယ်။ မောင်မောင်က ရောင်းတော့လည်း ရှုံးချင်ရင် ရှုံးပါစေ၊ ပေါက်ဈေးထက် ချိုနိုင်သမျှချိုပြီး ရောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းနေပြည်သူတို့ အသုံးအစွဲ အနေအထိုင် သက်သာ ချောင်ချိစေချင်တဲ့ သဘောပါပဲ'

'ဝမ်းသာလှပါတယ် မောင်မောင်၊ မောင်မောင် သည်လို လုပ်ကိုင်ရောင်းဝယ်တော့ အိမ်က သားမယားကို မထိခိုက်ပေဘူးလား၊ အိမ်သူရှင်မက နှုတ်ခမ်းမစူပေဘူးလား'

'နှုတ်ခမ်းစူစရာ၊ ထိခိုက်စရာ သားမယားမရှိ၊ အိမ်သူရှင်မကောင်း အကယ်၍ ရှိလာရင်လည်း အိမ်သူရှင်မကောင်းကြောင့် လင့်အလိုကိုသိ၊ ပိပိကလေးနှင့် ကြည့်နေမှာပေါ့။ လင့်သဘောကျ လိုက်၊ အကြိုက်နှင့်ညီအောင် တစိုက်စိုက် ကျင့်ဆောင်မှာပေါ့'

မယ်မင်းပူးသည် အိမ်သူရှင်မကောင်းကား မည်သို့၊ ကုန်ရောင်းဝယ်ခြင်းကား မည်သို့ဟု သိလာလျက် သည်သို့ ရောင်းဝယ်

ခြင်းသာလျှင် မျှတသော အသက်မွေးမှုပါတကားဟု အောက်မေ့ကာ ဤသို့ စကားထောက်ပြန်၏။

'ရှိပါစေရှင်၊ သည်လို ပြည်သူ့အကျိုးကို ကြည့်ပြီး ရောင်းဝယ် ဖောက်ကားရင် အမြတ်မရှိနိုင်ဘဲ ရှုံးပါးပျက်စီးသွားက မခက်ပေဘူးလားရှင်'

'တွေးစရာပေါ့၊ ဖြုန်းခနဲ ခဏကလေး ရွာချတဲ့ မိုးထက် တစိမ့်စိမ့် ဖွဲနေတဲ့ မိုးက သာပြီး မြေကို နူးစေပါတယ်။ လောကရေးရာမှာ သည်လို မနူးနိုင်ဘူးထား၊ အများ ကောင်းရန်အတွက် ကိုယ်တစ်ယောက် ဘာကြောင့် ဆင်းရဲမခံနိုင်ရမှာလဲ။ လောကမှာ ချမ်းသာခြင်းဟာ တင်းတိမ်ရောင့်ရဲခြင်းတဲ့၊ ပေါများကြွယ်ဝခြင်းဟာ သည်းခံနိုင်ခြင်းတဲ့၊ တန်ခိုးအာဏာဟာ မာနနည်းခြင်းတဲ့၊ သူတစ်ပါးအပေါ်မှာ စေတနာ သက်ရောက်နေတဲ့သူမှာ ဘယ်တော့မှ မရှုံးဘူး တဲ့၊ ကိုယ့်လိုဘကိုသာ ကြည့်တဲ့သူမှာ ဘယ်တော့မှ အမြတ်မရှိနိုင်တဲ့'

'မောင် .... မောင့်အဆုံးအမကို နေ့ရှိသမျှ နာယူလိုပါတယ်၊ မောင့်စကားကို အမြဲကြားလိုပါတယ်၊ ဪ သည်ကို ရောက်လာတော့ မောင် ပျော်ရဲ့နော်'

'ရွာမရှင်ကို မမြင်မတွေ့ရခင်ကပင် ခေါင်းတွင်ဝင်၍ ထည့်ခဲ့ပြီ။ မြင်ရ၊ တွေ့ရ၊ စကားလုံးစေ့မျှတော့လည်း အသည်းမကခြင်ဆီကျ၍ ရှတော့ပြီ၊ ဪ ... သည်ရပ်ရွာဟာ ဘာကြောင့် သာယာတင့်ပြီး သည်လောက်တောင် မြင့်နေပါလိမ့်မလဲ'

'ဪ ရပ်က၊ ဪ ရွာက သူတို့ အရှင်မ ဘဝင်ကျအောင် တရားပြကာ လမ်းဆောင်နိုင်မည့် အရှင်ကို နှစ်လိုကြလို့ တောင့်တကာ အေးချမ်းသာယာနေကြောင်း ထင်ပါတယ်'

သည်သို့ ပြောဆို၍ မောင်ဖြိုးသည် ကုန်များကို ဝယ်ပြီးလျှင် ကုန်ဖိုးချေလေ၏။

'သရေခေတ္တရာသို့ ဘယ်နေ့ ဘယ်အခါများ စုန်မှာလဲ မောင်'

'နက်ဖြန် သန်ဘက်လို့ ရက်တွက်ပြီး ထားပါတယ်'

'မစုန်မီ တစ်နေ့မှာ စကားသာသာကလေး ခင်းချင်ပါသေးတယ်၊ မောင်က အခွင့်ပြုရင် လှေတွင် ဘယ်အချိန်လို့ လင်းအောင် ထိန်စေချင်ပါတယ်'

'ရွာကြီးရှင် သဘောချင့်လို့ အခွင့်ရမယ်ဆိုပါသော် ယနေ့ ညနေမှာပဲ ကြောင်းရာအစေ့ကို သဘောတွေ့အောင် ဆွေးနွေးနိုင်ပါတယ်'

'သည်လိုဖြင့် မောင်တို့ အားလုံးပဲ သည်ကနေ့ ညစာကို သည်မှာပဲ သုံးဆောင်တော်မူကြပါနော်'

*

ညစာ စားပြီးသောအခါ လှေသားအချို့သည် လှေသို့ပြန်ကြ၍ မောင်ဖြိုးနှင့် အဖော်နှစ်ယောက်သာ ကျန်ခဲ့လျက်၊ လှေသားနှစ်ယောက်သည် ရွာ့ရှင်မ၏ လက်သုံးတော်များနှင့် စကားလက်ဆုံကျနေလျက်၊ မောင်ဖြိုးမှာ မယ်မင်းပူးနှင့် စကားကူး၍ သဘောချင်း ဤသို့ ခွေ့နေလေ၏။

'မောင့်သဘော၊ မောင့်စိတ်ထားကို ကျွန်မ အတော်ကို စိတ်ပါပြီး ဝင်စားမိပါတယ်။ ဒါကြောင့် မောင်ရဲ့လုပ်ငန်းထဲမှာ ကျွန်မက လည်း ကုန်ဖက်စပ်သဘောနှင့် အရင်းအနှီး ပါပါရစေ'

'ရွာကြီးရှင်ရဲ့ သဘောမြတ်ကို အထပ်ထပ်ပဲ ဝမ်းသာပါတယ်၊ သို့သော် စဉ်းစားပါနော်၊ ကုန်သည်ဆိုတာ လုယက် တိုက်ခိုက် ရောင်းဝယ်နေတဲ့ ကုန်သည်၊ သူ့ဖို့ ငါ့ဖို့ မျှတကာ ရောင်းဝယ်နေတဲ့ ကုန်သည်၊ ကိုယ်က အနွံအတာခံပြီး လူတို့ရဲ့ အကျိုးကို

ကြည့်ပြီး ရောင်းဝယ်နေတဲ့ ကုန်သည်လို့ ရှိပါတယ်။ အလုပ်သမားများမှာလည်း သည်လိုပါပဲ။ အဲသည်တော့ မောင်တို့မှာကား လူများရဲ့ အကျိုးကိုကြည့်ပြီး ကိုယ်က အနွံအတာခံကာ ရောင်းဝယ်တဲ့ကုန်သည်မျိုးပါ။ အလုပ်သမား ဆိုရင်လည်း ဟုတ်ပါတယ်။ သည်လို သဘောသွားကြောင့် မောင့်အလုပ်ကို စဉ်းစားမယ်ဆိုရင် အရှုံးဘက်ကကြီး တွက်နေရမယ်။ ကုန်သည်တို့ သဘာဝမှာလည်း ကုန်ကိုသွယ်ရရင် ပြီးတမ်းနှင့် အမြတ်ကို မတွက်ဘဲ ရှေးဦးစွာ အရှုံးကိုတွက်ပြီး၊ ဘယ်အထိ အရှုံးခံနိုင်ရည် ရှိသလဲ ဆိုတာကို တွက်ပြီးရောင်းဝယ်နိုင်မှ ကုန်သည်ကောင်းလို့ ထင်မိပါတယ်။ အဲသည်တော့မောင်ရဲ့ ဖောက်ကားရောင်းဝယ်မှုဟာ တစ်ပြည်နှင့် တစ်ပြည် လမ်းပေါက်သွားရုံသာ အကျိုးများပြီး ငွေရေးကိုတော့ အရှုံးထားနေလို့ရွာကြီးရှင်မရဲ့ သဘောတော် အတိုင်းပါပဲ’

‘မောင်၊ ကျွန်မလည်း မောင့်သဘောကို အမြဲချိုနိုင်ပြီး ဘယ်လိုမှ ဘယ်တော့မှ မအိုနိုင်ပါ။ ဒါကြောင့် ငွေရင်း တစ်သောင်းပါဝင်ပါရစေ မောင်’

‘သဘောတော်အတိုင်းပါ’

‘ကုန်များကိုလည်း ငွေမချေဘဲ လိုသလောက် တင်သွားပါ’

‘ဒါကိုတော့ သည်းခံတော်မူပါ။ ရှိသမျှ ကုန်ကို တန်ဖိုးနှင့်ငွေချေကာ တင်ယူသွားပါရစေ’

‘မောင်၊ မယ့်သဘောကို မောင်အမြဲ မှတ်ထားပါနော်။ မယ်ကိုမောင်က ဘယ်တော့မှ ဘယ်အချိန်မှ မမေ့ပါနှင့်နော်။ မောင် ပျော်ပျော်ကြီး နေချင်သလို မယ်ဟာ ထားနိုင်တဲ့သူပါ။ မောင့်ကို မယ်ဘယ်လိုမှ ဘယ်အခါမှ မပူပါဘူး၊ စိတ်မကောက်ဘူး၊ မျက်နှာမတင်းဘူး၊ နှုတ်နှင့်လည်း မငြင်းဘူး။ မောင့်သဘောကို မယ် သိပြီ။ မောင်ဟာ ယောကျ်ားမြတ် ယောကျ်ားကောင်း၊ တိုင်းပြည်ကြီးကို ထိန်း

သိမ်း စောင့်ရှောက်နိုင်မယ့် ယောကျ်ား ဆိုတာကို မယ် သဘော ဝင်ဆုံပြီ၊ မောင့်ကို မယ့်နှလုံးအိမ်ထဲမှာ ဘယ်လိုမှ၊ ဘယ်တော့မှ မပျောက်တော့ဘူးနော်'

'ရှာမကြီးရှင်၊ အမြင်တော်များလို့ မြင်စားခြင်းကဲပြီ ထင်ပါ တယ်။ မောင်ဟာ ရှာကြီးရှင် ထင်တဲ့အတိုင်း အရည်အချင်းရှိမယ် မထင်သေးပါ။ သာမန်မျှသော လူစိတ်ဓာတ်ရှိသည့် ကုန်သည်မျှသာ ပါ။ ရှာကြီးရှင်မ မှာသာ အဆင်းကလည်း ဥက္ကဋ္ဌ၊ အချင်းကလည်း တင့်အပ်၊ သဘောကလည်း မြင့်မြတ်လို့ မိန်းမတကာတို့ထက် တော်ထပ်နေတဲ့ ဒြပ်ရှင် တစ်ဦးပါ။ သည်ဘဝမှာ မိဖုရားမြတ်ငယ် လို့ ကုသိုလ်ကံ မစပ်စေကာမူ နယ်ကြီးကို စိုးပိုင်လို့လည်း မိန်းမ မြတ်တစ်ဦး မော်လို့ပင် မဖူးသင့်သည့် ကုသိုလ်ထူးအရှင်လို့ ဘဝင် တွင် စွဲငြိလျက် အမြဲပင် စိတ်ဆက်လျက်ပါ။ ကြားရတဲ့ ချီးသံသာကို ဘယ်တော့မှာမှ မမေ့နိုင်ပါ အရှင်မငယ်'

'မောင်၊ မောင် စကားတတ်တယ်နော်၊ ရွှေမြို့တော်သားရဲ့ စကား ဆိုတော့ ဇနပုဒ်သူများမှာ ကြားလို့မှ မဝပါ။ သို့သော် နှမမှာ မောင် ထင်တိုင်း မဟုတ်၊ ဇနပုဒ်သားတို့ရဲ့ အထိန်းအကျောင်း၊ ဇနပုဒ်သူ အပေါင်းတို့ရဲ့ အကြီးအကဲ၊ သည်မျှသာပါပဲ မောင်။ အဲဒီ တော့ မယ့်မှာ သည်နယ်ကြီးကို လက်ရုံးရည်နှင့် တည်တံ့ အေးချမ်း အောင် စောင့်ထိန်းအုပ်ချုပ် အရှင်လုပ်ဖို့ ယောကျ်ားကောင်း တစ်ယောက် ကို မယ် မျှော်လင့်ရမယ်၊ မျှော်နေတယ် ဆိုတာကို မောင် သိရမယ်၊ သိသင့်တယ်။ အဲဒီတော့ မောင်ဟာ မယ့်အထင်၊ ရာဆူခွင်တွင် ဘုရင် ပြုံပြုံ ဖြစ်ပေမဲ့လည်း မောင့်ထက်မသာ၊ တကယ့်ယောကျ်ားပါကလား လို့ မယ်ရဲ့ စိတ်ကူးကို မောင် လက်ခံငြားလျှင် မယ့်တွင် လူဖြစ်ကျိုး နပ်ပြီ။ ဟော ... မောင်မပါပေ့၊ မယ်သာပြီ၊ မောင်မသာပေ့၊ မယ်ပါပြီ၊ ပလီလည်း မပလီ၊ တီလည်း မတီ၊ ကြည်လို့သာ ပြော၊ ရည်လို့သာ

နော၊ သဘော မောင့်မှာ၊ သည်စကားလုံးများကို တတွေးတွေးနှင့် စွဲထားပါနော်။ မယ် မျှော်တိုင်း သဘောတော် မောင်ချပ်လျှင် မောင် လည်း သရဖူနှင့် အပ်နိုင်မယ့် ယောကျ်ားပါပဲရှင်'

*

ကုန်သည်ပျိုကလေး မောင်ဖြိုးသည် သရေခေတ္တရာပြည်သို့ ရောက် သောအခါ ပါလာသော ကုန်များသည် အကုန်ကျွတ်၍ ကုန်သည် ပွဲစားများနှင့် မိတ်ဆွေဖွဲ့ပြီးလျှင် ငါးပိ ငါးခြောက် စသော အောက် ကုန်များကို တင်ဆောင်ကာ မြစ်စဉ်တစ်လျှောက်၌ ရောင်းချပြီးသော် ပြန်လာ၍ မင်းပူး (မင်းဘူး) ဆိပ်ကမ်းသာသို့ ရောက်လာ၏။

ငဖြိုးသည် မင်းပူးသို့ လှေဆိုက်လတ်သော် ငွေအိတ်များနှင့် တကွ မယ်မင်းပူးထံသို့ သွားရောက်ပြီးသော် ဤသို့ ပြောဆိုနေလေ ၏။

'ရွာကြီးရှင်မရယ်၊ ဟော ရင်းနှီးငွေက တစ်သောင်း၊ အဲဒီအတွက် အမြတ်က ငါးထောင် ယူတော့ဗျား၊ အမြတ် နည်းတယ်လို့တော့ မအောက်မေ့နှင့်တော့၊ ပြည်သူရဲ့ အကျိုးကိုသာ ရှေးရှုပါ'

'ဩော် ... ဘာကြောင့် ပြန်ပေးသလဲ မောင်၊ ကျွန်မမှာ သည် ငွေမျှလောက်ဟာ ရွှေဟင်္သာမဟာ တစ်နှစ် တစ်ကြိမ် အတောင်လဲ တော့ ခါချတဲ့ အတောင်မျှလောက်ပါ'

'ဟုတ်ရိုးလား အရှင်မရယ်၊ ပန်းစီးကြိုးမျှဖြစ်တဲ့ စမ်းရေဟာ ဧရာမမြစ်ကြီး ဖြစ်လာတော့ သတ္တဝါအများ သုံးစွဲရသလိုပေါ့'

'ကိုင်း ... ရှိပါစေတော့ရှင်၊ အရင်းကိုတော့ ယူသွားပါဦးနော်'

'ဒါထက် ရှင်မရဲ့ နယ်သား လူရွယ်လူလတ်တို့ကို ခေါ်ငင် စုရုံးလို့ရရင် ခေါ်ငင်စုရုံးစေချင်ပါတယ်'

'အကြောင်းကို မိန့်ပါမောင်'

'သူတို့အား ဆင်စီး၊ မြင်းစီး၊ သိုင်း၊ ကာကအတတ်၊ ဓားခုတ်၊

လုံထိုး၊ ဗန်တို၊ ဗန်ရှည်အတတ် စတဲ့ ယောကျ်ားတို့ကို သင်ပေးလိုလို့ပါ၊ ဒီမှာ ခုနစ်ရက်လောက် စခန်းချပြီး သင်ပေးပါမယ်'

'ဝမ်းသာပါတယ် မောင်'

*

မောင်ဖြိုးသည် ထိုနယ်သား လူသန် လူမြန်တို့အား ရွေးချယ်၍ ယောကျ်ားတို့ ထိုခေတ်က တတ်အပ်သော ပြဆိုခဲ့သည့် အတတ်များကို သင်ပေးရာ ရွာကြီးရှင်မသည် အလွန် ဝမ်းသာအားရ၍၊ ၎င်း၏ နှလုံးအိမ် အတွင်းမှ မောင်ဖြိုးသည် မငြင်းသာဘဲ စွဲစိုက်ကာ အထူး ပြုလျက် တည်နေလေ၏။

ဤနည်းဖြင့် ခေါက်တုံ့ခေါက်ပြန် ရောင်းဝယ် ဖောက်ကားနေ၍ ခြောက်လခန့် ရှိသောအခါ မောင်ဖြိုး၏ အမည်သည် လှေကြီးသုံးစင်းနှင့် မြစ်ရိုးတစ်လျှောက်၌ ထင်ပေါ် ကျော်စောလာလေသည်။

မောင်ဖြိုးကား အကြံဉာဏ် ကြီးသော ယောကျ်ားဖြစ်၍၊ တစ်ဖန် သီတင်းဝါလ ကျွတ်သောအခါ မိမိ၏ ကူးသန်းရောင်းဝယ်ခြင်းကို ပြည်မြို့ကို စခန်းထောက်ချလျက် မင်းဘူးကို ချက်မပြုပြီးသော် လှေကြီး ငါးစင်းနှင့် ပြည် သို့မဟုတ် သရေခေတ္တရာနှင့် ပုဂံမြို့သို့ ကူးသန်းရောင်းဝယ်ခြင်းကို ပြုစေ၏။ ၎င်းသည်မှုကား ထိုအရေး၌ မယ်မင်းပူးအား အုပ်ချုပ်စီမံခြင်း၊ ၎င်း၏ လူများနှင့် သွားလာနေသော သူများအား ဥပဒ်တို့ကို ကာကွယ်ခြင်းတို့ကိုပြုရန် မှာထား လွှဲအပ်ထားလျက် ဥဿာပြည်သို့ ခရီးဆန့်ကာ ကူးသန်းရောင်းဝယ်မှုကို ပြုပြန်လေ၏။

ထိုကဲ့သို့ ဥဿာပြည်နှင့် ကူးသန်းရောင်းဝယ်မှုသည် အနေအထား ကျနလာပြန်သောအခါ ဥဿာပြည်၌ ခရီးထောက်စခန်း ပြုလုပ်ပြီးလျှင် သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်ကြီးနှင့် ဆက်သွယ်ကာ ကူးသန်းရောင်းဝယ်မှုကို ပြုလုပ်နေလေ၏။ ဤနည်းဖြင့် သထုံနှင့်

ဥသျှာ၊ ဥသျှာနှင့်ပြည်၊ ပြည်နှင့် ပုဂံတို့ကို ဆက်သွယ်လျက် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းဖြင့် ပစ္စည်းဥစ္စာ ဖြစ်ထွန်းလာ၍၊ နှစ်နှစ်မြောက် ရှိသောအခါ ဥသျှာမင်းထံ လက်ဆောင်ပဏ္ဏာ များစွာတို့ကို ပြုလျက် ဝင်ရောက်ခစားပြီးသော် အဝယ်တော် ဟူသော ရာထူးကို တောင်းဆို ရရှိလေ၏။ ပုဂံပြည်၌လည်း တံနက်မင်းကြီးထံ မြားမြောင်စွာသော လက်ဆောင်ပဏ္ဏာတို့ကိုပြုလျက် အဝယ်တော် ရာထူးကိုပင် တောင်းဆို ရရှိထားပြန်လေ၏။

မမင်းပူး အုပ်ချုပ်နေသော ရွာမကြီးသည်လည်း တဖြည်းဖြည်း တိုးတက်စည်ကားလျက်၊ မြို့ရိုး ပြအိုး မတပ်ဆင်သော မြို့မကြီး တစ်မြို့ အဖြစ်နှင့် တည်နေလျက် တောင်စဉ်မှ မှီခိုအားထားရာကြီး ဖြစ်တည်နေလေ၏။

မောင်ဖြိုးမှာ အကြံဉာဏ်ကြီးသော ယောကျာ်း ဖြစ်ရာတွင် လက်မွန်အစပြု၍ စွန့်စားသောသူတို့သည် ကောင်းစားမြဲဓမ္မတာ ဖြစ်သည့်အတိုင်း သုံးနှစ်ခွဲခန့် ရှိလတ်သော် ပြည်၊ ဥသျှာ၊ သထုံ တို့သို့ သွားလာနေသော သင်္ဘော သုံးစင်းကို ပိုင်လျက် ပြည်နှင့် ပုဂံသို့ စုန်ဆင်းသွားလာသော သင်္ဘောနှစ်စင်းနှင့် လှေကြီး ဆယ်စင်း တို့ကို ပိုင်ပြီးလျှင် “အဝယ်တော်မောင်မောင်” ဟု ကျော်ကြား ထင်ရှားလာလေ၏။ မမင်းပူး၏ သုံးမကုန်နိုင်သော ငွေတို့သည်လည်း ထို ဒေသ ရပ်ကွက်ရှိ သူတို့အား ကြီးစွာသော အထောက်အပံ့ကို ဖြစ်စေလျက် အလယ်ပိုင်း ဒေသသည် အလုပ်လုပ်သံ တညံညံနှင့် ရွှေမိုး ငွေမိုး ရွာနေလေတော့၏။

မောင်ဖြိုး၏ မိခင် ဒေါ်ဓိသီးမှာကား ခြေ မြေသို့ မကျတော့ပေ။ သို့ရာတွင် စလေမြို့သို့ ရံဖန်ရံခါ ရောက်ရှိလာ၍ သင်္ဘောနှင့် လိုက်ပါခြင်းဖြင့် သားနှင့် အတူနေသည်သာ များချေသည်။

ကျေးဥမှာကား ဒေါ်ဓိသီးကို အထူးရိုသေလျက် မောင်ဖြိုး

သည် ကုန်ရောင်းကုန်ဝယ် အောက်သို့ ထွက်ခွာသွားသည့် နေ့က စ၍ပင် တစ်စုံတစ်ရာ ချို့တဲ့သိမ်ငယ်ခြင်း မရှိရလေအောင် ပြုစု စောင့်ရှောက်ထား၏။ ကြေးငွေရေးနှင့် စပ်သွယ်၍လည်း မကျပ်တည်း ရအောင် "လူချင်း ချစ်သည် ဆိုစကားမှာ လောကွတ် ဗန်းလှ စကား မျှသာ ဖြစ်၍ ငွေနှင့်ချစ်မှ အရာရောက်သည်" ဆိုစကားနှင့်အညီ ကြေးငွေတို့နှင့် ကြည့်ရှုကူညီခြင်းကို အမြဲပြု၏။

ဒေါ်ဖဲသီး၏ မမာရေး မချာရေးနှင့် တွေ့သောအခါ၌ကား ကိုယ်ဖိရင်ဖိပြုကာ စောင့်ရှောက်လေ့ရှိ၏။ ဤနည်းဖြင့် ရန်သူပင် ဖြစ်စေကာမူ ဝန်ချက ကျေရစတမ်း ဆိုစကားအတိုင်း ဒေါ်ဖဲသီး သည် 'သမီး သမီး' နှင့် နှုတ်မြွက်လျက် ကျေးဥကို ချစ်ခင်နှစ်သက် လာမည်မှာ ချီးမွမ်းဖွယ် မဟုတ်စေကာမူ၊ ကျေးဥသည် မည်ကဲ့သို့ စိတ်သဘောရှိ၍ မည်မျှလောက် စိတ်ထားမြင့်မြင့်နှင့် သဘောထား ကြီးသော အမျိုးသမီး တစ်ယောက်ပါတကားဟု အမျိုးသမီးတို့၌ ဇေ့ငှဖွယ် ဂုဏ်အင်္ဂါ တစ်ခုအတွက် ဝေဖန်ရန် သင့်ပေသည်။

မောင်ဖြိုးသည်ကား အဝယ်တော် မောင်မောင်ဟု ထင်ရှား၍ ဂုဏ်ရောင်တက်လာသောအခါ လူတို့မည်သည် နိမ့်ရာမှ မြင့်ရာသို့ ရောက်လျှင် စိတ်ထားပြောင်းလဲလာသည့် သဘာဝအတိုင်း စိတ် ထား ပြောင်းလဲဟန် သဘောကြောင့်လား၊ မည်သည့် အကြောင်း ကြောင့်နည်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ပင်လျှင် စလေ သို့ ရောက်သော်လည်း ကုန်းသို့ မတက်၊ သင်္ဘောထက်မှ မဆင်း၊ ကျေးဥထံသို့လည်း ထူးဆန်းသော လက်ဆောင်ကလေး တစ်စုံတစ်ရာ မျှကိုပင် မပေးချေ။ ငခွေးကိုကား မှာထား၍ သင်္ဘောပေါ်တွင် တစ်ခါတစ်ရံ တွေ့ဆုံ၏။ ထိုသို့ တွေ့ဆုံရာ၌ ငဖြိုး၊ ငခွေး၊ မမင်းပူး တို့ သုံးယောက်သည် ခေါင်းချင်းဆိုင်နေသည်ကို တွေ့ရတတ်၏။ ထိုသို့ တွေ့ဆုံခြင်းသည် ငခွေးနှင့် ပတ်သက်သော အကြောင်း

ကြောင့်ပင် ဖြစ်တန်ရာ၏။ အဘယ်ကြောင့်ဆိုသော် ငခွေးသည် ငဖြိုးထံမှ တစ်စုံတစ်ခုသော စကားလက်ဆောင်ကိုမျှ ကျေးဥထံ မသယ်မပို့ချေ။ ငဖြိုးသည်လည်း ကျေးဥကို အရေးအရာ သွင်းနေသေးပုံ မပေါ်ချေ။

မောင်ဖြိုး၏ အပေါ်၌ ဦးမျိုးညွန့် ကြိမ်းပပြောဆိုလိုက်ခြင်းသည်လည်း အလွန့်အလွန် နင့်သီးလွန်း၏။ ထိုကြိမ်းပချက်ကို ငဖြိုးသည် ကျေနပ်နိုင်ဖို့ အလွန်ခဲယဉ်းပေသည်။ ဦးမျိုညွန့်၏ ကြိမ်းပခြင်းမှာလည်း လောက၌ ဂုဏ်ကြီးမြင့်သူတို့တွင် ဂုဏ်တည်း ဟူသော အမိုက်တိုက်သည် တရားကို မမြင်စေနိုင်သဖြင့် ဂုဏ်ရှိသူတို့၏ အရိုးအစဉ် ဓမ္မတာပင် ဖြစ်ချေသည်။ ထိုသို့သော သဘာဝအဖြစ်အပျက် အမျိုးမျိုး၌ လောက၏ သျှတ္တရကို နားစွဲသည့် ပညာရှိတို့သည် အပြစ်ဆိုခြင်းမှ တိမ်းရှောင်လျက် အကျိုးဘက်သို့သာ ဆွဲယူတတ်ချေသည်။

ဦးမျိုးညွန့်သည် ငဖြိုးကို ကြိမ်းမောင်း နှင်ယုတ်လိုက်သည့် အတွက် ငဖြိုးသည် စလေမှ ထွက်သွားခြင်းကြောင့် ပုဂံနှင့် ပြည်မြို့သည် ကူးသန်းရောင်းဝယ်ခြင်းဖြင့် အကြီးအကျယ် ဆက်ဆံမိချေပြီ။ ဥဿာ၊ သထုံတို့နှင့်လည်း ကူးသန်းသွားလာမှုတို့ဖြင့် ဆက်ဆံမိချေပြီ ဖြစ်သောကြောင့် ပိတ်ဆို့ ကျဉ်းကျပ်နေသော တိုင်းပြည်တို့သည် ပွင့်၍ ကျယ်ပြန့်လာရချေပြီ။ ကုန်သည်တို့အားဖြင့် လူတို့၌ ရအပ်သော အလင်းရောင်သည်လည်း အရဏ်တက်လာပြီ။ ထိုအကျိုးကျေးဇူးသည် ထိုခေတ်၌ ထင်ရှားစွာ အကျိုးမသက်ရောက်စေကာမူ အနော်ရထာမင်း လက်ထက်တော်က စ၍ ဥဇနာမင်း လက်ထက်တော်တိုင် ပုဂံပြည်ကြီးသည် ရွှေမိုး၊ ငွေမိုး ရွာခဲ့သည်မှာ ထိုငဖြိုး၏ ကူးသန်းရောင်းဝယ်ခြင်း အခြေခံအုတ်မြစ် ချထားခဲ့ခြင်းကြောင့် ဖြစ်တန်ရာချေသည်။ ငဖြိုးနှင့် ကျေးဥ အကြောင်းမှာလည်း ပါဝင်

နေသော စကားများသည် စာရေးဆရာ၏ ကလောင်စွမ်း ဖြစ်ရ စေကာမူ အကြောင်းမှာကား ဒဏ္ဍာရီ မဟုတ်၊ ထင်ရှားသော အစစ် တစ်ခု ဖြစ်ချေသည်။

အချို့သော သူတို့က ပုဂံပြည်မှာ ရွှေမိုး၊ ငွေမိုး၊ ရတနာမိုး ရွာသည် ဆိုရာ၌ ကောင်းကင်ပေါ်က ရွှေငွေတို့ ရွာသွန်းသည်ဟုပင် ပြောစမှတ် ရှိကြပေသည်။ တစ်စိတ်တစ်ဒေသ သတ္တဝါကင်းမဲ့သော ရပ်ကွက်မှာသာ မဟုတ်ဘဲ အကယ်၍ ပုဂံပြည်မှာ ရွှေငွေတို့သည် ကောင်းကင်ပေါ်က သုံးမိနစ်ခန့်ပင် မစဲဘဲ ရွာချခဲ့လျှင် မိုးသီးကြီးစွာ ငါးမိနစ်ခန့် ရွာသည်ကိုပင် သတ္တဝါများနှင့် သစ်ပင်တောတောင် နေအိမ်တို့သည် မခံမရပ်နိုင်ကြသဖြင့် ထိုဒေသမှာ တလင်းဖြစ်၍ သတ္တဝါတို့မှာ ဘေးကြီးတွေ့ရပေလိမ့်မည်။

အချို့သော ပုဂ္ဂိုလ်တို့က ပုဂံပြည်မှာ ရွှေမိုး၊ ငွေမိုးရွာသည် ဆိုခြင်းကား အဂ္ဂိရတ် လုပ်ငန်းဖြင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တို့က လူတို့အား ရွှေငွေတို့ကို လုပ်ပေးခြင်းကြောင့် ရွှေမရှား ငွေမရှား ဖြစ်၍ဟု ယူဆ ပြောဆိုကြသည်။ ထိုအယူအဆအတိုင်း မှန်ခဲ့သော် လူများသည် ရွှေရှင် ငွေရှင်ဖြစ်၍ အသီးအနှံ လုပ်ကိုင်ခြင်း၊ ကုန် သွယ်ခြင်း၊ မင်းခစားပြုခြင်း စသော အမှုတို့ကို ပြုတော့မည့်သူ မရှိ သဖြင့် တစ်ပြည်လုံး သတ္တန္တရကပ်နှင့် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက် ဖို့သာ ရှိချေသည်။ ဥပမာဆိုသော် ငွေစက္ကူ လုပ်ကိုင်သုံးစွဲခြင်းကို အစိုးရက လူထုအား မတားဆီးခဲ့သော် တိုင်းပြည်သည် ချက်ချင်း ဘေးဒုက္ခ တွေ့ရပေလိမ့်မည်။

တိုင်းပြည်တစ်ပြည်၏ အစစ်အမှန် ရွှေမိုးငွေမိုး ရွာသည်ကား တိုင်းသူပြည်သားများမှာ အလုပ်အကိုင်ပေါလျက်၊ ထိုတိုင်းပြည်မှ ထွက်ကုန်များကို အမှီပြု၍ ကုန်စည် ကူးသန်းရောင်းဝယ်ခြင်း သာလျှင် အကြောင်းရင်း ဖြစ်ချေသည်။

ငဖြိုး၏ ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းသည် ပုဂံပြည်၌ တောင်သူများနှင့် လက်မှုပညာသည်များအား အားပေးရာ ရောက်နေ၍ ပုဂံပြည် ရွှေမိုး ငွေမိုး ရွာခြင်း၏ အုတ်မြစ်အခြေခံဟု ယူဆလျှင် မှားမည် မဟုတ်ပေ။ ထို့ကြောင့် ယခုခေတ်တွင်လည်း အမျိုးသားလက်မှုပညာသည်များအား အားပေးလိုသောသူ၊ ထိုကောင်းစားခြင်းကို အမှီပြု၍ တိုင်းပြည်လူမျိုး တန်ခိုးကြီးပြီးလျှင် မိမိတို့၏အလံဖြင့် ဝင့်ဝါလိုသောသူတို့သည် ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေးတို့ကို မိမိတို့၏လက်ဝယ် ရောက်ရှိအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြပြီးသော် ကူးသန်းရောင်းဝယ်မှုကို ကမ္ဘာ၌ လက်လှမ်းကျယ်နိုင်သမျှ ကျယ်အောင် ကြိုးစားကြရာသည်။

ကုန်စည် ကူးသန်းရောင်းဝယ်မှုသည် ဥစ္စာပစ္စည်းရေးအတွက်သာလျှင် မဟုတ်၊ အတိုင်းတိုင်း အပြည်ပြည်နှင့် ဆက်သွယ်ရခြင်းကြောင့် ကမ္ဘာ့မျက်စိ၊ ကမ္ဘာ့နားကို ရနိုင်သဖြင့် လူမျိုးတစ်စု၏ ခေတ်နှင့်ဆီလျော်တည့်သော ယဉ်ကျေးမှုကို ဖြစ်စေခြင်း၊ မိမိတို့၏ အဖိုးတန်သော ယဉ်ကျေးမှုကို စောင့်ထိန်းတတ်ခြင်း၊ ပညာအရပ်ရပ်ကို ပြန့်ပွား ထွန်းကားလာစေခြင်း၊ လူမျိုးတစ်စုသည် ခေတ်ကိုမီအောင် လိုက်နိုင်ခြင်း၊ ကောင်းသော အစိုးရအဖွဲ့ကို ဖြစ်နိုင်ခြင်း စသော အကျိုးအမျိုးမျိုးတို့ကိုလည်း ရရှိနိုင်ပေသည်။ ထို့ကြောင့် ကူးသန်းရောင်းဝယ်မှု၏ အခြေအနေကို မူတည်လျက် တိုင်းပြည်တစ်ပြည်သည် တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့နှင့် လူမျိုးတစ်စုတို့၏ အခြေအနေကို ဖြစ်တတ်စေလေသည်။

ကူးသန်းရောင်းဝယ်ရေး၌ ညံ့ဖျင်းသော လူမျိုးတစ်စုသည် တိုင်းနိုင်ငံတစ်ပါး၏ အကြောင်းခြင်းရာနှင့် ကမ္ဘာ့ဗဟုသုတတို့မှ ကင်းရှင်းနေသဖြင့် အမြင်အကြား ကျဉ်းမြောင်းပြီးလျှင် သမုဒ္ဒရာရေကို မမြင်ဖူးသေးသော ဖားသည် နွားခြေရာကွက်က ရေကို

သမုဒ္ဒရာထက် ကျယ်၏ဟု လည်းကောင်း၊ ဟိမဝန္တာတောင်ကြီးကို မမြင်နိုင်စွမ်းသော ဖွတ်သည် မိမိ ခိုအောင်းနေသည့် တောင်ပို့ကို အလွန်တရာ မြင့်လှသော တောင်ကြီးဟု လည်းကောင်း ထင်မှတ်နေဘိသကဲ့သို့ မိမိတိုင်းပြည်သည် အလွန်ကြီးကျယ်သော နိုင်ငံကြီးပါတကား၊ ငါတို့လူမျိုးသာလျှင် ပညာရှိစွတကား၊ မြင့်မြတ်စွတကား၊ ချမ်းသာလေစွတကား၊ တကယ့်လူမျိုးစုကြီးပါတကားဟု ထင်မှတ်တတ်ပြီးသော် ခေတ်၏ တိုးတက်ခြင်း၌ ကျန်ရစ်ခဲ့တတ်ချေသည်။

ထိုသဘောကို ဆင်ခြင် ဝေဖန်ရသည်ရှိသော် တိုင်းပြည်တစ်ပြည်ကို တည်ထောင်ခြင်း၌ ကုန်သည်တို့သည်လည်း အရေးပါအရာရောက်လျက် ရှိခြင်းကို ယုံမှားဖွယ် မထိုက်ပေ။

ပုဂံခေတ် တံနက်မင်းကြီး၏ လက်ထက်တော်၌လည်း ကုန်သည်ကြီး ငဖြိုး၏ စွမ်းရည်ကြောင့် ကူးသန်းရောင်းဝယ်ခြင်းသည် ကျယ်ပြန့်လာရာ၊ မောင်ဖြိုးနှင့်တကွ တပည့်တပန်း အောက်လက်ငယ်သားများမှာ တိုင်းသူပြည်သား မျက်စိကြီး နားကြီးတို့၏ အပေါ်၌ များစွာ ထင်ရှားလာပြီးလျှင် အခြားအရပ်မှ များစွာသော အကြားအမြင်တို့ကို ရရှိစေလေ၏။ ထို့ကြောင့် ပုဂံပြည် အချို့သော လူကြီးလူကောင်းတို့သည် ငဖြိုး၏ သတင်းစကားအရ သထုံပြည်၏ သာသနာတော်ရေးနှင့် နှိုင်းယှဉ်၍ မိမိတို့၏ပြည်ရှိ ရဟန်းဂိုဏ်းမှ အရှင်သူမြတ်များပင်လျှင် ရဟန်းကျင့်ဝတ်၌ မကုံလုံသေးဟု ထင်မြင်လာလျက်၊ အရည်းတို့၏ အပြုအမူကိုကား လုံးဝ စက်ဆုပ်ရွံရှာလာစဖြစ်ကြကုန်၏။ ဆင်းရဲသားပေါင်း များစွာမှာလည်း အရည်းတို့၏ စက်ရိပ်ကို မှီ၍ ငွေရှင်တို့၏ ဖိစီးနှိပ်စက်ခြင်းကို ခံရပုံနှင့် စီးပွားရေး၌ အလွန် အောက်တန်းစား ကျနေရကြောင်းကို ထင်မြင်လာကြကုန်၏။ ထိုသို့ဖြစ်ရကား ထိုခေတ် ပုဂံပြည်၏ အခြေအနေသည် မည်ကဲ့သို့ ဖြစ်လာမည်ကို ဖတ်ကြရပေတော့မည်။

## အခန်း [ ၄ ]

## အတက်ပေါက်သော ငရုတ်ကျည်ပွေ့

တပေါင်း တန်ခူး မိုးသားကြူး၍၊ လေရူးကသုန် မြူမှုန်မှုန်နှင့်ဟု လည်းကောင်း၊ မြောက်လှည့်တဲ့ကုက္ကလံ ပြည်ပြန်ရန် ခါတန်သင့်ပြီမို့ ကြိုးစားစို့ မောင်မင်းများဟု လည်းကောင်း ရှေးဆရာတို့ စပ်ဆိုခဲ့သည့် ရာသီဦး၌ ဒီရေ၏အဟုန်၊ လေအဟုန်နှင့် ဆန်တက်လာသော သင်္ဘောဦးတွင် မောင်ဖြိုးနှင့် မယ်မင်းပူးသည် မြူးလျက် မိမိတို့၏ လုပ်ငန်းကို နှစ်သက်စွာနှင့် ပါလာလေ၏။

သူတို့သည် တစ်နေ့သောည၌ ဤသို့လျှင် စေ့စပ်သော စကားတို့ကို ပြောဆိုနေကြလေ၏။

'မောင်၊ မောင့်အကြံအတိုင်း ကျွန်မလည်း လိုက်ပါလို့ နယ်သူနယ်သားတွေတော့ မရှိ၊ မဝ၊ မလှ၊ မပ ဆိုတာကို နားမလည်ကြတော့ဘူးနော်။ အဲဒီလို မြင်ရလေ မောင့်ကို ဆုပ်မနိုင် ခဲမရ ဖြစ်လေနေတော့တာပဲ'

'ဒါကိုထားဦး၊ အရှင်မ ရပ်ရွာဒေသ ချမ်းသာတယ် ဆိုတာကို အရှင်မ စဉ်းစားပြီးပလား'

'ခု ချမ်းသာကြတာပေါ့ မောင်'

'စဉ်းစားနော်၊ ပြည်တစ်ပြည်မှာ၊ မြို့တစ်မြို့မှာ၊ ရွာတစ်ရွာမှာ သူဌေးတစ်ယောက် တိုးရင် လူမွဲ တစ်ရာမက တိုးတယ်။ လူချမ်းသာ တစ်ယောက် တိုးရင် လူဆင်းရဲ ဆယ်ယောက်မက တိုးတယ်'

'ဒါ ဘာကြောင့်လဲ မောင်ရယ်'

'လူတစ်ယောက်မှာရှိတဲ့ ငွေဟာ ဘယ်ကိုမှ ဘယ်လိုမှ မထွက်ရဘဲ သေနေရင် လူတွေမှာ ငွေရှားပြီး ဆင်းရဲလာတာပဲ၊ ဒါဟာ ဘာကြောင့်လို့ စဉ်းစားရင် ငွေဟာ ဟင်းသီးဟင်းရွက်တွေလို မရနိုင်လို့ပဲ'

'ဟုတ်တယ် မောင်၊ သရက်ပင်သာ ရှိတယ်၊ ငွေပင် မရှိ'

'အဲဒီတော့ တောင်သူလုပ်နိုင်သူတွေ၊ လက်မှုပညာသည်တွေ၊ သူတို့မှာ ငွေလည်တယ်ထား၊ အခြား အခြားသူတွေ အများကြီး ရှိသေးတယ်၊ သည်လူတွေမှာ ငွေ ဘယ်က ရမလဲ၊ သွားယူစရာ ငွေပင် ဘယ်မှာလဲ'

'ဟုတ်တယ် မောင်'

'ကောင်းပြီ၊ စီးပွားရေး ရာဇူကြီးမှာ တင်၍ ချိန်ကြစို့။ တစ်ဖက်က လူချမ်းသာတွေ၊ ငွေရှိသူတွေ ထား။ တစ်ဖက်က လျှုဒါန်းမှု၊ ပေးကမ်းစွန့်ကြဲမှု၊ ထိုလျှုဒါန်းမှုတို့နှင့်တွဲပြီး အပျော် ပွဲလမ်းသဘင်တွေကို ထား။ အဲဒီလို ချိန်။ ညီနေရင် တိုင်းပြည်မှာ သူဌေး၊ သူကြွယ် မဲ့နေလို့ ပြည့်အင်္ဂါ ချွတ်ယွင်းတတ်တယ်။ လျှုမှု တမ်းမှု၊ ပေးကမ်းစွန့်ကြဲမှု၊ အပျော်ပွဲလမ်းသဘင်မှုတို့ဘက်က သာသလောက် တိုင်းပြည်ဟာ ပေါ့ပြက် သောင်ဖျင်းလာပြီး အလုပ်အကိုင် ပျက်စီးကာ ဆင်းရဲလာတတ်တယ်။ အဲဒီတော့ လူချမ်းသာနှင့် ငွေရှိသူတွေဘက်က လေးချိုး တစ်ချိုးလောက်သာ သာရလိမ့်မယ်။ သည်ထက် ပိုသာလို့လည်း ဆင်းရဲသူတွေ များကုန်လိမ့်မယ်။ အဲဒီလိုနေမှ တိုင်းပြည်တစ်ပြည်ဟာ အစစ် အေးချမ်းသာယာရမယ်'

'မောင်၊ ကျွန်မ နားလည်ပြီ'

'နေဦး အရှင်မ၊ တစ်ဖက်မှာရှိတဲ့ သူဌေးသူကြွယ်နှင့် ငွေဝင်နေသူတွေကိုယူ၊ သူဌေးသူကြွယ်က တစ်ဖက်၊ ငွေဝင်သူတွေက တစ်ဖက် ခြင်ကြဦးစို့။ သူဌေးသူကြွယ်ဘက်က လေးနေရင် ငွေ့ဝါဒ လွှမ်းမိုးနေလို့ တိုင်းညံ့ပြည်ညံ့ ဖြစ်ရမယ်။ ငွေဝင်တဲ့ အလုပ်သမားဘက်က လေးနေရင် အလုပ်တည်ထောင်ပေးမယ့်လူ၊ အလုပ်အတွက် အရင်းစိုက်မယ့်လူ မလောက်မင ဖြစ်နေလိမ့်မယ်။ အဲဒီတော့ အလုပ်သမားတစ်စုဟာ မိမိတို့လုပ်ငန်းအတွက် စုပေါင်းပြီး အရင်းမတည်ထောင်နိုင်သမျှ ကာလပတ်လုံး၊ အလုပ်သမားများ တည်ထောင်တဲ့ လုပ်ငန်းစုကို အရှင်မတို့ နယ်ရှင်ပယ်ရှင်က သမ္မာပါသတရားတော်နှင့်အညီ လုံလောက်အောင် မထောက်ပံ့နိုင်သမျှ ကာလပတ်လုံး ငွေဝင်တယ်ဆိုတဲ့ အလုပ်သမားများနှင့် သူဌေးသူကြွယ်တို့ဟာ ရာဇူကြီးမှာ ညီတူညီမျှ ရှိသင့်တယ်။ မယ်တို့လို နယ်ရှင်ပယ်ရှင်တွေက ဒီလို ချိန်ရဖို့အတွက် မြန်မာတို့ ထုံးတမ်းဝေါဟာရမှာ ရာဇူလို့ ခေါ်တယ်။ အဲဒါကို မင်းတို့ရဲ့ ဖြောင့်မတ်ခြင်းလို့ ခေါ်တယ်'

'မောင် ကျွန်မ ကောင်းကောင်း နားလည်ပြီ၊ ကျွန်မ ဒေသကြီးကို ကျွန်မ သင့်အောင် စီမံနိုင်ပြီ။ ကျွန်မကို အထင်မသေးနှင့်နော်။ မောင်ဟာ သည်လို ပညာရှိမယ်လို့ လူဟန်ကို မြင်တာနှင့် အတွင်းဉာဏ်ကို ထင်ပြီး ယူဆခဲ့ပါတယ်။ စကားကို ကြားရရုံနှင့် အသားကြီးပါလားလို့လည်း အောက်မေ့မိပါတယ်။ ဒါတွေကြောင့် မောင့်ကို ယုံလို့ ပုံခဲ့တယ်။ မောင့်ကို မြတ်လို့ အပ်ခဲ့တယ်။ အဆင်ချောပေမဲ့ မောင် သဘောမကျ၊ အမြင်ရောပေမဲ့ မောင် မနောမမျှ ကျွန်မမှာ ဘာအပြစ်ရှိသလဲ။ နှစ်ကိုယ်ကြားအပါးမှာ သနားမညှာဘဲ မိန့်တော်မူပါ မောင်'

ငဖြိုးသည် စိုက်၍နေလေ၏။

'ကျွန်မ မလှလို့လား'

'လှပါတယ်'

'ဪ ... လှတယ်နော်၊ လှပေမဲ့ ချစ်စရာ မကောင်းလို့လား'

'ကောင်းပါတယ်'

'ဪ ... ကောင်းတယ်နော်၊ ချစ်စရာ ကောင်းလျက်နှင့် မချစ်လို့လား'

'ချစ်ပါတယ်'

'ဪ ... ချစ်လျက်နှင့် မနှစ်သက်လို့လား'

'နှစ်သက်ပါတယ်'

'ဪ ... နှစ်သက်လျက်နှင့် ကျွန်မက အသက်အပ်ပြီး ချစ်တယ် မထင်လို့လား'

'ထင်ပါတယ်'

'ဪ ... ထင်လျက်နှင့် တမင်သက်သက် မောင် ဘာကြောင့် ငြင်းရသလဲ'

'ဪ ... လူမှာ သစ္စာတဲ့၊ သစ္စာရှိမှ လူ အတိအကျ ဖြစ်နိုင်တယ်၊ ကတိတည်မှလည်း လူပြကတိ ပီသပါတယ်'

'မောင့်စကားကို ကျွန်မ နားမလည်'

'ရွာကြီးရှင်ဟာ ပညာဉာဏ်ရှိတယ်၊ လိမ္မာတယ်၊ တော်ဖြောင့်တယ်၊ တည့်မတ်တယ်၊ သဘောထားကြီးတယ်၊ သဘောထား မြင့်မြတ်တယ်၊ နယ်ရှင် ပယ်ရှင် ပီသတယ်နော်'

'ဒါ ဘာဖြစ်သလဲ မောင်၊ မောင့်သဘော မယ် မရောသာ၊ မောင် ဘယ်လို အကြောပါလိမ့်ရှင်'

'သည်တော့ မောင့်အပေါ်မှာ အရှင်မဟာ တရားသူကြီး လုပ်ရလိမ့်မယ်'

'ဘာကြောင့်လဲ မောင်'

'ပြောပြမယ်လေ'

'ဟော မောင် မျက်ရည်ဝိုင်းလာတယ်၊ မောင့်ကို ချစ်ရတဲ့ အထဲ သနားတာက ကဲလာပြန်ပြီ'

'မောင်ဟာ မုဆိုးမသား'

'မုဆိုးမသားလေ အဖိုးတန်လေပေါ့'

'မောင် ကျောင်းသားကလေး ဘဝမှာ မောင့်ကိုချစ်သူ သူငယ် မကလေးတစ်ယောက် ရှိတယ်၊ မောင်ကလည်း ချစ်မိတယ်။ သူဟာ မောင့်ကို မမြင်ရမနေနိုင်၊ မောင် ရှင်လူထွက်လို့ လူလားမြောက်လာ တော့'စသည်ဖြင့် ဖြစ်ခဲ့သော အကြောင်းအရပ်ရပ်ကို မောင်ဖြိုးသည် ပြောပြလေ၏။

'သူဟာ မောင့်ကို တကယ်ချစ်တယ်နော်'

'ချစ်ပါတယ်'

'မောင်ဟာ သူနှင့် ခွဲခွာပြီး သည်လို လုပ်ကိုင်နေတော့ သူ ဘယ်လိုနေသတဲ့လဲ။ သတင်းကလေး၊ ဘာလေးများကိုမှ မရဘူး လား၊ ကျွန်မကလည်း တရားသူကြီးမ ဖြစ်နေမှကိုး၊ စစ်ရလိမ့်မယ် နော်'

'စစ်ပါ။ မောင်ဟာ စလေမြို့မှ ထွက်ခွာပြီး ပစ္စည်းရှာ သွား တာကို မယ်ကျေး သိရှာတော့လေ သူကလေးရဲ့ အိမ်မှာ နေရတဲ့ သူ့အထိန်းကြီး ကိုခွေးကို "ဦးလေးရဲ့ ကိုဖြိုး သွားပြီနော်၊ ကိုဖြိုးကို ကျွန်မ မမြင်မတွေ့ရတော့ဘူး၊ ကျွန်မ ကိုဖြိုးကို လွမ်းလှချည်ရဲ့၊ ကျွန်မ ရူးတော့မယ်၊ ကျွန်မ သေတော့မယ်၊ သွားခေါ်ပေးပါ ဦးလေး ရယ်"ဆိုကာ ရင်ကိုထုပြီး တငိုတည်းငို၊ မြေမှာလိမ့်ပြီး တငိုတည်းငို၊ ကိုခွေးကို ထုရိုက်ကုတ်ဖဲ့ပြီး တငိုတည်းငိုနှင့် ဘယ်လိုမှ ချော့မရဘဲ

လှပနေတဲ့ အရုပ်အဆင်းကလေးဟာ ဖျော့တော့လာအောင် လွမ်းနာ ဖွဲ့နေသတဲ့'

'သြော် ... သနားစရာပဲ၊ မောင့်ကို သူ သိပ်ချစ်တယ်နော်။ ငယ်ကခင်၊ မမြင်မတွေ့ရ၊ လွမ်းနာကျ။ ငယ်ကချစ်၊ ခွဲရစ်ကျန်ရ၊ လွမ်းနာကျ။ ချစ်သူခင်သူ၊ ကြင်နာသူကို၊ ကြည်ဖြူစွဲမက်၊ မခွဲရက်ဘဲ ချစ်တင်းယှက်ကာ၊ နွဲ့လိုပါလည်း၊ မသမာမှောင့်၊ ဂြိုဟ်ရန်နှောင့်၍၊ အောက်မေ့လွမ်းနာ၊ ကျွမ်းရရှာသည်၊ ခမျာနေ့ရှိ၊ နွမ်းရှာဘိ။ ။ ပြောပါဦးမောင်'

'သူလေ၊ သူလေ၊ ဘာကြောင့် သည်လောက်တောင် ချစ်သလဲ၊ ဘာကြောင့် သည်လောက်တောင် စွဲသလဲ။ မောင် ခွဲခွာလာတော့ မောင့်မေမေအား ကြေးနှင့်ငွေနှင့် မျက်နှာမငယ်ရအောင်၊ မပူမပင် မကြောင့်မကြရအောင် သူ ထောက်ပံ့ပြုစု စောင့်ရှောက်နေတယ်။ အမေ နေမကောင်းရင် ချွေးမ လိမ္မာကလေးသဖွယ် ကိုယ်ဖိရင်ဖိနှင့် သူ့အဖေကြီး မသိရအောင် တိတ်တိတ်ကလေး ပြုစုစောင့်ရှောက်သတဲ့။ မောင့်အမေကလည်း သူ့သားနှင့် မခွဲဖူးဘဲနှင့် ခွဲရလို့၊ တစ်ခါတလေ လွမ်းလို့ တ ကာ ငိုတော့ အမေနှင့် သူကလေးဟာ ဘာစကားကိုမှ မပြောနိုင်ဘဲ ပြိုင်လို့သာ ငိုတော့ ဦးလေးခွေး ခမျာမှာလည်း မတတ်သာဘဲ "လောကထဲ လူလုပ်ရတာဟာ မုန့်ဆီကြော်ပူပူ စားရတာထက် ပူရပါသေးကလား" လို့ ခေါင်းကို လက်နှစ်ဖက်နှင့် စုံကုတ်ကာ မှိုင်မိသတဲ့'

'သြော် ... မတော်မှန်းရ၊ ယောက္ခမကို၊ မိမျှသဖွယ်၊ နွမ်းနယ် ခံကာ၊ ပြုစုရှာသည်၊ လိမ္မာတင့်ပ၊ မိညက်လှ။ ။ သိပ်သနားစရာ ပါလား မောင်'

'တပေါင်း တန်ခူး မိုးသားကြူး၍ မင်းလွင်ကမြူး ရာသီကူး၌ မိုးမလိုက်မီ ရှစ်ခွင်ရည်ဝယ် ထိခိုက်လွမ်းနာ၊ သူ့ခမျာမှာ၊ တစ်ကိုယ်

တည်း ကျိတ်ကာလည်း ငိုနေသတဲ့။ သူ့အထိန်းကြီး ဦးလေးခွေး ကလည်း သနားလွန်းလို့ မျက်ရည်စက်လက်နှင့် "မယ်ကျေးရဲ့၊ ကြည်ကြည်ရွှင်ရွှင်ကလေးနှင့် တစ်နေ့လောက်များ နေစမ်းပါ၊ ကြာရင် ဦးလေး ရူးရလိမ့်မယ်၊ ဦးလေး ရူးချင်ပြီ" လို့ ချော့ရှာတော့မှ သာပြီး ချုံးချကာ ငိုပြန်သတဲ့။

'ပြီးတော့လည်း "ဦးလေး မသိဘူးနော်၊ ဟိုတုန်းကတော့ ကိုဖြိုး ကျောင်းသားဘဝက စပြီး ကျွန်မ ချစ်ခင်နှစ်သက် စွဲမက်လာတဲ့ သူဆင်းရဲကလေး ကိုဖြိုး၊ ကျွန်မက အဓိကရ တော်ကောက်လို့ ပေါက်မြောက်ကာ ထင်ရှားစေရမဟဲ့လို့ ရည်ရွယ်ကာ ချစ်ခင် ကြင်နာ သဒ္ဒါဗလဝ သထာအနန္တနှင့် မြှောက်စားရတော့မယ်လို့ ကြံရွယ်လာခဲ့တဲ့ အချစ်ဦးကလေး ဆင်းရဲသား ကိုဖြိုး၊ ယခုတော့ အဝယ်တော်ကလေး မောင်မောင်ဖြိုးတဲ့ ဦးလေးရဲ့" ဆိုကာ ငိုပြန်ရောတဲ့'

'မောင်၊ ကျွန်မတောင် မျက်ရည်ကျလာပြီ။ တရားသူကြီး မျက်ရည်ကျရတဲ့ တရားထုံးလည်း ရှိသေးတယ်နော်'

'ပါးစပ်ကလည်း တတွတ်တွတ်နှင့် "မိကျေးကို သူ သတိရ တော့မယ် မဟုတ်ပါ၊ သတိရရင်လည်း ဖေဖေ့ကို အင်မတန် စိတ်နာ ထိုက်တဲ့အတိုင်း စိတ်နာပြီး မိကျေးကို လက်စားချေသင့်လို့ ချေမှာ အစစ်ပါပဲ ဦးလေးရဲ့၊ ချေပါစေတော့ ဦးလေးခွေး၊ ကျွန်မရဲ့ အကြောင်း တရားပေပဲနော်။ သို့သော် မြေဆွေးပုံပေါ်မှာ လှပတဲ့ စံပယ်ပင်ကလေး ဟာ မွှေးမွှေးကြိုင်ကြိုင်နှင့် ပွင့်နေပါကလားလို့ ဥပမာ စကားကလေး ကို ပြောပြရရင် မိကျေး လွမ်းနာနှင့် သေရွာသို့ သွားသင့်ပါပြီ။ ဦးလေး မသိဘူးနော်၊ သူ့မှာ အတိုင်းတိုင်း အပြည်ပြည်က မှူးကြီး မတ်ကြီးတို့ရဲ့ သမီးချောတွေ၊ ဝန်ကြီး ဝန်တံတိုင်းတို့ရဲ့ သမီးလှ ကလေးတွေ ပွေ့ပွေ့နေတော့ မိကျေးလို တောမြို့သူ သူဌေးသမီးကို လေ စ၍ တွေးမိမှာ မဟုတ်။ ငယ်ငယ်က အချစ်သရုပ်ကို ရှုပ်လှတယ်

ဖြတ်လိုက်ပါတော့လို့ အောက်မေ့ပေမဲ့ မပြတ်ဘဲ ထပ်ခိုင်၊ ကဲလွန်း အား နိုင်လာတော့ မိကျေး သေမှ အေးမယ်၊ လူ့ပြည်မှာနေလို့ အကျိုး မထူးတော့ပါဘူး" ဆိုကာ ချော့မရအောင်ဘဲ ငိုရှာသတဲ့'

'တော်တော့ မောင်၊ မယ် သိပြီ။ သူ့သဘောကို မယ် စောကြော နိုင်ပြီ။ သူ့ချစ်ပုံတွေကို ကုံငအောင် ပွေလို့ပြောခဲ့လျှင် မယ်ပင် ငိုလို့ မပြီးနိုင်တာနှင့် မောင် ပွေ့ပြီး ချော့နေရဦးမယ်။ ။ ဟော … မောင် မျက်ရည်မကျနှင့်၊ သဘာဝနော်။ မယ်ဟာ ခိုင်တယ်၊ ပိုင်တယ်၊ တရားကို ဘယ်တော့မှ မယိုင်ဘူး။ ပညာတတ်တယ်၊ လိမ္မာတယ်၊ ဉာဏ်ရှိတယ်၊ အမျိုးသမီးများရဲ့ အားထားဖွယ် ဖြစ်နေတဲ့ ဂုဏ်ကို မယ်ဟာ ဘယ်တော့မှ မဖျက်ဘူး။ ချစ်ကြိုးချစ်လွှာ၊ ချစ်ရစ်တာ ကမ္ဘာ ကမ္ဘာ သံသရာရှည်လေ ပွေ့ထက်ပွေ။ ချစ်နှင့်ကြင်နာ ပေါင်းရစ် တာကို၊ သံသရာဘယ်မျှ၊ ဖြေမရ။ ဘဝနောက်ဆုံး၊ ရောက်မမုန်းဘဲ၊ ပြုံးပြုံးပျော်ပျော်၊ ရွှေပြည်တော်သို့၊ ဝင်ခါတူတူ၊ ကျွတ်တန်းယူဟု၊ မယ် သဘောရှ၊ တရားပြုအံ့။ မယ့်အချစ်ကို၊ မပစ်လိုလို့ လျစ်လျူမှု နှင့် မရှုနိုင်ဘဲ၊ စွဲထက်စွဲလည်း၊ ရှိပြီးတရား၊ ထားရှိငြားကို၊ မမှား စေသင့်၊ နတ်ရှင်မင့်ကိုး။ အဲဒီတော့မောင် ဥဒါန်းဆောင်တော့၊ ငရုတ် ကျည်ပွေ့ ခြောက်သွေ့သွေ့လည်း ငွေ့ငွေ့ပြောင်လက် အတက် ထွက်ကာ၊ လွှမ်းဝေဖြာတော့၊ ချစ်သူငယ်ကျွမ်း၊ ချစ်မနွမ်းကို၊ ချစ်လွမ်း တင်ကာ၊ ချစ်စေပါဟု၊ သူ့ချစ်လွှာကို၊ ပွေ့ကာသိမ်းပိုက်၊ မောင် ပြုလိုက်တော့။ တရားသူကြီး၊ သည်မယ်ထီးသည်၊ တရားအပြီး၊ ဤသို့ ချသတည်း။

'ကိုင်း မောင် ညနက်လာပြီ၊ ညဥ့်လွှာရှုံချကြစို့။ သည်ကနေ့ တော့ အထူးနော်၊ မယ်ကိုယ်တိုင် အိပ်ရာခင်းပေးမယ်နော်၊ မောင် အိပ်နော်၊ မယ် သိပ်မယ်နော်၊ မယ် ဝတ်ပြုမယ်နော်'

*

ရွာကြီးရှင်မသည် မောင်ဖြိုးအား ခြေသိပ်လက်နယ် ပြုကာ ဤသို့လည်း စကားတီကာ ပလီပလာနှင့် ဆိုနေလေ၏။

'မယ်က မောင့်ကို တကယ်ချစ်၊ အသည်းစွဲချစ်၊ မခွဲမခွာနိုင်ဘဲ မက်မက်စက်စက်ချစ် ဆိုတာကို မောင် သိတယ်နော်'

'သိ ...'

'ချစ်လိုက်မယ်၊ ယစ်လိုက်မယ်၊ အားရအောင် နှစ်လိုက်မယ်၊ နှစ်လိုက်မယ် ဆိုတာကိုလည်း မောင် သိမှာပဲနော်'

'သိ ...'

'အမက်ထူးလို့၊ မရှက်ဘူး၊ ကလက်၊ ကလက်၊ ကလက်နှင့် အမြူးကြီးမြူးမယ်၊ မောင့်အချစ်ပေါ်မှာ အချစ်ထပ်ခါ ဖြူးမယ် ဆိုတာကိုလည်း မောင် ယုံကြည်တယ်နော်'

'ယုံ ...'

'မောင်ကလေ မယ့်ကို ဘယ်လိုသဘောနှင့်လို့တော့ မယ် မသိဘူးပေါ့၊ တရားသူကြီး အဖြစ်နှင့်လွှဲတော့ တရားသူကြီးပဲ လုပ်ရတာပေါ့။ တရားသူကြီး ဆိုတာဟာ ဆန္ဒာဒေါသ၊ ဘယာမောဟ၊ ကျင့်ရလေးမည်၊ တရားတည်လျက်၊ ရိက်စည် ဆော်တီး၊ နတ်ပြည်ငြီးလော့ ဆိုတဲ့ စကားအတိုင်း မယ်ဟာ လောဘတဏှာကိုလိုက်ပြီး မယ် အလိုရှိတဲ့အတိုင်း မယ့်ဘက်ကိုရိုင်းကာ မယ် တရား မစီရင်ဘူးနော်၊ မချစ်လို့များ ထင်သလား'

'မထင်ပါ၊ တရားရှင် မယ်ကလေးမို့ ...'

'မောင်၊ မောင်ဟာ အပြစ်ဆိုဖို့ မလို၊ ဘယ်သူ့ကိုမျှ အပြစ်မထား၊ အပြစ်လည်း မရှာတတ်၊ အပြစ်ရှိသူရယ်လို့ စိတ်မဆိုး၊ မယ် စိတ်ဆိုး၊ စိတ်ကောက်ဖူးတယ်လို့ မယ် မမှတ်မိ၊ အဲဒီတော့ စိတ်ဆိုးလို့ တရားကို သည်လို စီရင်တယ်လို့များ ထင်မိပါသလား၊ အမြဲ မောင့်အပေါ်မှာ ကြည်ဖြူပါတယ်နော်'

'မထင်ပါ၊ တရားရှင်မို့လို့'

'ဩော် ငါ့မှာ ဘယ်လိုဘေးကြီး ဆိုက်နေပြီ။ သည်ဘေးမှ၊ သည်ရန်မှ လွတ်အောင် ကင်းအောင်၊ ဘေးတွေ ရန်တွေကိုများ ကြောက်လို့ မိမိရဲ့ ရေပွက်တစ်မျှလောက်ဆိုတဲ့ စည်းစိမ်ကလေး တည်မြဲအောင်၊ ဂုဏ်ကြီးသထက် ကြီးအောင် စိတ်ထားများနှင့် တရားစီရင်တယ်များ ထင်သလား မောင်'

'မထင်'

'မယ်ဟာ သံယောဇဉ်မီး ၁၀ ပါး၊ ကိလေသာမီး ၁၁ ပါးတို့၏ လောင်မြိုက်ခြင်းကို ခံနေရလို့ တွေဝေပြီး ဘာမှ မသိဘဲနှင့် မာနတွေ တလူလူနှင့် တရားစီရင်တယ်လို့များ ထင်ပါသလား မောင်'

'မထင် ...'

'မယ် ကျေနပ်ပြီ၊ မယ်လေ ဓာလီထက်မှာ သာကြည်ဖက်လို့ စက်လိုက်မယ်၊ သဥ္ဇာပေါ်မှာ ရွှင်စွာဖျော်လို့ ပျော်လိုက်မယ်။ နှစ်ကိုယ် အတွေ့မှာ အလိုဖြည့်၍ မမေ့နိုင်အောင် ပွေ့လိုက်မယ်။ ခန်းဆောင်ဗွေမှာ ရမ်းနှောင်တွေလို့ ပွေ့လိုက်မယ်လို့ ကြံထားတာတွေကို ဖယ်လိုက်ပြီနော်'

'မယ်ဟာ မိန်းမမြတ် ပီသပါပေ့'

'မောင့်ပေါင်ကလေးတွေကို ဆုပ်ဆုပ်နေပေမယ်လို့ မောင် လှုပ်လှုပ်ကလေးမှ မသရမ်း၊ မောင့်လက်မောင်းကလေးတွေကို နယ်နယ်ပြီး ကျီစယ်ကာနေပေမယ်လို့ မောင် ဘယ်လိုမှ မဖမ်း။ ဩော် ... တကယ့်ယောကျ်ား၊ မ တစ်ထောင်လောက်မှ တစ်ယောက် ဖွားပါကလား။ မောင် သတိပြုတော့၊ မောင့်ကို မယ်စမ်းတာ၊ ညအချိန် နှစ်ကိုယ်ချင်းနှင့် ဟောသည် ခန်းမတွင်းမှာ မယ် မငြင်းနိုင်အောင် မောင် အချစ်သရမ်းပြီး မလွတ်တမ်း ဖမ်းပေမဲ့ မယ် မကန်းတော့ဘူး၊ မကန်းတော့ဘူး။

'မောင်၊ သို့သော် မောင် မမေ့ပါနှင့်၊ မောင် အမြဲ သတိရ၊ မောင့်ကို မယ်ဟာ အမြဲ အားကိုးတယ်။ မယ်ဟာ နုနယ်တဲ့ မိန်းမသား ကလေး တစ်ယောက်၊ ကိုးကွယ်ရာမဲ့နော်။ မယ့်ရပ်ကွက်ကြီး စည်ပင် သာယာ ဖွံ့ဖြိုး ကြွယ်ဝသလောက် မယ့်မှာ ရန်များမယ်။ မောင်ဟာ မောင့်အကျင့်နှင့်အညီ မောင် ကြံတိုင်း အောင်ပြီး၊ ဆောင်တိုင်း မြောက်လို့ ဧကရာဇ် အဖြစ်ကိုတောင် မောင့်လို ယောကျာ်းဟာ၊ မောင့်လို သစ္စာ ကတိ မြဲတဲ့ ယောကျာ်းဟာ ရနိုင်မှာပဲ။ မောင် မယ်ကျေးကို သနားသောအားဖြင့် ဧရတ်ကျည်ပွေ့ကြီး အတက် ပေါက်ကာ လက်ထပ်လိုက်ပေတော့။ မယ် ကြာခြည်ချ၍ သိပ်ခဲ့မယ်၊ မောင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပေတော့'

*

ထို့နောက် မကြာမီ ရွာကြီးရှင်မသည် ပြုံးပြုံးကြည်ကြည် နှုတ်ဆက် မင်္ဂလာပြုသည်ကို ခံယူလျက် မောင်မောင်ဖြိုးသည် ပုဂံသို့ သဘော် လွှင့်လေ၏။

ကျေးဥသည်ကား မောင်ဖြိုးအတွက် လွမ်းမျက်ခွက်နှင့် တစ်ရက်ကမှ မအေး ဖြစ်နေသောကြောင့် ငခွေးလည်း ဤသို့ ပြောဆို နားချရလေ၏။

'ဦးလေးရဲ့ စကားကို စဉ်းစားနော် မယ်ကျေး၊ လောကမှာ လူယုတ်၊ လူညံ့၊ လူဖျင်းရယ်လို့ ရှိတာအမှန်ပဲ။ အဲဒီလို လူများဟာ လည်း ကောင်းစားနိုင်တယ်၊ အထွတ်အမြတ်ကိုလည်း ရနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ဘဝကံ အကျိုးပေးပဲကိုး။ သို့သော်လည်း အဲဒီလို လူများသာလျှင် မိမိ ကောင်းစားလာတဲ့အခါ လက်တုံ့ပြန်ပြီး နှိပ်စက်တတ်တယ်၊ ရန်ငြိုးဖွဲ့ပြီး လက်စားချေတတ်တယ်၊ စဉ်းလဲ စဉ်းစား ပြုတတ်တယ်၊ သစ္စာကတိလည်း မရှိဘူး။ ရောက်တိုင်း၊

ရောက်တိုင်း အရပ်မှာ မျက်နှာ များတတ်တယ်။ မိန်းမများရဲ့ အချစ် လက်ဆောင်ကို တင်းတိမ်အားရခြင်း မရှိဘဲ လက်ခံတတ်တယ်။

'တို့ မောင်ဖြိုးတော့ ဒီလို လူစားမျိုး မဟုတ်ဘူး။ သူတော် ကောင်း လူမှာ လူထက်ကလေးတစ်ယောက် ဖြစ်နေလေတော့ မယ်ကျေး ထင်နေတာလို ဦးလေးခွေးက ဘယ်တော့မှ မထင်နိုင်ဘူး၊ အခါ မဟုတ်သေးလို့သာ ကြံခွင့်စည်ရာကို ဆိုင်းလင့်ထားဟန် ရှိနေတယ် ထင်တာပဲ။ ကောက် မနယ်မီ တလင်းကို ပြင်ဆင်နေရတာလိုပေါ့ မယ်ကျေး။ မယ်ကျေးကသာ အလွမ်းအဆွေးတွေရပ်ပြီး ပျော်ပျော် ပါးပါးနှင့် နေစေချင်ပါတယ်၊ ဒါမှ အကြံစေ့ပြီး လိုတာကို ခရီးပေါက် ကာ အောင်မြင်မှာပေါ့'

'ဦးလေးရယ်၊ မိကျေးလည်း တရားနှင့် ဖျော်ဖြေပါရဲ့၊ သို့ပေမဲ့ မျက်ရည်က ဘယ်က ဘယ်လို ထွက်လာပြီး ရင်ထဲက ဘာကြောင့် ဘယ်လို ဆို့လာတယ်လို့ မသိဘူးရှင့်။

'ဪ ... ခုလို အချိန်အခါမှာ ကျောင်းသားဘဝတုန်းက ကိုဖြိုးဟာ မန်ကျည်းချိုသီးအမှည့်တွေ၊ အုတ်ရစ်သီး (ဥသျှစ်သီး) အမှည့်တွေတို့ကို ယူလာပြီး ပေးရှာတယ်၊ ကျွန်မ ဒါတွေကို ဘယ်လိုမှ မမေ့နိုင်။ ညနေချိန် ဆွမ်းဝတ်ပို့ လာတော့ ရှစ်ခွင်၌ မင်းလွင် မြူးပြီး တောင်လေပေါက်စက တဖြူးဖြူးနှင့် သနပ်ခါးကို ဘဲကျား ရိုက်ကာ မိလှတို့နှင့် စကားပြောနေတဲ့အခါ "ကျေးဥရေ နှင့်ဖို့ ငါ အင်ကြင်းပန်းတွေ ခူးခဲ့တယ်" ဆိုကာ ချစ်လွန်းလို့ပေးရှာတယ်။ ဒါကို ပျောက်အောင် ကျွန်မ ဘယ်တော့မှ မဖျောက်နိုင်။ မိကျေးတို့ ကိုင်း တောကြီးထဲမှာ ရေဆိပ်ကလေးသာသာနှင့် လက်ပံပင်ကြီး ရှိခဲ့တယ်။ လက်ပံပင်ကြီးကလည်း အရွက်မရှိဘဲ ပွင့်လိုက်တာ နီရဲလို့။ အဲသည် လက်ပံပင်ပေါ်မှာ လက်ပံပွင့်ထဲက ဝတ်မှုန်၊ ဝတ်ဆံ၊ ဝတ်ရည်တို့ကို စားသောက် ပျော်ပါးနေကြတဲ့ ဆက်ရက်တွေ၊ ငှက်တွေကလည်း

ညံ့လို့၊ လက်ပံပင်အောက်မှာလည်း လက်ပံပွင့်တွေ ကြွေကျကြတာ နီရဲလို့။ ကျွန်မနှင့် ကိုဖြိုးလေ လက်ပံပွင့်တွေကို တစ်ပွေ့တစ်ပိုက်ကြီး ကောက်ယူကြကာ "တို့ ကြီးရင် တစ်အိမ်တည်း အတူတူနေကြရရင် တော့ သိပ်ပျော်စရာ ကောင်းမှာပဲ" လို့ ကစားရင်း ပြောခဲ့ကြတာတွေ ကို မမေ့နိုင်။ လွမ်းလှချည် ကိုဖြိုးရေ့၊ ရှင် ကျွန်မကို မေ့ပေါ့၊ ကျွန်မကို ကိုဖြိုး ရက်စက်ရက်တော့မှာလား' ဆိုကာ ကျေးဥသည် ချုံးချကာ ငိုပြန်လေ၏။

'ခက်တယ်၊ ခက်တယ်၊ ငါ မကြံတတ်တော့ပါကလား'

'ဦးလေး ကျွန်မကို တကယ်ချစ်တယ်နော်'

'အင်း ...'

'တကယ် သနားတယ်နော်'

'အင်း ...'

'ကျွန်မ ပြောမယ်နော်၊ ကိုဖြိုးဟာ ပုဂံရွှေမြို့တော်ကြီးသို့ သင်္ဘောကြီးနှင့် ငြိမ့်ငြိမ့်ညောင်းညောင်း ဗုံမောင်းတီးကာ ဆန်တက် သွားတယ်လို့ ကြားရပါတယ်။ အဲဒီတော့ ဦးလေးခွေး လိုက်ပြီး ကိုဖြိုးထံ "ကျေးဥတော့ မင်းကိုလွမ်းလို့ တစ်ငိုတည်း ငိုနေတယ်။ ကြာရင် သေရတော့မှာပဲ" လို့ ပြောပေးပါ ဦးလေးခွေးရဲ့။ ကျွန်မတို့ လှေကြီးလည်း နက်ဖြန် ပုဂံကိုဆန်ဖို့ စီစဉ်ပြီးပါပြီ။ ကျွန်မ ဘယ်လို ရှိနေတယ်၊ ဘယ်လို သစ္စာတည်တယ် ဆိုတာကို သူ သိရရင် ကျေနပ် ပါပြီ ဦးလေးရယ်'

'မယ်ကျေးပြောရင် သိပ်လွယ်ကူတာပဲ၊ လှေမှာလိုက်ဖို့ လူ များကို ဘဘကြီးက စီစဉ်ပြီးပြီ။ အမိန့်တောင် ပေးရပြီးပြီ။ ဦးလေး ခွေး အိမ်မှာ စောင့်နေရမတဲ့'

'ဒါတော့ မကြောင့်ကြနှင့် ဦးလေး၊ ကျွန်မအကြောင်းကိုသာ ကိုဖြိုး သိအောင် ပြောပြနော်'

*

'ဖေဖေ'

'သမီး'

'ဖေဖေရဲ့၊ ပုဂံရွှေပြည်ကြီးမှာ သုဝဏ္ဏဘုမ္မိတိုင်းမှ အဝယ်တော်ကလေးက ကုန်တွေကို ရသလောက် ဝယ်နေပါသတဲ့။ အဲသည်တော့ အဝယ်တော်ကလေးရဲ့ သင်္ဘော စုန်ဆင်းလာတဲ့အခါ စလေမှာ ဆိုက်ကပ်ပြီး ကုန်များကိုသိမ်းရင် များစွာ အကျိုးရှိမှာပဲလို့ အဝယ်တော်ကလေးနှင့် စကားစေ့စပ်ဖို့ ဦးလေးခွေးကို လွှတ်ချင်တယ်။ သူမှ ရေရေလည်လည် ပတ်ပတ်နပ်နပ်နှင့် လူထဲမှာ စကားပီသမယ် ဖေဖေရဲ့။ ဒါ့ပြင် တပေါင်း တန်ခူး ဆိုတော့လည်း လေရူးကလည်း ပွေတတ်လို့ ဦးလေးခွေး ပါမှ ဖြစ်မယ် ဖေဖေရဲ့'

'အင်း ... အင်း၊ ငခွေးကို သေသေချာချာ မှာပြီး ထည့်လိုက်'

*

'ဟော ... ဦးလေး၊ ဖေဖေက ဦးလေး လိုက်တော့တဲ့၊ ကိုဖြိုးထံ ကျွန်မ လွမ်းနေရတာတွေကို သေသေချာချာကြီး ပြောပြနော်။ ကျွန်မ ထမင်းချက်တတ်ပြီ၊ မုန့်လုပ်တတ်ပြီလို့ ပြောပြနော်။ ကျွန်မ ကြော်ထားတဲ့ မုန့်ဆီကြော်ကြီးတွေကို ယူသွား၊ ဒါဟာ မိကျေးက မင်းဖို့ ကြော်ထားတာလို့ပြော၊ ဟောသည် ပိုးပဝါကလေးကို ယူသွား၊ မိကျေးက မင်းခေါင်းပေါင်းဖို့ တမင် ရက်ထားတာလို့ ပြော၊ ကျွန်မ ရက်ကန်းလည်း တတ်ပြီလို့ ပြော၊ ဟောသည် မျက်နှာသုတ်ပဝါ ကလေးကိုလည်း ယူသွားနော်၊ ကျွန်မ ရက်တယ်လို့ ပြောနော်၊ ပြောနော်'

'အေး ...'

'ဦးလေးက အေးရှည်ကြီးနှင့်၊ ကျွန်မ ထမင်းချက်တတ်ပြီ၊ မုန့်လုပ်တတ်ပြီ၊ ရက်ကန်းဗိုင်းဝါနိုင်ပြီ၊ ဟင်းခင်းကလေးတွေကို စိုက်တတ်ပြီလို့ သူသိရင်လေ ကျွန်မကို သိပ်ချစ်မယ်နော်၊ ချစ်မယ်နော် ဦးလေး'

'သူ မချစ်ရင်တောင် ဦးလေးက ချစ်အောင် ပြောမှာပေါ့'

'ပြီးတော့လေ တပို့တွဲလတုန်းက ဒေါ်ဒေါ် ခေါင်းမူးလို့ တစ်နေ့လုံး နှိပ်ပေးရတာကိုလည်း ပြောနော်'

'အေးပါ၊ ရှင်ဖဲသီးဖို့ ထဘီချုပ်ပေးတာ၊ အင်္ကျီချုပ်ပေးတာ၊ မယ်ကျေး အချုပ်အလုပ် ကောင်းတာတွေကိုတောင် ထည့်ပြောခဲ့မယ်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မ မေ့နေလို့။ ဦးလေးလည်း ငွေအများကြီး ယူသွား၊ ကျွန်မ စိုက်ထားတဲ့ ငှက်ပျော ပင်က သီးတဲ့ ငှက်ပျောသီးကြီးကိုလည်း ယူသွားနော်၊ ကျွန်မ စိုက် တာ၊ ကျွန်မ အုပ်တာကို ပြောပြနော်၊ သူချစ်လာအောင် ပြောနော်၊ ဒေါ်ဒေါ်ကလည်း ကျွန်မကို သိပ်သဘောကျပြီး သိပ်ချစ်နေပြီလို့ ပြောနော်၊ ပြောနော်'

*

ခွေးသည် စလေမှ လှေကြီးကို အုပ်ချုပ်၍ ကုန်အပြည့်နှင့် ဆန် တက်သွားရာ၊ လမ်းခရီး၌ ညအချိန်တွင် လှေကို ဆိုက်ပြီးသော် ဂုဏ်တော်ကိုးပါးကို တစ်ထောင် သရဇ္ဈာယ်ပြီးနောက် ဤသို့ တွေး တောကာ အိပ်ရာထဲ၌ လျောင်းနေလေ၏။

"ငါကား မည်သည့်နည်းနှင့် ပုဂံပြည်တွင် ရှင်ဘုရင် ဖြစ်ပါ မည်နည်း။ ပုဂံပြည်ကြီး၌ ငွေ့ရှင်ကြေးရှင်များနှင့် မင်းမှုထမ်းတို့ ပေါင်းသင်းဆက်ဆံ၍ မတရားပြုမူပြီးသော် လူများကို ကျွန်ဖြစ်စေ ခြင်း၊ မြေယာများအား သိမ်းယူနေခြင်းတို့ကို မည်ကဲ့သို့ ဖယ်ရှင်း ပေးရပါမည်နည်း။ အရည်းရဟန်းတို့၏ လူမှုရေးရာ၌ ဝင်ရောက် စွက်ဖက်၍ ဘုရင်နှင့် မှူးကြီးမတ်ကြီးတို့ကို လက်ကိုင်ပြုပြီးသော် နိုင်ငံတော်ကြီးအား မှောက်လှန်နေသည်ကို မည်ကဲ့သို့ ပြုပြင်ရပါ မည်နည်း"

ထိုသို့ စဉ်းစား တွေးတောရင်းပင် အိပ်ပျော်ခြင်းသို့လည်း

မရောက်၊ အိပ်မပျော် ဟူ၍လည်း မဟုတ်သည့် အခိုက်တွင် "ငှင်း၏ အူသည် ချက်မှ ထွက်၍ တဖြည်းဖြည်း ရှည်လာပြီးသော် ပုဂံပြည်ကို ပတ်သည်" ဟု ငခွေးသည် အိပ်မက်မြင်လေ၏။

ထိုအခါ ငခွေးသည် လန့်နိုးပြီးသော်ခဏ၌ ထိတ်လန့်၍ မိမိကိုယ်ကို မိမိ စမ်းသပ်မိ၏။ ဤသို့လည်း တွေးတော စဉ်းစားမိပြန်၏။

"ငါသည် မှတ်မှတ်ရရ စိတ်နှလုံးကို ထိခိုက်အောင် မည်သည့်အခါကမျှ အိပ်မက် မမြင်မက်မိစဖူး။ ယခု အဘယ်ကြောင့် မြင်မက်ရဘိသနည်း။ ငါ၏ အိပ်မက်သည် ထူးဆန်းဘိ၏။ အိပ်မက်မည်သည် အကျိုးအပြစ် မဖြစ်နိုင်။ တစ်စုံတစ်ခုသော သုဘ၊ အသုဘအတွက် အိပ်မက် မြင်မက်သည်ဟု ယူဆခြင်းကား အရည်းတို့၏ ဗေဒင်အဟောစာတမ်း၌ ခြယ်လှယ်မှုမျှသာတကားဟု ငါ ယူဆမိခဲ့ပါလျက် ယခု ငါ အဘယ်ကြောင့် စိတ်နှလုံး တုန်လှုပ်ရဘိသနည်း"

ထိုသို့ စဉ်းစား တွေးတောနေခြင်းဖြင့် နေအရုဏ်ကျင်း၍ အလင်းသို့ ရောက်သဖြင့် လှေသားများကို နှိုးပြီးသော် ဆန်တက်လေ၏။

ငခွေးသည် လမ်းခရီး၌ သနားကြင်နာသောအားဖြင့် အားနည်းသည့် လှေသမားတစ်ယောက်၏လက်မှ ထိုးဝါးကို ယူ၍ လှေထိုးရာ၊ အတန်ကြာသောအခါ ထိုးဝါးတွင် မနောလင်ပန်း သုံးချပ်သည် ကပ်ကာ ပါလာလေ၏။ ထိုအခါ "ဤရွှေလင်ပန်းဖြင့် ငါ့မှာ မည်ကဲ့သို့ အကျိုးရှိတတ်သနည်း။ မည်သည့် လုပ်ခစားနားအတွက် ဤရွှေလင်ပန်းသည် ပါလာရသနည်း။ အလုပ်တန်ဖိုးနှင့် မညီမျှသော အဖိုးအခ၊ ကြေးငွေ ရွှေတို့သည် လောကကို ပျက်စီးစေတတ်၏။ ဤနည်းဖြင့် လောကသည် ပျက်လုနီးနီး ယိမ်းနေချေပြီ။ လှေထိုးခြင်းနှင့် ရွှေလင်ပန်းသည် မဆိုင်။ ဤလှေထိုးမှုသည် စလေမှ ပုဂံသို့ ရောက်ရန် ဖြစ်သည်" ဟု ငခွေးသည် အောက်မေ့ကာ 'လူ၏ ကျင့်စဉ်

ကို နင် လာမဖျက်နှင့်’ ဆိုပြီးသော် ခြေနှင့် ကန်ကျောက်ချလိုက်လေ၏။

ထို့နောက် အတန်ကြာသော် မနောလင်ပန်း ငါးချပ်သည် ကပ်၍ ပါလာပြန်ရာ ရှေးနည်းတူ ကန်ချလိုက်ပြန်၏။ ထို့နောက်လည်း မကြာမတင်မီ မနောလင်ပန်း ခုနစ်ချပ် ကပ်၍ ပါလာပြန်သဖြင့် ‘အလို ငါ့ကို ကျွန်မိုလို့ ယုတ်မာတဲ့ ရမ္မက်နှင့် လောဘကြီးနေတယ် အထင်နှင့် ငါ့ကို ရွှေလင်ပန်းက သရော်ပြောင်လှောင်နေရှာ့သလား၊ ငါဟာ ကိလေ မခန်း၍ လောဘ မကုန်ပေမယ့် မကြီး ယုတ်ညံ့မှုကို ငါသိတယ်၊ ငါဟာ ပညာရှိ လူ့အကျင့်ကို ငါနားလည်တယ်၊ အကျိုးမဲ့အားဖြင့် လောဘမတပ်စကောင်း’ ဆိုကာ ရှေးနည်းတူပင် ငခွေးသည် ခြေနှင့် ကန်ကျောက်ချလိုက်ပြန်၏။

လှေသားတို့ကား ‘ရှုးကြောင်ကြောင် မိုက်တိုက်တိုက် သူပါတကား၊ ဒါကြောင့် ကျွန်သက်ရှည်ရတယ်’ ဟု ရွှေလင်ပန်းသည် ကျွန်များအား မည်ကဲ့သို့ အပြစ်ပေးမည်ကို နားမလည်ဘဲ တီးတိုးစကားတင်း ဆိုကြကုန်၏။ ငခွေးတို့လည်း အစဉ်သဖြင့် ဆန်တက်သွားရာ ပုဂံပြည်သို့ ရောက်လေ၏။

[မှတ်ချက်။ ။ မည်သို့သော ဘဝမျိုးနှင့် ကြုံကြိုက်ရစေကာမူ ဘုရင် ဖြစ်အံ့သောသူ၊ ကျော်စောခြင်း၊ စိုးနိုင် အုပ်နိုင်ခြင်းနှင့် တကွ ကောင်းစားအံ့သော သူတို့၏သွေးကား ဤသို့တည်း။]

ငခွေးသည် နောက်တစ်နေ့၌ “ငါ၏အိပ်မက်ကား ထူးဆန်းကြီးကျယ်လှပေသည်။ မည်သည့်အယူပင် ဖြစ်စေကာမူ စောတနာအပ်သည်” ဟု ပုရောဟိတ် ပုဏ္ဏားအိမ်သို့ သွားရာ၊ ပုဏ္ဏားကို မတွေ့သဖြင့် ပုဏ္ဏေးမအား အိပ်မက်ကို ကြား၏။

ပုဏ္ဏေးမလည်း ကြမ်းတမ်းသော လက်ခြေ၊ မြင့်မားသော အရပ်၊ ကြီးကြမ်းသော ခြေဖဝါး၊ လက်ဖဝါး၊ အရေးအကြောင်း

မထင်သော လက္ခဏာ၊ ခက်ထန်ရုန့်ရင်းသည့် အင်္ဂါရုပ်တို့ကို ကြည့်ပြီးလျှင် လာဘ်လည်း များစွာ မတင်သဖြင့် ကောင်းစားမည်ဟုသာ သာမန်ကာလျှံကာ ဟောလိုက်လေ၏။ ငခွေးလည်း "ဗေဒင်ဆရာ မည်သည် ဝမ်းစာအတွက် လိမ်လည် မြှောက်ပင့်လုန့်ဖြတ်၍ စားသောက်သော လူတစ်မျိုးတည်း" ဟု အောက်မေ့ကာ ပုဏ္ဏားအိမ်မှ ဆင်းသွားလေ၏။

ထိုခဏ၌ပင် အင်္ဂါဝိဇ္ဇာ၌ အလွန် ကျွမ်းကျင်သည့် ယခင် ပုဏ္ဏေးမ၏ခင်ပွန်း ပုရောဟိတ် ပုဏ္ဏားသည် မင်းလမ်းခရီးဖြင့် လာရာ ငခွေးနှင့် ရင်ဆိုင်ဖြစ်၍ ငခွေးလည်း မဖယ်ဘဲ တည့်တည့်မတ်မတ် သွားနေ၏။ ပုဏ္ဏားလည်း ပုရောဟိတ် မာန်ဖြင့် 'ဟယ် တောတွင်းသား၊ ငါ့ကို ပုရောဟိတ်ဟု မသိသလော' ဟု မေးကာလ 'ပုရောဟိတ်ပင် ဖြစ်လင့်ကစား ဗေဒင်ဟောစားတဲ့ ပုဏ္ဏားလူလိမ်သာ ဖြစ်သတတ်။ ဂုဏ်သရေနှင့် လိမ်စားသောသူကို ဘယ်တော့မှ ပစားမပေး' ဆိုကာ တစိုက်စိုက် သွားလေ၏။

ပုဏ္ဏားကား ငခွေး၏ စကားဖြင့်လျှင် ဤသူကား အိမ်က ဗေဒင်မေးသသူ ဖြစ်ရမည်ဟု အိမ်သို့ အမြန်သွားရောက်၍ 'ယနေ့ ကံ ကံ၏အကျိုးပေးခွင့်နှင့် အချိန်အခါကို မေးရန်လူ မလာဘူးလား' ဟု ပုဏ္ဏေးမအား မေး၏။ ပုဏ္ဏေးမလည်း လာဘ်ရသော ငွေတစ်ပဲကို ထုတ်ပေးတည့်၍ အိပ်မက်နှင့် မိမိ ဟောပြောလိုက်သည့် အကြောင်းတို့ကို ပြောပြလေရာ၊ ပုဏ္ဏားလည်း ပုဏ္ဏေးမ၏ ဆံထုံးကို ကတ်ကြေးနှင့် ဖြတ်ပြီးသော် အုံ့မှိုင်းနေသည့် မိုးရိပ်လေရိပ်ထဲတွင် လမ်းသို့ လွှင့်ပစ်လိုက်ရာ ထိုဆံထုံးကို မိုးကြိုးပစ်သော အခါနှင့် ကြုံကြိုက်မိလေ၏။

ပုဏ္ဏားလည်း ပုဏ္ဏေးမအား ငခွေးကို အမြန် လိုက်ခေါ်စေ၍ ရောက်လျှင် ဇာတာကို တောင်းကြည့်ရာ၊ ငခွေး၏ ဇာတာ၌ ကောင်း

စားဖို့ အတွက်ကို တစ်ကွက်မျှ မမြင်မိချေ။ တစ်ဖန် ရုပ်လက္ခဏာကို ကြည့်ပြန်ရာ၌လည်း ကျွန်တွင်းမှ လွတ်မည့် ရုပ်လက္ခဏာ တစ်ရပ်ရပ်ကိုမျှ မဆင်ခြင်နိုင်ပေ။ ထို့ကြောင့် ပုဏ္ဏားသည် ငခွေးအား ဤသို့ မေးမြန်း စစ်ဆေးလေ၏။

'အမောင်၊ လမ်းမခရီး၌ သရေစာ ဝယ်စားတတ်သလား'

'မစားတတ်ပါ၊ နေရာဌာနမှအပ အစားကို မစားတတ်၊ အစားအသောက်၌ ခုံမင်စွာလည်း မရှိပါ'

'မှသား ပြောဖူးသလား'

'မပြောဖူးပါ'

'လူကို လူထင်ပါရဲ့လား'

'ထင်ပါတယ်'

'ကျေးဇူးတရားကို သိတတ် နားလည်ရဲ့လား'

'နားလည်ပြီး သိတတ်ပါတယ်'

'အမောင့် အိပ်မက်ဟာ အင်မတန် ကောင်းတယ်၊ အမောင်ဟာ ပုဂံပြည်ကို အစိုးရတဲ့ ရှင်ဘုရင် မုချဖြစ်ရမယ်။ အမောင်ကောင်းစားရင်သာ ပုဏ္ဏားကို မမေ့ပါနှင့်'

ငခွေးလည်း ပုဏ္ဏားကြီး၏ အဟောကို များစွာ သဘောကျ၍ ရှေ့သို့တိုးပြီးသော် 'တစ်ခု မေးပါရစေဦး' ဟု ဆို၏။

'မေးလိုရာ မေးပါ မောင်'

'ယခု အိပ်မက် မက်သူလည်း ရှိပြီ၊ အိပ်မက်လည်း ရှိပြီ၊ အိပ်မက်ဟာ ဘယ်က ဘယ်လို ဖြစ်ပေါ်လာပါသလဲ'

ပုဏ္ဏားကြီးကား မဖြေနိုင်တော့ပေ။ "အာဂ ယောကျ်ားပါကလား၊ အလွန် နစ်နစ်နဲနဲ ကြံစည်ယူဆတတ်တဲ့ ယောကျ်ားပါကလား" ဟု အောက်မေ့၍ 'အမောင်ဟာ မုချ ရေမြေကို အစိုးရတဲ့ ရှင်ဘုရင်

ဖြစ်ရမယ်' ဟု ထပ်ပြီးလျှင် ဟောပြန်သဖြင့် ခွေးလည်း ငွေစင်တစ်ခွက်ကို လာဘ်ပူဇော်ပြီးသော် ပြန်သွားလေ၏။

ခွေးလည်း ပုဏ္ဏားကြီးထံက ဖဲခဲ့၍ ဖြိုးရှိရာ သဘော်သို့ သွားရောက်ကာလ ဖြိုးမှာ အဆောင်အယောင် တပည့်လက်သား အများအစားတို့နှင့် ဖြစ်နေ၍၊ ရုတ်တရက် မတွေ့နိုင်ဘဲ ဆိပ်ကမ်းတွင် ယောင်ပေ ယောင်ပေဖြင့် တဝဲလည်လည်နှင့် နေရလေ၏။

'ဗျို့ ဘာကိစ္စရှိသလဲ'

'မောင်ဖြိုးနှင့် တွေ့ချင်လို့ပါဗျာ'

'ဘယ်က မောင်ဖြိုးလဲ'

'အဝယ်တော် မောင်ဖြိုးပါ'

'သည်သဘော်မှာ အဝယ်တော် မောင်ဖြိုး မရှိဘူးဗျ။ အဝယ်တော်ကလေး မောင်မောင်ဖြိုးသာ ရှိတယ်'

"အလဲ၊ ဟုတ်လှချည့်၊ မင်းထက် မင်းမြှောင်က ခက်နေပါကလား" ဟု တွေးတောလာပြီးသော် 'အဝယ်တော်ကလေး မောင်မောင်ဖြိုးပါပဲ ခင်ဗျာ' ဟု လေပျော့ပျော့နှင့် ပြောလိုက်ရာ၊ သဘော်ပေါ်အခန်းတစ်ခုမှ ခံ့ညားတင့်တယ်သော သူတစ်ယောက်သည် ထွက်ကြည့်တည့်၍–'ဟာ ဦးလေးတော်ပါကလား၊ ကြွပါ ကြွပါ အပေါ်ကို ... ထွက်ပြေးလာသလား၊ ထိုင်ပါ' ဆိုကာ ရိုသေစွာ ညှဉ့်ခံလေ၏။

ခွေးကား ဝမ်းသာလွန်း၍ ရုတ်တရက် စကားမဆိုနိုင်ဘဲ မျက်ရည်ဝိုင်းနေလေ၏။

'ကိုင်း ဘာကို အလိုရှိသလဲ၊ ဦးလေးတော်ကို ကျွန်တော် ကျေးရှူးဆပ်နိုင်ပြီ'

'ဒါတွေ နေပါဦး မောင်ရယ်၊ မယ်ကျေးက တပူပူတဆာဆာနှင့် ကြာရင် သင်းကလေး သေလိမ့်မယ်။ မောင် ကြံဦးမှပဲ' ဆိုကာ

ငခွေးသည် မိကျေး၏ အဖြစ်အပျက်နှင့်တကွ ပြောဆိုမှာထားလိုက်သမျှတို့ကို တစ်လုံးမကျန် ပြန်ကြားပြောဆိုလေ၏။

ငဖြိုးလည်း ခေတ္တရပ်နားထားသော အလွမ်းအဆွေး ထမ်းပိုးကို တစ်ဖန်ချီကြွ၍ မျက်ရည်စက်လက်နှင့် အကျိုးအကြောင်းတို့ကို တိုင်ပင်နှီးနှော ပြောဆိုပြီးလျှင် ကောင်းမွန်စွာ ဧည့်ခံကျွေးမွေးခြင်း၊ တင့်အပ်လျောက်ပတ်သော အဝတ်ကောင်း အစုံအလင်တို့နှင့် ငခွေးအား ထောက်ပံ့ခြင်း၊ ကျေးဥထံ အဝတ်ကောင်း အစားကောင်း စသောလက်ဆောင်တို့ကို ပေးခြင်းတို့ကို ပြု၍ ပြန်လွှတ်လိုက်လေ၏။

ငခွေးလည်း စလေသို့ ပြန်ရောက်သောအခါ အဝယ်တော်ကလေး၏ သဘော်တော်သည် မည်သည့်နေ့ရက်တွင် ရောက်မည်ဖြစ်ကြောင်းတို့နှင့် ရောင်းချလိုသော ကုန်စည်များ အသင့် စီမံထားရန် အကြောင်းတို့ကို သူဌေးကြီးနှင့် နှီးနှော စေ့စပ်ပြီးနောက်၊ ကြောက်ရွံ့တုန်လှုပ်သော မျက်နှာထားဖြင့် သူဌေးကြီးအား 'အဝယ်တော်ကလေးက တစ်ခု မေးလိုက်ပါသေးတယ်၊ လက်ဆောင်တွေတောင် ပေးလိုက်သေးတယ်၊ ဟောသည်မှာ ခင်ဗျ' ဟု ပြောလေရာ၊ 'ဘာ၊ ဘာ၊ ဘာများ မေးလိုက်သလဲ၊ ဘယ်လို လက်ဆောင်တွေလဲ' ဟု ပျာပျာသလဲနှင့် မေးလေ၏။

*

'ဟာ အဝတ်တွေက သိပ်လှ၊ သိပ်ဆန်းတဲ့ အဝတ်တွေပါလား။ ငါ့သမီးနှင့် သိပ်တော်တယ်နော်၊ ဘာများ မေးလိုက်သလဲကွယ်'

'သူဌေးကြီး ဦးမျိုးညွန့်မှာ ယဉ်ယဉ် ချောချောနှင့် သမီးအလိမ္မာကလေးတစ်ယောက် ရှိတယ် မဟုတ်လားတဲ့ ...'

'အေး ... ဟုတ်ပါတယ်လေ၊ မင်း သွားတဲ့ညက ငါ ချေးတွင်းထဲ ကျတယ်လို့ အိပ်မက်ကောင်း မက်တယ်ကွယ့်၊ ဆိုစမ်းပါဦး၊ မင်းက ဘယ်လို ပြန်ပြောခဲ့သလဲ'

'ရှိတယ် ထင်ပါရဲ့လို့ ပြောခဲ့တယ်'

'ဖျင်းတဲ့၊ အတဲ့၊ နတဲ့ အကောင်ကွယ်၊ ထင်ရုံပဲရယ်လို့။ ဘာကြောင့် သိပ်ကိုချောပြီး၊ သိပ်ကိုလိမ္မာတဲ့ အပျိုစင်စင်ကြယ်ကြယ်ကလေးတစ်ယောက် ရှိပါတယ်လို့ မပြောခဲ့သလဲ။ မင်း ပြောခဲ့တာက ကိုယ့်အိမ်က အပျိုစင်ကိုတောင် ကိုယ် သေသေချာချာ မသိသလို ဖြစ်မနေပေဘူးလား'

'သြော် ကျွန်တော်တို့ ကျွန်ဆိုတော့ အရိပ်အကဲကို သိဖို့ အလွန်လိုပါတယ်။ မတော်မဆများ ဘဘကြီးက သဘောမကျရင် မျက်နှာမရ ပါးကျောက်ကျ ဆိုတာကို ကြောက်ရလို့ပါ။ တစ်ကြောင်းမှာလည်း သမီးကောင်း ရတနာကို မိဘများဟာ အပျိုစင်အဖြစ်နှင့်သာ မြင်လိုနေတတ်လို့ ရုတ်တရက် စကားမလွန်ဝံ့တာပါခင်ဗျာ'

'ဟင်း ... တကယ်ဖျင်းတဲ့ လူပဲ၊ သည်လို အဝယ်တော်ကလေးမျိုးကို ငါက ဘာများ သဘောမကျစရာ ရှိသလဲ။ ရင်ခွင်ထဲမှာ ရွှေဟင်္သာလာပြီး နားတာကို သဘောမကျရင် အမိုက်အရူးပေါ့ကွယ်။ ငါက ငဖြိုးလို အကောင်ကိုသာ မျက်မွေးစူးတာပါကွယ်။ ငါကလည်း တခြား သူဌေးတွေလို မြေးကလေးတွေကို လက်ဆွဲကာ လမ်းလျှောက်ချင်လှပြီကွယ့်'

'ဒါဖြင့် သမီး အပျိုစင် ယဉ်ယဉ်ကြော့ကြော့ကလေး တစ်ယောက် မယ်ကျေးရယ်လို့ ရှိပါတယ်၊ သူဌေးကြီးကလည်း မောင်မောင့်ကို ညှိသည်တော်အဖြစ်နှင့် ညှိခံလိုပါတယ်လို့ လျှော့မြန်လွှတ်ပြီး ပြောစေပါမယ် ခင်ဗျာ'

'အင်း၊ အင်း ဟုတ်တယ်။ မင်း သည်တစ်ချက်တော့ အတော့်ကို အကြံကောင်းတာပဲ၊ မြန်မြန်လွှတ်ကွယ်။ မင်းအား ဖျင်ပိုင်း တစ်ထည် ခေါင်းပေါင်း ပေါင်းဖို့ ဆုချမယ်။ မိကျေးကိုလည်း

ခါတိုင်းထက် ကြော့ကြော့ကလေးနေအောင် ပြင်ဆင်ထားလို့ ပြောထားလိုက်။ ကြားလား'

ငခွေးသည် သူဌေးကြီးထံမှ ကျေးဥထံသို့ လာရာ၊ ကျေးဥလည်း ဝမ်းသာအားရနှင့် 'ထိုင် ဦးလေး၊ ကိုဖြိုးက ဘာတွေများ ပြောလိုက်ပါသေးသလဲ၊ ထီးထီးကြီးနှင့် မာန်တက်နေသလား ...' စသည်ဖြင့် မေးလေ၏။

'သူက အဝယ်တော်မောင်မောင် ဖြစ်နေမင့်ကို ...'

'အို ဦးလေးက ပြောတော့မယ်၊ ကျွန်မ ချောင်းနားထောင်လို့ အကုန်သိပြီ။ ဟောဒါတွေဟာ ကျွန်မကို ပေးလိုက်တယ် မဟုတ်လား။ လှလိုက်တာ ဦးလေးရယ်၊ ချစ်သူက ပေးလို့ သိပ်ကို ချစ်စရာကလေးတွေနော်၊ သူ ဘာကြောင့် ပေးပါလိမ့်'

'ပေးချင်လို့ပေါ့'

'ဟင်း ... ဦးလေးကလည်း ချစ်လို့ ပေးလိုက်တာလို့ ပြောပါလား'

'သိလျက်နှင့်လည်း မေးသေးတာပဲ'

'နားထောင်ချင်တာကို ဦးလေးရဲ့။ ကိုကိုဖြိုးက ပေးလိုက်တဲ့ ဟောသည် ထဘီကလေးဝတ်၊ ဟောသည် အင်္ကျီကလေးဝတ်၊ ဟောသည် တဘက်ကလေးကို တင်ပြီး ကိုကိုဖြိုးကို သွားကြိုရင် ကိုကိုဖြိုးဟာ ကျွန်မကို သိပ်ချစ်သွားမှာပဲနော်'

'ဒါတွေကို ဦးလေးကို မပြောနှင့်၊ ဆရာဘုန်းတော်ကြီးထံ တက်လျှောက်ရတယ်'

'ဟင် ... ဦးလေးကိုပဲ ပြောမှာပေါ့'

'ကလေးစိတ်ပဲ ရှိသေးတယ်နော်၊ ချစ်တာကိုပဲ သိတယ်၊ လောကသဘော ဘာကိုမှ နားမလည်သေးဘူး'

'ကျွန်မ သည်ကနေ့ သိပ်ဝမ်းသာတာပဲ'

'ဝမ်းသာမှာပေါ့လေ၊ လိုဘပြည့် ...'

'ဟုတ်ပေါင်'

'ဒါဖြင့် ဘာကြောင့်လဲ မယ်ကျေး'

'ကျွန်မ မှတ်မိကတည်းက ဦးလေးရဲ့မျက်နှာဟာ ဘယ်တော့မှ မကြည်သာဘဲ ခုမှ ပြုံးတာကို မြင်ရလို့ရှင့်'

'ဦးလေးခွေးကလည်း ဦးလေးရဲ့အတွက် ဗေဒင်မေးခဲ့သေးတယ်'

'ပြောစမ်းပါဦးရှင်'

ငခွေးသည် အိပ်မက်နှင့်တကွ ပုဏ္ဏားအ၏ အဟောကို ပြောပြလေ၏။

'ဦးလေးရယ် ကျွန်မ ဝမ်းသာလိုက်တာ၊ သိပ်ကို ဝမ်းသာတာပဲ၊ ကျွန်မ ရှင်ဘုရင့်တူမ ဖြစ်ရဦးမယ်နော်' ဆိုကာ ကျေးဥသည် လက်ဖနောင့် နှစ်ခုကို ပွတ်ကာနှင့် ပြောနေလေ၏။

'မယ်ကျေး ဝမ်းသာတာဟာ ယူရယ်စရာကြီး ဖြစ်နေပြီ'

'ဘာကြောင့်လဲ ဦးလေးရယ်'

'ဗေဒင်ဆရာ ဆိုတာဟာ လူအ၊ လူန၊ လူဖျင်းတွေကို လာဘ်များများရအောင် ညာပြီးဟောတာကွယ့်။ ဘယ့်နှယ် ဟုတ်နိုင်ပါ့မလဲ'

'ဦးလေးခွေး လာဘ်မတင်ခဲ့ဘူးလား'

'တင်ခဲ့ရတာပေါ့၊ တင်ရတာမှ ပုဏ္ဏေးမ ကောင်မကြီးထံမှာ ငွေစင်တစ်ပဲ၊ ပုဏ္ဏားကြီးထံမှာ ဘော်နီသာခွာ တစ်ခွက်'

'ဒါဖြင့် ဦးလေးလည်း လူအ ဖြစ်နေတာပေါ့'

'ဟဲ၊ ဟဲ၊ ဟဲ၊ ဟဲ၊ အိပ်မက်က ဆန်းလွန်းလို့'

'ဦးလေးဟာ ရှင်ဘုရင် ဖြစ်ချင်တယ် မဟုတ်လား'

'ဖြစ်ချင်တာပေါ့'

'ဖြစ်ချင်ရင် မုချ ဖြစ်ရမယ်ရှင့်'

ရာပြည့်စာအုပ်တိုက်

'ဩော် မယ်ကျေးကတောင် အရှုးလုပ်ပြန်ပြီ'

'ဦးလေး နားထောင်နော်၊ ကျွန်မနှင့် ကိုကိုဖြိုး အိမ်ထောင်ကျတဲ့အခါ ဦးလေးကို လွတ်ရအောင် ကြံမယ်၊ ဦးလေး လွတ်ကရော ဆိုပါတော့၊ ဦးလေး လိုသလောက် ငွေတွေကို ကျွန်မတို့က ထောက်ပံ့မယ်။ ခုတောင် ဦးလေးခွေးရဲ့ စကားကို အိမ်တိုင်းက ကျွန်တွေဟာ ဘယ်လောက် နားထောင်နေကြသလဲ၊ ဆင်းရဲသားတွေ လူကြမ်းတွေဟာ ဦးလေးကို သိပ်အားကိုးနေတယ် မဟုတ်လား။ ကျွန်မတို့ စလေ မြို့ကြီး အနီးအပါး တစ်ဝိုက်မှာ ဦးလေးရဲ့ ဩဇာဟာ ဘယ်လောက် ကောင်းနေသလဲ။

'သူဌေးသူကြွယ်တွေ၊ မြို့ဝန်၊ မြို့မင်း၊ မြို့ကြပ်၊ စစ်ကဲ စတဲ့ မင်းမှုထမ်းတွေ မတော်မှန်တာကို ဦးလေးတစ်ယောက်သာ တရားရောက်အောင် ပြောဖော်ရလို့ ဦးလေးရဲ့အတွက် လူပေါင်းများစွာက ပင် ဆုမွန်ကောင်း တောင်းနေကြတယ် မဟုတ်လားရှင့်။ ပြီးတော့ လည်း သထုံရွှေမြို့တော်က ရဟန်းတော်တို့ရဲ့ ကျင့်ကြံနေထိုင်ပုံများကို သိလာကြရလို့ အရည်းတွေကို ရှု့ကာ မဲ့ကာနှင့် စကားတီးတိုး ဆိုကာ ကဲ့ရဲ့နေကြပြီ မဟုတ်လားရှင့်။ အရည်းတွေရဲ့ ဩဇာဟာလည်း သိပ်မလွှမ်းမိုးနိုင်တော့ပါ။ ဦးလေးခွေး ဘာမှအားမငယ်နှင့်။ ကိုဖြိုး နှင့် ကျွန်မ တစ်အိပ်ရာထဲနေပြီး ချစ်ကြရတော့ မိကျေး ကြံပြမယ်၊ ငွေဟာ လောကမှာ သိဒ္ဓိရှင်ကြီးပါ။ ဦးလေး စိတ်ထားကို မလျှော့နှင့်နော်'

'မယ်ကျေးကဖြင့် နောင်တော့သာ ဘယ်လို မဆိုနိုင်တယ်၊ ယခုတော့ အတော့်ကို အားရှိစရာပဲ'

'မိကျေးရဲ့စကားဟာ မညီရင် လျှာကိုဖြတ်ရှင့်။ ကျွန်မ ခုက တောင်းဆိုချင်တာကတော့ ဦးလေးခွေး ရှင်ဘုရင်ဖြစ်ရင် မိကျေး ဘုရား မထူးဘူးနော်'

'အလိုလေး နှုတ်ခမ်းနာရယ် မုန့်ဆီကြော် ဘယ်မှာနေသလဲ လို့ မသိသေးပါဘူး၊ ဦးလေးသာ ရှင်ဘုရင် ဖြစ်ရင် မယ်ကျေးကို ဦးလေးရဲ့ခေါင်းပေါ်မှာ တင်ထားမှာပါ'

'ငရဲကြီးမှာပေါ့ ဦးလေးခွေးရယ်'

*

ငခွေးသည် အဝယ်တော်ကလေး မောင်မောင် ရောက်လာမည့်အတွက် အလုပ် များပြီးလျှင် စီစဉ်နေရ၏။ ငဖြိုးလည်း သင်္ဘောကြီး၏ ဦးပိုင်းတွင် ငရက်ကျည်ပွေ့ကြီးကို အတက်နှင့်လုပ်လျက် ရွှေချ ကာ ထောင်ပြီးသော် စုန်ဆင်းလာစဉ် မိခင်နှင့် ဤသို့ တိုင်ပင်စကား ပြောကြားကာ နေလေ၏။

'အမေ၊ ကျွန်တော်တော့ ဦးမျိုးညွန့်ကို မကျေဘူး။ လက်စား ချေရမှ အေးမယ်။ သူ့သမီးကိုလည်း ယူပြီးမှ စွန့်ပစ်လိုက်မယ်။ ငွေမက်တဲ့သူကို ငွေနှင့်ပဲ အရှက်ခွဲပြမယ်'

'ဟာ ... အမေ့ သားကောင်း၊ လောကမှာ ရန်တုံ့ပြန်တယ်၊ လက်စားချေတယ် ဆိုတာဟာ တိရစ္ဆာန်ဝါဒ သဘောဖြစ်လို့ လူ တစ်ယောက်အဖြစ်မှ ဆုံးရှုံးရာရောက်တယ်။ လူတစ်ယောက် မဟုတ် တဲ့ သူတစ်ယောက်ရဲ့ လောကလမ်းစဉ်ဟာ ငှက်ခါးပျံနေသလိုပဲ။ လောကမှာရှိနေတဲ့ ဖုတွေ၊ ကျင်းတွေ၊ ခရောင်းတွေ၊ မညီမညွတ် တွေဟာ သည်လိုသူများအား ဥပမာပြနေတာ မောင်ရဲ့။ သည်လို ရန်တုံ့ပြန်ဖို့၊ လက်စားချေဖို့ကို မဆိုထားနှင့်။ ရန်တုံ့ပြန်ရာ၊ လက်စား ချေရာ ရောက်အောင် ပြုမူ ကျင့်ကြံရုံနှင့်ပင် သူယုတ်မာသဘော သက်ရောက်သွားပါတယ်။ လောကမှာ စွမ်းရည်သတ္တိ၊ ဉာဏ်ပညာ နှင့် ပြည့်စုံတဲ့သူများမှာ တွေ့သမျှဟာ ကိုယ့်ကို နှိပ်စက် စော်ကား ခြင်း မဟုတ်ဘဲ ကောင်းစားရန် သင်ခန်းစာအဖြစ်နှင့် အုတ်မြစ်

အခြေခံတစ်မျိုး ဖြစ်လို့ စင်စစ် မောင်မျိုးညွန့်ဟာ မောင့်ကျေးဇူးရှင် အစစ်ပါကလား မောင်'

'အမေ ဘယ်လို ဆိုလိုက်ပါသလဲ၊ မုဆိုးမ မုန့်သည်သား၊ ထမင်းသိုးစား၊ ဟင်းသိုးစား၊ ငရုတ်ကျည်ပွေ့ အတက်ပေါက်ရင် တောင် ပြောင်နိုင်ပါ့မလား ဆိုတဲ့ စကားကို ကျွန်တော် ဘယ်တော့မှ မကျေဘူး အမေရယ်။ ခုတောင် နားထဲမှာ ကြားနေပါသေးတယ်'

'ဟုတ်ရိုးလား သားကြီး၊ ပြောဆိုသမျှ စကားတို့ဟာ နား ကြားသူရဲ့ ဓာတ်ခံကို လိုက်ပြီး တည်နေတယ်။ အမေလည်း အရင် ကတော့ မောင့်လိုပဲ ဒေါသကို ရှေ့ထားမိတယ်။ ဓာတ်ခံ ညံ့တဲ့သူ အပေါ်မှာ ကောင်းတဲ့စကားပဲ ဖြစ်ဖြစ်၊ မကောင်းတဲ့စကားပဲ ဖြစ်ဖြစ် မကောင်းသာလျှင် ဖြစ်ရတယ်။ ယခု မောင်မျိုးညွန့်က အဲသည်လို ဆိုလိုက်လို့ မောင် မခံချင်တဲ့အတိုင်း ကြံစည်တာနှင့် အလွန့်အလွန် ကြွယ်ဝချမ်းသာလာပြီး အဝယ်တော်ကလေး မောင်မောင်ဖြိုး၊ မောင် မောင်ဖြိုးနှင့် မြစ်စဉ်တစ်ခွင်မှာ ကျော်ကြားတဲ့အပြင် သုဝဏ္ဏဘုမ္မိ တိုင်း သထုံပြည်မှာတောင် ကျော်ကြားနေရတယ် မဟုတ်လား။ မောင်မျိုးညွန့်ကသာ မောင့်ကို သည်လို မဆိုခဲ့ရင် မောင်လည်း သည်လို မကြံစည်လို့ တိုင်ခေါင်းထဲက တောက်တဲ့သာ ဖြစ်နေမယ် မဟုတ်လား။

'အဲသည်တော့ မောင်မျိုးညွန့်ဟာ မောင် ကောင်းစားဖို့ လောကမှာ သဘာဝအလျောက် ဖြစ်ပေါ်လာရတဲ့ ကိရိယာတန်ဆာ ပလာကောင်းပဲ မဟုတ်လား။ လူယုတ်၊ လူညံ့၊ လူမိုက်တို့ဟာ သူ တစ်ထူးရဲ့အပေါ်မှာ ပုဂ္ဂိုလ်ကိုစွဲပြီး ကျေးဇူးမဲ့ကိုသာ ရှာကြံ ချေပ တတ်သလို လူကောင်းသူမွန်၊ လူလိမ္မာပညာရှိ၊ သူတော်ကောင်းတို့ မည်သည် သူတစ်ထူး၏အပေါ်၌ ကျေးဇူးကိုသာ ရှာကြံတင်တယ် မောင်။ ဒါကြောင့် အရှည်ကောင်းစားခြင်း ဆိုတာဟာ လူကောင်း

သူမွန်၊ လူလိမ္မာ၊ ပညာရှိ၊ သူတော်ကောင်းတို့ရဲ့ အဖို့မျှသာလျှင် ဖြစ်ရတယ်။

'မယ်ကျေးဟာလည်း အင်မတန် သဘောပြည့်ဝတဲ့ မိန်းကလေး၊ ချစ်စရာကလေး၊ ဣန္ဒြေသိက္ခာကလည်း အလွန်ကောင်းတယ်။ နွဲ့နွဲ့လျလျ ပျော့ပျော့ပျောင်းပျောင်း အဆင်းအရေနှင့်လည်း ပြည့်စုံတယ်၊ လောကဝတ်မှာလည်း ကုံ့ဝတယ်၊ အဲသည်တော့ မယ်ကျေးကို ညစ်လိုက်ရင် မနောမယိဒ္ဓိ ပတ္တမြားလက်ဝတ်ကို ချွတ်လွှင့်လိုက်ရာ ရောက်မှာပေါ့ သားကြီးရယ်'

အဝယ်တော်ကလေး မောင်မောင်ဖြိုး၏ သဘော်သည် သဘော်ဦး၌ ခုနစ်တောင်ခန့်ရှိသော ငရုတ်ကျည်ပွေ့မှာ အတက်များကို ဝေဝေဖြာဖြာရှိအောင် တပ်၍ ရွေချပြီးလျှင် သာယာစွာ ဗုံမောင်းတီးကာ စုန်ဆင်းလျက် စလေမြို့သို့ ဆိုက်ကပ်မိလုမတတ်ရှိချေပြီ။ မြို့သူမြို့သားတို့သည်ကား ကမ်းကျိုးလုမတတ် စီစီကျွက်ကျွက်နှင့် ဆိပ်ကမ်းသို့ဆင်းကာ ကြည့်ရှုကြကုန်၏။ ကျေးဥသည် သိန်လုပ်၍ ဣန္ဒြေဆည်ကာ အိမ်တွင် မနေနိုင်တော့ပြီ။ သူတစ်ထူးက ကဲ့ရဲ့သင်္ကြိုဟ် စကားတင်း ဆိုမည်ကိုလည်း ဂရုမစိုက်နိုင်တော့ပြီ။ သဘော်ဆိပ်သို့ ကျွန်မ အဖော်နှစ်ယောက်နှင့် ဆင်း၍ ကမ်းသို့ တဖြည်းဖြည်း ကပ်လာသော သဘော်ကြီးကို ကြည့်နှင့်လေ၏။

သဘော်ကြီး ကမ်းသို့ ကပ်မိချေပြီ။

ကျေးဥသည် သဘော်ပေါ်သို့ ရုတ်တရက် တက်ရောက်သွား၍ သဘော်ဦးမှ ရပ်ကြည့်နေသော မောင်ဖြိုး၏ထံသို့ တစိုက်စိုက် သွားရောက်ရာ၊ မောင်ဖြိုးလည်း ချိုလှသော အသံနှင့် 'ကျေး၊ ကျန်းခံ့သာလို့ မာ ...' ဟု နှုတ်ဆက်သည်ကိုမျှ ဆုံးအောင် နားမထောင်နိုင်ဘဲ 'ကို ... အို ... ကို၊ ကျွန်မအပေါ်၌ စိမ်းကားတော်မူရက်ပါပေ့' ဆိုကာ ငဖြိုး၏ရှေ့တွင် လဲကျသွားရာ၊ မောင်ဖြိုး၏ မိခင်ကြီးသည်

ကျေးဥကို ပွေ့ပိုက်ကာ သတိရစေကာလ၊ ကျေးဥသည် ဒေါ်ဇံသီး၏ ရင်ခွင်ထဲက ရှိုက်ကာရှိုက်ကာနှင့် ငိုနေလေ၏။

မောင်ဖြိုးလည်း 'မောင့်အပြစ်နော်၊ နောင်တော့မှ အကြောင်းကို ကောင်းကောင်းကြီး ကျေလည်အောင် ပြောပါ့မယ်' ဆိုကာ ကျေးဥ၏လက်ကို ဆွဲယူကာ ထူ မ လေ၏။

'ကျေး အမေနှင့် လိုက်ခဲ့ပေတော့နော်၊ မောင် ဘဘကြီးထံ အလျင်သွားနှင့်မယ်' ဆိုကာ ငရုတ်ကျည်ပွေ့ကြီးအား ရှေ့က လူနှစ်ယောက်ကို ထမ်းစေလျက် သွားစေပြီးသော်၊ မိမိ၏နောက်ပါးမှ လက်ပါးစေ ကျေးကျွန်တို့နှင့်တကွ မောင်းကြီးကို တီးကာ တီးကာ ဖြင့် သူဌေး ဦးမျိုးညွန့်၏ အိမ်ကြီးသို့ သွားရောက်ရာ၊ ငခွေးလည်း ဆီးကြိုကာ ဧည့်ခံနှင့်ပြီးလျှင် သူဌေးကြီးနှင့် ကျက်သရေတင့်၍ မြင့်မြတ်သော ဧည့်ခန်းတွင် ခမ်းနားစွာ တွေ့ဆုံပေးလေ၏။ ရွှေ ငရုတ်ကျည်ပွေ့ကြီးကိုလည်း ဝေဖြာသိုက်မြိုက်သော အတက်တို့နှင့် ရှေ့က မတ်မတ်ကြီး ထောင်ထားစေလေ၏။ ဤသို့လည်း ပြောဆိုလေ၏။

'ဘကြီးတော်၊ ကျွန်တော့်ကို မှတ်မိတော်မူပါရဲ့လား'

သူဌေးကြီးသည် အံ့ဩသော မျက်နှာနှင့် ငေးစိုက်ကာ ကြည့်နေ၏။

'ကျွန်တော်ဟာ မုဆိုးမ မုန့်သည်မသား ငဖြိုးပါ။ ဟောသည်မှာ ငရုတ်ကျည်ပွေ့ကြီးဟာ ဝေဝေဖြာဖြာနှင့် အတက်တွေပေါက်နေလို့၊ ကျွန်တော်ဟာ နိုင်ငံတော်က အားထားရာ ကုန်သည်ကြီးနှင့်မျှ မက ဘုရင်နှစ်ပါးရဲ့ ယုံမှတ်သဒ္ဓါတော်မူခြင်းကိုခံရတဲ့ အဝယ်တော် မောင်မောင်လည်း ဖြစ်နေပါတယ် ခင်ဗျ'

'သည်းခံတော်မူပါ မောင်၊ မောင်တို့ အပြစ်ဆိုရင်လည်း'

'ဟာ ... ဘကြီးတော်၊ လောကဌ် ကောင်းစားသောသူ၊ သိမ်ဖျင်း

ချည့်နဲ့ ဆင်းရဲသောသူ ဟူ၍ နှစ်မျိုးရှိရာတွင် အပြစ်ဆိုနေသော သူသည် ဘယ်တော့မှ ကောင်းစားသောသူ မဖြစ်နိုင်၊ ဖြစ်လျှင်လည်း မကြီးကျယ် မဖွံ့ဖြိုးနိုင်၊ ကြီးကျယ် ဖွံ့ဖြိုးလျှင်လည်း ခဏပါပဲ ခင်ဗျာ။

'ကောင်းစားလိုသော သူတို့သည် မိမိတို့အား ချီးမွမ်းသော စကားတို့ကို ပရိယာယ်မှူသာဟု အောက်မေ့လျက် ထိုအချိန်တွင်သာ မေ့ပျောက်ပစ်လိုက်ခြင်း များပါသည်။ ကဲ့ရဲ့သော စကား၊ နှိမ့်ချသော စကား၊ အပြစ်ဆိုသော စကားတို့ကိုကား နည်းပြ သင်ခန်းစာ တစ်ခု၊ ဆုံးမစာတစ်ခုဟု အောက်မေ့ပြီးသော် ၎င်းကို ပန်းထွက်ထား ပြီးလျှင် မိမိတို့၏လိုရာ ပန်းတိုင်သို့ လောကတည်းဟူသော ရေယာဉ် တွင် မိမိတို့ လုပ်ငန်းတာဝန် လှေကို ကံဉာဏ်ဝီရိယ တည်းဟူသော ပဲ့လှော်တက်တို့နှင့် မလျှော့တမ်း ခွဲကိုအရင်းတည်ကာ ရောက်အောင် လှော်မြဲ ဖြစ်ပါသည်။ ထို့ကြောင့် ဘကြီးတော်သည် ရိုးသား ဖြောင့် မတ် တည်ကြည်သော ကျွန်တော့်အား ဤစည်းစိမ်ကို ပေးပေသည်။ နတ်ကောင်းနတ်မြတ် ဖြစ်ပါသည်'

'သာဓု ... သာဓု ... သာဓု၊ ဘုန်းကြီး၍ အသက်ရှည်ပါစေ၊ ကြံသမျှသော အကြံတိုင်း အောင်မြင်ပါစေ'

ထိုခဏ၌ ဒေါ်ခဲသီးနှင့် ကျေးဥသည် နောက်ပါ အခြွေအရံ များစွာနှင့် ရောက်လာလေ၏။

'ကိုင်း ကြွပါ၊ ကြွပါ မကြီးခဲ'

'ရှင်ကောင်းစံကော မမြင်ပါလား'

'မယ်ကောင်း၊ အဝယ်တော်ကလေး မောင်မောင်ရဲ့ မယ်တော် ကြီး ညည်းသူငယ်ချင်း မကြီးခဲ ရောက်လာတယ်၊ ထွက်များ ဧည့်ခံ ပါဦး။ အရေးထဲမှာ လေနာများ ထ နေပြန်ပလား'

[မယ်ကျေး၏မိခင် ဒေါ်ကောင်းဇံလည်း ပဝါဖားလျားကြီးနှင့် ထွက်လာကာ ညည်ခံ၍ ဤသို့ ပြောဆိုနေလေ၏။]

'မကြီးဇံ ပျောက်သွားတယ်၊ မမြင်ပါလားလို့တောင် မောင်ခွေးကို တစ်နေ့ကပဲ မေးမိသေးတယ်။ လက်စသတ်တော့ ကျွန်မရဲ့ သားကြီးနောက်သို့ လိုက်သွားတာကိုး'

'ဟုတ်တယ်တော့၊ ကျွန်မ သမီးကြီး မယ်ကျေးက တငိုတည်း ငိုနေပြီး ပူဆာလွန်းလို့ တော့်သား အဝယ်တော်ကလေး မောင်မောင်ထံ လိုက်သွားရတယ်။ တော့်သားကလည်း ဘုရင်မင်းမြတ်နှစ်ပါးက အပျိုတော်တွေ၊ မှူးသမီး မတ်သမီးတွေ၊ သူဌေးသမီးတွေနှင့် ပွဲတက်မယား ပြုလုပ်ပြီး ထိမ်းမြားမယ် ကြံစည်ပေမဲ့ ဟော ကျွန်မသမီးကျေးကို၊ လက်ပံပင်ကြီးပေါ်က ကျေးကို၊ သစ္စာမြဲကာ အချစ်ကိုကဲပြီး အသည်းစွဲ ချစ်သူကလေးဆိုတဲ့ ကျေးကို ဘယ်လိုမှ မမေ့နိုင်တာနှင့် သစ္စာကို တည်ပါပေတယ်။ တော့်သားကို ချီးမွမ်းပါတယ်'

ဆိုကာ မောင်ဖြိုး၏မိခင် ဒေါ်ဇံသီးသည် ကျေးဥကိုဆွဲ၍ မောင်ဖြိုး၏ အပါးတွင် ယှဉ်ကာ ထိုင်နေစေ၏။

[ကျေးဥကလေး ဘယ်လိုနေမလဲ ...]

ဦးမျိုးညွန့်မှာ ငွေငတ်သူ၊ ဂုဏ်ငတ်သူတို့၏ သဘာဝအတိုင်း အရှက်အကြောက်နည်းသော မျက်နှာနှင့် ပြုံးပြုံးကြီးနေကာ သဘောတူလွန်းသည့် အထိမ်းအမှတ်ကို ပြနေလေ၏။

## အခန်း [ ၅ ]

## ငခွေးနှင့် ထမြောက်ရေး

မောင်ဖြိုးသည် ကျေးဥနှင့် ထိမ်းမြားလက်ထပ်ပြီးနောက် လုပ်ငန်းအရပ်ရပ်ကို ကိုယ်စားလှယ်တော်နှင့် လွှဲအပ်ကာ စုန်ဆင်းစေခြင်းကို ပြုစေ၍ ကူးသန်းရောင်းဝယ်ခြင်းဖြင့် တိုင်းပြည်၏အကျိုးကို သယ်ပိုးဆောင်ရွက်ကာ နေလေ၏။

မောင်ခွေးမှာကား ကျွန့်ဘဝမှ လွတ်မြောက်ရန် ဝေးလျက်နေခြင်းကြောင့် ၎င်း၏ ရှင်ဘုရင် ဖြစ်လိုသော စိတ်မှာ အရူး၏ ကယောင်ကတမ်း တွေးဆခြင်း၊ ဘိန်းစား၏ စိတ်ကူးခြင်းမျှကဲ့သို့သာ ဖြစ်နေလေ၏။ မောင်ဖြိုးနှင့် ကျေးဥလည်း မောင်ခွေးအတွက် စိတ်ကူးကြံဆကာ၊ အထူးလုံးပန်းကာ ရှိနေ၏။

တစ်နေ့သ၌ ပုဏ္ဏားတစ်ယောက်ကို သူဌေးကြီးဦးမျိုးညွန့်မှာ အသက်အရွယ် ကြီးရင့်လာပြီအတိုင်း ဇာတာကိုစစ်ဆေးရန် မောင်ဖြိုးနှင့် မယ်ကျေးဥသည် ပင့်ခေါ်လေ၏။ ပုဏ္ဏားလည်း သူဌေး၏ ရှေးဟောင်းနှောင်းဖြစ် အရပ်ရပ်ကို တွက်ချက် ဟောပြောပြီးနောက် အနာဂတ်ရေးကို ဤသို့ ဟောပြောပြန်လေ၏။

'သူဌေးကြီးမှာ လဂ်ပေါ်မှာ စနေစီးပြီး စန်းပေါ်မှာ ရာဟုစီးနေလို့ ဟောရမှာ အတော်ခက်နေပြီ သူဌေးမင်း'

'ဟောသာ ဟောပါ မင်းဆရာ'

'ဟုတ်ကဲ့၊ ဟောရမယ်ဆိုရင် သည်အိမ်မှာ ကိုယ့်အောက်က စနေသား ရှိရမယ်'

'ရှိပါတယ်'

'သည်စနေသားအတွက် အင်မတန့်ကို သူဌေးကြီးမှာ အထိအခိုက် များရလိမ့်မယ်'

'ဘယ်လို များရမှာလဲ မင်းဆရာ'

'အထိအခိုက်က သိပ်ကိုကြီးနေတယ်။ စနေသားသာ သူဌေးကြီးရဲ့ လက်အောက်မှာ ရှိနေရင် ရာဇဝတ်ဘေးဒဏ် တွေ့ပြီး သူဌေးမင်း ခန္ဓာကြွေဖို့ မြင်တယ်'

'ယတြာချေလို့ မရနိုင်ဘူးလားဗျာ'

'မရနိုင်ဘူး၊ သူဌေးမင်းမှာ အစီးအနင်းက သိပ်ကို ကြီးနေတယ်။ သည်စနေသားကို အိမ်က မောင်းထုတ်လိုက်မှ ရန်များ အေးရလိမ့်မယ်'

ထိုအခါ သူဌေးကြီးသည် မျက်ရည်ကျလာ၍ ... 'မင်းဆရာ၊ ငွေးဟာ ငယ်ကတည်းကစပြီး ကျုပ်ရဲ့အိမ်မှာ ကျွန်ဖြစ်လာရတယ်။ သည်အကောင်ဟာ အင်မတန် သစ္စာကတိ ရှိတယ်။ သူ့ကြောင့်ပဲ ကျုပ်မှာ စီးပွားတက်လာပြီး သူဌေးကြီး ဖြစ်ရပါတယ်။ ကျုပ်မှာ သား မရှိ၊ သူပဲ ကျုပ်သားပဲ။ စနေသားဆိုရင်လည်း အိမ်မှာ သူ တစ်ယောက်ပဲ ရှိတယ်။ သူ့ကို ကျုပ် ဘယ်နည်းနှင့်မှ နှင်မထုတ်နိုင်။ ရာဇဝတ်ဘေးဒဏ်ကိုပင် ကျုပ် ခံတော့မယ်။ ကျုပ် သေရင်လည်း သေပေစေတော့၊ ကျုပ်ရဲ့သားကိုတော့ ကျုပ် မျက်စိကွယ်ရာမှာ ဆင်းရဲကြီးစွာ ရောက်မှာကို တွေးမိတိုင်း ဆွေးလွန်းလို့ မောင်းမထုတ်နိုင်ဘူး မင်းဆရာ' ဟု ဆိုလေ၏။

ထိုအခါ ကျေးဥသည် ကြားဝင်၍ ဤသို့ ပြောဆိုလေ၏။

'ဖေဖေက အမိန့်ရှိတာလည်း မှန်ပါတယ်။ ကျွန်မတို့ ဦးလေးကို အင်မတန် ချစ်ပါတယ်။ အားလည်း ကိုးပါတယ်။ ဒီအိမ်က ထွက်သွားတာကို ကျွန်မတို့လည်း မလိုပါ။ အဲဒီတော့ ကျွန်စာရင်းကို ဖျက်ပြီး ဒီမှာပဲ နေပါစေလား ဖေဖေရယ်'

'ဘာထူးမှာလည်း သမီးရယ်၊ ငုံ့ကြည့်တာနှင့် လျှိုးကြည့်တာလိုပဲ နေမှာပေါ့'

'မထူးဘဲ ရှိပါ့မလား ဖေဖေရယ်၊ ယတြာကောင်းတော့ မင်းလောင်းတောင် ပပျောက်ရပါသတဲ့။ အဲဒီတော့ ဦးလေးခွေးကို ကျွန်စာရင်းက ဖျက်လိုက်ပြီး "ဒီအိမ်က လွတ်လိုက်ပြီ၊ သွားလိုရာ သွားနိုင်တယ်" လို့ ရှင်လူရဟန်းတို့ရှေ့မှာ ကြေညာရုံပါ။ ဦးလေးခွေးလည်း ဒီအိမ်မှတစ်ပါး ဘယ်မှာမှ ကိုးကွယ်ရာမရှိလို့ အခြားကို တစ်ရက် နှစ်ရက်တန်သည် ဆိုသလို ကိစ္စတစ်ခုနှင့် သွားလိုက်၊ အိမ်ကို ပြန်လာလိုက်နှင့် ဧည့်သည်အဖြစ်နှင့် နေစေတာပေါ့ ဖေဖေရယ်'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ် သူဌေးမင်း။ ဒီစကားကို ပုဏ္ဏားအလွန်သဘောကျပါတယ်။ သူဌေးမင်းရဲ့သမီးက အင်မတန် ဉာဏ်ရှိပါကလား'

*

သူဌေးကြီးသည် ကျေးဥ၏စကားအတိုင်း မိမိ၏အိမ်၌ အလှူကြီးအတန်းကြီး ပေးပြီးသော် ရှင် လူ ရဟန်းတို့၏ ရှေ့တွင် ငခွေးကို ရွေးရည်၊ ငွေရည် သွန်းလောင်းပြီးသော် ကျွန်စာရင်းမှ ပယ်ဖျက်လိုက်ရာ လူအများတို့သည် များစွာ သာခုခေါ်ကြကုန်၏။ မောင်ခွေးလည်း ကျွန်စာရင်းမှ လွတ်သောအခါ သူဌေးကြီး၏ အိမ်တွင်ပင် နေ၍ ၎င်း၏ကြံစည်ဖွယ် အရပ်ရပ်တို့ကို စတင်သဖြင့် ငဖြိုးနှင့် ကျေးဥတို့သည် ငခွေးအား ငွေများကို လိုသလောက် ထောက်ပံ့ကာ ရှိနေလေ၏။

ထိုခေတ်၌ကား လူတို့သည် တောင်လဲရာ မြက်ပြတ်၊ မြေနိမ့်ရာ လှံစိုက် ဖြစ်နေသဖြင့် လက်လုပ်လက်စား ဆင်းရဲသားတို့ အလွန်ပေါများနေ၍ များစွာ ကျွန်ဖြစ်ကြရကုန်၏။ ထိုသို့သော သူအပေါင်းတို့မှာ အကြားအမြင် အလွန်နည်းပါးကြသည့်အတိုင်း မိမိတို့မှာ ပါးစပ်မရှိသည်ကို မသိကြဘဲ မင်းညံ့၍ များစွာ ဆင်းရဲကြသည်ဟု အယူရှိကြလျက် မင်းကောင်းမင်းမြတ် သို့မဟုတ် ဘုန်းရှိသော မင်း ပေါ်ပေါက်ရန်ကို အလွန်အမင်း တောင့်တနေကြကုန်လျက် ကာလပျက်လျှင် ကျွန်ဘဝက လွတ်ကြရမည်ဟုလည်း ကာလပျက်ရန်ကို မျှော်လင့်နေသူတို့လည်း အများ ရှိကြ၏။

မောင်ဖြိုးနှင့် ကျေးဥတို့လည်း ဤသို့ ကြံစည်ကြကုန်၏။ စလေမြို့နှင့် စလေမြို့ အနီးအပါးရှိ အရပ်တို့က ကျွန်ပေါင်းများစွာတို့ကို မိမိတို့၏ သခင်များ၏ အိမ်မှ အတင်း ထွက်လာကြစေရန် နှိုးဆော်ရမည်။ ထွက်လာသော ကျွန်တို့ကို သခင်တို့က အတင်းဖမ်းယူသောအခါ ထိုသခင်တို့၏ အိမ်များကို တိုက်ခိုက်ကြရမည်။ ထိုအခါ မြို့ဝန် မြို့ချုပ်တို့က သခင်များဘက်က ကူညီခဲ့လျှင် ၎င်းတို့ကို ဖမ်းဆီး ကွပ်မျက်ပြီးနောက် စလေမြို့ကို စီးနင်းအုပ်ချုပ်ပြီးသော် လူသူ ဆင်မြင်းတို့ကို ငွေအားနှင့် စုဆောင်းကာ ဗိုလ်ဝင်ခံရမည်။ ထိုအခါ မယ်မင်းပူး၏ ကံ၌ မြှုပ်ထားခဲ့သော တပ်သားများကို မောင်ဖြိုးက အမြန်ခေါ်ယူကာ အသုံးပြုရမည်။

ပုဂံမြို့နှင့် အနီးအပါး အရပ်တို့မှလည်း ထိုနည်းလည်းကောင်း စလေမြို့ထက် သုံးရက် နောက်ကျပြီးသော် တော်လှန်စေရမည်။ လက်လုပ်လက်စား ဆင်းရဲသားများကို ကျွန်များဘက်က ပါဝင်အောင် ငွေနှင့် မျှားလျက် ဟောပြော သိမ်းသွင်းရမည်။ ထိုကျွန်များအား မောင်ခွေးက ဓား လှံ လေး စသော လက်နက်များ ပြည့်စုံအောင် ထောက်ပံ့ပေးရမည်။

ထိုအခါ ဘုရင့် စစ်သည်တော်များသည် ကျွန်များနှင့် တိုက်ခိုက်ကြရပေလိမ့်မည်။ ထိုသို့ တိုက်ခိုက်ရာ၌ မောင်ခွေးက စလေမြို့မှ ရေတပ် ကုန်းတပ် ချီတက်ပြီးသော် ကျွန်များနှင့် အသည်များဘက်က ကူညီရမည်။ အကယ်၍ ကူညီသဖြင့် မနိုင်နင်းခဲ့သော် မမင်းပူး၏ အကူအညီဖြင့် တောင်စဉ်က တပ်များကို ခေါ်ယူ၍ နိုင်အောင် တိုက်ရမည်။ သည်သို့ကူညီ၍မျှ မနိုင်ခဲ့လျှင် ဉဿာ၊ ပြည် စသော မြို့တို့မှ စစ်သည်တော်များကို သင်္ဘောနှင့် တင်ဆောင်လာ၍ ပုဂံနှင့် စလေ အကြားတွင် တပ်ကြီးအခိုင်အခံ့ တည်နိုင်ရန် မောင်ဖြိုးက စီစဉ်ရမည်။ ဤနည်းဖြင့် ပုဂံပြည်ကြီးကို တိုက်ခိုက် သိမ်းယူ၍ မောင်ခွေးကို မင်းမြှောက်ခြင်း ပြုရမည်။

ထိုကဲ့သို့ ကြံစည်ကြပြီးနောက် မောင်ခွေးသည် ဓားကို လွယ်လျက် လှံကို ကိုင်စွဲပြီးသော် မြင်းနီချိပ်ကြီးကို စီးပြီးလျှင် အိမ်မှ ထွက်သွားလေ၏။ ထိုသို့ ထွက်သွားပြီးနောက် ဆင်းရဲသား အသည်များစွာနှင့် မင်းအိမ် ကျွန်တို့ကို ငွေနှင့် ဖြားယောင်းကာ ၎င်း၏ ဘက်သား ဖြစ်စေရန် သိမ်းသွင်းခြင်း ပြုလေ၏။ အချို့ကျွန်များကို လည်း ငွေကြေးပေး၍ တော်လှန်စေ၏။ လူပေါင်းများစွာကလည်း ဟိုအခါက ငခွေး အပေါ်၌ မေတ္တာထားရင်းစွဲ ရှိရာတွင် ထိုအခါ၌ သော်ကား များစွာ ချစ်ကျွမ်းတဝင် ပြုကြလျက် အားကိုးအားထား လည်း ပြုလာကြကုန်၏။

ငခွေးသည် ထိုကဲ့သို့ အိမ်က ခွာသွား၍ ခုနစ်ရက်မြောက်သော နေ့၌ အိမ်သို့ ပြန်လာပြီးလျှင် မောင်ဖြိုးနှင့် ကျေးဥအား ဤသို့ ပြန်ကြား ပြောဆိုလေ၏။

'တူနှင့် တူမကြီးတို့၏ အကြံသည် ကောင်းပါ၏။ သို့ရာတွင် ထိုသို့သော အကြံကို ငါမှတစ်ပါး အခြား သူဌေးသူကြွယ်များ၊ ၎င်းတို့နှင့် မကင်းရာ မကင်းကြောင်း ဖြစ်သော အသည်များတို့သည်

သဘောကျ ရှိကြလိမ့်မည် မဟုတ်ပေ။ တစ်ဖက်တစ်လမ်းဖြစ်၍ ရန်ဘက်ပင်လည်း ဖြစ်လာကြပေလိမ့်မည်။ ၎င်းတို့၏ဘက်၌လည်း အရည်းတို့နှင့် အရည်းတို့၏ ဒကာ ဒကာမတို့သည် မုချ တည်နေပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့၏အားသည်လည်း နည်းလိမ့်မည်မဟုတ်ပေ။ သို့သော် ၎င်းတို့ကို နှိမ်နင်းနိုင်သည်ဟု ထားဦးတော့၊ နောက်ဆုံးတွင် ဘုရင့် စစ်သည်တော်တပ်များနှင့် ငါတို့သည် အကြီးအကျယ် တိုက်ခိုက်ရသဖြင့် တိုင်းပြည်သည် ထောင်းထောင်းညက်ညက်ကြေရပေတော့မည်။ ထိုသို့ ကြေမွပြီးသော နိုင်ငံ၌ မင်းလုပ်ရခြင်းသည်လည်း အင်အားရှိဖို့ရာ မမြင်ချေ။ အင်အား မရှိသော မင်းကိုလည်း တစ်ပါးမင်းက နှိမ်နင်းရန် အလွန် လွယ်ကူပေသည်'

ငဖြိုးနှင့် ကျေးဥလည်း နားစိုက်လျက် ရှိ၏။

'အကယ်တည့် ငါတို့သည် ဘုရင့်စစ်သည်တော်များကို မနိုင်နင်းခဲ့သော် မောင်ဖြိုး၏ အစီအစဉ်အတိုင်း တောင်စဉ်က တပ်ကြီးကိုယူ၍ တိုက်ခိုက်မည်မှာ အထူးဝေဖန်ရန် မသင့်သော်လည်း ဥဿာ၊ ပြည် စသော နိုင်ငံတို့မှ စစ်သည်တော်များကို ယူ၍ တိုက်ခိုက်ခြင်းဖြင့် ငါတို့က နိုင်နင်းမည် ဆိုပါဦးတော့။ ငါတို့သည် ၎င်းတို့ကို ခန့်ညားလေးစားရပေတော့မည်။ တိုင်းပြည်တစ်ပြည်သည် တိုင်းပြည်တစ်ပြည်ကို ခန့်ညားလေးစားရချေသော် ထိုတိုင်းပြည်မှာ တိုင်းပြည်တည်းဟူသော အရသာသည် ရှိနိုင်ဖို့ မမြင်တော့ပေ။ ငါတို့၏ ရဲမက်ရင်းများမှာလည်း ယနေ့ နက်ဖြန်မှ စစ်သား ဖြစ်ရသော သူတို့သာဖြစ်မည်မှန်၍ ကျင့်သားရနေပြီးသော ဘုရင့် တပ်သားများလောက်စွမ်းရည်သတ္တိ ရှိကြလိမ့်မည် မဟုတ်။ ဘုရင့်စစ်သည်တော်နှင့်မင်းပိုင်း စိုးပိုင်းကလည်း ငါတို့၏ အကြံအစည်ကို သဘောတူညီသူရှိကြလိမ့်မည် မဟုတ်ပေ'

'ဆိုပါဦးလေ'

'ငါသည် တူ၊ တူမများအား ထိုကဲ့သို့ အကြောင်းအခွင့်ကို ပြောရသည်မှာ သတ္တိနည်း၍ မဟုတ်။ မြင်းရေး ဆင်ရေး၌ အလွန် ကျင်လည်ပါးနပ်သော တံနက်မင်းကြီးနှင့် မည်သည့် အခါမဆို ငါသည် စီးချင်းထိုးဝံ့၏။ ငါ့အသက်ကို ငါသည် ဖက်ရွက်ခြောက် တစ်ရွက်မျှလောက် အဖိုးမထား။ သခင်တို့၏ နှိပ်စက်ခြင်းကို ခံနေရသော ကျွန်များနှင့် ငွေ့ရှင်ကြေးရှင်များ လွှမ်းမိုးခြင်းကို ခံနေရသည့် လက်လုပ်လက်စားများ၊ မင်းမှီ ကပ်ပါး မင်းခစားတို့နှင့် မင်းစိုး အရာရှိတို့၏ မင်းမှုတိုင်းကို ခံနေရသော အသည်များတို့အား အလွန် ကြင်နာ သနားပါ၏။ မိမိတို့ထက် သူတို့ကို ပိုမို အလေးထား၍ အချိန်မရွေး ၎င်းတို့၏ ရှေ့က မားမားမတ်မတ် ရပ်ဝံ့ပါ၏။ ရှင်ဘုရင် အဖြစ်ကိုလည်း ငါ တောင့်တပါ၏။ သို့စဉ်လျက် လူများ၏ အေးချမ်းသာယာ ကောင်းစားခြင်းကို လိုလားခြင်းကြောင့် ဘုရင်ဖြစ်လိုသော မောင်မယ်တို့၏ ဦးလေးခွေးသည် တိုင်းပြည် ကသောင်းကနင်း ဖြစ်ခြင်းကြောင့် သူတော်ကောင်းစိတ် ရှိသေးသော အရည်းများ၊ အပြစ်မဲ့သော မိန်းမများနှင့် ကလေးပေါင်း များစွာတို့၏ အသက်ကိုပါ ထိပါးလိမ့်မည်ကို စိုးရိမ်လှပါသည်'

'ဒါလည်း အကြောင်းပဲ ဦးလေး'

'စင်စစ် ငါတို့ ကြံခဲ့သော အကြံမှာ အသက်ပေါင်း များစွာကို လှေကားနင်းခုံ ပြုလုပ်၍ မိမိ၏ကောင်းစားရေး ညည့်ခန်းသို့ တက်ပြီးလျှင် အပြစ်မဲ့သူတို့၏ ခေါင်းကို နင်းလျက် အောင်သေသောက်စားယစ်ကျွေးသကဲ့သို့ ဖြစ်ရပေလိမ့်မည်။ ထို့ကြောင့် ယခင်က အကြံများသည် မဟန်သေးတော့တကား'

ထိုအခါ ကျေးဥသည် မိန်းမပီပီ ဤသို့ ဆင်ခြေတုံ့တက်ကာ ဆိုပြန်၏။

'ဦးလေး၊ တိုင်းပြည် အေးချမ်းသာယာ စည်ပင်၍ ဆင်းရဲသား

သည်ရှိသော် မှူးမတ်အားလုံးတို့သည် ကိုယ်၏နောက်သို့ ပါလာရမည်။ ထိုအခါ နန်းရင်းဝန်ကြီး အဖြစ်နှင့် ဘုရင်ကို လက်ထဲတွင်ထားနိုင်ပေလိမ့်မည်။ သို့မဟုတ် ဘုရင်ပြုလုပ်ဖို့ လွယ်ကူလိမ့်မည်" ဟု မောင်ခွေး၏ အကြံအစည် စိတ်နေသဘောထားကို များစွာ သဘောကျ၍ အရေးအခွင့် အရပ်ရပ်ကို ညှိနှိုင်းတိုင်ပင်ပြီးသော် ၎င်း၏ ယောက္ခမကြီး စိတ်ကျေနပ်အောင် ခြောက်လခန့်နေပြီးလျှင် ငခွေးကို ခေါ်ဆောင်၍ ပုဂံပြည်သို့ ဆန်တက်သွားလေ၏။ ပုဂံသို့ရောက်လျှင် ငဖြိုးသည် တံနက်မင်းကြီးထံသို့ ဝင်ရောက်လျက် ငခွေးနှင့်အတူ လက်ဆောင်ပဏ္ဏာတို့ကို အထူးပြုပြီးသော် ခစားလေ၏။

တံနက်မင်းကြီးလည်း အဝယ်တော် မောင်မောင်ဖြိုး၏ ထူးဆန်းသော လက်ဆောင်ပဏ္ဏာ ထည်မျိုး အုပ်မျိုးတို့နှင့် ပင်လယ်ကုန်များတို့ကို သိမ်းယူတော်မူပြီးလျှင် အစေ့အစပ် စကားတို့ကို ပြောကြလေ၏။ ငဖြိုးလည်း ပရိယာယ်အမှုကိုပြုလျက် မိမိ၌ ဂျွမ်းပြည်မှ ရရှိခဲ့သော လူစွမ်းကောင်း တစ်ယောက် ပါလာသည်ဟု ငခွေးကို ညွှန်ပြကာ လျှောက်ထားလေ၏။

ငခွေးကား လူလုံးလူဖန် အလွန် ထွားကျိုင်း၏။ အသားအရေနက်၏။ အရပ်ရှည်၏။ နားတွင် စိန်နားတောင်းကို ပန်လျက် နီလှစွာသော ဦးရစ်ခေါင်းပေါင်းကို ပေါင်းဆင်ထားလေ၏။ နီစွာသော အင်္ကျီ၊ နီစွာသော ပုဆိုးတို့ကို ဝတ်ထား၏။ ရုတ်တရက် ကြည့်သော် သူရဲနီကြီးဟု ထင်မှတ်ဖွယ် ဖြစ်၏။

မင်းကြီးသည် ငခွေးကို သေချာစွာကြည့်၍ လူစွမ်းရှိသတတ်ဟု အောက်မေ့၏။ တံနက်မင်းကြီးသည် မြင်းရေး၌ အထူးကျင်လည်တတ်စွမ်းသည်အားလျော်စွာ လူရေးလူစ ကောင်းသော သူတို့ကိုလည်း အလွန် နှစ်သက်ခုံမင်သဖြင့် ငခွေးဘက်သို့ မျက်နှာမူလျက်

'လှူစွမ်းကို ပြနိုင်ရဲ့လား' ဟု မေးတော်မူ၏။ ငခွေးလည်း ပြနိုင်ကြောင်းနှင့် လျှောက်ထား၏။

ထိုအခါ တံနက်မင်းကြီးသည် 'ဆင်တင်းကုပ်မှ အမုန်ယစ်သော ဆင်ပြောင်ကို လွှတ်စေမည်၊ လက်နက် တစ်စုံတစ်ရာမျှ မပါဘဲ ကောက်ပြီးလျှင် စီးနိုင်အံ့လော့' ဟု မိန့်တော်မူ၏။ ငခွေးလည်း 'အကြမ်းဆုံးသော ဆင်တော်ကို လွှတ်တော်မူပါလော့' ဟု လျှောက်တင်ကာ နန်းတော်ပေါ်မှဆင်း၍ အောက်ပိုးကျိုက်ကာ လက်ခမောင်း ခတ်ပြီးလျှင် နေနှင့်၏။

ထိုအခါ၌ ဆင်ပြောင်ကြီးသည် မုန်ယစ်လျက် အတင်းပြေးလာ၏။ ငခွေးလည်း လက်ပမ်းပေါက်ခတ်ကာ အသံပေး၍နေ၏။

မြေနန်းနှင့် ကြမ်းပြင်ပေါ်မှ မင်းညီ မင်းသားများ၊ မှူးမတ်ဗိုလ်ပါများ၊ နန်းတွင်းသူ နန်းတွင်းသားများတို့သည် ကြိတ်ကြိတ်ခဲလျက် ကြည့်နေကြကုန်၏။ အနီးအနား သစ်ပင်များပေါ်မှလည်း လူတို့သည် အပြည့်အနှက် တက်၍ ကြည့်ကြကုန်၏။ တံနက်မင်းကြီးကိုယ်တော်တိုင်လည်း နန်းမြင့်ပေါ်က နေပြီးလျှင် မိဖုရားများနှင့် ရှုစားတော်မူ၏။

အမုန်ယစ်သော ဆင်ပြောင်ကြီးသည် အသံကြားရာသို့ ထိုးအံ့သောငှာ တစ်ဟုန်တည်း ပြေးလာရာ အနီးသို့ရောက်ကာလ၊ ငခွေးသည် လက်ဟန်ချီ၍ 'ဟဲ့' ဟု အာဏာသံပါပါနှင့် ငေါက်လိုက်လေ၏။

ဆင်ကြီးလည်း ရပ်တန့်ပြီးသော် တစ်ဖက်သို့ ဝေ့သွား၏။

'ဟယ်' ဟု ဆိုလိုက်သော ပရိသတ်တို့မှ တစ်ခဲနက်သော အသံကြီးသည် ပွဲတင်ထပ်သွားလေ၏။

ငခွေးသည် တစ်ဖန် ဆင်ရှေ့သို့သွား၍ လက်ပမ်းပေါက်ခတ်ကာ လူရေးပြနေ၏။ ဆင်ကြီးသည် ဤခါသော်ကား မျက်စိကို

စုံမိုက်၍ ငခွေးကို အတင်းထိုးစိုက်လိုက်ရာ 'သေပြီ' ဆိုသော အသံကြီးသည် ပရိသတ်တို့မှ တုန်ဟည်းသွားလေ၏။

ငခွေးကား ဣန္ဒြေမပျက်ဘဲ ချက်တစ်ဖြုတ် ရှောင်တိမ်းလိုက်ကာလ၊ ဆင်ကြီး၏ အစွယ် နှစ်ချောင်းသည် မြေတွင် ထိုးစိုက်နေလေ၏။ ဟယ် ... ဆိုသော လူထုကြီးမှ အသံသည် ပွဲတင်ထပ်သွား၏။ ထိုအခါမှ ငခွေးသည် ညာ:ကျင်သော ထိုဆင်၏ ဘယ်ဘက်အစွယ်ကို နင်းပြီးလျှင် ဦးကင်းပေါ်သို့ အမြန်တက်ကာ စီးမိလေ၏။

ဆင်ကြီးကား မြေမှ မိမိ၏အစွယ်ကို နုတ်၍ နီစွာသော မျက်လုံးနှစ်ဖက်နှင့် စိတ်ဆိုးလွန်းလျက် မာန်ထပြီးသော် ဦးကင်းပေါ်ကလူကို ခါချ၏။ ငခွေးကား ဆင်စီးအတတ်၌ တစ်ဖက်ကမ်းခပ်သဖြင့် ဆင်၏ နားရင်းကို ဒူးနှစ်လုံးနှင့် ညှပ်ပြီးသော် 'ဟဲ့' ... ဆိုကာငေါက်လျက် နားအုံဝကို လက်နှင့်ပိတ်ကာ ချလိုက်လေရာ ဆင်ကြီးသည် ကျည်ကျည်မြည်၍ ဆတ်ဆတ်တုန်နေလေ၏။

ဆင်ပြောင်ကြီးသည်ကား မိမိ၏ ဦးကင်းပေါ်မှ လူသည်မိမိကို နိုင်နင်းကြောင်းသိကာလ ရပ်၍ နားရွက်ခတ်ကာ နေ၏။ ထိုအခါမှ ငခွေးသည် ဆင်ကြီးကို ဘုရင်မင်းမြတ် ရှိရာသို့ သွားစေပြီးသော် ဦးတိုက်ကန်တော့ပြီးနောက် ဆင်တင်းကုပ်တွင်းသို့ သွင်းသွားလေ၏။

ဘုရင်မင်းမြတ်လည်း အံ့လောက်အောင် တော်ပေစွဟု ချီးမွမ်းပြီးသော် ဆုလာဘ်သပွကာ များစွာပေးလျက် နက်ဖြန်တွင် တစ်ပွဲကြည့်လိုသေးသည်ဟု ပြန်လွှတ်လိုက်၏။ ပွဲတော်စာကိုလည်း စိတ်၍ပို့စေလေ၏။

တံနက်မင်းကြီး၌ အလွန် အားကောင်း၍ အလွန် ကြမ်းတမ်းသော မြင်းလားကြီးတစ်ကောင်သည် ရှိ၏။ ထိုမြင်းကြီးကို မည်သူမျှမစီးဝံ့ကြချေ။ လွှတ်၍ထားလျှင်လည်း တွေ့သမျှသော အခြား မြင်း

များကို ကိုက်ခဲ ကန်ကျောက်ခြင်း၊ လူကိုတွေ့လျှင်လည်း ထိုကဲ့သို့ ပြုမူခြင်းတို့ကြောင့် ဇောင်းထဲတွင် သွင်းလှောင်ထားလျက် ခုနစ်ရက် တစ်ကြိမ်မှ မြို့ကို မောင်းလည်ပြီးလျှင် လွှတ်ရ၏။

နောက်တစ်နေ့၌ ငခွေးသည် နီစွာသော ခေါင်းပေါင်းကို ပေါင်း၍၊ နီစွာသော အင်္ကျီကို ဝတ်လျက်၊ နီလှသော ပုဆိုးကို မင်းသား ကြီးဟန် အောက်ပိုးကျိုက်ပြီးလျှင် တာကွင်းကြီးထဲ၌ နေနှင့်ရာ နား နှစ်ဖက်မှ ကျောက်နီ နားတောင်းသည် နေရောင်ခြည်ထဲ၌ တဖျတ်ဖျတ် တောက်ပကာ နေလေ၏။

လူများသည် မနေ့ကထက် မြောက်မြားစွာ ကြည့်ကြလျက် ထူထပ် ပြည့်ခဲကာ ရှိ၏။ ထိုခဏ၌ ဘုရင့် မြင်းဇောင်းတော်ထဲမှ မြင်းနီချိပ်ကြီးသည် မြူးထူးကာ ဟီလျက် ကဆုန်ချ၍ ပြေးလာရာ ငခွေးလည်း လက်ပမ်းပေါက်ခတ်ခြင်း၊ လက်ခုပ်တီးခြင်းတို့နှင့် အသံပေးကာ နေ၏။

မြင်းလားကြီးသည် လည်ဆံဖားဖားနှင့် ငခွေး ရှိရာသို့ အတင်း ပြေးလာရာ များလှစွာသော လူထုကြီးသည် တိတ်ဆိတ်ငြိမ်ဆိမ် လျက် တစ်စုံတစ်ရာမျှ အသံမပြုကြဘဲ နေသဖြင့် အပ်ကျလျှင်ပင် ကြားရလုဘနန်း ရှိချေ၏။

မြင်းလားကြီးသည် ငခွေး၏ရှေ့သို့ ရောက်လာလတ်သော် 'ဟဲ့' ဟု ငေါက်ကာ ငခွေးသည် အာဏာသံကိုပေးကာလ မြင်းကြီး သည် အဟုန်ကို ရပ်တန့်ပြီးသော် အခြားသို့ ဦးသုန်ကာ ပြေးသွား လေ၏။

တစ်ဖန် ငခွေးသည် မြင်းနှင့် မနီးမဝေးသို့ လိုက်၍ လက်ခုပ် တီးခြင်း၊ လက်ပမ်းပေါက်ခတ်ခြင်းတို့ကို ပြုပြန်ရာ မြင်းကြီးသည် အဟုန်ပြင်းစွာနှင့် ငခွေး ရှိရာသို့ ကိုက်ကန်အံ့သောငှာ ပြေးလာ ပြန်၏။ ထိုအခါ၌ ငခွေးလည်း တိမ်းလိုက်ပြီးသော် မြင်းပေါ်သို့

ခုန်တက်လိုက်သည်ကို ပရိသတ်တို့သည် လွှားခနဲသာ မြင်လိုက်ကြရကုန်၏။ ပရိသတ်တို့၏ သြဘာသံကြီးလည်း ကြောက်ခမန်းလိလိ ပွဲတင်ထပ်သွားလေ၏။

ထိုအခါ၌ မင်းစင်ပေါ်မှ ကြည့်နေသော ကျေးဥသည် ဝမ်းသာလွန်း၍ လက်ခုပ်တီးကာ 'ကိုကိုဖြိုး၊ ဦးလေးဟာ သိပ်တတ်တယ်နော်၊ သူ ဘယ်မှာ သင်ပါလိမ့်မလဲ' နှင့် မေးနေရာ ... 'နေစမ်းပါဦး၊ တိုးတိုးကလေးဗျ၊ တိုးတိုးကလေး။ ဟိုငယ်ငယ်က တောင်ယာထဲ၊ လယ်ကွင်းထဲတွေမှာ လေ့ကျင့်နေတာပေါ့၊ သူများ သိပါမယ်' ဟု ငဖြိုးသည် တိုးတိုးကလေး ပြန်ကာ ပြောလေ၏။

ငခွေးသည် မြင်းပေါ်၌ မြင်း၏လည်ဆံကို ကိုင်လျက် ဒူးနှစ်ဖက်နှင့် ညှပ်ကာထားရာ မြင်းကြီးသည် မတတ်နိုင်ဘဲ ကိုက်ရန်လှည့်၍ အားထုတ်၏။ ငခွေးလည်း မြင်း၏ ပါးသွယ်ကို လက်ဝါးနှင့်နှံလိုက်ရာ မြင်းကြီးသည် ငြိမ်လျက် ဇက်စင်းကာ နေရလေ၏။ ထိုအခါမှ ငခွေးသည် မြင်းကို အသားကျ၊ ဆင်ဟန်၊ ကဆုန်၊ ဒုန်းစသည်ဖြင့် အမျိုးမျိုး စီးပြပြီးနောက် မြင်းစီးသူရဲကောင်းသည် မြင်းကိုအထွေထွေ စီးပြဘိသကဲ့သို့ မြင်းကြမ်းကြီးကို နိုင်နင်းစွာ စီးပြလေ၏။

မင်းနှင့်တကွ ပရိသတ်တို့သည် ငခွေးအား များစွာ သြဘာပေးကြကုန်၏။ မင်းကြီးလည်း ငခွေးအား ဆုလာဘ်များစွာပေး၍ အလွန် အားရနှစ်သက်သောကြောင့် စစ်သူကြီးရာထူးနှင့် ချီးမြှင့်မြှောက်စားရန် ကြံရွယ်ခြင်း ပြုလေ၏။

လူတို့ မည်သည်မှာလည်း လက်ရုံးရည် ကောင်းတိုင်း၊ နှလုံးရည် ကောင်းတိုင်း ကောင်းစားရမြဲ ဓမ္မတာ မဟုတ်ချေ။ လူတစ်ဦးတစ်ယောက်၏ အပေါ်၌ ချီးမွမ်းခြင်း၊ မြှောက်စားလိုခြင်းတို့ ရှိဘိသကဲ့သို့ နိမ့်ချကဲ့ရဲ့ခြင်း၊ ငြူစူဝန်တိုခြင်းတို့လည်း ရှိတတ်ချေသေးသည်။

ငခွေးမှာလည်း ၎င်း၏စွမ်းရည် ဂုဏ်ထူးကြောင့် မင်းနှင့်တကွ မိဖုရား မောင်းမမိဿံများ၊ များလှစွာသော ဗိုလ်ထုများက နှစ်သက်ကြသည်နှင့်အညီ မင်းကြီးသည် အလွန်အကြူး ချီးမြှင့်မြှောက်စားလိုသော်လည်း မင်းကြီး၏ထံပါး၌ ခစားထမ်းရွက်နှင့်ပြီးသော မှူးကြီး၊ မတ်ရာ၊ သေနာပတိတို့ကမူကား ယုတ်ညံ့သော မင်းမှုထမ်း၊ မင်းမှီ ကပ်ပါးတို့၏ စရိုက်အတိုင်း ငခွေး၏ စွမ်းရည်ထူးကြောင့်ပင် ငခွေးအား မနာလို ဝန်တိုစိတ်တို့သည် တဖွားဖွား ပေါက်ပွားနေလေ၍ မင်းကြီးအား ဤသို့လျှင် အညီအညွတ်ပြုကာ ဟန့်တား လျှောက်ထားကြကုန်၏။

'အရှင်မင်းကြီး၊ လောက၌ ချီးမြှင့်မြှောက်စားခြင်း မည်သည်ကို သတိပြု၍ လိမ္မာရာ၏။ အကြင်သူ တစ်ယောက်သည် လက်ရုံးရည်နှင့် သော်လည်းကောင်း၊ နှလုံးရည်နှင့် သော်လည်းကောင်း အထူးပြည့်စုံ၏။ သို့ရာတွင် သစ္စာမရှိ၊ သမာဓိမရှိ၊ ကျေးဇူးသဘောကို မသိရှိချေသော် ထိုသူအား ချီးမြှင့်မြှောက်စားမိလျှင် ရန်သူအား ဓားလက်နက်ကို အပ်၍ အိပ်ဖန်စောင့်ထားသည်နှင့် အလားတူ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်လည်း အဆိပ်ကို ဆေးနှင့် ရောထားသကဲ့သို့ ဖြစ်ချေသည်။

'ယခု ဂျွမ်းပြည်သားဟု ဆိုသော ငခွေးသည်ကား စွမ်းရည်သတ္တိထူးနှင့် ပြည့်စုံသောသူတည်း။ သို့ရာတွင် အရှင်မင်းကြီး၏ ရှေ့တော်မှောက်၌ ခစားမိသည်မှာ နှစ်ရက်သာလျှင် ရှိပေသေးသည်။ ထိုသူ၏ ကျေးဇူးသစ္စာတည်ပုံ၊ သမာဓိရှိပုံတို့ကို ကျွန်တော်မျိုးတို့လည်း မသိ၊ အရှင်မင်းကြီးလည်း မသိ ဖြစ်ချေသည်။ အသို့လျှင် ကြီးမြင့်လှသော ရာထူးနှင့် ရုတ်တရက် ချီးမြှင့်သင့်ပါသနည်း။ သင့်လျော်အပ်သော ရာထူးငယ်မျှနှင့်သာ ချီးမြှင့်မြှောက်စားတော်မူသင့်ပါသည်'

မင်းကြီးလည်း ဤသို့ ပြန်လည် မိန့်တော်မူ၏။ 'လောက၌ လက်ရုံးရည်နှင့် သော်လည်းကောင်း၊ နှလုံးရည်နှင့် သော်လည်း ကောင်း အထူးအချွန် ပြည့်စုံသောသူသည် အကျင့်စာရိတ္တ ချို့တဲ့ ချွတ်ယွင်းခြင်း ဖြစ်နိုင်ပါ့မလား။ သမာဓိ မရှိ၊ သစ္စာ မရှိ၊ ကတိ မတည်၊ ကျေးဇူးတရားကို နားမလည်၍ မသိ၊ ပြုစုဝန်တို ဖောက်ပြန် တတ်သော သူယုတ်တို့၌ လက်ရုံးရည် သော်လည်းကောင်း၊ နှလုံး ရည် သော်လည်းကောင်း အထူးအချွန် ပြည့်စုံသည်ဟု ကျော်ကြား ထင်ရှားဖူးပါသလော။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခြင်းတို့ဖြင့် ရအပ်သော လူလုံးလူဖန်ကောင်းခြင်း၊ ကာယဗလရှိခြင်း၊ လက်ရုံး ရည်နှင့် ပြည့်စုံခြင်း ရှိသော သူတစ်ယောက်သည် အကျင့်စာရိတ္တ ချွတ်ယွင်းနိုင်ပါ့မလား။

'ဘေးတော် ပျူစောထီးမင်းသည် လက်ရုံးရည်နှင့်တကွသော နှလုံးရည်သည် အလွန်အကြူး ပြည့်ဝဘိ၏။ ထိုမင်းကို သမုတိရာဇ မင်းကြီးသည် အသည်သား အဖြစ်နှင့် ကောက်ယူ၍ သမီးတော်နှင့် စုံဖက်ပြီးသော် အိမ်ရှေ့ပေး၏။ နောင် မင်းကြီး လွန်လတ်သော် ပျူစောထီးသည် သမုတိရာဇ (သမုဒ္ဒရာဇ) မင်းကြီး၏ ထီးမွေ နန်းလျာကို မဆက်ခံသေးဘဲ ကျေးဇူးတရားကို သိသောအားဖြင့် မိမိဆရာ ရသေ့အား လူထွက်စေပြီးသော် ထီးနန်းကို လွှဲအပ်ဖူးလေ သည်။ ထို့ကြောင့် လက်ရုံးရည်၊ နှလုံးရည်တို့၌ ပြည့်စုံသောသူသည် အကျင့်သိက္ခာ၌ ချွတ်ယွင်းနိုင်ပါအံ့လော။ ငခွေးသည် စစ်သူကြီး ရာထူးနှင့် ထိုက်တန်သည် မဟုတ်တုံလော'

ထိုအခါ နန်းရင်းဝန်ကြီးသည် ဤသို့ လျှောက်တင်ပြန်၏။

'အရှင်မင်းကြီး အသို့လျှင် မိန့်တော်မူဘိသနည်း။ လောက၌ သမုဒ္ဒရာ ရေသည်သာလျှင် နည်းဘိ၏။ လူတို့၏ လောဘကား မနည်းချေ။ ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသော လေသည်သာလျှင်

နည်းဘိ၏။ လူတို့၏ဒေါသကား မနည်းချေ။ ဖျားရေသည်သာလျှင် အလျော့ရှိ၍ လူတို့၏မာနကား မလျော့ချေ။ လက်ရုံးရည် နှလုံးရည်တို့နှင့် လွန်စွာပြည့်စုံသော သူတို့၌ကား သဘာဝအားလျော်စွာ လောဘ၊ ဒေါသ၊ မာနတို့သည် အလွန် လွန်ကဲတတ်လေသည်။ ထိုသို့ လွန်ကဲမှုဖြင့် မိမိ၏စွမ်းရည်ကို အားကိုးလျက် မြွေပွေးကဲ့သို့ အထိမခံလည်း ဖြစ်တတ်ချေသည်။ မင်းကြီးသည် တစ်ရံတစ်ဆစ် ထိုသူအား အမျက်ဖြစ်လတ္တံ့၊ ထိုအခါ ထိုသူသည် မင်းကြီး၏ ရန်သူ ဖြစ်ပေလတ္တံ့။

'အရှင်မင်းကြီး ဥပမာ ဆောင်ပါဦးအံ့။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသော မန္ဓတ်မင်းသည် မိမိ၏ စည်းစိမ်နှင့် မရောင့်ရဲဘဲ တာဝတိံသာ နတ်ပြည်၌ သိကြား၏စည်းစိမ်ကို အလိုရှိ၍ သိကြားမင်းသည် မိမိ၏စည်းစိမ်ကို တစ်ဝက်ခွဲပေးသော်လည်း မရောင့်ရဲနိုင်ဘဲ စည်းစိမ်အားလုံးကို အလိုရှိပြန်၏။ ထိုနည်းတူ လူတို့တွင် လွန်သော အတတ်ရှင်၊ ဘုန်းရှင် ကံရှင်တို့၌ ရောင့်ရဲနိုင်စိတ်သည် မရှိရာကုန်။ ထို့ကြောင့် နိမ့်သော ရာထူးငယ်မျှနှင့်သာ ဤသူသည် ထိုက်တန်ရာသေးသည်။ အလွန်မြင့်သော ရာထူးစည်းစိမ်ဖြင့် မချီးမြှင့်ကောင်းသည်ကို စဉ်းစားတော်မူသင့်ပါသည်'

တံနက်မင်းကြီးသည် ထိုကဲ့သို့ မှူးကြီးမတ်ကြီးတို့က လျှောက်ထား သံတော်ဦးတင်သဖြင့် ငခွေးအား စစ်သူကြီး ရာထူးဖြင့် ချီးမြှင့် မြှောက်စားခြင်း မပြုသာဘဲ မြင်းတော်ခံအကြီး အဖြစ်နှင့် ခန့်အပ်သူကောင်းပြုတော်မူလေသည်။

# အခန်း [ ၆ ]

## မောင်းမငယ်နှင့် မြင်းတော်ခံ

ပုဂံပြည်ကြီးသည် ကုန်သည်ကြီး မောင်ဖြိုးအားဖြင့် အရောင်းအဝယ်ကြီးကျယ်၍ လက်လှမ်းကျယ်လာသည်အတိုင်း များစွာ ကြွယ်ဝချမ်းသာလာသော်လည်း သူဌေးများ၊ သူကြွယ်များ၊ မြေပိုင်ရှင်ကြီးများသာလျှင် အထူးသဖြင့် ပစ္စည်းရေး၌ ဖွံ့ဖြိုးကြကုန်၏။ လက်လုပ်လက်စားများနှင့် ကျေးကျွန်များမှာကား အမွဲစခန်းမှ မရပ်နိုင်ကြဘဲ တိုးတက်၍ ဆင်းရဲသာ လာကြကုန်၏။ မြေများသည်လည်း အရည်းများနှင့် ငွေရှင်များတို့၏ လက်သို့ တိုးတက်ကာ ရောက်ကြရကုန်၏။ အကြောင်းသော်ကား အလုပ်အကိုင်ပေါ၍ အရောင်းအဝယ်ကောင်းလေ၊ လက်လုပ်လက်စားများအပေါ်၌ အတိုးကြီးစွာနှင့် ငွေချေးလေပြုကြသဖြင့် များစွာသော လက်လုပ်လက်စားတို့သည် ငွေကို လွယ်လွယ်ကူကူ ရတိုင်း ချေးယူသုံးစွဲ ပျော်ပါးဖြုန်းတီးကြသဖြင့် မလောက်မငနိုင်ဘဲ လူမွဲအဖြစ်မှ လွတ်မြောက်နိုင်ခြင်း မဖြစ်သောကြောင့်တည်း။

ထိုမှတစ်ပါးလည်း ကျေးကျွန်များမှာ သခင်များက ၎င်းတို့အား လွယ်လင့်တကူနှင့် မတော်လှန်နိုင်အောင် ငွေအားကို အလိုရှိတိုင်း ထပ်ကြေးပေးကြရာ၊ အမြော်အမြင်နည်းသော ကျေးကျွန်တို့

သည် ထပ်၍ထပ်၍ ယူငင်ကာ ဖြုန်းတီးသုံးစွဲကြသဖြင့် ကျွန်သက်တိုး၍ ရှည်ကြရကုန်၏။

တောင်သူငယ်များမှာလည်း လက်ငင်းသုံးစွဲ ဖြုန်းတီးစရာနှင့် မျိုးစေ့တို့အတွက် ငွေလိုနေရကား အတိုး မတန်တဆနှင့် ငွေကို ချေးယူ လုပ်ကိုင်ကြရသောကြောင့် ကောက်ပဲသီးနှံပေါ်လျှင် ပေါ်ချင်း တောင်သူကြီးများနှင့် ငွေရှင်များကို မြေထွက် အသီးအနှံတို့ကို အပ်လိုက်ရပြီးသော် ရှေ့သို့ ဆက်လက်၍ စားသောက်နေထိုင် ဖြုန်းတီးသွားနိုင်ရန် တစ်ဖန် ငွေတိုးယူကြရပြန်၏။ ထို့ကြောင့် တောင်သူငယ် အချို့၏ မြေများသည် တောင်သူကြီးတို့၏လက်သို့ သော်လည်းကောင်း၊ ငွေရှင်တို့၏လက်သို့ သော်လည်းကောင်း ရောက်ရသည်သာများကုန်၏။ မြေပိုင်ရှင်တို့မှာလည်း အရည်းတို့ထံ ဝတ္တကံအဖြစ်နှင့် မြေများကို လှူကြရ၏။

ထိုသို့သော သဘောတို့ကြောင့် နိုင်ငံတော်၌ အရောင်းအဝယ်ကောင်း၍ ငွေရွှင်နေသော်လည်း လက်လုပ်လက်စားများ၊ တောင်သူငယ်သားများနှင့် ကျေးကျွန်များတို့မှာမူကား ၎င်းတို့၏ နောက်ကျနေသော စိတ်နေစိတ်ထားနှင့်အညီ မွဲလက်စ ဆင်းရဲလက်စ မသတ်နိုင်ဘဲ ရှိကြ၍၊ ပုဂံပြည်ကြီး၏ တိုးတက်ကြွယ်ဝ ကောင်းစားလာသော အချိန်သည် အမြော်အမြင် ဉာဏ်ပညာနည်း၍ ကိုယ်ဖို့ကောင်းအတွက် လှည့်ပတ် ဖြားယောင်းနေသော သူတို့၏နောက်သို့ လိုက်ပါနေကြသည့် ဆင်းရဲသားများ၏အဖို့ မဟုတ်သေးပေ။

လုပ်ခင်းကိုင်တာများမှာလည်း တစ်နှစ်ထက် တစ်နှစ် ကောက်ပဲသီးနှံ ဈေးကောင်းခြင်းကို အမှီပြု၍ တိုးတက်ချဲ့ထွင် လုပ်ကိုင်လာကြသော်လည်း တောင်သူများ၏ ဟော့ရမ်း၊ သော့သွမ်း၊ ကြော့ကြမ်းမှုတို့သည် ငွေရှင်တို့၏ လောဘရမ္မက်နှင့် ရက်စက်ခြင်းကို ထောက်ပံ့နေသဖြင့် ၎င်းတို့၏ စားမဦးချ မြေယာတို့သည် ငွေ့ရှင်တို့၏ လက်

တွင်းသို့သာ တဖြည်းဖြည်း ရောက်ကြရလေ၏။ ယွန်းလုပ်ငန်းဆောင်တာ၊ ပန်းပု ပန်းပွတ် လုပ်ငန်းဆောင်တာ၊ ပန်းပဲ ပန်းတဉ်းလုပ်ငန်းဆောင်တာ၊ စဉ့်လုပ်ငန်းဆောင်တာ၊ ကျောက်ပုတီး၊ ရတနာကျောက်လုပ်ငန်းဆောင်တာ စသော လက်မှုပညာ အလုပ်အကိုင်တို့မှာလည်း တိုးတက်ထွန်းကား လာလေလေ ငွေ့ရှင်များ၏လက်သို့ရောက်လေ ဖြစ်လေ၏။ ထို့ကြောင့် လက်မှု ပညာသည်များမှာလည်း မလောက်၊ မငြ၊ မဝသော အခြေနှင့်သာ တည်နေကြရ၏။

[အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်ရသည်ကို ဆိုလတ္တံ့သော အရည်းတို့၏ အကြောင်းတွင်လည်း စဉ်းစားဖွယ် ဖြစ်၏။]

လွှတ်တော်နှင့် ဝန်ကြီး၊ ဝန်ကိုင်၊ မင်းအိမ်၊ စိုးအိမ်တို့၌လည်း ကျွန်ရောင်း ကျွန်ဝယ်မှု၊ မြေရောင်း မြေဝယ်မှု၊ မြေသိမ်းမှု၊ ကြွေးမှု စသည်တို့သာ များနေကြကုန်၏။ တရားစီရင်ပိုင်သော သူတို့နှင့် အရာရှိ အရာခံတို့သည်လည်း ငွေကိုသာ မျက်နှာမှုလျက် ရှိခြင်းကြောင့် မျက်နှာ တံစိုးလိုက်ခြင်း၊ လာဘ်စားခြင်းတို့သည် ဘဝကကုသိုလ်ကံ၏ အကျိုးပေး ဖြစ်နေလေရကား ပုဂံပြည်ကြီး တိုးတက်စည်ပင်လာသလောက် ငွေရှင်တို့နှင့် မင်းစိုးအရာရှိ၊ မင်းမှီကပ်ပါးတို့မှာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးလျက်ရှိ၍ ဆင်းရဲသားပေါင်း လက်လုပ်လက်စားပေါင်း များစွာမှာ ဆင်းရဲပင်ပန်းခြင်း ဖြစ်ကြကုန်၏။

ထိုသို့သော သဘောကြောင့် နားမျက်စိကျဉ်း၍ အစိုးရ၏ တစ်ချက်လွှတ် ဥပဒေနှင့် စစ်သည်သူရဲ မင်းမှုထမ်းတို့၏ ရမ်းကားမှုကြောင့် ပါးစပ်မဲ့နေရသော တိုင်းသူပြည်သားတို့မှာ ညည်းတွားကာ မင်းလောင်းကိုသာ တောင့်တ မျှော်လင့်နေကြရချေပြီ။

ငခွေးကား ဘုရင်မင်းမြတ်၏ မြှောက်စားခြင်းကို ခံရသော်လည်း ၎င်းသည် ကျွန်ဘဝက ရန်းကန်လာခဲ့ခြင်းမှာ နိုင်ငံတော်၌ ဂုဏ်ကြီးသူ၊ ဂုဏ်မြင့်သူ၊ ဂုဏ်ရှိသူ အမျိုးမျိုးတို့၏ နှိပ်စက် ညှဉ်းပန်း

ခြင်းကို ခံနေရသော အောက်တန်းစားများအား ကယ်ဆယ်ရန် အတွက်ကြောင့် ဖြစ်၍ ဘုရင့်မြောက်စားမှု၌ တင်းတိမ်ကာ မသာယာနိုင်ဘဲ ဆင်းရဲသားတို့၏ တင့်ကောင်း တင့်တယ်ခြင်းကို ဖြစ်စေရန်သာ အမြဲကြိုးစားလျက် ရှိနေလေ၏။

လောက၏ တံထွာမှာလည်း သူတစ်ထူးကို ကျောတွင်ပိုး၍ ဆောင်ရွက်လိုသူသည် မိမိကိုယ်တိုင် အားအင်ဗလနှင့် သန်သန်စွမ်းစွမ်း ရှိရမည်။ သူတစ်ထူး၏ အကျိုးစီးပွားကို ဆောင်ရွက်လိုသောသူမှာလည်း မိမိကိုယ်တိုင် ဆောင်ရွက်နိုင်သော အခြေ၌ တည်ရပေလိမ့်မည်။ "လက်မရှိဘဲနှင့် ပွေ့လိုသောသူသည် လူဝါ လူညာသာ ဖြစ်ရမည်။ သို့မဟုတ် လီးစား ဖြတ်စားလိုသောသူသာ ဖြစ်ရမည်။ ခြေမရှိဘဲနှင့် ဒုန်းပြေးပွဲမှာ ဝင်ရောက်နေသောသူသည် လောကမှာ ကြောက်စရာ အကောင်းဆုံးသောသူ ဖြစ်သည်။"

ငခွေးသည် အောက်တန်းစားများအား ကယ်ဆယ်ရန်အရေး၌ မြောက်မြားစွာသော ထိုသူတို့၏ ယုံကြည်ကိုးစားခြင်းကို ရရန် လိုသည်ဟု အဖြေထွက်နေလေ၏။ တိုသို့ ရရန်အတွက်လည်း ရှေးဦးစွာ အရည်းရဟန်းတို့ကို တိုက်၍ စဉ်းလဲစဉ်းစားနှင့် စီးပွားရှာနေသော စီးပွားရေးသမားများကို တိုက်ရန် တွေ့လာ၏။ ထို့နောက် တရားမဲ့ ကျင့်ကြံနေသော မင်းမှုထမ်းများတို့ကို တိုက်ရန် တွေ့လာလေ၏။

ထိုခေတ်၌ အရည်းရဟန်းတို့သည်လည်း တိုင်းသူပြည်သားတို့ အပေါ်၌ မြတ်စွာဘုရား ခွင့်ပြုထားသော ပစ္စည်းလေးပါးတို့နှင့် မှူမက အလိုရှိတိုင်း အမျိုးမျိုးကို အလှူခံကြကုန်၏။ (ငခွေးကား ငွေကို သုံးစွဲရသော ဝတ္ထုဟု ယူဆ၍ ငွေကို တစ်နည်းနည်းနှင့် အလှူခံခြင်း၊ သာယာခြင်းရှိလျှင် ရဟန်းမဟုတ်၊ တိုင်းပြည်ကို နှိပ်စက်သူဟု ယူဆနေ၏။)

အရည်းတို့သည် ရှင်ပြု၊ သမီးနားထွင်း၊ သတို့သား သတို့

သမီးတို့၏ မင်္ဂလာအခမ်းအနားမှ စသည်တို့၌ များစွာသော လှူဖွယ်ဝတ္ထုတို့ကို စီရင်စေ၍ အလှူခံခြင်း၊ ငွေများကို အလှူခံခြင်းတို့ ပြုကြကုန်၏။ အိမ်၌ မကျန်းမမာ ရှိသောအခါ၌လည်း ရောဂါတစ်မျိုးကို ပရိတ်တစ်မျိုး ပြု၍ ဘုရားသခင်၏ အလိုတော်နှင့် ဆန့်ကျင်လျက် အဖိုးအခများစွာ တောင်းပြီးသော် ရောဂါပျောက်စိမ့်သောငှာ ရွတ်ဖတ်ကြကုန်၏။ အရပ်ထဲ၌လည်း တစ်နှစ်လျှင် နှစ်ကြိမ် သုံးကြိမ် လှူဖွယ်ဝတ္ထုတို့ကိုယူ၍ ဘုရားဟော မဟုတ်သော အန္တရာယ်ကင်း ပရိတ်အမျိုးမျိုးနှင့် ကမ္မဝါ အမျိုးမျိုးတို့ကို ရွတ်ဖတ်ကြကုန်၏။ လူသေသောအခါ၌လည်း ငွေများကိုယူ၍ သရဏဂုံတင်ပေး၏။ သေပြီးနောက် ရက်လည်သောအခါ၌လည်း မကျွတ်လွတ်ဘဲ ပြိတ္တာဖြစ်နေသည်ဟု ဗေဒင်ဟောလျက် လှူဖွယ်ဝတ္ထုများနှင့် ငွေများကိုယူပြီးလျှင် ဂါထာမန္တရားရွတ်၍ နှင်ကြကုန်၏။ ထိုသို့ မပြုမလုပ်သောသူတို့သည် ဤဘဝ၌ ဘေးအန္တရာယ်ထူပြော၍ သေသည်၏အခြားမဲ့၌ ငရဲတွင် ကျက်ရသည်ဟု ဟောကြကုန်၏။

ငင်းတို့သည်ကား အရိယာဖြစ်၍ သေသောအခါ နိဗ္ဗာန်သို့ ရောက်ကြရသည်ဟု ဟောလျက်၊ ငင်းတို့ ပျံလွန်တော်မူလျှင် နိဗ္ဗာန်တံခါး ပွင့်နေသည်ဟု အကြီးအကျယ် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကာ လူများအား ပူဇော်ကြစေကုန်၏။ လူတို့လည်း ပူဇော်မှုကို ပြုသည်ဟု ကန်းပွဲ ရေပွဲတို့ကို ဆင်ယင် ကျင်းပလျက် အလောင်းအစားပြုကြရာ အကောက်ငွေများကို မင်းနှင့် အရည်းတို့သည် ခွဲဝေယူကြ၏။

လူတို့မှာလည်း အရည်းတို့ စီစဉ်ထားသည့်အတိုင်း တစ်ဆယ့်နှစ်ရာသီမပြတ် အလှူဝတ်ကို လှူကြရသည်ပြင်၊ ဘုရင်က မြှောက်စားနေရ၍ ဘုရင်က ထိုသာသနာဝတ်နှင့် ပတ်သက်လျက် ပြုလုပ်သောကိစ္စတို့၌ လှူဒါန်းရခြင်း၊ ဘုရင်သဘောကျ ပြုလုပ်ရသော ပွဲလမ်း

သဘင်တို့အတွက် ထောက်ပံ့ရခြင်းတို့ကြောင့် မိမိတို့ လုပ်ကိုင်ရသမျှမှာ စားဖို့ ဝတ်ဖို့မျှပင် မကျန်ဘဲ ဆင်းရဲပင်ပန်းနေကြရ၏။

မင်းမှုထမ်းများမှာလည်း ထိုသဘောအရ ငွေမလောက်၍ ငွေလိုတိုင်း အသည်များအပေါ်တွင် တစ်မျိုး တစ်နည်းစီနှင့် ညှဉ်းကြခြင်း၊ သေရည်သေရက်ဖိုများကို ပြု၍ ငွေရှာခြင်း၊ ကစားဝိုင်းများပြု၍ ငွေရှာခြင်းတို့ကြောင့် ထိုခေတ် ပုဂံပြည်သည် ကြွယ်ဝသလောက် လူဆင်းရဲတို့မှာ ကြွေးတင်ကျွန်ဖြစ် ဘဝသို့ ပြေးနေကြရလေ၏။

အရည်းတို့လည်း နားမျက်စိ မရှိသော တိုင်းသူပြည်သားတို့အား ဤသူကား ဤနေ့တည်း၊ ဤသစ်သားကို ဤရုပ်ပြု၍ လည်းကောင်း၊ နဂါးရုပ်ပြု၍ လည်းကောင်း ကိုးကွယ်ဆည်းကပ်ရမည်ဟု ဟောပြောပြီးလျှင် ထိုရုပ်တုများကို သိဒ္ဓိတင်သည် ဟူ၍ ရွတ်ဖတ်ပြီးသော် ကြီးကျယ်စွာ ပူဇော်ခြင်းကို ခံကြကုန်၏။

၎င်းတို့သည် ကြီးကျယ်ခမ်းနားစွာ ကျောင်းတော်ကြီးများကို ဒကာ ဒကာမတို့အား ဆောက်လုပ်စေလျက် ပွဲသဘင်ပြုကာ အလှူခံကြကုန်၏။ ရေတွင်းရေကန်၊ ဂူ၊ ပုထိုး၊ ဉယျာဉ် ပန်းမန်တို့အတွက်လည်း ခဏခဏ အလှူခံကြကုန်၏။ သစ်ပင်များ၌ ထွင်းလျက် ရုပ်တုအမျိုးမျိုးကို ထည့်၍ လည်းကောင်း၊ ရုပ်တုအမျိုးမျိုးကို မြေတွင် မြှုပ်၍လည်းကောင်း ကြာသောအခါ အသားကျသော် အိပ်မက်အရ ဆိုပြီးလျှင် သစ်ပင်မှ ထွင်းယူခြင်း၊ မြေမှ တူးဖော်ခြင်းတို့ကို ပြုလုပ်ပြီးသော် ပွဲလမ်းသဘင်ပြုကာ ရက်ရှည်စွာ လူတို့အား ပူဇော်စေ၏။

ရွှေငွေ၊ ပစ္စည်းဝတ္ထု စသည်တို့ကိုလည်း အရည်းတို့သည် အသုံးလိုတိုင်း အလှူခံကြ၍ နွားမ မွေးခြင်း၊ မြင်းမွေးခြင်း၊ ငွေတိုးချခြင်း စသော လူမှုလူရာတို့ကိုလည်း ပြုကြ၏။ ဤကဲ့သို့လျှင်

မြတ်စွာဘုရား၏ အလိုတော်နှင့် ဆန့်ကျင်လျက် အရည်းပေါင်းများစွာတို့သည် လူများအပေါ်၌ အလှူဝတ်ကို ဖြစ်စေပြီးသော်၊ ငါတို့ကား တောင်းရမ်းစားသူတို့ မဟုတ်၊ အလှူဦးကို ခံယူသော သူတော်သူမြတ်များဟု စားသောက် စည်းစိမ်ယစ်ကာ နေကြ၏။ အချို့တန်ခိုးကြီး အရည်းတို့မှာ ကျောင်းလွှတ် ပူဇော်ခြင်းကို ခံယူနေသဖြင့် မိန်းမများ၏ သဒ္ဓါတရားသည် အရည်းသာသနာ၌ များစွာ အထောက်အပံ့ ရနေသည်အတိုင်း တိုင်းပြည်တွင် ထိုသာသနာသည် တရွေ့ရွေ့ တက်လာလေ၏။

ထိုသို့သော သဘောကြောင့် လက်လုပ်လက်စား များစွာနှင့် တောင်သူများမှာ ဆင်းရဲခြင်းမှ မထနိုင်အောင် ဖြစ်နေကြသော်လည်း၊ မျက်စိအမြင် ကျဉ်းနေသည်အတိုင်း အလွန် နှစ်သက်ကြည်ညိုနေကြသဖြင့် ငွေး ကယ်ဆယ်ဆောင်ရွက်ရန် စိတ်မကူးဝံ့အောင်ပင် ရှိချေသည်။

အရည်းတို့သည်ကား ထိုခေတ်က ပညာတတ်များ ဖြစ်သည်သာ များကြ၍ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ ယာယီ ယတြာကျမ်း၊ အင်း၊ အိုင် ခါးလှည့် လက်ဖွဲ့ မန္တန်ကျမ်းတို့နှင့် မှော်အတတ်တို့၌ တစ်ဖက်ကမ်းခပ် များစွာ ကျွမ်းကျင်ကြကုန်၏။ လုပ်ရတ်လမ်းကို လိုက်စားကြ၍ ရွှေဖြစ် ငွေဖြစ် အတတ်တို့၌လည်း ကျွမ်းကျင်ကြကုန်၏။ သတ္တုများကို မဖောက်ပြန်နိုင်အောင် စီရင်၍ သိဒ္ဓိမြောက်အောင် ပြုလုပ်နည်းကိုလည်း တတ်ကြ၏။ စစ်တက်၊ စစ်ခင်း၊ ဓား၊ လှံ၊ လေး မြား၊ ကာကအတတ်၊ ဆင်အတတ်၊ မြင်းအတတ် စသော လက်ရုံးရည်နှင့် ဆိုင်သော ပညာတို့ကိုလည်း ကောင်းစွာ တတ်မြောက်ကျွမ်းကျင်ကြကုန်၏။ လူတို့အားလည်း သင်ပေးကုန်၏။

ပြည်သူပြည်သား များစွာတို့ကား တိရစ္ဆာန်ကထာ ဖြစ်သော အလေ့အကျင့်တို့ကို ကြည့်၍ မြတ်စွာဘုရား၏အလိုတော်ကို ဆောက်

တည်နေသည့် ရဟန်းတော် အရှင်မြတ်များကိုကား ကြည်ညိုမှုမှ လျော့ပါးလျက် အရည်းတို့ကို ပိုမိုကာ လေးမြတ် ကြည်ညိုကြသော ကြောင့် ဘုရင်မင်းမြတ်သည်လည်း ပြည်သူ့အင်အားကို လေးစား ရသည်အတိုင်း အရည်းတို့ကို လေးစားသမှုပြုကာ ကိုးကွယ်ရလေ၏။ ထိုသို့သော အရေး၌ ငခွေးသည် မိမိ၏ ပါရမီအလျောက် မနစ်သက် သော်လည်း လူစွမ်းကောင်း ပြုလုပ်ပြီးလျှင် ဆောင်ရွက်ဖို့ရန် အလွန် ခဲယဉ်းလျက် ဤသို့လည်း ထင်မြင်လေ၏။

"ဆင်ကြမ်း၊ မြင်းကြမ်းကို နိုင်သော်လည်း ကိုယ်ဖို့ကောင်း လူစဉ်းလဲ ပညာရှိကို မနိုင်။ ဆင်ကြမ်း၊ မြင်းကြမ်းကို လိမ္မာအောင် သွန်သင်၍ ရသော်လည်း နားမျက်စိ မဲ့သူကို သွန်သင်၍ မရချေ။" ငခွေးသည်ကား မြင်းတော်ခံမျှသာ ဖြစ်သော်လည်း သာမန် မဟုတ်၊ ငဖြိုးနှင့် ကျေးဥတို့က ကျောက်သံပတ္တမြားများ၊ ရွှေငွေပစ္စည်းများ အမြောက်အမြားတို့ကို လိုသည်မရှိရအောင် ထောက်ပံ့နေသဖြင့် ၎င်း အလိုရှိသော ကိစ္စအရပ်ရပ်တို့ကို စေ့စပ်စွာ ဆောင်ကြဉ်းနိုင်လေ၏။ ထို့ကြောင့် များစွာသော ကျွန်တို့ တော်လှန်ရာ၌ ငွေအမြောက်အမြား နှင့် ကူညီနိုင်လေ၏။ လက်အောက်ငယ်သားတို့ အပေါ်၌ ရက်ရောစွာ ဖြန့်ဖြူးနိုင်ခြင်းဖြင့်လည်း ၎င်းအား လက်အောက်ငယ်သားတို့သည် အလွန်ချစ်ခင် ကြည်ညိုကြကုန်၏။ အောက်တန်းစား သူတို့အား လည်း ငွေရင်းနှင့် ကူညီနေသဖြင့် မြင်းတော်ခံကို များစွာ ခင်မင် အားထားကြ၏။ နန်းတော်တွင်းရှိ များစွာသော လက်အောက် အမှု ထမ်းများ၊ မှူးမတ်များ၊ သေနာပတိ၊ မြို့ဝန် စသော အရာရှိကြီး များ၏ အမှုထမ်းများတို့အားလည်း မိမိ၏ လက်အောက် အမှုထမ်း တို့နှင့် ငွေပစ်ကာ ပေါင်းသင်းဆက်ဆံစေရကား၊ မင်းမှုထမ်း လူကြမ်း ပိုင်းက ငခွေးသည် လက်ရုံးရည်နှင့် ပြည့်စုံသည်အတိုင်း များစွာ ခင်မင်နှစ်သက် အားကိုးကြကုန်၏။

မင်းစိုး အာဏာပိုင် စသည်တို့အားလည်း မြင်းတော်ခံသည် တရားခံတို့အား ရာဇဝတ်တော်ကို ကျူးလွန်သူ မဟုတ်ဘဲနှင့် ခါးကြိုး နားကြိုး ချည်ပြီးသော် ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းတို့ကို ပြုကျင့်ခြင်း သည် လူအများ အပေါ်၌ လူများက ပြုကျင့်သော အမှုဆိုးတို့တွင် အလွန်ဆိုးယုတ်သော အမှုဖြစ်ကြောင်းနှင့် ယဉ်ကျေး ချောင်စွာ အခါခါ တောင်းပန်ပြောဆိုလေ၏။ သို့ရာတွင် ဂုဏ်မာန လွှမ်းကဲနေသောသူ၊ ကိုယ်ကောင်းကို ရှုနေသောသူတို့နှင့် တရားသည် ဖီလာ ဆန့်ကျင်ဘက် ဖြစ်နေ၍ အရာမထင်နိုင်ပြားသော်လည်း ရုံးသို့ ရောက်ကြရသော တရားမအမှု တရားခံများနှင့် ပြည်သူ ပြည်သားတို့ကမူကား အလွန် နှစ်ခြိုက် သဘောကျကြလျက် ငခွေးကို ရှင်ဘုရင် ဖြစ်ပါစေတော့ဟု အသီးသီး ဝမ်းတွင်းက ဆုတောင်းကြကုန်၏။

မြင်းတော်ခံသည် သူဌေး သူကြွယ်များ၊ ငွေရှင်များတို့နှင့် လည်း ပေါင်းသင်းဆက်ဆံ၍ ငွေတိုးများစွာယူ၍ လယ်ယာမိုးမြေ တို့ကို သိမ်းယူခြင်း၊ လူတို့ကို ကျွန်ဖြစ်စေခြင်းတို့သည် လူက လူ့ အပေါ်၌ ပြုကျင့်အပ်သောအမှု မဟုတ်၊ လူသားကိုစားသော လူရိုင်း ထက်ပင် ရိုင်းစိုင်းရာ ရောက်ကြောင်း၊ ကျွန်များအား တိရစ္ဆာန်ကို ခိုင်းစေဘိသကဲ့သို့ နားကြိုးတပ်ပြီးသော် ခိုင်းစေမှုသည် ရန့်ရင်း ကြမ်းကြုတ်သောအမှု ဖြစ်ကြောင်းတို့နှင့် ကြိမ်ဖန်များစွာ တောင်းပန် ဟောပြလေ၏။ သို့သော် မျက်လုံးတစ်လုံးသာရှိသော သူများအပေါ်၌ ထောက်ထား ကြင်နာဖွယ်တရားသည် တစိုးတစိမျှ မကိန်းအောင်း နိုင်၍ အချည်းနှီးပင် ဖြစ်ရသော်လည်း ဆင်းရဲသားပေါင်း များစွာနှင့် ကျေးကျွန်ပေါင်း များစွာတို့ကမူကား မြင်းတော်ခံသာလျှင် ဘုရင် ဖြစ်ပါစေတော့ဟု အသီးသီး ဆုတောင်းကြကုန်၏။

မြင်းတော်ခံသည် အရည်းတို့နှင့် ပတ်သက်၍လည်း မိမိအား ကြည်ညို လေးစားခြင်းရှိသော သူတို့အား အရည်းတို့ကြောင့် ဆင်းရဲ

သားတို့မှာ ကြွေးတင်ကျွန်ဖြစ် တွေ့ကြုံရသည်၊ အရည်းတို့၏ အကျင့်သည် ရဟန်းကျင့် မမည်၊ လူပျင်းတို့၏ ကိုယ်ဖို့ကောင်း စနစ်သာဖြစ်သည်၊ မိမိကိုယ်ကို မိမိ ရဟန်းဟု ခေါ်ဆိုလျက် အတိုင်းအဆမရှိ အလှူခံနေခြင်း၊ သာမှု နာမှုတို့၌ ဆက်ဆံနေခြင်း၊ မင်းရေးစိုးခွင့်တို့၌ ဖက်နွဲ့နေခြင်း၊ ငွေနှင့် (ဝါ) ပစ္စည်းနှင့် ဝယ်ခြမ်းလဲလှယ်ကာ သုံးစွဲနေခြင်းတို့ကို တိုင်းပြည်က ကျေနပ်နေသမျှ ကာလပတ်လုံး လူတို့သည် တစ်နှစ်ထက်တစ်နှစ် တိုး၍ ဆင်းရဲ ကျပ်တည်းကြရမည်။ အရည်းတို့သည် အလုပ်အကိုင်၌ ပျင်းရိခြင်းကြောင့် ရဟန်းအသွင်ကို ယူလျက် လူများအား ဖြားယောင်း လှည့်ပတ် လိမ်လည်ပြီးသော် အနိုင်ကျင့်နေသူများ ဖြစ်သည် စသည်တို့ဖြင့် ဟောပြောသောကြောင့် အချို့သည် အရည်းများနှင့် ဆန့်ကျင်လိုကြကုန်၏။ ထိုသို့ ဟောပြောမှုမှ အကြောင်းတို့သည်လည်း တစ်ယောက်ပါးစပ် တစ်ယောက်နားသို့ ဖောက်သည်ချကြသဖြင့် ပြည်နှံ့နေလေ၏။

မြင်းတော်ခံမှာ ထိုကဲ့သို့ ခေတ်ကြီးနှင့် ဆန့်ကျင်ဘက် ဖြစ်နေ၍ ရန်သူတို့သည် ပေါ်များလာလေ၏။ မြင်းတော်ခံလည်း အကြံဉာဏ် မခေသဖြင့် ၎င်း၏အကြံကို မလျှော့ဘဲ တိုင်းပြည်ကို မိမိ၏ဘက်သို့ ပါရန် ဆွဲငင်နေလေ၏။

တံနက် မင်းကြီးကား မြင်းတော်ခံ ငခွေးကို အလွန်နှစ်သက်၏။ မြင်းများကိုလည်း အလွန်ချစ်၍ ငခွေးထံသို့ မောင်းမငယ် တစ်ယောက်နှင့် အမြဲလာလေ့ရှိ၏။ ထိုမောင်းမငယ်ကိုလည်း မင်းကြီးသည် အလွန်နှစ်သက်ဟန်ရှိ၏။ သို့သော် မင်းကြီးသည် မိဖုရားကြီးတို့ကို လေးစားရဟန်ရှိသဖြင့် အမျိုးမကြီးသော မောင်းမငယ်အား တန်သည်လောက် မချီးမြှောက်သာသကဲ့သို့ ဖြစ်၍ မောင်းမငယ်သည် ဆင်းရဲရပုံ ရှိ၏။ ထိုအကြောင်းကို မြင်းတော်ခံ ငခွေးသည် ထင်မြင်ဘိ၏။

ငခွေး၏ အယူဝါဒကား လူတို့တွင် မင်းမျိုး၊ သူဌေးမျိုး၊ သူကြွယ်မျိုး၊ သူကောင်းမျိုး၊ ကုန်သည်မျိုး၊ ကျွန်မျိုး စသည်ဖြင့် မရှိအပ်။ ကုသိုလ်ကံအလျောက် အခိုက်အတန့် အကျိုးပေးအတိုင်း အခွင့်အခါနှင့်အညီ မိမိ၏ ဆောင်ရွက်ရန် ဝတ္တရားကို ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ရန် အလုပ်တာဝန်တစ်ရပ်ကို ထမ်းဆောင်နေကြရသူများသာ ဖြစ်သည်ဟု အယူရှိသဖြင့် မောင်းမငယ်၏ ညှိုးငယ်နွမ်းပါးရခြင်းကို အလွန် သနားမိ၏။ ဘုရင်မင်းမြတ်က သဒ္ဒါ၍ ဝတ်လဲတော် သထာခဲ့လျှင် မိဖုရားသာပင် ဖြစ်သဖြင့် မိဖုရားတို့၏ ဝတ်စားဆောင်ယောင်ကို ရသင့်၏ ဟု တွေးဆကာ မကျေမချမ်း ဖြစ်ဘိ၏။

ငခွေးလည်း ထိုကဲ့သို့ မောင်းမငယ်အပေါ်၌ စေတနာညွှတ်လျက် မိမိ၏ လူယုံတော်များကို မောင်းမငယ်၏ မောင်ဖား အစ်ကို အစ်မတို့နှင့် အကျွမ်းတဝင် ပြုစေပြီးသော် အလွန် အဖိုးထိုက်တန်သော ကျောက်မျက်ရတနာများ၊ ရွှေငွေများတို့ကို လက်ဆောင်ပြုစေလေ၏။ မိဖုရားငယ်လည်း အလွန်နှစ်သက်ခြင်း ဖြစ်၏။ ကြာလတ်သော် မြင်းတော်ခံ၏ ကြမ်းတမ်းသော ရုပ်ရည်အဆင်း မျက်နှာတို့၏ အပေါ်၌ ၎င်း၏ လက်ဆောင်ပဏ္ဏာများ ဖြစ်သည့် ကျောက်မျက်ရတနာများ၊ ရွှေငွေများတို့၏ အရောင်များသည် ဖုံးလွှမ်းနေသဖြင့် မြင်းတော်ခံသည် လုံးကြီးပေါက်လှနှင့် လူချောကြီးဟု မောင်းမငယ်၏ စိတ်သည် ထင်မြင်စ ပြုလာလေ၏။

တစ်နေ့သ၌ ထိုမောင်းမငယ် စောမြနွယ်နှင့် မင်းကြီးသည် မြင်းဇောင်းသို့ လာတော်မူ၏။ မြင်းဇောင်း၏ အနီး၌လည်း ငခွေး၏ အစီအရင်ဖြင့် တွင်းကို ရှည်လံစွာ နက်နက်တူး၍ မြင်းချေးတို့ကို ချကာ နေလှန်းထားပြီးနောက် သွေ့ရာက စပြီးလျှင် မီးတိုက်ကာလ စိုသော မြင်းချေးတို့လည်း မီးရှိန်ဟပ်ကာ ခြောက်ပြီးသော် လွယ်

လင့် တကူနှင့် လောင်လေ၏။ ဤနည်းဖြင့် မြင်းဖောင်းသည် သန့်ရှင်းလျက် ရှိ၏။ မင်းကြီးကား ငခွေးကို ညဏ်ကြီးပေစွဟု ချီးမွမ်း၏။

ငခွေးလည်း မင်းကြီး၏နံဘေး တင့်ရာ အရပ်က ခစားကာ နေ၏။ စောမြနွယ်ကား မင်းကြီး၏ နောက်တော်ပါးက ခစားလျက် ကြည်သော မျက်နှာကို ပြု၍ မခို့တရို့နှင့် မျက်စောင်းချိတ်ကာ "ရွှေဘုန်းတော်သခင် သမ္ဘာတော်ရင်ပါကပဲ၊ ဘာကြောင့် လှုကဲညံ့ရ ပါသလဲ၊ ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းကို သိမ်းမြန်းဖို့ရန် အားခဲကာ ဖန်တော်မူပါတော့လား" ဆိုဘိသကဲ့သို့ မျက်ရိပ်ပြလျက် နှုတ်ခမ်းကလေး ပြင်ကာ ပြင်ကာနှင့် နေလေ၏။

ငခွေးကား မျက်စောင်းဖြင့် ချိတ်ကာ ခေါင်းကိုငုံ့လျက် "တစ်လုပ်စားဖူး၊ သူ့ကျေးဇူးအား၊ အထူးမဆပ်၊ မနေအပ်ပါမင့်ကို။ သူယုတ်သူကန်း၊ ကျင့်ဟောရမ်းနှင့်၊ ပရမ်းပတာ၊ နန်းစည်းစိမ်ကလေး မရေမရာနှင့်၊ ဘဇာဘယ်ကြောင့်၊ တရားမလို ပြုရမလဲ" ... ဟု ချေပသည့် သဘောနှင့် မလိုက်မလျောဘဲ ရှိနေလေ၏။

*

မင်းကြီးသည် မြင်းဖောင်းသို့ ခဏခဏ လာရောက် ကြည့်ရှုတော်မူ၏။ လာတိုင်းလည်း စောမြနွယ်သည် ပါ၍ မင်းကြီး၏နောက်ပါးမှ မျက်ရိပ် မျက်စောင်းဖြင့် အမူပါပါ ချစ်ဖွယ်ရာသော မာယာကို ပြုကာ နှောင်ဖွဲ့ဘိ၏။ ငခွေးကား သစ္စာရှိသော ယောကျ်ားဖြစ်၍ စောမြနွယ်၏ အဆင်း၊ အသံဓာတ်တို့ဖြင့် ဖြားယောင်းကာ နှံ့မှုတို့ကို မယိမ်းစေမူကာ မနဲ့ဘဲ တည့်မတ်စွာ ခုခံနေဘိ၏။

စောမြနွယ်သည်ကား မိဖုရားကြီးတို့၏ စည်းစိမ်ကိုမြင်၍ တပ်မက်သဖြင့် မိဖုရားကြီး ဖြစ်လိုသောဆန္ဒသည် ပြင်းပြစွာ ရှိဘိ၏။ ၎င်းသည် သန့်စင်သော မင်းမျိုးမှ ဆင်းသက်သည့် အမျိုးအရိုး

မဟုတ်၊ အပြင်အလျာကောင်းသော ကချေသည်မနှင့် သူကြွယ်တစ်ယောက်တို့မှ မြင်သဖြင့် အလွန်အရည်အသွေး တောက်၏။ အဆင်းအလျာ ကောင်း၏။ ကိုယ်ဟန် ကြော့ရှင်း၏။ အသားအရေ စိုစိုပြည်ပြည်နှင့် ပြည့်ပြည့်တင်းတင်းရှိ၏။ ဆံပင်အလွန်ကောင်း၍ ဖြေပြီးလျှင် နောက်လှန်ချလိုက်သည် ရှိသော် ဖနောင့်သို့ ထိကာ အဖျားကော့လျက် ရှိ၏။ ဉာဏ်လည်း ရှိပုံရ၏။ ထို့ကြောင့် တံနက် မင်းကြီးသည် စောမြနွယ်ကို တော်ကောက်ကာ အပါးတော်တွင် အမြဲစေပါလျက် မပြတ် ခစားစေသည်ပြင် အမြဲလောက်ပင် သုံးစွဲတော်မူလေ့ရှိ၏။

ထိုသို့သော မောင်းမငယ်ကလေး စောမြနွယ်သည် "ငါကားဤမင်းကြီး၏ လက်ထက်တော်၌ အဆောင်ရ မိဖုရား ဖြစ်နိုင်ဖွယ်မရှိပြီ။ တစ်ပါးသောမင်း နန်းတက်သော်ကား ငါ၏ အဆင်းအင်္ဂါ၊ ကြန်အင်လက္ခဏာ အရည်အသွေးတို့ဖြင့် မိဖုရား ဖြစ်ရပေလတ္တံ့" ဟု အောက်မေ့ဆဲအခါတွင် ငခွေး၏ လူရည်ပြပွဲကို ကြည့်မိ၏။ ထိုအခါကပင် တံနက် မင်းကြီး၏နောက် ငခွေးသာလျှင် ထီးမွေ နန်းရပ်ကို ဆက်ခံနိုင်သူ ဖြစ်ချေသည် ဟု စိတ်ကစားလျက် ငခွေးကို မျက်စိလည်မိ၏။ ထိုသို့ သဘောဝင်ဆဲ့ နေရာတွင် ငခွေး၏ အဖိုးတန်လက်ဆောင်ပဏ္ဏာတို့သည် စောမြနွယ်ကို ထူးလာအောင်၊ မြူးရှာအောင်၊ နူးပါအောင် ကလိကာ နေသည်အတိုင်း စောမြနွယ်သည် ငခွေးကို မြင်လျက် မင်လျက် ခင်လျက် ရှိနေလေ၏။ [၎င်းကားမိမိအား ယုယမှုကို ပိုမိုအလိုရှိသော ဂုဏ်မက်သည့် မိန်းမတို့၏ ဓမ္မတာတည်း။]

အခါတစ်ပါးသော် မင်းကြီးသည် စောမြနွယ်နှင့်ပင် မြင်းဇောင်းတော်သို့ သွားပြန်ရာ၊ စောမြနွယ်လည်း မင်းကြီး၏ နောက်

တော်ပါးက ခစားကာ ရှိနေလေ၏။ မင်းကြီးလည်း မြင်းတော်ခံအား ဤသို့ အမေးတော်ရှိ၏။

'ဟယ် မြင်းခံ၊ နင်ဟာ ပြည်သူတို့ ကိုးကွယ်တဲ့ အရှင်းတော်များကို မရှိမသေ မထီမဲ့မြင် ပြုတဲ့အပြင် တစ်ဖက် ဆန့်ကျင်ဘက် ပြုကာပင် ပြောဆိုနေတယ်လို့ သာသနာပိုင်အဖွဲ့က တိုင်တန်းနေပါကလား။ ဟုတ်မှန်နေသလား'

'မှန်ကြောင်းပါ ဘုရား'

ထိုအခါ မင်းကြီးသည် ဆိတ်ဆိတ် နေသည်တွင် စောမြနွယ်သည် မင်းကြီး၏ နောက်တော်ပါးက ငခွေးကို မျက်စချီကာ အရိပ်နိမိတ်ပြလိုက်ပြီးနောက် 'ဘုန်းတော်ရှင် ဘုရား၊ မှန်ရင် ရာဇဝတ်တော် ထားသင့်ပါတယ် ဘုရား။ ကြာလျှင် သာသနာတော်ကို ထိပါးလာဖို့ ရှိပါတယ်' ဟု ပလိမ်းဉာဏ်နှင့် ကောက်တကျစ်ပြုကာ သံတော်ဦး တင်လေ၏။

'ဟယ် ...' ဆို၍ မင်းကြီးသည် ခပ်မဆိတ်နေလေရာ ငခွေးလည်း–

'ရေမြေ့ရှင်ဘုရား၊ ဤသခင်မသည် ဉာဏ်ရှိပုံ ရပါသည်။ သာသနာတော်ကိုလည်း ချစ်မြတ်နိုးဟန် ရှိပါသည်။ မိဖုရားငယ် မြှောက်သင့်ကြောင်းပါ ဘုရား' ဟု တင်လေ၏။

'ဟယ် မြင်းခံ၊ သည်စကားနှင့်ပင် ငါ တုန်လှုပ်လှုပြီ။ ငါဟာ သင်းကို မိဖုရားငယ် မြှောက်စားလျှင် အရိုးစဉ်ဆက် မဟုတ်လို့ သာသနာပိုင့်ထံ သုံးညခန့် ကျောင်းလွှတ် ပူဇော်ရမှာကို ငါ နှမြောတော်မူတာနှင့် အထင်ကရ မမြှောက်စားဘဲ ထားတယ်'

'ဘုန်းတော်ရှင်ဘုရား၊ ကိုယ်တော်မြတ်ရဲ့ သဘောတော်တွင် သည့်အတိုင်း မှန်ကန်တော်မူပါက အရည်းတို့ရဲ့ ဘေးရန်ကို သုတ်

သင် ရှင်းလင်းခွင့် သနားတော်မူပါ။ ကျွန်တော်မျိုး ငခွေး တာဝန်ယူပါရစေ ဘုရား'

'ဆိုင်းငုံ့ဦး မြင်းခံ၊ ငါကိုယ်တော်မြတ် မှူးတော် မတ်တော်များနှင့် ညှိနှိုင်းတိုင်ပင်တော်မူဦးမယ်'

'ဦးတည့်ရပ်ပါ ဘုရား'

မင်းကြီးသည် နန်းတော်သို့ ပြန်တော်မူလေ၏။

ထိုနေ့ညဉ့်ကား လသည် အလွန်သာယာစွာ တောက်ပ၏။ မြင်းတော်ခံသည် လရောင်အားဖြင့် ကြည်လင် ရွှင်ပျလျက် "ငါကား အရည်းတို့ကို သုတ်သင်ခွင့်ရ၍ တိုင်းသူပြည်သားတို့၏ အကြီးဆုံးသော ပထမဘေးကြီးကို ကာကွယ်ရပေတော့မည်" ဟု အထူးဝမ်းသာလျက် ရှိ၏။ ၎င်းသည် ငယ်ကတည်းက စပြီးလျှင် ကိုယ်ကို ကျွန်ပြုလျက် မိခင် ဖခင်တို့အား လုပ်ကျွေးသမှု ပြုခဲ့ခြင်းက စပြီးသော် အဆင့်ဆင့် တွေးတော၍ မြင်းခံကြီး ဖြစ်လာရသည်တိုင်အောင် မောင်ဖြိုးနှင့် ကျေးဥတို့၏ ကြီးစွာသော ကျေးဇူးနှင့်တကွ ပေါ်ပေါက်နေလေ၏။ "ငါသည် အရည်းတို့ကို သုတ်သင်ခွင့်ရကာလ ပုဂံပြည်ရှိ အရည်းတို့ကို နှိမ်နင်းပြီးနောက် စလေသို့ဆင်းလျက်၊ အရည်းတို့သည် မိမိတို့အား မကြည်ညိုသော သူတို့အား ဖိနှိပ်ချုပ်ချယ်ကာ ရှိနေသည်ကို ကယ်ဆယ်နိုင်ပေတော့မည်" ဟု ရွှင်မြူးလျက် ဝမ်းသာနေ၏။

ထိုခဏ၌ မြင်းဇောင်းတော် အရိပ်တွင် လူသဏ္ဍာန် မြင်ရသဖြင့် သွားရောက်ပြီးသော် 'နင်· ဘယ်သူလဲ' ဟုမေး၏။

'ကျွန်တော်မ စောမြနွယ်ရဲ့ ကျွန်ယုံတော်မ လက်ပါးစေပါ။ တိုးတိုး မိန့်တော်မူပါ ကိုယ်တော်'

'အလို ... အချိန်မတော် လက်ပါးစေ ဖြစ်လျက်နှင့် ဘာကြောင့် လာရသလဲ'

'မဖုရားက မောင်တော်မြတ် ခြေတော်ရင်းသို့ ဦးခိုက်ကာ သည်လို လျှောက်ထားချေတဲ့'

'ဘာလဲ ... ဆိုစမ်း'

'မောင်ဘုရားဟာ ကြမ္မာတော် မြင့်ပြီး သမ္ဘာတော် တင့်ချိန် ရောက်ပါပြီ'

'ဟဲ့၊ ဟဲ့ ... ဟဲ့ ... လုံမငယ်၊ နင့်စကားကို သည်တွင်ရပ်။ ငါ နားခါးတယ်။ နင် မြန်မြန်ပြန်'

'ကိုယ်တော်ဘုရား ... စဉ်းစား၍ မိန့်တော်မူပါ။ လောကမှာ ထီးနန်းရိပ်ငြိမ် စည်းစိမ် ဆိုခြင်းသည် အလွန်တင့်တယ် မွန်မြတ်၍ စည်းစိမ်တကာတို့၏ သရဖူ ဖြစ်ပါသည်။ ကိုယ်တော်လို ဘုန်းရှင် ကံရှင် သမ္ဘာရှင်များနှင့်သာ ထိုက်တန်လှပါသည်တဲ့။ လောကမှာ ထီးနန်းစည်းစိမ် ဆိုသော လာဘ်ကို ဖယ်ရှားသောသူထက် ဆုံးရှုံး ခြင်း မည်သည် မရှိတော့ပါတဲ့။ ထို့ကြောင့် ကိုယ်တော်က အသင့် စီစဉ် ကြံစည်တော်မူထားပါတဲ့။ မဖုရားက မင်းကြီးကို နက်ဖြန် သွေးဆောင်ကာ ခေါ်ငင်ပြီး အပ်ပါမည်တဲ့ ဘုရား'

'ဟယ် ... ကောင်မကလေး၊ နင့်စကားဟာ ယုတ်မာလှပါ ကလား။ နင့်အသံက သချိုင်းကုန်းက ခွေးအအူသံလို အသည်းနှလုံးကို တုန်လှုပ်စေလှပါတကား။ ငါကား ကျေးဇူးရှင်ကို ဘယ်တော့မှ ကျေး မစွပ်နိုင်။ နင့်စကားကို နင်ပြန်ယူသွား၊ နင့်မိဖုရားထံ ပြန်ပို့လေ။ "လောကဘုံပြင်၊ ကျေးဇူးရှင်ကို၊ ကျေးလျှင်တုံ့ဆပ်၊ မပြုတတ်လည်း၊ လူဝတ်ယွင်းကာ၊ ကျေးကန်းပါလျှင်၊ လူမှာငုံးတိ ဘုန်းမပြည့်" တဲ့။ နောင်ကို သည်လို စကားမျိုးနှင့် ဘယ်တော့မှ လက်ဆောင်မပြုနှင့် လို့ လျှောက်ထားလိုက်။ ကိုင်း နင် မြန်မြန်ပြန်'

လက်ပါးစေ အပျိုတော်လည်း မှောင်ရိပ်ခိုကာ ပြန်သွား၍ အသင့် စောင့်နေသော စောမြနွယ်ထံ ရောက်လေ၏။

'ကိုယ်တော် ပျော်ရဲ့လား၊ တင်လျှောက်တဲ့ စကားကို လက်ခံရဲ့လား၊ ဘယ်လိုများ မှာထားလိုက်သလဲ'

လက်ပါးစေလည်း စေ့ငစွာ ပြန်ကြားလျှောက်ထားလေ၏။ စောမြနွယ်လည်း လက်နှစ်ဖက်ကို ပွတ်လျက် ဤသို့ ညည်းတွားလေ၏။

'သြော် အင်မတန် ဖျင်းတဲ့ တောတွင်းသားပါကလား။ ကျေးရူးသစ္စာကို နေရာတိုင်းမှာ တည်ရင် လောကမှာ အောက်တန်းစား ဘဝက ဘယ်တော့မှ မလွတ်နိုင်ဘူး ဆိုတာကို သူ နည်းနည်းကလေးမှ မသိဘူးနော်၊ ကျေးရူးသစ္စာ ဆိုတာကို တည်သင့်မှ တည်ရတယ်။ လူဖျင်း လူအ၊ လူနု လူ့သူရဲဘောကြောင်တို့နှင့် ကျေးရူးသစ္စာဟာ ခွဲမရအောင် တွဲနေတယ် ဆိုတာ သိပ်မှန်တယ်နော်။ ထီးနန်းစည်းစိမ် ဆိုတာဟာ သူ့မြင်တင်းကုပ်လောက်မှ သာယာတယ်လို့များမှ ထင်ရဲ့လား'

မြင်းခံ ငခွေးသည် သူ့စိတ်ကူးအတိုင်း ဟန်ရတော့မည်ဟု များစွာ ဝမ်းသာလျက် ရှိ၏။

တံနက်မင်းကြီးသည် မြင်းတော်ခံ၏ လျှောက်တင်ချက်ကို များစွာ သဘောကျတော်မူ၍ နန်းရင်းဝန်ကြီးနှင့် မှူးကြီးမတ်ကြီးတို့ကို တိုင်ပင်တော်မူရာ၊ နန်းရင်းဝန်ကြီးနှင့် တကွသော မှူးမတ်တို့မှာ အရည်းတို့က ချီးမြှင့်ထားသဖြင့် တင့်နေသောသူများ ဖြစ်သည်ပြင် ၎င်းတို့၏ ဂုဏ်ထူး၌ တည်မြဲရန်နှင့် အခြေခိုင်မြဲရန်၊ တိုင်းသူပြည်သားတို့ အပေါ်၌ ဩဇာရှိရန်တို့အတွက် ယတြာဆင်ခြင်း၊ အဆောင်လက်ဖွဲ့ ထားရှိခြင်း၊ ဂြိုဟ်ပူဇော်ခြင်း၊ နတ်စာကျွေးခြင်း၊ ပုတီးစိပ်ခြင်းတို့မှ စပြီးလျှင် အရည်းတို့ကို မှီခိုနေရသောကြောင့် 'သည်လိုဆိုရင် မွန်မြတ်သော သာသနာတော်ကြီးသည် ပျက်ရတော့မည်၊ တစ်ပြည်လုံး ကပ်ဆိုက်တော့မည်' ဆိုကာ တညီတည်း ငခွေး

၏ အကြံကို ကန့်ကွက်ကြကုန်၏။ နန်းရင်းဝန်ကြီးနှင့် မှူးကြီး၊ မတ်ကြီး၊ သေနာပတိတို့လည်း ထိုသို့ ကန့်ကွက်ရုံနှင့် တင်းတိမ်အားရခြင်း မရှိသေးဘဲ ငွေးသည် "ပွဲနေ ပွဲထိုင် သွားရာ၌ လမ်းကနေ၍ ဟောင်သောခွေး" ကဲ့သို့ ဖြစ်ချေသည်။ တရားခံများအား ခါးကြိုး၊ နားကြိုး ချည်၍ စစ်ဆေးခြင်းကို အမြဲရှုတ်ချသည်။ ငါတို့၏လာဘ်ကို အမြဲ ပိတ်ပင် တားဆီး နှောင့်ယှက်သည်ဟု သဘောညီကြလျက်၊ သည်ပွဲတွင် ငွေးကို အလဲသတ်ရန် ဤသို့ တညီတညွတ်တည်း သဘောအရ နန်းရင်းဝန်ကြီးသည် တင်လေ၏။

'ရေမြေ့ရှင်ဘုရား၊ မျောက်ကို သူကောင်း မြှောက်မိခြင်းကြောင့် တစ်ပြည်လုံး မီးတောက်ရပါတော့မည်။ မြင်းတော်ခံသည် မျောက်ထက် ယုတ်မာ ညစ်ညမ်းသောသူ ဖြစ်သည်။ ယခု သာသနာတော်ထမ်း အရည်းတို့ကို ထိပါးလာခြင်းသည် တစ်ပြည်လုံးမှာ ပြာပူမိုးရွာပြီး ဖုံးအုပ်ရန်အကြောင်း ဖြစ်ပါသည်။ သူ၏ယုတ်မာသော အကြံကို သဘောမတူခဲ့လျှင် သူ၏လက်ရုံးရည်ကို သူ အားကိုးပြီးသော် သူ့ဘက်သို့ ပါသော သူများနှင့် ထောင်ထားပုန်ကန်ပါလိမ့်မည်။ ယခု နေပြည်တော်မှာလည်း အသည်များ အားလုံးလောက်နှင့် သူ၏ ဘက်သို့ စိတ်ပါနေသူများသာ များပါသည်။ ထို့ကြောင့် မြင်းတော်ခံကို အမြန်သုတ်သင်သင့်ကြောင်း ရှိခိုးကာ လျှောက်ထားဝံ့ပါသည် ဘုရား'

'ဟယ် မှူးကြီးမတ်ကြီးများ၊ ဘယ်လို လျှောက်တင်ကြသလဲ၊ ငါ့မြင်းတော်ခံဟာ အင်မတန် စွမ်းရည်သတ္တိ ကောင်းတယ်၊ ဉာဏ်လည်း ရှိတယ်၊ သဘောထား ဖြောင့်စင်းတယ်။ သင်တို့ အသံ တိတ်ကြကုန်လော့'

ထိုအခါ သက်တော်ရှည် နန်းရင်းဝန်ကြီးသည် မှူးတော်မတ်တော်တို့၏ကိုယ်စား ဤသို့ လျှောက်တင်ပြန်လေ၏။

'ရွှေဘုန်းတော်ရှင် နေမင်းဆွေ ဘုရား၊ မှူးမတ်များတို့၏ တညီတည်း သဘောအရ သံတော်ဦးတင်ချက်ကို ရွှေနားတော် မချို၊ အလိုတော်မကျ၊ မြင်းခံအပေါ်၌ သံသယတော် ကင်းရှင်းပါသော် အထောက်တော်များ၊ လူပျိုတော်သားများကို လေးပြင် လေးရပ်၌ လွှတ်ပြီးလျှင် စုံစမ်းတော်မူသင့်ပါသည်။ မှူးမတ် အများတို့ကား အရှင်မင်းမြတ်၏ အကျိုးစီးပွား အလို့ငှာသာ သံတော်ဦး တင်ရ ကြောင်းပါ ဘုရား'

တံနက်မင်းကြီးသည် နန်းရင်းဝန်ကြီး လျှောက်တင်သည် အတိုင်း လူပျိုတော်သားများနှင့် အထောက်တော်များကို လွှတ်၍ စုံစမ်းစေတော်မူ၏။

နေပြည်တော် အလုံး၌လည်း ကျွန်များသည် သခင့်ဩဇာကို နေရာတိုင်း၌ ရှေးကကဲ့သို့ မခံကြ။ အချင်းချင်း လျှို့ဝှက်ကာ တစည်း တလုံးတည်း ပြုကြ၍ ညှိနှိုင်းကြပြီးသော်၊ သခင်များ၏ မတရား သော အပြုအမူကို ပြောဆို ခုခံကြကုန်၏။ လွှတ်တော်ဝန်ကြီးများ အိမ်က အစပြုလျက်ပင် ကြေးကျွန်နှင့် ကျေးကျွန်တို့သည် မတရား လျှင် မနာခံကြဘဲ ခုခံလိုသော စိတ်နေ စိတ်ထားကို ပြကြကုန်၏။ လွှတ်ရုံးတော်၊ မြို့ဝန်အိမ်၊ မှူးမတ်တို့၏ အိမ်တို့၌လည်း တရား တပေါင် စွဲဆိုသူတို့ အလွန် နည်းပါးလျက် အချင်းချင်း ခုံတင်မြှောက် ကာ တရားစီရင် စစ်ဆေးကြ၍ မင်းမှုထမ်း အရာရှိများတို့မှာ လာဘ် သပ္ပကာတို့သည် တိတ်ဆိတ်လာကြကုန်၏။

သခင်များ၊ မှူးကြီး မတ်ကြီးများ စသည်တို့၏ သားသမီး အရွယ်ရောက်သူများသည် ဦးစီးဦးကိုင်ပြုကာ အလုပ်ခွင်သို့ မဝင် ခဲ့သော် ကျွန်များ၊ ကျွန်မများသည် အလုပ်ခွင်သို့ မဝင်ကြဘဲ ငြင်းဆန် ကြကုန်၏။ အချို့ ခေါင်းမာသော သူဌေးသူကြွယ်တို့မှာ ဓားပြ အတိုက်ခံကြရ၍ အချို့မှာ အသတ်ခံကြရကုန်၏။ လူကုံထံပိုင်းက

ပုဂံ နေပြည်တော်မှာ နေ နှစ်စင်း ထွက်နေ၍ ကြောက်နေရသည်ဟု စကား ဖြစ်နေ၏။

ထိုသို့သော အခြင်းအရာတို့၌ လူပျိုတော်သားများနှင့် အထောက်တော်များတို့သည် နန်းရင်းဝန် စသော မှူးမတ်တို့၏ တံစိုးကို ယူပြီးသော် ငွေး၏ နည်းပေးလမ်းပြအတိုင်း ဖြစ်ပျက်နေသည်ဟု လည်းကောင်း၊ "ပုဂံမှာ နေ နှစ်စင်း ပူပြင်းတဲ့ ရှိန်ခေါ်၊ နေ့သော်နှင့် ညလား ။ ။ ခွေးရူးနော် ပလ္လင်ထက်မှာ စက်တော့မှာများ" ဟု တဘောင်ပေါ်နေသည်ဟု လည်းကောင်း မြင်းတော်ခံအပေါ်၌ ရာဇဝတ်တော်ရောက်အောင် လျှောက်ထားကြကုန်၏။

ထိုအခါ မင်းကြီးသည် လောက၌ နည်းပရိယာယ် အလွန်များတတ်သည်ဟု စဉ်းစားလျက် 'မြင်းတော်ခံ၏ အမှုအကျင့်ကို ငါကိုယ်တော်တိုင် စုံစမ်းပြီးသော် အမိန့်တော်မြွတ် သတ်မှတ်မည်' ဟု နန်းရင်းဝန်ကြီးကို အမိန့်တော် ရှိထားပြီးနောက်၊ တစ်နေ့သောနံနက်အချိန်တွင် ရုပ်ဖျောက်ပြုကာ မြင်းတော်ခံ၏ အိမ်သို့ သွားရောက်ရာ၊ မြင်းတော်ခံလည်း မိမိ၏ တပည့်တပန်းများ၊ သူဌေးအိမ်မှ အချို့သော ကျေးကျွန်များတို့နှင့် တွေ့ဆုံပြီးသော် သွန်သင်နေသည်ကို ပက်ပင်းပါ တွေ့ရသဖြင့် ဤသို့လည်း ပြောဆိုလေ၏။

'ဖခင်၊ ကျွန်တော်ဟာ မြောက်နိဂုံး သူဌေးဘိုးဘွားအိမ်မှ ကျွန်ပိုင် တစ်ယောက်ပါ။ ကျွန်တော့်အပေါ်၌ သူဌေးကြီးဟာ အင်မတန် ရက်စက် ကြမ်းကြုတ်ပါတယ်။ ထမင်းကို ဝအောင် မကျွေးပါ။ အဝတ်ကိုလည်း လုံအောင် မပေးပါ။ ကျွန်တော့်အား ကယ်ဆယ်တော်မူပါ'

မြင်းတော်ခံလည်း အရိုးပြု၍ ဤသို့ ဆိုလေ၏။

'အမောင်၊ အခြားကျွန်တို့နှင့် ပူးပေါင်းပြီး သူတို့နှင့် အညီအညွတ် ပြုကာ တရားသဖြင့် တောင်းဆိုပါ'

'မပေးသော်ကား အတီသို့ ပြုရပါမည်နည်း'

'ငါ့ထံ လာပြီး တိုင်လှည့်၊ ငါ တရားရာ ရောက်အောင် ပြု လုပ်မယ်'

'အရှင် တတ်နိုင်မယ် မထင်ပါ'

'လူအ ... ငါ့ကို အသားမပါတဲ့ စကားတွေကို ပြောနေတယ် ထင်သလား။ ငါ တရားသဖြင့် စကားကို နားမထောင်ရင် မထောင် တဲ့ လူစည်းစိမ်ကိုလည်း ငါ ဖျက်မယ်၊ အသက်ကိုရင်လည်း ငါ ဆွဲထုတ်ပစ်မယ်၊ မင်း မှတ်ထားပြီး သွား၊ တရားသဖြင့် တောင်း ဆိုပါ။ မရပါက ငါ့ထံ လာပြီး တိုင်လှည့်'

*

မင်းကြီးသည် အလွန် တုန်လှုပ် ချောက်ချားပြီးသော် ခွေးထံမှ ရုတ်ခြည်း ပြန်လာခဲ့၍ နန်းရင်းဝန်ကြီးကို ခေါ်တော်မူပြီးလျှင် 'နှစ်ရက် မြောက်နေ့၌ ခွေးကို ငါ ညီလာခံသို့ ခေါ်မည်။ မြေနန်း၌ပင် သည် သူယုတ်ကို ကွပ်မျက်လော့' ဟု အမိန့်ပေးလေ၏။

နန်းရင်းဝန်လည်း ဤသို့ လျှောက်ထား၏။

'ချက်ချင်း ကွပ်မျက်တော်မူပါ ဘုရား'

'စဉ်းစား အမတ်ကြီး၊ ခွေးကား သာမည မဟုတ်တော့ပေ။ ယောက်ျားဇာနည် ဖြစ်လို့ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံတဲ့အပြင် သင်တို့ လျှောက်တဲ့အတိုင်း နောက်လိုက်များနှင့် ပြည့်စုံနေပြီ။ ကျွန် များနှင့် လက်လုပ်လက်စား လူကြမ်းပေါင်း များစွာလည်း သူ့လူများ သာလျှင် များနေချေပြီ။ ဒါကြောင့် ပရိယာယ်နှင့် ကွပ်မျက်မှ သင့်မယ် အမတ်ကြီး'

နန်းရင်းဝန်ကြီးကား ဝမ်းမြောက်ဝမ်းသာနှင့် အိမ်သို့ပြန်၍ သား မယားတို့နှင့် ယုံကြည်နေသော ကျေးကျွန်တို့အား ဝမ်းပန်းတသာဖြင့် 'ငါတို့ရဲ့ ရန်သူတော်ခေါင်းကို မင်းကြီးထံမှ ငါ ရခဲ့ပြီ။ သည်ကနေ့က

စပြီး နှစ်ရက်မြောက်တဲ့နေ့ နံနက်၌ ငါကိုယ်တိုင် ငါ့လက်နှင့် သင်းခေါင်းကို ဖြတ်မယ်။ ငါ့ဘိုးဘွားဘီဘင်က စပြီး ရန်သူသွေးကို သောက်လာခဲ့တဲ့ ငါ အမွေရ ရန်ကြီးအောင် ဓားကို မြည့်သထက် မြည့်အောင် သွေးထားကြ' ဟု မှာကြား စီရင်လေ၏။ အခြား မှူးမတ်တို့လည်း ပင့်ဖိတ်ကာ ရန်သူတော် တစ်ယောက် ရှင်းလင်းတော့မည်ဟု အကြောင်း အကျိုးကို ဝမ်းမြောက်ဝမ်းသာနှင့် သောက်ပွဲကျင်းပကာ ပြောဆိုနေကြကုန်၏။

ထိုနေ့ညအချိန်၌ မြင်းတော်ခံသည် လ၏ အသရေကိုယူ၍ အပူအပင် မရှိသော စိတ်နှင့် စောင်းတီးကာ နေသည်တွင် အစေခံလုလင်ငယ် နှစ်ယောက်သည် လာရောက်၍ အနီးတွင်ရပ်ကာ တစ်စုံတစ်ရာသော အကြောင်း ဖြစ်ပေါ်နေသည့် အမူအရာကို ပြနေလေ၏။

'မောင်တို့၊ ဘာများ အကြောင်းထူးလာကြသလဲ'

'သခင်၊ အလွန် အရေးကြီးတဲ့ သတင်းတစ်ခု ပေါက်ကြားလာပါတယ်'

'ဘယ်လိုလဲကွယ်ရို့'

'သခင်ကြီးကို နောက်နှစ်ရက်မြောက်တဲ့ နံနက် ညီလာခံသို့ ပရိယာယ်နှင့် မင်းကြီးက ခေါ်ပြီး မြေနန်းတွင်ပင် ကွပ်မျက်တော်မူပါလိမ့်မယ်'

'ဘယ့်နှယ် မသင့်တဲ့စကား ဆိုကြသလဲ။ မင်းကြီးဟာ ငါ့ကို အင်မတန် ယုံမှတ် ကိုးစားတော်မူတယ်။ မင်းတို့ ကြားရတဲ့ သတင်းဟာ ငါနှင့် မင်းကြီးရဲ့ အကြားမှာ ကုန်းချောတဲ့ သတင်းမျှသာ ဖြစ်ရမယ်'

'သခင်ကြီး၊ ယခု ပေါက်ကြားလာတဲ့ သတင်းဟာ နန်းရင်းဝန်ကြီး အိမ်တော်က ဖြစ်ပါတယ်။ နန်းရင်းဝန်ကြီးဟာ နန်းတော်က

ပြန်လာပြီး အိမ်သူအိမ်သားများကို ဝမ်းပန်းတသာနှင့် ပြောပြပါသတဲ့။ သေနာပတိနှင့် မှူးငယ် မတ်ငယ်တို့ကို ဖိတ်ပြီး ဝမ်းမြောက်ဝမ်းသာနှင့် သေသောက်ကာ ပျော်ပါးကြရင်း သည်အကြောင်းအားဆွေးနွေးတိုင်ပင်ကြတာကို သူ့အိမ်က ကြေးပိုင် ကျွန်ပိုင်များကပင်လာရောက် သတင်းပေးပါတယ်'

'ဟုတ်နိုင်ပါ့မလားကွယ်တို့'

'ဟုတ်ပါတယ် သခင်၊ ယနေ့နံနက် မြောက်ပြင်သူဌေးအိမ်ကကျွန်ယောင်ဆောင်ပြီး မင်းကြီးကိုယ်တိုင် လူပျိုတော်များ၊ အထောက်တော်များ လျှောက်ထားတာကို မယုံလို့ လာရောက် စုံစမ်းပြီး သည်အမိန့်တော်ကို ချမှတ်ပါသတဲ့'

'အင်းကွယ် .... သတ်ရင်လည်း သေရတာပေါ့။ မင်းကြီးရဲ့ကျေးဇူးတော်ဟာ ငါ့အပေါ်မှာ နှစ်ရှည်လများ ရှိခဲ့လှပြီ။ မင်းကြီးကသတ်ရင် တစ်နေ့ထဲမှာ ကျေနပ်နိုင်ပါတယ်ကွယ်'

'သခင်ကြီး၊ တော်လှန်ပုန်ကန်တော်မူပါ၊ ကျွန်တော်များနှင့်စိတ်ဝမ်းတူညီနေပြီး အသင့် ရှိနေတာဟာ တစ်ပြည်လုံးလောက်ပင်ဖြစ်ပါတယ်။ မောင်မောင်ဖြိုးရဲ့ သဘော်ာနှစ်စင်းလည်း အသင့် ရှိနေပါတယ်'

'ဟာ ပုန်ကန်လို့ မဖြစ်ဘူး၊ သူပုန်ထလို့ မဖြစ်ဘူး၊ သည်လိုအလုပ်ဟာ အင်မတန် ရိုင်းတဲ့အလုပ်။ တစ်ယောက်ကောင်းဖို့အတွက်လူပေါင်းများစွာ ဆင်းရဲ ဖြစ်ရတတ်တယ်'

'ဒါဖြင့် သခင်ကြီးဟာ ဘုရင်အဖြစ်နှင့် အုပ်စိုးဖို့ရန် ကြံရွယ်ချက်ကို ပယ်ဖျက်တော်မူလိုက်ပြီလား'

'သည်လိုလည်း မဟုတ်ဘူး မောင်တို့၊ ငါတို့ရဲ့ ကျေးဇူးသခင် အရှင်တံနက်မင်းကြီး မရှိသည်နောက် ပုဂံပြည်ကြီးမှာ ငါမင်းလုပ်မှာပါကွယ်တို့'

ထိုခဏ၌ မှောင်ရိပ်တစ်ခုတွင် လူသဏ္ဌာန်ကို မြင်ရ၍ မြင်းတော်ခံ၏ တပည့်နှစ်ယောက်သည် သွားရောက်ကာလ ထိုသဏ္ဌာန်သည် ထွက်ပြေးမည်ပြုရာ 'ဟေ့ ရပ်လိုက်၊ ပြေးရင် သေရလိမ့်မယ် မှတ်ထား' ဟု အာဏာပြလိုက်သဖြင့် ထိုသဏ္ဌာန်သည် ရပ်နေ၍ သေချာစွာ ကြည့်ရှုလတ်သော် နန်းတွင်းသူတစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေ၏။

'နန်းတော်ကြီးက အထောက်တော်မ မဟုတ်ဘူးလား'

'သခင်ကြီးထံ လျှောက်ထားစရာ ရှိလို့ပါ အစ်ကိုတို့ရယ်'

'ကောင်းပြီ၊ ဒါဖြင့် လိုက်ခဲ့'

*

'လုံမငယ် ပြောဖွယ်ရှိသမျှကို ပြောပါ' ဟု ငခွေးသည် ဆိုလေလျှင် ထိုမိန်းမငယ်သည် ငခွေး၏အနီးတွင်ရှိသော လူများ၏ မျက်နှာကို မယုံကြည်သော သဘောနှင့် ကြည့်နေသဖြင့်၊ ငခွေးလည်း ၎င်း၏ လူယုံတော်များကို မျက်ရိပ်ပြ၍ ဖယ်ရှားစေပြီးသော် 'လုံမငယ် ပြောစရာ ရှိလျှင် ပြောတော့' ဟု ဆိုလေ၏။

'စောမြနွယ် သခင်မက စေလွှတ်တော် မူလိုက်ပါတယ်။ ကိုယ်တော်ဟာ သူ့အပေါ်၌ မေတ္တာမသက်လည်း ကိုယ့်အသက်ဖြင့် ကိုယ် ချစ်နှစ်သက် သင့်ပါတယ်တဲ့။ နှစ်ရက်မြောက်တဲ့ နေ့ရက် နံနက်၌ ကိုယ်တော်ကို မင်းကြီးဟာ ညီလာခံသို့ ပရိယာယ်နှင့် ခေါ်ပြီး ကွပ်မျက်တော်မူပါလိမ့်မယ်။ စောမြနွယ်ကို ကိုယ်တော်ဟာ ကျေးဇူးမတင်မည်ကို သိသော်လည်း စောမြနွယ်မှာ ကိုယ်တော်ကို လွန်ကဲသော မေတ္တာနှင့် သတိပေးစကား တမန်ကြားကာ လျှောက်ထားလိုက်ရပါတယ်လို့ စေပါတာနှင့် လျှောက်ရန် လာရခြင်းပါ ကိုယ်တော်'

'အင်း သူ့ဆန်ကို စားရမင့် သူ ထားရင် ရှင်ရမယ်၊ သတ်ရင်

လည်း ပျော်ပျော်နှင့်ပင် သေပွဲသို့ ဝင်ရမှာပေါ့၊ ဒါပဲ မဟုတ်လား။ လုံမငယ် ပြန်တော့'

နန်းတွင်းသူ လုံမငယ်လည်း စောမြနွယ်၏ အဆောင်တော်သို့ ပြန်ရောက်၍ အကျိုးအကြောင်းကို လျှောက်ထားကာလ စောမြနွယ်လည်း ညာဘက် လက်ဖြင့် ရင်ကို ဖိလျက် ညှိုးငယ်လှစွာသော မျက်နှာနှင့် 'ဩော် ဘယ့်နှယ်လူပါလိမ့်မလဲ၊ ကိုယ့်အသက်ကို အကျိုးမဲ့ အရမ်းမဲ့ အသေခံပြီး ရန်သူရဲ့ အပေါ်မှာ သစ္စာကို တည်ရသတဲ့လား။ နန်းတော် ဆိုတာဟာ သေမင်းရဲ့ ရင်ခွင်လောက် မသာယာဘူးများ ထင်နေလေရော့သလား။ သေမင်းရဲ့ သူလျှိုထံတွင် စာရင်းပါပြီးတဲ့ လူများဟာ သည်လိုပဲ ဇွတ်တရွတ် မိုက်ရူးရဲ ခေါင်းမာတတ်တယ် ထင်ပါရဲ့။ နတ်သိကြားများတို့ ဘုရား၊ အနှိပ်အစက်ခံနေရတဲ့ လူများရဲ့ အကျိုးဆောင် မြင်းတော်ခံကို အသက်ဘေးမှ ချမ်းသာရအောင် ကယ်ဆယ် မ စ ဆောင်ကြဉ်းတော်မူကြပါ ဘုရား' ဟု တမ်းတကာ စက်ရာထက်၌ မှေးစက်ကာ ပြုလေ၏။

ခွေး၏ တပည့်တပန်းတို့သည် နန်းတွင်းသူ လုံမငယ်၏ ပြောစကားတို့ကို ကြားသိရပြန်သော် ဤသို့ တညီတည်း ခွေးအား ပြောဆိုကြကုန်၏။

'သခင်ကြီး၊ ဤနှစ်ဟာ ပညာရှိကြီးများ၊ မှူးကြီးမတ်ရာ သေနာပတိများနှင့် ပုရောဟိတ်၊ အရည်းရဟန်းများတို့ပင်လျှင် အလွန် တုန်လှုပ်နေတဲ့ နှစ်ကြီး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီနှစ်ထဲမှာ သောကြာ ကြယ်တံခွန် ပြပါတယ်။ ဒိန်နက်သဲ သင်္ကြန် တစ်ပြိုင်နက် သင့်ပါတယ်။ ဒါ့ကြောင့် မင်းကြီးရဲ့ ဇာတာတော် နိမ့်ပြီး တိုင်းပြည်ကြီး အပြောင်းအလဲ ဖြစ်ရလိမ့်မယ်လို့ တိတ်တဆိတ် အဟောထွက်နေတဲ့အပြင် အရည်း သာသနာပိုင်ကိုပင် နန်းတင်ဖို့ ကြိုးစားနေကြဟန် ရှိပါတယ်'

'လူမိုက်များ၊ ကမ္ဘာ့တန်ဆာ ဆိုတာဟာ သဘာဝအလျောက် ဖြစ်ပျက်နေရတယ်၊ တိတ်နိမိတ် ဆိုတာကိုလည်း စွဲလမ်းယုံကြည် လိုလျှင် ယုံကြည်နိုင်ပါတယ်။ သို့သော် ဘယ်လို တိတ်နိမိတ်မဆို သူတော်ကောင်း၊ ဝါ၊ အကျင့်ကောင်း ရှိသူမှာ ကောင်းပြီး အကျင့် မကောင်းတဲ့သူများမှာ မကောင်းနိုင်ဘူးကွယ့်၊ ဒါကြောင့် ကျေးရူးရှင် အပေါ်မှာ မတော်မှောက်မှား စိတ်ကစားဖို့ မလိုဘူးကွယ်တို့'

ငွေး၏ တပည့်တပန်းတို့သည် ငွေး၏ထံမှ ဖယ်ခဲ့ကြ၍ အကြီးအကဲ နှစ်ယောက်သည် ခေါင်းချင်းဆိုင်ကာ တီးတိုး တိုင်ပင် ကြပြီးနောက်–

'ဒီလို အခွင့်မရခဲ့သော် ဘယ်လို လုပ်ကြမလဲ' ဟု ပြဿနာ ပေါ်လာသည်အတိုင်း၊ ဤသို့ တစ်စိတ်တည်းညီကာ အသင့်ကြံစည် ကြကုန်၏။

မြင်းတော်ခံအား မင်းကြီးသည် ညီလာခံသို့ ဝင်ရန် အမိန့် တော် ချမှတ်သဖြင့် ဝင်ရလတ်သော် ပုဂံရွှေမြို့တော်ရှိ ကျွန်များ၊ များစွာသော လက်လုပ်လက်စားများ၊ ကုန်သည်ငယ်၊ တောင်သူငယ် များတို့ကို ရတ်တရက် စုရုံးပြီးသော် မင်းကြီး၏ ရွှေနားတော်ကြား၊ မြင်းတော်ခံကို သေနာပတိ သော်လည်းကောင်း၊ နန်းရင်းဝန် သော် လည်းကောင်း ခန့်အပ်သနားတော်မူပါဟု ဟစ်ကြရမည်။ မင်းကြီး သည် ထိုဆင်းရဲသားတို့၏ အသနားခံချက်ကို မနာမယူဘဲ မြင်းတော်ခံ ကို သတ်ခဲ့သော် သို့မဟုတ် ဒဏ်တစ်ခုခု ပေးခဲ့သော် နန်းတော်ထက် သို့ ရတ်တရက် လက်နက်စွဲကိုင်ကာ တက်ကြပြီးလျှင် မင်းကြီးကို နန်းချကြမည်။ ထို့နောက် အဝယ်တော် မောင်မောင်ဖြိုးကို ဘုရင် တင်မြှောက်ကြရမည်ဟု စိတ်ဝမ်း ညီကြကုန်၏။

လောကရေးရာသည် မပြတ်မစဲ အမြဲ ရှုပ်လျက်ရှိ၏။ ထိုအရှုပ်

တို့တွင် တိုင်းရေးပြည်ရေး၊ ဘုရင့်ရေးရာ၊ အစိုးရရေးရာတို့သည် ဂုဏ်ကြီးလေ ရှုပ်လေဖြစ်၍ အရှုပ်ဆုံး ဖြစ်၏။

ထိုသဘာဝနှင့်အညီ ခွေးတို့အထဲတွင်လည်း သန့်ရှင်းသည် မဟုတ်။ အရည်း သာသနာပိုင်၏ လူများသည် ရောလျက် ရှိ၍ အထက်က ဖော်ပြခဲ့သော တိုင်ပင်ချက်တို့သည် အရည်းသာသနာ ပိုင်ထံ ညချင်းတွင်းပင် ရောက်သဖြင့် အရည်းသာသနာပိုင်လည်း သူ့သူလျှိုများအား မင်းကြီးကို ခွေးထံ အလာ ဖျောက်နိုင်အောင် ဖျောက်ပစ်လိုက်ရန် သညာပေး၍ ဖျောက်ဖျက်ပြီးခဏ္ဍ ချက်ချင်း လာရောက်၍ လျှောက်ထားရမည်ဟု စကားထည့်ထားလေ၏။

မြင်းတော်ခံသည် နောက်တစ်နေ့တွင် တပည့်လက်သားများ နှင့် မြင်းဇောင်းကို သုတ်သင်ရှင်းလင်းခြင်း၊ မြင်းချေးများကို မီးရှို့ခြင်း၊ မြင်းချေးတွင်းများကို တူးခြင်း စသည်တို့ကို စိတ်ရောကိုယ်ပါ ပြုလုပ် နေသည်တွင် တံနက်မင်းကြီးသည် မောင်းမငယ် စောမြနွယ်နှင့်အတူ မြင်းဇောင်းသို့ လာရောက် ကြည့်ရှုတော်မူပြီးလျှင် မြင်းတော်ခံအား 'အမောင် မြင်းတော်ခံ၊ သင်ဟာ အမှုတော်၌ အလွန် ကျေပွန်တော် မူတယ်၊ နောက်တစ်နေ့ ညီလာခံ၌ အမောင် ဝင်ပြီး ခစားရမယ်' ဟု မိန့်တော်မူလေ၏။

'ဦးတည့်ရပ်ပါ ဘုရား' ဆိုကာ မြင်းတော်ခံသည် ခေါင်းကို ငုံ့ကာ ရိုသေစွာ ခစားနေလေ၏။

မင်းကြီးလည်း မြင်းခံ၏ အစေအပါးတို့သည် မြင်းချေးတွင်း တူး၍ မြေစာသယ်ယူနေသည်ကို တစ်ဖန် လှည့်လည် ကြည့်ရှုလျက် တွင်းအနီး၌ ရပ်ပြီးသော် 'ကျင်းကြီး နက်လှပါကလား' ဟု မိန့်တော် မူ၍ မြင်းတော်ခံလည်း မင်းကြီးနှင့်အတူ ငုံ့ကြည့်နေသည်တွင် ခွေး၏ တပည့်ဟန်ဆောင်နေသော အရည်းသာသနာပိုင်၏ သူလျှို တစ်ယောက်သည် မင်းကြီးကို အမှတ်မဲ့ တွန်းချလေရာ၊ ကျသည်နှင့်

တစ်ပြိုင်နက် တွင်းထဲက နေသော အရည်း၏ သူလျှိုတစ်ယောက်က မင်းကြီးကို ပေါက်တူးနှင့် ပေါက်သတ်လိုက်လေ၏။ တွင်းကိုလည်း မြေဖို့ကာ အလောင်းတော်ကို ဖျောက်ဖျက်လိုက်ကြရလေ၏။

ငခွေးလည်း သတိမကင်းသူဖြစ်၍ တွန်းချသူနှင့် သတ်သူကို ဖမ်းထားပြီးလျှင် 'တို့အကြံ မပြီးသေးဘဲ မလွှတ်နှင့်' ဟု ချုပ်ထားစေလေ၏။

ငခွေး၏ တပည့် ရဲသွေးညီ တစ်စုတို့သည် စုံညီ လာရောက်ကြ၍ 'ဘုန်းတော်အရှင် သခင်ကြီးဘုရား၊ တံနက်မင်းကြီးသည် ရန်သူတော် လက်ချက်ကြောင့် ကွယ်လွန်တော်မူပြီ ဖြစ်သဖြင့် ရွှေထီးရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူပါ' ဟု လျှောက်ထားကြသည်ကို ငခွေးသည် လက်ခံလျက်၊ တပည့်ရဲသား နှစ်ကျိပ်ငါးနှင့် လက်သည် အချုပ်လူနှစ်ယောက်ကို ဆောင်ကြဉ်းပြီးသော် မောင်းမငယ် စောမြနွယ်ကို လက်ဆွဲပြီးလျှင် နန်းတော်သို့ ဝင်တော်မူလေ၏။

မကောင်းသော တပည့်များအတွက် ဆရာသည် ဓားစာခံ၊ မကောင်းသော သားသမီးများအတွက် မိဘသည် ဓားစာခံ၊ မကောင်းသော မှူးမတ်တို့အတွက် ရှင်ဘုရင်သည်ကား ဓားစာခံ ဖြစ်ချေသည်။

ကျင့်ဝတ်တရားကောင်းနှင့် ထိုက်တန်ရာသည် တစ်နည်းတစ်ဖုံအားဖြင့် ဖြစ်လာရသေးသည်။

မင်းခွေးသည် နန်းတွင်းသူ နန်းတွင်းသား အပေါင်းတို့ကို အမိန့်တော်ပြန်ကာ ညချင်းပင်ခေါ်၍ သစ္စာခံစေလေ၏။ မိဖုရားနှစ်ပါးသည်ကား ငခွေး၏ မိဖုရားအပြုကို မလိုသောကြောင့် သတင်းကြားလျှင် ကြားချင်းပင် နန်းတော်မှ ထွက်ပြေးပြီးသော် နန်းရင်းဝန်ကြီး အစရှိသော မှူးကြီး၊ မတ်ကြီး၊ သေနာပတိတို့ကို ပြန်ကြားလေ၏။

စလေမင်းခွေးသည် နန်းတော်ကိုသိမ်းရန် ဝင်တော်မူသော အခါ အပြင်တွင် ထားခဲ့သော လူယုံတော် ငါးကျိပ်သည်လည်း ချက်ချင်း ဆင်ကြီး၊ မြင်းကြီး၊ ဆင်ကောင်း၊ မြင်းကောင်းတို့ကို ဖမ်းယူ အုပ်စီး ပြီးသော် ရွှေမြို့တော် တစ်မြို့လုံးရှိ အသည်လုလင်များနှင့် ကျွန်များ ကို သိမ်းရုံးစုဆောင်း၍ တုတ်၊ ဓား၊ လှံ၊ လေး မြား စသော လက်နက် တို့ကို ကိုင်စွဲကာ တပ်ကြီး အစီးအနင်း အဆောင်အဖွဲ့ကို ရုတ်တရက် ဖွဲ့စည်းလိုက်ကြလေ၏။

သေနာပတိနှင့် မှူးကြီး၊ မတ်ကြီးတို့လည်း တပ်အစီးအနင်းကို ချက်ချင်း စီမံခန့်ခွဲပြီးသော် ငခွေးကို ဖမ်းရန် နန်းတော်ကြီးသို့ ချီတက် ကာ ဝန်းဝိုင်းကြကုန်၏။ ထိုအခါ ငဖြိုးသည် သဘော်နှစ်စင်းမှ တောင်စဉ်သား ရဲမက်များနှင့် ပုဂံ ဇနပုဒ်မှ ရဲမက်များကို ယူကာ ချီလာ၍၊ ငခွေး၏ ဆင်းရဲသားတို့နှင့် ကျွန်တပ်ကြီးကို ပေါင်းပြီးလျှင် အုပ်ချုပ်ကာ သေနာပတိတို့၏ တပ်များကို ဝန်းဝိုင်းပိတ်ဆို့လျက် ထိုးခုတ်သတ်ဖြတ် တိုက်ခိုက်လေ၏။

ထိုနေ့ည သူငယ်အိပ်ဆိတ် အချိန်က စပြီးလျှင် လရောင် ထဲတွင် တိုက်ခိုက်ကြသည်မှာ ဓားရောင် လှံရောင် တလက်လက်နှင့် ဓားသွား လှံသွား တဖွေးဖွေး၊ ဓားသံ လှံသံ တချင်ချင်နှင့် အော်သံ ဟစ်သံ၊ ညည်းညူသံ၊ ငိုကြွေးသံတို့ဖြင့် အလွန် နှလုံးနောက်ကျုဖွယ် ဖြစ်နေလေ၏။ သေလေသည်လည်း အများ ဖြစ်၏။ အရည်းတို့ သည်ကား ပထမသော် သေနာပတိတို့၏ဘက်မှ ကူညီမည်ဟု ကြုံးဝါး အားပေးသော်လည်း ငဖြိုးသည် တပ်မကြီးနှင့် မီးရှူးမီးတိုင်တို့ကို ထွန်းညှိကာ ချီတက်လာသောအခါ၊ သေနာပတိတို့၏တပ်ကို မကူဘဲ ကျောင်းတွင် တံခါးပိတ်ကာ ဆိတ်ဆိတ်နေကြကုန်၏။

နန်းတော်တွင်းသို့ကား လူသူ တစ်စုံတစ်ယောက်မျှ မဝင်နိုင်

အောင် ရဲမက်တို့သည် လက်နက်စွဲကိုင်ကာ စောင့်ကြပ်နေကြသဖြင့် နန်းတော်တွင်း၌ ဘေးရန်မရှိ လုံခြုံလေ၏။

ထိုတိုက်ပွဲကြီးသည် သန်းခေါင်ကျော်သောအခါ ပြီးမြောက်သွားသကဲ့သို့ တိတ်ဆိတ် ငြိမ်ဆိမ်သွားလေသည်။ တံနက်မင်းကြီး၏ သေနာပတိသည်ကား အရည်း သာသနာပိုင်ကြီးကို နန်းတင်လိုသူဖြစ်၍ မြင်းကို ဒုန်းစိုင်းလျက် ဓားလွှတ်ကကာ ငဖြိုးရှိရာသို့ အတင်းစီးနင်းလာလေ၏။ ငဖြိုးလည်း ဓားရေး လှံရေး မြင်းရေးတို့၌ အထူးကျင်လည်သည် အားလျော်စွာ ဒုန်းပြေးလာသော မြင်းကို ရတ်တရက်လှန့်လိုက်ရာ မြင်းတန့်သွား၍ သေနာပတိသည် မြင်းပေါ်မှ ကျမည်ကဲ့သို့ အပြုတွင် ငဖြိုး၏ ရဲသွေးညီတို့သည် ဝန်းဝိုင်းဖမ်းဆီးကြရာ၊ သေနာပတိသည် ရန်သူများ၏ အအောင်ကို မခံဘဲ မိမိဓားနှင့် မိမိကို ကွပ်မျက်၍ သစ္စာထိန်းသွားလေ၏။

နံနက်လင်းသောအခါ အသည်ပေါင်းများစွာ၊ ကျွန်ပေါင်းများစွာတို့ကို ငဖြိုးသည် အုပ်ချုပ်လျက် အောင်လံတံခွန်ကြီးကို လွှင့်ပြီးလျှင် ရွှေမြို့တော်ကြီး အတွင်း၌ လှည့်လည်ကာ 'တံနက်မင်းကြီးသည် ရန်သူတော်၏ ထိပါးခြင်းဖြင့် ကျလေ၏။ လက်လုပ်လက်စားများ၊ အသည်ဆင်းရဲသားများ၊ ကျွန်များတို့၏ အကျိုးကို အမြဲ ရှေးရှုလျက် လူကုံထံများကို အမြဲ စောင့်ထိန်းနေသော မြင်းတော်ခံသည် ရန်သူတော်များကို အောင်မြင်လျက် တရားရှင် အဖြစ်နှင့် ပုဂံပြည်ကြီး၏ စည်ထီး ခရိုင် နိုင်ငံတော်အလုံးကို သိမ်းရုံး အုပ်ချုပ်တော်မူမိပြီ။ သပြေရေချမ်းတို့ကို တည်စိုက်ကြပြီးလျှင် ကောင်းချီးမင်္ဂလာ ပြုကြကုန် ...' ဟု ပုံ့တင်ထပ်မျှ ခြိမ့်ခြိမ့်သဲသဲ အသံမစဲဘဲ ကြွေးကြော်ကြကုန်၏။

ထိုတပ်မကြီးသည် နန်းတော်သို့ ချီတက်ကာ ဦးခိုက်၍ နန်းတော်ကြီးကို ပတ်ဝိုက်ကာ ခစားနေရာ တပ်တော်သားများ၏

ဓားရောင်၊ လုံရောင်၊ မောက်တို မောက်ရှည်တို့မှ အရောင်များတို့သည် တက်လင့်သော နေရောင်ခြည်နှင့် အရောင်ချင်းပြိုင်ကာ ဟပ်လျက် တဖျတ်ဖျတ်နှင့် တောက်ပကာနေလေ၏။ လေးသည်တော်တို့၏ ချပ်မိန်ညိုရောင်၊ မောက်တို မောက်ရှည်တို့မှ ထွက်သော အရောင်တို့သည်လည်း နေရောင်နှင့်ဆိုင်လျက် တလက်လက် ဝေမြိုင်ကာ တောက်ပလျက်နေလေ၏။ မြင်းသည်တော်များ၊ ဆင်စီးသူရဲများတို့၏ အဝတ်အစားရောင်၊ လက်နက်ရောင်တို့သည် ပြိုးပြိုးပြက်လျက် တစ်ခဲနက် ထွက်ကြကာ နေရောင်ခြည်အတွင်း၌ ကွန့်မြူးကာ နေကုန်၏။ ထိုကဲ့သို့ သုံးထောင်ကျော်လောက် အရေအတွက် တပ်သားရှိသော တပ်မကြီးသည် နန်းတော်ကြီးကို ဦးခိုက်ကာ မတ်မတ်ရပ်၍ ခစားနေလေ၏။

စလေခွေး မင်းကြီးသည် ဖောင်းဝတ်ဖြူ မြင်းကြီးကို စီးလျက် လက်တော်တွင် မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်ကို ရွှေအုပ်နှင့် ထည့်ကာ ပိုက်ပြီးလျှင် တပ်တော်သားများကို နှုတ်ဆက်ရလေရာ၊ တပ်သားတို့သည် ပုဏ္ဏက နတ်ဘီလူးကြီးပင်လောဟု ထင်မြင်ကြကုန်၏။ နားခံတော်တို့သည် တပ်အတွင်းသို့ ဝင်ကြ၍ တညီတည်းဤသို့ အမိန့်တော် ပြန်ကြရကုန်၏။

'ရဲမက်တော်တို့၊ ငါသည် ပုဂံပြည်ကြီးကို အုပ်စိုးတော်မူသော တရားရှင် မင်းမြတ်တည်း။ ငါသည် ထီးနန်းစည်းစိမ်ကို သိမ်းပိုက်တော်မူသည်မှာ ငါ၏ အကျိုးစီးပွား မဟုတ်။ နိုင်ငံတော်၌ ငွေ၊ ဂုဏ်မာနတို့၏ အရောင်ကို မှောင်စေလျက် တရားတည်း ဟူသော အရောင်ကို ထွန်းလင်းစေရန်မျှသာတည်း။ ထို့ကြောင့် တရားရှင်ဖြစ်သော ငါ၏ တရားသော အမိန့်တော်ကို ရိုးတွင်းခြင်ဆီသို့ တိုင်အောင် စိမ့်၍ စောင့်ထိန်းကြကုန်လော့၊ သစ္စာတည်ကြကုန်လော့'

တပ်တော်သားများသည် တစ်ခဲနက်သော အသံဖြင့် 'တရားရှင်

မင်းမြတ် ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေ၊ တိုင်းပြည်ကြီး၌ ဆင်းရဲသူ မရှိ၊ ကောင်းစားပါစေ' ဟု ကြွေးကြော်ကြပြီးသော် ပြန်ကြကုန်၏။ မင်းကြီးလည်း နန်းတော်သို့ ဝင်တော်မူလေ၏။

တိုင်းသူပြည်သားတို့ကား "ဘုန်းတော်ကြီးလေစွ၊ ဗျာဒိတ်ရ မင်းလျှင်သာကတည်း" ဟု အလွန်ကြောက်ရွံ့ ရိုသေခြင်း ဖြစ်ကြ၍၊ များစွာသော သခင်တို့သည် မိမိတို့၏အိမ်မှ ကျွန်များကို သဘောရှိသလို ထွက်သွားနိုင်ကြောင်းနှင့် အခွင့်ပြုကြကုန်၏။

နန်းရင်းဝန်ကြီး အမှူးပြုသော မှူးတော် မတ်တော်များ၊ အရည်းသာသနာပိုင်နှင့် ဩဇာရှိ အရည်းရဟန်းကြီးများတို့သည် တရားရှင် စလေငခွေး မင်းကြီးထံ ဝင်ရောက် ခစားကြကုန်လျက် သစ္စာတော်ကို ခံယူကြကုန်၏။

အရည်းတို့သည်လည်း တိုင်းပြည်အုပ်ချုပ်မှုနှင့်တကွ စစ်ရေး စစ်ရာတို့နှင့် ပတ်သက်က တရားရှင်မင်းကြီး၏ သစ္စာတော်ကိုယူ၍ အမြဲ ကူညီပါမည့် အကြောင်းနှင့် ဝန်ခံကတိ ယူကြကုန်၏။

သခင်တို့၏အိမ်မှ လွတ်လာသော ကျွန်ပေါင်းများစွာသည်လည်း တရားရှင်မင်းကြီး၏ စစ်သည်တော် အဖြစ်နှင့် ဝင်ရောက် အမှုထမ်းကြကုန်၏။

ဤနည်းဖြင့် သူ့ကျွန်အဖြစ်နှင့် နှစ်ရှည်လများ နေခဲ့ရသော စလေငခွေးသည် ပုဂံပြည်ကြီး၌ တရားရှင်အဖြစ်နှင့် တံနက်မင်းကြီး၏ ထီးနန်းစည်းစိမ်ကို ခံယူပြီးလျှင် သက္ကရာဇ် (သက္ကရာစ်) ၂၃၈ ခုနှစ်သော် ပုဂံပြည်ကြီး၌ ရှင်ဘုရင် ဖြစ်ရလေသည်။

ကောင်းသော ကျင့်ဝတ်၊ မြတ်သော ကျင့်ဝတ်၊ သစ္စာနှင့် မြဲသော ကျင့်ဝတ်၊ မှုတသော ကျင့်ဝတ်တို့နှင့် ပြည့်စုံသောသူတို့သည် မိမိ အလိုရှိသည့် ဆန္ဒကောင်းနှင့် ပြည့်စုံရတတ်သည်။

စလေမင်းခွေးသည် ပုဂံပြည်ကြီးကို တရားရှင် အဖြစ်နှင့်

သိမ်းပိုက်မိသောအခါ ဥကင်သ မင်္ဂလာကို အခါမတိုင်မီ ဖွင့်လျက် ဗိုလ်ဝင်ခံပြီးလျှင် ဤသို့ မိန့်တော်မူလေ၏။

'အချင်းတို့၊ တိုင်းပြည်ကို စီမံခန့်ခွဲအုပ်ချုပ်၍ တိုင်းပြည် နိုင်ငံ တည်မြဲနိုင်ခြင်းကား တရားနှင့်ဓား စသော လက်နက်ဖြစ်သည့် လက်ရုံးရည်မျှသာ ဖြစ်ကြသည်ဟု အစဉ်ရှိခဲ့သည်။ ထိုတန်ဖိုးသည် ကား အစစ်အားဖြင့် ရှင်ဘုရင်သည် နိုင်ရာစား လူသတ်ဗိုလ်ချုပ်ကြီး မဟုတ်ခဲ့လျှင် တိုင်းပြည်နိုင်ငံ တည်ထောင်ခြင်း၌ မှူးမတ်၊ ဗိုလ်ပါ၊ သေနာပတိ စသော မင်းမှုထမ်းတို့၏ တန်ဖိုးလောက် မမြင့်ချေ။ အကြောင်းသော်ကား ထုံးတမ်းစဉ်လာနှင့် တရားဥပဒေ မရှိလျှင် မင်း မရှိနိုင်။ မင်း၏ အာဏာနှင့် အမိန့်တော်ကို နာခံ၍ မှူးမတ်ဗိုလ်ပါ သေနာပတိ စသော မင်းမှုထမ်းတို့ မရှိနိုင်ခဲ့လျှင် မင်း မမည်နိုင်ချေ။ အစိုးရသည် ပျက်စီး၍ နိုင်ငံ မတည်ထောင်နိုင်ချေ။ ထိုမင်းသည် သာမန်မျှသော လူဆိုးဗိုလ်ချုပ်ကြီးသာ ဖြစ်ရာ၏။ ထို့ကြောင့် တရား ကို ရိုသေလေးစားသော ငါသည် တိုင်းပြည်နိုင်ငံတော်၏ စည်ပင် သာယာဝပြောခြင်းကို လိုလားလျက် ငါ၏ဂုဏ်၊ ငါ၏စည်းစိမ်ကို မလိုလားဘဲ မှူးမတ် ဗိုလ်ပါ သေနာပတိ မင်းမှုထမ်း စသည်တို့ကို တရားနှင့်လျော်ညီစွာ ချီးမြှင့်မြှောက်စားဘိသကဲ့သို့ အမှုထမ်းတို့က လည်း ငါ၏အုပ်ချုပ်မှုသည် ခိုင်မြဲ၍ နိုင်ငံတော်၏သစ္စာကို စောင့် ထိန်းရာ ရောက်အောင် သစ္စာတော်၌ တည်ကြည်ကြရမည်။ ငါ၏ နှလုံးသည်းပွတ်သည် တရားမျှတမှုနှင့် တည်ညီသော ပြည်သူတို့ တွင် တည်ညီ၍၊ ငါ၏ဓားသည် ကိုယ့်ဖို့ကောင်း စဉ်းလဲသူတို့၏ အပေါ်၌ အမြဲ တည်နေစေတော့ပြီ။

'ထို မှူးမတ် သေနာပတိ စသော မင်းမှုထမ်းတို့ထက် ဆက်သမြဲ ပဏ္ဏာတော်နှင့် မင်းတိုင်းတော်တို့ကို တိုး၍ တိုး၍ နှစ်စဉ် ဆက်သလျက် ငွေကို အရင်း အင်အားပြုပြီးလျှင်နေသော သူဌေး

သူကြွယ် သူကောင်း တောင်သူကြီးများ စသည်တို့သည် တန်ဖိုး မြင့်၏။ အကြောင်းသော်ကား ဤသူတို့ အင်အားနည်းလျှင် (ဝါ) ထိုသူမျိုးတို့ နည်းပါးလျှင် တိုင်းပြည်နိုင်ငံသည် ကြွယ်ဝနိုင်ခြင်း မရှိပေ။ ထို့ကြောင့် သူဌေးသူကြွယ်၊ သူကောင်း၊ တောင်သူကြီး စသော အလုပ်ပိုင်ရှင်တို့သည် မိမိတို့၏ စည်းစိမ် အရှည် တည်မြင့် နိုင်စိမ့်သောငှာ ဘုရင်မင်းမြတ်အား မင်းတိုင်းကို ဂုဏ်ကျက်သရေ နှင့်အညီ တိုးတက် ကြီးမြင့်စွာ ဆေးနိုင်ရန် ကြောင်းရင်းပင်မ ဖြစ်သည်။ ကျွန်များ၊ လုပ်သားများ၊ ဆင်းရဲသားများ၊ လက်လုပ်လက်စားများ အပေါ်တွင် ထောက်ထား၊ ညှာတာ၊ ကြင်နာစွာနှင့် ရက်ရက်ရောရော ထောက်ပံ့အပ်သည့် ကျင့်ဝတ္တရားကောင်းနှင့် ညီရမည်။

'ထိုသူဌေး သူကြွယ် စသည့် ငွေ့ရှင် ပစ္စည်းရှင်တို့ထက် ကျေး ကျွန်များ၊ အစေခံ သူရင်းငှားများ၊ လက်လုပ်လက်စားများ၊ လက်မှု ပညာသည် အမျိုးမျိုးများ၊ တောင်သူငယ်များတို့သည် သာ၍သာ၍ တန်ဖိုးမြင့်လေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တိုင်း ပြည်တစ်ပြည်၏ အင်အားကြီးတစ်ခု ဖြစ်သော အလုပ်သမားများ အစစ်ဖြစ်ကြ၍ ၎င်းတို့ မရှိလျှင် မင်းမှုးမတ် စသော အစိုးရ၊ သူဌေး သူကြွယ်၊ ကုန်သည်များတို့သည် မတည်နိုင်သဖြင့် ၎င်းတို့သာလျှင် နိုင်ငံတော်ကို တည်ထောင်ခြင်း၌ လိုအပ်သော ကိရိယာများ အစစ် သဘော ဖြစ်ချေသည်။ ၎င်းတို့ မရှိဘဲနှင့် နိုင်ငံတော်ကို တည်ထောင် နိုင်စတမ်း မဖြစ်ချေ။

'အချင်းတို့၊ အကြင်အခါ၌ အစေအပါးတို့ မရှိ။ သူရင်းငှား များနှင့် လက်လုပ်လက်စား မည်သည် မရှိ။ လက်မှုပညာသည်များ၊ တောင်သူများ၊ မိလက္ခုများ ဟူ၍ မရှိ။ ထိုအခါ၌ ငွေ့ရှင်၊ ကုန်သည် များ ဟူ၍ မရှိနိုင်သဖြင့် တောအောင်း ချုံလျှိုး ပုန်းကွယ်နေသော လူရိုင်းတို့၏ခေတ်သည် ပြန်လည် ဆိုက်ရောက်ရပေလိမ့်မည်။ ထို့

ကြောင့် နိုင်ငံတော်ကို တည်ထောင်ရာ၌ အမြင့်ဆုံးဖြစ်သည့် လူ့အဆင့်အတန်းကို စိတ်ချမ်းသာ ရွှင်ပျအောင် ကြည့်ရှု မြှောက်စားကြရမည်။ သို့မှသာ ငါတို့နိုင်ငံမှ ကောက်ပဲသီးနှံတို့ မြောက်မြားစွာထွက်မည်။ လက်မှုပညာသည်များ များစွာထွက်မည်။ ကုန်သည်ကြီးတို့ ပေါများလာမည်။ ထိုအခါ သူဌေး သူကြွယ်တို့ စီးပွားဥစ္စာတိုးတက်ပြီးလျှင်၊ နိုင်ငံတော်ကြီး ကြွယ်ဝချမ်းသာပြီးလျှင် ကောင်းစားလာပေလိမ့်မည်။

'ထိုသို့သော သဘောအရ သူဌေးသူကြွယ်တို့ မရှိအပ်ဟု တိုင်းပြည်တစ်ပြည် အတွက် ငါ မဆို။ တိုင်းပြည်တစ်ပြည်၌ အသောက်သမား၊ ကစားသမား၊ အပျော်သမား၊ ဟော့ရမ်း သော့သွမ်းသူများ၊ ကြော့ကြမ်းသူများ စသည်ဖြင့် ငွေ၊ ရွှေတို့နှင့် မတန်သော လူပေါ့တို့ ရှိနေသမျှ ကာလပတ်လုံး ထိုတိုင်းပြည်မှာ သူဌေးသူကြွယ် ငွေ့ရှင်တို့ ရှိနေရဦးမည်။ သို့ရာတွင် ငွေ့ရှင်အသီးသီးသည် လက်ဝတ်လက်စားဖြင့် ဆင်းရဲသူများကို အရှက်မခွဲရ။ မိမိတို့၌ ငွေအရေအတွက် တိုးသလောက် တိုင်းပြည်ကို မဆင်းရဲစေရ၊ မမွဲမငတ်ရအောင် ငွေ့ရှင်တို့တာဝန်၊ အလုပ်အကိုင် အရင်းအနှီးတို့အတွက် ငွေ့ရှင်တို့တာဝန်၊ မျိုးရိက္ခာတို့အတွက် ငွေ့ရှင်တို့တာဝန်၊ တိုင်းပြည်တွင်းရှိ ငွေသည် တိုင်းပြည့်ငွေ ဖြစ်၍ ငွေ့ရှင်သည် တိုင်းပြည်အား စနစ်တကျ ထောက်ပံ့ရန် စောင့်ထိန်းနေသူမျှသာ ဖြစ်စေ၍ စောင့်ထိန်းခနှင့် ငွေ့ရှင်တို့ လူလုပ်ကြရမည်။ အပျော်ပွဲလမ်းသဘင် သာသနာရေးတို့ အတွက်လည်း ငွေ့ရှင်တို့တာဝန် ဖြစ်စေရမည်။

'ထိုခေတ်သည်သာလျှင် တိုင်းပြည် လူမျိုး တန်ခိုးကြီး၍ မင်းဘုန်းကြီးသောခေတ် ဖြစ်နိုင်သဖြင့် မင်းမှူးမတ်တို့ စည်းစိမ် ပြန့်ပြောပြီးလျှင် ကျက်သရေနှင့် ပြည့်စုံရပေလိမ့်မည်။ ထိုအခါ သာသနာ

တော်သည် စည်ပင် ထွန်းကားနိုင်၍ အလိုရှိသူတို့သည် တရား ဆောက်တည်နိုင်ကြပေလိမ့်မည်။

'ငါသည် တရားရှင် အဖြစ်နှင့် ပုဂံပြည်ကြီးကို သိမ်းပိုက် အုပ်စိုးသည်အတိုင်း မျိုးမတတ် ဗိုလ်ပါနှင့် လူ ရဟန်း စသော တိုင်းသူ ပြည်သားတို့သည် ကိုယ့်တာဝန်ကို ကိုယ်သိလျက် သစ္စာရှိသော ကိုယ့်လုပ်ငန်းဆောင်တာ၏ အလုပ်သမားကောင်း ဖြစ်ကြပြီးလျှင် ငါတို့ ပစ္စည်းဥစ္စာရှာခြင်း၊ အလုပ် လုပ်ခြင်းတို့ကား စီး၍ပပြီးလျှင် ဝါးနေသော စီးပွားရေး မဟုတ်ဘဲ တိုင်းသူပြည်သားများအတွက်ဟု သဘောထားနိုင်ကြမှသာ ဤပြည်သည် လူတို့နေထိုင်သော တိုင်း ပြည်ကြီးတစ်ပြည် ဖြစ်မည်မှန်ရကား ငါတို့သည် ကိုယ့်တာဝန်နှင့် ကိုယ် ကျေပွန်စွာ အလုပ်လုပ်ကြပါစို့'

# အခန်း [ ၇ ]

## စလေငခွေးမင်း၊ စလေမင်းခွေး

စလေမင်းခွေး နန်းတက်ပြီးနောက် အဝယ်တော်ကလေး မောင်မောင်ဖြိုးသည် ရာဇသင်္ကြံဘွဲ့ကို ယူ၍ အမတ်ကြီးကတော် မယ်ကျေးနှင့် သင်္ဘောသုံးစင်းကို လှေတစ်ရာ ခြံရံလျက် ဘုရင့်စာချွန်နှင့်တကွ မင်းပူး ရွာမကြီးသို့ စုန်လေ၏။ (လှေမြန်တော် အထောက်လည်း လွှတ်ထားနှင့်၏။)

ရာဇသင်္ကြံ၏ သင်္ဘောတော်သည် မင်းပူး (မင်းဘူး) ဆိပ်ကမ်းသို့ နံနက်ခင်းတွင် ဆိုက်ကပ်မိရာ၊ ရွာကြီးရှင်သည် ကိုယ်တိုင် ဆိပ်သို့ ဆင်းကာ ကြိုနှင့်၏။

သင်္ဘောများသည် မင်းပူးဆိပ်ကမ်းသို့ ဆိုက်ကပ်မိရာ၊ မောင်မောင်ဖြိုးသည် ကျေးဥအား နောက်ပါများနှင့် ကြိုဆိုနေသည့် ရွာကြီးရှင်ကို ညွှန်ပြလိုက်သဖြင့် ကျေးဥလည်း နောက်ပါ မိန်းကလေးများနှင့် သင်္ဘောပေါ်မှ အလျင်ဆင်း၍ ရွာကြီးရှင်ထံ သွားရောက်ကာ ဤသို့ ပြောဆိုနေလေ၏။

'မမ ကျန်းခံ့သာလို့ ...'

'ညီမတော်တို့ ...'

'ဝမ်းသာလိုက်တာ မမရယ်၊ အလကား ဆိပ်ကို ဆင်းလာရတယ်၊ ဒါပေမဲ့လေ ရောက်ရောက်ချင်း မမကို မြင်လိုက်ရတော့ ကျေးလေ အာသာဝတီ နွယ်နီနတ်ပန်းကို မြင်ဖူးပြီလို့တောင် အောက်မေ့မိပါတယ်'

'မမလည်းလေ ဘယ်မှာ ဆိပ်ကို မဆင်းဘဲ နေနိုင်မလဲ၊ ညက သင်္ဘောပေါ်မှာ မနောမယိဒ္ဓိ ပတ္တမြားတုံးကြီး ပါလာတယ်လို့ အိပ်မက်မက်လို့ ဆင်းလာတော့ ညီမတော်ကို တွေ့မြင်ရလို့ ဘယ်လိုဝမ်းသာရတယ် ဆိုတာကို ပြောကိုမပြနိုင်ပါ ညီမတော်ရဲ့။ ဒါကြောင့် သည်အိပ်မက်ဟာ မက်တာပဲနေ့'

'ကိုင်း မမ၊ အိမ်တော်ကြီးကို သွားကြစို့'

'မောင့်ကို မစောင့်ဘူးလား၊ မောင် ပိန်သလား'

'ကိုကိုဖြိုးဟာ ပိန်လည်း မပိန်၊ ဝလည်း မဝ၊ နောင်တော့မှ ပြောပြပါမယ် မမရယ်'

'ဩော် မမကတော့ အထောက်တော်များ ရောက်လာလို့ သခင်ကြီးတို့ အကြံအစည် အောင်ပြီ၊ အောင်ပွဲတခြိမ့်ခြိမ့် ခံနေပြီ၊ ကျွန်တော်များရဲ့ တောင်စဉ်က မဖုရားရဲ့ တပ်တော်တွေလည်း မကြာမီ ပြန်လာကြတော့မယ်လို့ ပြောကြတော့၊ အို ... ဘယ်လောက်ဝမ်းသာသလဲဆို၊ မမလေ ဆာနေတဲ့ ထမင်းကို ဝသွားတာပဲ။ အဲသည်တော့ မောင်တော့လေ ဇိမ်ရှိလို့ အိနေတော့မယ်၊ အဆီယစ်လို့ အစ်နေတော့မယ်၊ မင်းကတော်ကြီး လုလုနှင့် ကြွကြွပြီး တ မမနေကာ လောကီ အရသာတွေ တက်တိုးလို့ ရှေးက ကိုဖြိုးဟာ ယခုမှ တကယ်ဖြိုးတော့မယ် ထင်မိနေတာပဲ ညီမတော်ရယ်'

'မမ၊ အိမ်တော်ကျမှ ...'

'မောင့်ကို မစောင့်ရင် မောင် စိတ်ဆိုးမယ်၊ မောင် စိတ်ကောက်မယ်၊ သူက ရာဇသကြံအမတ်ကြီး'

'မမ၊ ကိုကိုဖြိုးဟာ စိတ်မဆိုးတတ်၊ စိတ်ကောက်တာကို နားမလည်၊ စိတ်တိုတာဟာ ဘာလဲတဲ့။ ဒါ့ကြောင့် ပုဂံတစ်ပြည်လုံးလောက်ဟာ သူ့နောက်ပါပြီး လွယ်လွယ်ကလေးနှင့် အောင်တာပမမရယ်'

*

'နောက်တစ်နေ့မှ အာဏာတော် အပ်ကြစို့နော်'

'မောင့် သဘော၊ မောင် မယ့်ကို သတိမလွတ်တာ ဝမ်းသာပါတယ်'

'မမ၊ ကိုကိုဖြိုးကတော့ စကားနည်းတယ်၊ သည်တော့ ကျေးက တွေးပြီး ခပ်လေးလေး အေးအေး ပြောပြပါမယ်။

'ကိုကိုဖြိုးဟာ မမကို အမြဲသတိရတယ်။ တစ်နေ့တော့လေ အုံးစက်အတူ ကြည်ဖြူဖြူနှင့် မေတ္တာလဲကာယူပြီး အိပ်ကျတော့ ကျေးတော့ အိပ်မပျော်သေး၊ ရှေ့အရေးတွေကို တွေးနေတာပေါ့။ ကိုကိုဖြိုးလေ "မယ်၊ မယ့်၊ အထင်မှားတယ်၊ မောင်ဟာ မယ်ကို ဘယ်တော့မှ ပစ်မထားဘူး၊ ဟော အားငယ်သလား၊ ငိုမျှားတောင် နေပြန်ပြီ။ တကယ်ယုံစားပါ" ဆိုပြီး ယောင်နေလိုက်တာလေ။ အတော့်ကို လှုပ်နှိုးရတယ် မမရဲ့'

'ပြောတော့မယ်၊ မယ်က စစ်လို့လား'

'အို ... ပြောရတာပေါ့'

'နေပါဦး ညီမတော်ရယ်၊ ကျမ်းဆရာတွေက မိန်းမဆိုတာ အူတိုမျိုးတဲ့၊ ထားကြစို့နော်၊ သည်တော့ ...'

'မမ၊ ကျွန်မ စိတ်မဖောက်ဘူး၊ ကိုယ်ချင်းစာကာ ကြင်နာမိတယ်၊ ညှာမိတယ်'

'ညီမတော်က စာတတ်မို့ စကားတတ်တယ်၊ ဆိုပါဦး'

'ကျေးလေ ... ကိုကိုဖြိုး ထွက်သွားတော့ စားလည်း မဝင်၊

အိပ်လည်းမပျော်၊ ငိုသော်လည်း အားမရ၊ အဲသည်လိုနှင့် တစ်နေ့တော့ အိပ်မက်မက်ပြီး ယောင်နေပုံကို ဦးလေးခွေးက ပြောပြတယ်'

'ဆိုပါဦး၊ ဆိုပါဦး'

'ကိုကိုဖြိုးကို တွေးပြီး အိပ်လို့ပါပဲ။ အိပ်မက်ထဲမှာ တွေ့တော့လေ "စိမ်းတယ် ကားတယ်၊ ရက်တယ် စက်တယ်၊ စိမ်းကား ရက်စက်တယ်၊ ကျေး မနေဘူး သေမယ်၊ ဘယ်လိုဖြေဖြေ မပြေဘူး သေမယ်" လို့ ယောင်နေသတဲ့။ ကျွန်မကတော့ ကိုကိုဖြိုးရဲ့ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်နေတာပဲ။ တကတဲ ခေါင်းအုံးကြီးကို ကိုင်ကာ မွှေ့နေလိုက်တာတဲ့။ ဦးလေးခွေးက အတော်ကို နိုးအောင် နှိုးပြီး ရေတိုက်ပေးရတယ်။ အဲဒီတော့ ကိုယ်ချင်းစာကာ သနားမိလို့ ကျွန်မ၊ ရွာကြီးရှင်မ ခဏဖြစ်သွားတာပေါ့လေ။ မယ်အနားမှာ၊ ဘယ်လိုမှမသွားဘူး၊ မောင်က စားတော့မယ် မငြင်းဘူး၊ အလိုလေး အတင်းမဆွယ်ရပါဘူး၊ နဂိုက ညွတ်လျက်ပါ'

ရွာကြီးရှင်မသည် ပြုံးနေလေ၏။

'နိုးလာတာတောင် သတိမရသေးဘူး၊ မယ့်ကို ချစ်ရပါပေမဲ့ မောင်ဟာ သစ္စာနဲ့ဆိုတော့ ... နောက်တော့ ကျေးဟာ မယ် ခဏလေး ဖြစ်လိုက်တော့ စိတ်ကျေနပ်သွားတာပါပဲ'

'ကျေး ... ကျေးက ...'

'ကိုကိုဖြိုး၊ အချစ်ဆိုတာဟာ ချစ်မိရင် သည်လိုမျိုးချည်းပဲ'

'မယ်မင်းကြီးမ အမတ်ကြီးကတော် ဖြစ်နေပြီ၊ မယ်လည်း မြို့စားမယ်ကြီး ဖြစ်နေပြီ၊ ကတဲ ကြီးကြပါဦးဗျာ'

'ကြီးပေါင်၊ ရှမ်းတုတ်လိုက်တမ်း၊ ထုပ်ဆီးတမ်းတောင် ကစားလိုက်ချင်သေး။ မမရဲ့ ငယ်ငယ်တုန်းက ထုပ်ဆီးတမ်း ကစားကြတော့ ကျေးက ကိုကိုဖြိုးကို မိလို့ ဖက်ထားတာပေါ့။ အဲဒီတော့

သိလား၊ ဦးလေးခွေးကို သွားတိုင်တယ်။ သူလည်း မကစားဘဲ ထွက်သွားတယ်၊ ကျေးက လိုက်ချော့တော့မှ သူ ပျော့လာတယ်'

'ကိုင်း အားရပါတော့ဗျာ'

'ဦးလေးခွေး ဆိုတာက ဘာလဲ ကျေးရဲ့'

ကျေးဥသည် မောင်ဖြိုး၏မျက်နှာကို မော်ကြည့်နေ၍ မောင်ဖြိုးသည် ငခွေး အကြောင်းကို ပြောပြလေရာ၊ ရွာကြီးရှင်မသည် "ဩော် ကိုဖြိုးတို့ဟာ လူပီသပါပေရဲ့" ဟု ဝမ်းတွင်းက တွေးဆနေလေ၏။

*

ညဥ့်ရုံတော်၌ ...။

'အလို ညီမတော်၊ ခန်းဆောင်လယ်ဟာ ကျယ်ပေမဲ့ မောင်က အလယ်က၊ စဉ်းစားနော်'

'မမ၊ ချစ်လျက် ခင်လျက်၊ ကြင်နာလျက်နှင့်၊ စုံမက်နှစ်သက်၊ ရှိပါလျက်ကို၊ ခန်းစက်အတူ၊ စက်ရာယူ၍၊ ကြည်ဖြူရွှင်ပျ၊ မရှိရဟု၊ သိက ကျေးမှာ၊ ကိုယ်ရေးစာသည်၊ ကြင်နာမျှတ၊ မချိလှ'

'ချစ်ညီမတော်၊ ချစ်ရေးဆိုတာ၊ ချစ်ပန်းလွှာ၊ အညာခိုင်မြဲ၊ ရှိသော်ပဲလည်း၊ စိတ်ထဲကသာ၊ ခါတစ်ခါ၌၊ ထွေလာအထူး၊ ပန်းရည်မြူးနှင့်၊ ယောင်လူးအိပ်မက်၊ နှစ်သိမ့်လျက်'

'ကူးလူးယှက်ငင်၊ ချစ်လျက်ပင်၊ တူလျှင်စက်ခွင့်၊ မပျက်သင့်၊ စိတ်နှင့်၌သာ၊ မထိုက်ရာ၊ လိုက်ပါ ကိုယ်တွေ့၊ ချစ်ခါမွေ့'

'ချစ်ညီမတော်၊ ပျော်သာ ပျော်တော့၊ စိတ်နော်ရှင်စော၊ မိန့်ကာဟော။ သဘောမြင့်မြတ်၊ မိန်းမဓာတ်ကို၊ လွန်လတ်၍သာ၊ ပြောသော်ရာလည်း၊ ချစ်ရာထိုထို၊ ကိုယ်တွေ့စိတ်တွေ့၊ သည်အငွေ့သည်၊ မွေ့မွေ့နှစ်သက်၊ တူလေလျက်။

*

ရွာကြီးရှင်မနှင့် ကျေးဥသည် ညဥ့်လွှာရုံအတွက် ပြင်ဆင်ပြီးသော် ခန်းမဆောင်က တူနှစ်ကိုယ်ယှဉ်ကာ ထွက်လာခဲ့လျက် မောင်ဖြိုး၏ အနားတွင် ပျော်ပါးစွာ စကား ဤသို့ ခင်းနေကြလေ၏။

'မမ၊ ပရိယာယ် မဟုတ်ဘူးနော်၊ တကယ်အစစ်'

'ယုံပါတယ် ညီမတော်၊ ပျော်လည်း ပျော်ပါတယ်၊ လျော်လည်း လျော်ပါတယ်၊ တော်လည်း တော်ပါတယ်။ သို့သော် ကိုထည့်ရင် စကားတတ်ညီမက ထပ်ထပ်ပြီး အကြောင်းတွေကို ပြလိုက်ဦးမယ် မဟုတ်လား'

'မမရဲ့သဘောကို ကျေး နားလည်ပါတယ်၊ မမဟာ ကျေးကို သနားတယ်၊ မမဟာ ကျေးကို ညီမအရင်းကလေးလို သဘောထားပြီး ...'

'ညီမတော်၊ ညီမတော်တို့ ပုဂံပြည်ကြီးမှာ နန်းတွင်း ရှုပ်ယှက်ခတ်တာတွေလို ညီမတော် သဘောထားကြီးလို့ မမှားနိုင်ဘူးထား၊ သားသမီး စကားများလို့၊ နောင်စားညီစား မရှိတတ်ဘူး။ အမိလိမ္မာတွေရဲ့ သားသမီးများကြောင့် ထားလိုက်ဦးနော်၊ တရားသူကြီး ဆိုတာဟာ တရားသူကြီး ပီသရတယ်။ တရားသူကြီးက တရားနိုင်သူထံမှ ခွဲဝေယူလျှင် သင့်တော်ပါ့မလား။ အို ... ချစ်ညီမတော်၊ အချစ်မှာ အပြစ်ရှာပြီး သည်းခံနိုင်တာဟာ အလွန် မွန်မြတ်တယ်နော်။ သို့သော် သံသရာမှာတော့ မပြတ်ဘူးပေါ့'

'မမရယ်၊ ကျေးကတော့ မမကို ချစ်လွန်းလို့၊ မမလည်း'

'ချစ်ညီမတော် စဉ်းစားနော်၊ ကိလေသာ မကုန်သေးတဲ့ သတ္တဝါတို့မှာ စိတ်တစ်ခုတည်းပဲ ချုပ်တယ်နော်'

'မှန်ပါတယ်'

'စတုမဟာရာဇ် နတ်ဘုံမှာတော့ အချစ်ဟာ လူလိုပဲနော်'

'မှန်ပါတယ်'

'တာဝတိံသာ၊ ယာမာ၊ တုသိတာ စသည်ဖြင့် တွေ့ပုံချင်း

ဟာ ခြားနားပြီး အချစ်ဆိုတာကို ဘယ်လိုစိတ်က ဆွဲဆောင်သလဲ ဆိုရင် မြင်ရုံနှင့်လည်း ပြီးသတဲ့၊ ကြားရုံနှင့်လည်း ပြီးသတဲ့၊ ကိုယ်လက် ထိတွေ့ရုံနှင့်လည်း ပြီးသတဲ့၊ ကြံဆရုံနှင့်လည်း ပြီးသတဲ့၊ အထိမ်းအမှတ် စိတ်အာရုံနှင့်လည်း ပြီးသတဲ့။ အဲသည်လိုပဲ လူတို့မှာလည်း မြင်ရုံနှင့်လည်း ဇနီးမောင်နှံ၊ ကြားရုံနှင့်လည်း ဇနီးမောင်နှံ၊ သိရုံနှင့်လည်း ဇနီးမောင်နှံ၊ စိတ်ကူးနှင့်လည်း ဇနီးမောင်နှံ၊ အဲသည်တော့ တင်းတိမ်၍ စိတ်အာရုံနှင့်သာ ပျော်မွေ့နေတဲ့ သစ္စာရှိရှိ ဇနီးမောင်နှံ ဘဝဟာ သာပြီး မကောင်းဘူးလား'

'မမရယ်၊ သိပ်ကို စိပ်ပြီး သိပ်ကို နလုပါကလား'

'ဟုတ်တယ် ညီမတော်၊ သည်ဘဝမှာတော့ သည်မျှသာပေါ့နော်။ ပမာဆောင်ရင် ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီမိဖုရားဟာ ဆုတောင်းဘက်နော်။ ပစ္ဆိမဘဝိက ဘဝမှာတောင် အတူတူ၊ ဒါပေမဲ့ ဝေဿန္တရာမင်းကြီး နတ်သား ဖြစ်နေတော့ မဒ္ဒီဟာ အဲသည်နတ်သားရဲ့ အပါးမှာ နတ်မိဖုရား ဖြစ်နေသလား။ အဲ သို့ပေမဲ့ သူတို့နှစ်ဦးဟာ ကွဲကွာနေသလား။ စိတ်ဆိုတာဟာ ရေအလျဉ် စီးသလို တစ်ဆက်တည်း ဆက်နေတော့ သူတို့စိတ်ဟာ ဘယ်တော့မှ မကွဲကြဘူး၊ တွဲလျက်ပဲ မဟုတ်လား'

'မမရဲ့စကားဟာ သိပ်ကို နက်တယ်နော်'

'မနက်လှဘူး ညီမတော် စဉ်းစား။ ဟော ဘယ်တော့မဆိုမယ် အိပ်တော့ မောင်ဟာ အနားက၊ စိတ်နော် စိတ်။ တစ်ခါတလေများ ချမ်းတယ်လို့ ယောင်ပြီး တိုးလိုက်တော့ နွေးတယ်တောင်ထင်၊ စိတ်နော်စိတ်။ ယှက်လျက် မက်လျက် ဖက်လျက် လွှတ်ဦးနော်လို့တောင်။ စိတ်နော်စိတ်။ တစ်ခါတလေများ ကလေးတွေ ဘုစုမွေး၊ တစ်ယောက်ကို သိပ်၊ တစ်ယောက်ကို ထမင်းခွံ့၊ တစ်ယောက်က ပူဆာလုပ်နေတော့ စိတ်မရှည်နိုင်လို့ ရိုက်။ မောင်က ကလေးကို မရိုက်ပါနှင့်၊ ကျုပ်ကို ရိုက်ပါလို့ဆို၊ ထ ပြီး ထဘီစွန်တောင်ဆွဲကာ

ဆောင့်အောင့်သွား၊ ရန်ဖြစ်၊ စိတ်နော်စိတ်။ ဟော တစ်ခါတလေများ နှစ်ကိုယ်တွေ့၊ အလိုဖြည့်၊ မြူးမေ့နေလိုက်တာ နိုးလာတော့ မောလို့၊ ရေတောင် ထသောက်ရတယ်၊ စိတ်နော် စိတ်။ အဲသည်တော့ ဘာ ထူးသလဲ၊ တင်းတိမ် ရောင့်ရဲနိုင်ခြင်းဟာသာ ဘယ်လိုမှ မုန်းမရတဲ့ အချစ်တုံးကြီးပဲ မဟုတ်လား ညီမတော်ရယ်၊ ချစ်နေပေမဲ့ ဝမ်းမနာ ရတာဟာ သက်သာတာပဲ'

ကျေးဥသည် ပြုံးရုံနှင့် အားမရဘဲ ရယ်လေ၏။

'မယ်ကပေ့ သိပ်ကို ရွှန်းရွှန်းဝေတာပဲနော်'

'မောင် နာသလား။ မောင်မပါပေ့ မယ်ကသာ၊ မယ်ကသာလို့ မောင်နာချင်နာ၊ မောင်နာနာ၊ မနာနာ၊ မယ်တော့ အလိုရှိတိုင်းသာ နေတော့တာပဲရှင့်'

'မမက သည်လို ရှင်းပြတော့ ကျေးကလည်း ခင်းပြပါဦး မယ်။ တိုင်းတော် ပြည်တော်မှာ မင်းလောင်း ပေါလိမ့်မယ်။ "ရှစ်ခု ရှစ်ခု တယုယု၊ ကိုးခုမှာဆူ မီးလိုပူ၊ တောင်သူထီးပေါ် မိုးလတ္တံ့။ ။ အရှေ့ဘက် မီးခိုးတလူလူ၊ ခွေးတအူအူ၊ မိလက္ခူ့သဇင်၊ နန်းရင်ပြင်၊ ရိုးကိုဖျင်၍ ရှင်းလတ္တံ့၊ တလင်း ဖြစ်လတ္တံ့။ အနောက်ဘက်မှာ၊ မဆန့်သာ၊ ပြည်ရွာတိုင်းကား ဖြစ်လတ္တံ့။ အရှေ့သင်ဖြူး၊ အနောက် ဆူး၊ သင်ဖြူးဟူ၍ မလူးနှင့်၊ ဆူးဟူ၍လည်း မကူးဘဲ မနေနှင့်" စသည်ဖြင့် လတ္တံ့တွေ၊ နှင့်တွေ ပွေနေတော့ ကိုကိုဖြိုးဟာ တစ်ခါ တလေ တစ်ညလုံး မအိပ်ဘူး၊ အကြံထုတ်နေရတာပဲ။ မမထံက လည်း သဝဏ်လွှာ ခဏခဏ လွှတ်နေတာပဲ'

'ဟုတ်တယ်'

'တစ်ညတော့လေ ကိုကိုဖြိုးရဲ့ အနားမှာပဲ ကျေး အိပ်ပျော် သွားတယ် ဆိုပါတော့၊ မျောက်မျဉ်းပေါ့လေ။ ကိုကိုဖြိုးဟာ မမကို ဘယ်လောက်စွဲသလဲဆို၊ ကျေးရဲ့ကိုယ်ကလေးကို ကိုင်ကာ လှုပ်ပြီး၊

"မယ်၊ မယ် မသိဘူး၊ စည်းစိမ်တော် ကြူးလှချည့်၊ မောင်တော့ ရူးမလား၊ အကြံပဲ အောင်မလား။ မယ့်အပါးက ခွာချင်၊ ဒါပေမဲ့ စားသွားပြင်ရနေတဲ့အခါမို့နော်၊ ခုပျော်မယ် ... ဖျော်မယ်၊ လန့်ပြီး မအော်နှင့်မယ်"။ သည်တော့ ကညင်တိုင်ကလေး မလင်းတလင်းထဲမှာ ကျေးကလည်း "မောင်" လို့ အသံကလေး မပွင့်တပွင့်နှင့် မယ် လုပ်ကာ ဟင့်လိုက်ရတာပေါ့၊ ဟော မယ်ပါလား တဲ့'

'ပြောတော့မယ် ... ကျေးက'

'ဟုတ်တာ မှန်တာကိုးရှင့်'

'ညီမတော် ဒေါသတွေ တရကြမ်းနှင့် မရမ်းလိုက်ဘူးလား'

'မမရယ် ... ကိုယ်ရဲ့ချစ်သူအပေါ်မှာ ပျော်ချင်ရှာသလိုပဲ ပျော်ပါစေ။ သူ ပျော်နေအောင် ဖျော်ဖို့ ဝတ္တရားဟာ ကျေးရဲ့ဝတ္တရားပေါ့။ ကျေးကို ကုဝဏ်လို့ မသဒ္ဒါဘဲ နှင်မှာကိုသာ စိုးပါတယ်။ ခုတော့ အင်မတန်လှတဲ့၊ အင်မတန်ပတဲ့၊ အင်မတန်ချောတဲ့၊ အင်မတန် မက်မောလောက်တဲ့ မမလို့ ထင်လိုက်တော့ ကျေးမှာ သိပ်ကို ဂုဏ်တင့်ပြီး ဘဝင်မြင့်လောက်တာပဲ မဟုတ်လား။ တစ်ခါ တစ်ခါတော့ မှိုင်မှိုင်ပြီး နေတာနှင့် သနားလွန်းလို့၊ ကိုကိုဖြိုး ... မျက်စိကို မှိတ်ထား၊ ဟောဒါဟာ မယ်လို့၊ စိတ်က ထင်နော် ...'

'မယ်မင်းကြီးမ ရှိခိုးရမလား။ ညီမတော်၊ သိပ်ကိုပဲ လူ ချစ်စရာ ကောင်းသလို စကားကလည်း နှစ်သက်စရာ ကောင်းတယ်၊ သဘောကလည်း အစစ် မက်စရာ ကောင်းလှချည်လား။ ညီမတော် စကား ကြားရတော့လေ မမ အနေထူးကာ ပွေမြူးလာပြီး ကြူးချင်တာပေါ့လေ။ ဟိုတုန်းကပဲ မောင် တိမ်းရင် မယ်ပါ၊ မောင်မလာပေ့ မယ်ယိမ်းမယ်လို့ ရှိပါတယ်နော်'

'ပြောချင်တာတွေ ပြောကြလေ၊ မောတော့ ရပ်ကြမှာပဲ'

'ဟော ကြည့်ပါလား ညီမတော်၊ မောင်ဟာ တကယ့်ယောကျ်ား၊

မျက်နှာ မပွားဘူး၊ စကားကိုလည်း မများဘူး၊ တရားကိုလည်း မမှား ဘူး၊ ကာမဂုဏ်နှင့်လည်း မမြူးဘူး၊ တဏှာဟုန်နှင့်လည်း မရူးဘူး၊ မမတို့က အထူး ချစ်ရုံပဲ မဟုတ်လား။ မောင်က ဟိုအဟုန်နှင့် လက် ကမ်းရင် မယ်လှမ်းရုံပေါ့။ မောင် မဆော့ပေ့ မယ် ပျော့တယ်၊ မောင် မဖျော်ပေ့ မယ် ပျော်တယ်၊ ညဥ့်စက်ခန်း လွှာရုံပေါ်မှာ မောင်တော် လာမယ်ဆိုရင် မယ် အသာကလေး အညာလွယ်ပါတယ် ညီမတော်'

'သိပ်စကားများကြတော့ တောထွက်သွားချင်တဲ့ စိတ်တောင် ပေါ်လာပြီ'

'ကိုင်း ညီမတော်၊ ဒါကိုပဲ ချိန်ပြီး မြိန်ကြပါစို့'

*

ရာဇသင်္ကြံ ဦးဖြိုးသည် မဘဲ၊ စေတုတ္တရာ၊ တိုင်တား၊ စကု၊ ပန်းတိမ်း တောင်စဥ်တို့မှ အကြီးအကဲခေါင်းတို့ကို ခေါ်၍ စုစည်းပြီးသော် မင်းပူးမြို့ကို မင်းဘူးမြို့ဟု သမုတ်လျက်၊ မယ်မင်းပူးအား မြို့စား မယ် အဖြစ်နှင့် အမိန့်တော်ပြန်ကာ ထားအပ်လေ၏။

*

[ငခွေးသည် ပုဂံပြည်ကြီးကို တရားရှင်အဖြစ်နှင့် ထီးနန်းစိုးအုပ် မင်းလုပ်သော်လည်း ရာဇဝင်ဆရာတို့ကား "စလေငခွေးမင်း" ဟုသာ ရေးသားကြကုန်၏။ ရာဇဝင်ဆရာတို့သည် ထိုငခွေး၏ မင်းဖြစ်ပုံနှင့် ဖြစ်တမ်း အစဥ်ကို သဘောကျစေကာမူ လက်ရှိ ဘုရင်မင်းမြတ်၏ အလို တော်နှင့် ခေတ်ကို လိုက်စား၍ သာမည စလေငခွေးမင်းဟု ရေးသားကြ ဟန် တူပေသည်။ သို့သော် တောင်စဥ်က သမိုင်းများ၊ မင်းတုန်း၊ မဘဲ၊ တိုင်းတားတို့၏ သမိုင်းများ၊ စာဟောဆရာများ၊ ပါးစပ်ရာဇဝင် ဆရာ များ၊ ပုံဝတ္ထု ဆရာများတို့၏ အလိုသော်ကား ငခွေး၏ အကြောင်းနှင့် ထိုခေတ်က အခြေအနေသည် အလွန် သိမှတ်ဖွယ်ဖြစ်၍ တရားရှင် အဖြစ်ကို အထူးတလည် ထင်ရှားစေလေသည်။ ကျွန်ုပ်မှုကား ရှုံ့လို

သူတို့၏ ရှုတ်ချခြင်းကို ခံတော့မည်ဟု နောင် လူငယ်များအတွက် ရေးထားတော့သည်။

ရာဇဝင်ဆရာ အသီးသီးကပင် ငခွေးကား ဘုရားရှင်ကို နေမပူစေရ၊ အင်ဖက်သုံးချပ် ကာပေးသော တောင်စောင့်ဘီလူးကို ဤပြည်တွင် မင်းသုံးဆက် ဖြစ်လတ္တံ့ဟု ဗျာဒိတ်ရသောသူ ဖြစ်ချေသောကြောင့် ဘုန်းတန်ခိုး အာနုဘော် ကြီး၏ဟု ထည့်သွင်း ရေးသားသည့်အပြင် ထိုစလေငခွေးသည်ပင် ပုဂံပြည်ကြီး၌ ကုလားကျမင်း ဟု အမည်တွင်လျက် နရသူမင်းအဖြစ်နှင့် တစ်ကြိမ်၊ နရသီဟပတေ့မင်း အဖြစ်နှင့် တရုတ်ပြေးမင်း (ဝါ) မင်းခွေးချေး ဟူ၍ တစ်ကြိမ်၊ မင်း သုံးကြိမ် ဖြစ်သည်ဟု ရေးသားကြကုန်သည်။

အမှန်အားဖြင့်ကား ရာဇဝင်ဆရာသည်လည်း ခေတ်အလျောက်စာပြုဆရာတစ်မျိုး ဖြစ်ချေသည်။ မှန်နန်းရာဇဝင်တော်ကြီးကို မင်းတုန်းမင်းတရားကြီး လက်ထက်တော်က စက်တင်ပုံနှိပ်ပြီး၍ နန်းတွင်းသူနန်းတွင်းသားတို့ အလေးဂရုပြုကာ ဖတ်ကြရာ၊ ပညာရှိ ယောအတွင်းဝန်မင်း ဦးလှိုင်က 'ဒါဟာ မသာစာရင်း' ဟု ဆိုဖူးသည် ဟူ၍ ကျွန်ုပ်ကျောင်းသားဘဝတုန်းက ရာဇဝင်ဆရာက မိန့်မြွက်ဖူးလေသည်။

ယခုခေတ် အချို့ပညာရှိတို့ကလည်း ဖွားသေစာရင်းသာသာမျှသာဟု လည်းကောင်း၊ ဒဏ္ဍာရီဟု လည်းကောင်း ဆိုကြကုန်သည်။ စင်စစ်သော်ကား ရာဇဝင် ဟူသည် မင်း၏အကြောင်းကိုသာလျှင် ချဲ့ထွင်ရေးသားခြင်းနှင့် မလုံလောက်ပေ။ မင်းကို တန်ဆာဆင်လျက် ရှိသော၊ မင်းကိုမှီ၍ ဖြစ်ပျက်နေသော ထိုမင်း၏ အာဏာတော်နှံ့ရာ နိုင်ငံတို့၏ အခြေအနေ၊ တိုင်းသူပြည်သားတို့၏ အခြေအနေ၊ နီးစပ် ဆက်ဆံရာ တိုင်းပြည်တို့၏ အခြေအနေတို့နှင့်လည်း ပတ်သက်လျက် ရှိရာချေသည်။

ငခွေးသည် တရားမင်းအဖြစ်နှင့် ပုဂံပြည်ကြီးကို သိမ်းပိုက်သော အခါကား တိုင်းသူ ပြည်သားတို့၏ အခြေအနေသည် ရတ်တရက်

ပြောင်းလဲသွားသည်ကို ဤစာအုပ်သည် ရာဇဝင် မဟုတ်၍ သေချာ စုံလင်စွာ မဖော်ပြနိုင်သော်လည်း လိုရင်းအချုပ်နှင့် ထိုမင်း၏ ဆုံးခန်းတိုင် ရောက်ပုံ ဆက်လက်ရေးသား ဖော်ပြရပေလိမ့်မည်။ ။ စကားချပ် ]

ငခွေးသည် ဘုရင်ဖြစ်သောအခါ မိမိအား ဗေဒင်ဟောဖူးသော ပုဏ္ဏားအား ကြီးကျယ်စွာ မြှောက်စား၍ ပုရောဟိတ်အရာ၌ ဆက်လက်တည်စေ၏။ ငဖြိုး၏ ဦးရီးဆရာတော် ရဟန်းကြီးအားလည်း ပင့်ပြီးလျှင် သာသနာတော်ကို သန့်ရှင်းစင်ကြယ်အောင် ပြုစုစောင့်ရှောက်တော်မူပါမည့် အကြောင်းနှင့် တောင်းပန်လေ၏။ ဆရာတော်ဘုရားလည်း ဤသို့ မိန့်တော်မူ၏။

'ဒကာတော်၊ ငါကား အသက်အရွယ် အိုမင်းပြီ ဖြစ်သည့်အပြင် ခြသေ့်ဆီတို့မည်သည် သိင်္ဂီရွှေခွက်မှာ တည်မြဲနိုင်သည်။ ဤခေတ်လူတို့၏ စရိုက်ကား အလွန် ကြမ်းတမ်းလှသည်။ လောဘ၊ ဒေါသ၊ မာနတို့ အလွန် ထူပြောလှ၍ လောက်လေးကိုင်းကဲ့သို့သာ ဆွဲစဉ် ခဏ၌ ပါပြီးလျှင် လွှတ်လိုက်က ဒုံရင်းသို့ ပြန်ချေသည်။ တစ်ကြောင်းမှာလည်း သာသနာတော်ကို ပြုစုရေး၌ ဒေသနာတော်ချည်းနှင့် မရနိုင်၊ အာဏာနှင့် ဖက်စပ်မှသာ ဖြစ်နိုင်ပေလိမ့်မည်။ အာဏာတော်နှင့် ဖက်ကလည်း အချင်းချင်း ပြည်တွင်းစစ်ပွဲဖြစ်၍ သတ္တဝါအပေါင်းမှာလည်း ဘေးဒုက္ခ ထပ်လောင်းဘိသကဲ့သို့ ဖြစ်ရပေလိမ့်မည်။

'ထိုသဘောကို မြတ်စွာဘုရားနှင့်တကွသော သူတော်သူမြတ်တို့သည် မနှစ်သက်ကြကုန်၏။ ဤအခါ၌ မသူတော်တို့သည် တရားမဲ့ မလွန်ကြူးလှသေး၊ ထိုအခိုက်အတန့်၌သာ ၎င်းတို့ ကောင်းစားနိုင်ပေလတ္တံ့။ ပြည်သူ ပြည်သားတို့သည် ကျိုးကြောင်းပြ သဘောကို အဝါးဝ၍ အသိဉာဏ် ကျယ်လာသောအခါ မသူတော်တို့သည် တဖြည်းဖြည်း ခန်းခြောက် ပျောက်ကွယ်ရပေလိမ့်မည်။ ထို့ကြောင့်

ဒကာတော်၊ ငါကား ဒကာတော်၏ တောင်းပန်မှုကို အခွင့်မပြုသာ' ဟု မိန့်တော်မူပြီးလျှင် စလေသို့ ပြန်ကြွတော်မူလေ၏။

ငခွေးသည် ငဖြိုးကို ရာဇသင်္ကြန်ဘွဲ့နှင့် မင်းတိုင်ပင် အမတ်ကြီးအဖြစ် ထားလျက် မိမိကိုယ်တိုင်ကား တရားမင်းအဖြစ်ကို သစ္စာပြုပြီးသော် ဤသို့သော အမိန့်တော်ကို ထုတ်ပြန်တော်မူလေ၏။

၁။ တော်လှန်ခွင့်ရသော ကျွန်များအား သခင်များက ကျွန်စာရင်းပေါက်သည့်နေက စ၍ သူရင်းငှားခနှင့် တွက်ချက်ပြီးသော် ကျွန်ဖြစ်ရသော ငွေရင်းနှင့် ထိုငွေရင်း၏တစ်ဝက် ငွေးတိုးပါ ကျေလည်ခဲ့သော် ကျွန်စာရင်းက ပယ်ဖျက်ပြီးလျှင် လွတ်လပ်ခွင့် ပေးရမည်။

၂။ အမြဲဖြစ်သော ကျွန်များကို သခင် သေသောအခါ သားသမီးများ လက်ထက်တွင် ကျွန် ဆက်လက်၍ မဖြစ်စေရ။ သားသမီးများ ရထိုက်သော ကောင်းမွေ၏ အမွေအနှစ် တစ်ဝက်ကို ထိုကျွန်များအား ရယူပိုင်ထိုက်စေရမည်။ သခင်သည် ထိုကျွန်မျိုးကို မသေမီတစ်နှစ်က တင်ကြို လွှတ်ချေသော် အမွေ မပေးရ။ သို့သော် လွှတ်သောအခါ အရင်းအနှီး လုံလောက်အောင် ပေးရမည်။

၃။ ကျွန်များကို ခါးကြိုး၊ နားကြိုး ချည်၍ မခိုင်းရ။ သတ်ပုတ် ညှဉ်းဆဲခြင်း၊ ရိုက်၍ ဒဏ်ခတ်ခြင်းတို့ကို မပြုရ။ ကျွန်များက တရားမဲ့ ကျင့်ကြံလျှင် မင်းအိမ်သို့ပို့၍ အဆုံးအဖြတ်ကို ခံစေရမည်။

၄။ ကျွန်မများကို သခင်များက မယားပြုမိလျှင် အတည်မယား အဖြစ်နှင့် ပေါင်းသင်းဆက်ဆံ၍ ကျွန်မများ၏ မိဘ မောင်ဖားတို့အား မင်းက ဆုံးဖြတ်သည့် လျော်ကြေးကို ပေးစေရမည်။

၅။ ကျွန်များကို သခင်များက အိမ်သူအိမ်သား စာရင်းသွင်း၍ ဝအောင် ကျွေးပြီးလျှင် လုအောင် ဆင်ရမည်။

၆။ ကျွန်နှင့် ကျွန့်မိဘ၊ ကျွန့်သားသမီးတို့ သေဆုံးသွားလျှင် သခင်က မိမိဂုဏ်နှင့်အညီ သင်္ဂြိုဟ်ရမည်။

၇။ ကျွန်များ၏ အိမ်ပေါက် သားသမီးများကို အချိန်အရွယ် ရောက်အောင် ကျွေးမွေး သုတ်သင်ရာ၌ သခင့်တာဝန် ဖြစ်စေ၍၊ သပေါက် အဖြစ်ကို ပယ်ဖျက်ပြီးသော် အချိန်အရွယ်ရောက်က သွား လိုရာသို့ အခွင့်ပြုရမည်။

၈။ ကျွန်များကြောင့် ချွတ်ယွင်း ပျက်စီးသည်ကို တန်ဖိုးထား ပြီးလျှင် ကျွန်ဖိုး၊ သို့မဟုတ် ကျွန်ပေါင် ငွေစာရင်းတွင် ပေါင်းထည့် ခြင်း မပြုရ။

၉။ တောင်သူများ စားမဦးချုပြု၍ လုပ်ကိုင်စားသောက်သော မြေများကို ဘုရင်မှတစ်ပါး မည်သူကမျှ မည်သည့်နည်းနှင့်မဆို သိမ်းယူခြင်း မပြုရ။

၁၀။ လက်မှုပညာသည်များ၊ တောင်သူများတို့အား သင်္ဂဟ တရားလေးပါးတွင် သမ္မာပါသ တရားနှင့် ရွှေတိုက်တော်က ထုတ်၍ အရင်းအနီး မ စ ရမည်။

၁၁။ ရာဇဝတ်တော်ရေးမှတစ်ပါး တရားလို၊ တရားခံတို့သည် မိမိတို့၏ ကြိုက်ညီရာ ခုံပြု၍ တရားတပေါင် တွေ့နိုင်ကြသည်။

၁၂။ လွှတ်တော်မှသော်လည်းကောင်း၊ ရွှေနန်းတော်ကြီးမှပင် သော်လည်းကောင်း ရာဇသတ်၊ ဓမ္မသတ် အစဉ်မဟုတ်သော မည် သည့် ဥပဒေမဆို အကျယ်ဆုံး အသံတကြား လူစုအစည်းအဝေး စုံညီက သဘောမတူလျှင် ငါဘုရင်မင်းမြတ်သည် ပယ်ဖျက်တော် မူမည်။

ကျွန်တပ်ကြီးတွင် ပါဝင်၍ တိုက်ခိုက်သော ကျွန်များကို လည်း မင်းဘဏ္ဍာမှ ထုတ်၍ ရွေးနုတ်ပြီးသော် အချို့ကို စစ်မှု ထမ်းစေလျက်၊ အချို့ကို ငွေရင်း ငွေနှင်း ပေးပြီးလျှင် မြို့ရွာပြုစု တည်ထောင်စေလေသည်။

ငခွေးသည် မိမိ မင်းဖြစ်သောအခါ မိမိမှာ ကျွန်ဘဝက မင်း

ဖြစ်လာ၍ နားပေါက်နှင့် ဖြစ်နေသဖြင့် မင်းမှုထမ်းများနှင့် သစ္စာတော်ကို စောင့်သိရိုသေသော အရွယ်ရောက် ယောကျ်ားတိုင်း နားနှစ်ဖက် ဖောက်ရမည်ဟု ပညတ်သည်အတိုင်း ယောကျ်ားကလေးများသည် မိန်းကလေးများကဲ့သို့ နားနှစ်ဖက် ဖောက်ကြကုန်၏။

[ဟိုအခါက မိန်းမများမှာ နားနှစ်ဖက် ဖောက်ကြရသည်။ ထိုသဘောကား မိန်းမပျိုများသည် အုပ်ထိန်းသူများ အခွင့်မပြုဘဲ လင့်နောက် လိုက်သွားပါက နားကြီးချည်၍ အရပ်ကို ဒဏ်ခံပြနိုင်ရရန်နှင့် လင်ရှိ မိန်းမသည် လင်ငယ်နေက နားကြီးချည်၍ ပြစ်ဒဏ်ခံရန် ဖြစ်သည်။ ထိုမှတစ်ပါး မိန်းမများကို အလွန် အညံ့စားထား၍ နှိမ့်ချထားလျက် နားကြီးချည်တည်းပြီးသော် ရိုက်နှက်ဆုံးမရန် ဖြစ်လေသည်။ အချို့ဝါဒကား မိန်းမများမှာ လက်ရုံးရည် မရှိချေ။ ထို့ကြောင့် မိဖုရားများ၊ မင်းသမီးများ၊ တစ်ပင်တိုင် မင်းသမီးများမှာ နားဖောက်၍ သူရကန်ကျောက် နားတောင်းကိုသော် လည်းကောင်း၊ စန္ဒကန်ကျောက် နားတောင်းကိုသော် လည်းကောင်း၊ လုပ်ရတ်နည်းအားဖြင့် သိဒ္ဓိမြောက်ဓာတ်လုံးကို စီရင်ထားသည့် နားတောင်းကိုသော် လည်ကောင်း ပန်ဆင်ထားလျှင် ဗိုလ်ခြေ တစ်သိန်းကိုပင် နိုင်နင်းသော စွမ်းအား ရှိသဖြင့် ထိုမိဖုရား၊ မင်းသမီးတို့က အစပြု၍ နားဖောက်ပြီးလျှင် ပြည်သူတို့၏ထံသို့ ကူးစက်သွားခြင်း ဖြစ်လေသည်။]

ရုံးများနှင့် မင်းအိမ်တို့၌ ရာဇဝတ်တော်ကို မကျူးလွန်သော တရားခံများအား ခါးကြိုး၊ နားကြိုး ချည်၍ မဖမ်းဆီးရ၊ မစစ်ဆေးရဟု ပညတ်သည်ပြင် မင်းရှေ့စိုးထံ၌ အမှုသည်များ၏ကိုယ်စား ရှေ့နေ၊ ရှေ့ရပ် အဖြစ်နှင့် ပညာရှိများကို လျှောက်လဲ ပြောဆိုခွင့် ပြုတော်မူ၏။

သာသနာရေးနှင့် ပတ်သက်၍လည်း အရည်းနှင့် ရဟန်းတို့အား ကြေးငွေတို့ကို မလှူရ။ အရည်းတစ်ပါးတည်း၊ ရဟန်းတစ်ပါး

တည်းပိုင် မြေများကို မလှူရ၊ သာသနာအားသာလျှင် မြေများကို လှူ၍ သာသနာပိုင်သာ ဖြစ်ရမည်။ အရည်းတို့ထံ ကျောင်းလွှတ် ပူဇော်လိုသူများမှသာ ပူဇော်ရမည်။ ထိုသို့ မပူဇော်သဖြင့် လူများမှာ ဒဏ်တစ်ခုခု ခံခြင်း မရှိစေရ။ သာသနာက ဟောသော တရားများကို နာယူလိုသူမှသာ နာယူရမည်ဟု အမိန့်တော် သတ်မှတ်ထားလေ၏။

စလေမင်းခွေး နန်းတက်တော်မူပြီးနောက် အညာတစ်ခွင်မှ လူတို့သည် ပုဂံ စလေတို့သို့ များစွာ သက်ဆင်းလာကြကုန်၏။ အခြား မြေဩဇာကောင်းသော အရပ်များသို့လည်း အုပ်ချုပ်စီမံမှုကို မှီ၍ ဝင်ရောက်လာကြကုန်၏။ တောင်စဉ်ခုနစ်ခရိုင်နှင့် တောင်တွင်း၊ မိတ္ထီလာ ဒေသတို့သည် အထူး စည်ပင်လာ၍ ပုပ္ပားအရပ်ဒေသ၊ ဆင်တဲ၀ ချောင်းဝမ်း အရပ်ဒေသတို့၌ လူနေများစွာ ဖြစ်ထွန်းလာ လေ၏။ ထိုအခါ မြေတိုင်းတို့ကို ခန့်အပ်၍ မင်းဘဏ္ဍာနှင့် တည် ထောင် လုပ်ကိုင်သော တောင်သူတို့ အပေါ်၌ သဿမေဓများ (သဿမေဓ ဆိုသည်ကား ကောက်ခွန်ကို ဆိုသည်၊ လူခွန် ဟူ၍ မဆို) ကို ဘဏ္ဍာစားရအောင် ပြန်လည်ကောက်ခံခြင်း ပြုလေ၏။

ဤကဲ့သို့လျှင် ခွဲဝေပိုင်းခြား အုပ်ချုပ်မှုဖြင့် နိုင်ငံတော်သည် စည်ပင်ဖွံ့ဖြိုးလာသော်လည်း ကြာရှည်လတ်သော် များစွာသော ငွေရှင်တို့သည် လည်းကောင်း၊ မှူးကြီး မတ်ကြီး အချို့တို့သည် လည်းကောင်း ထိုစည်းမျဉ်းကို မကျေမနပ်နိုင်ကြ၍ မင်းတိုင်ပင် အမတ်ကြီး ရာဇသင်္ကြံထံ စုံညီလာရောက်ကြပြီးသော် ထုတ်ဆင့်ပြီး သော အမိန့်တော်နှင့် ပတ်သက်၍ ရှေးထုံးကို လိုက်နိုင်သမျှ လိုက် ပြီးလျှင် လျှော့နိုင်သမျှ လျှော့ကာ ပြင်ဆင်သတ်မှတ် ထုတ်ဆင့်ရန် မင်းကြီးထံ တင်လျှောက်ပေးပါမည့် အကြောင်းနှင့် တညီတည်း အကြံပေးကြကုန်၏။

သာသနာရေးနှင့် ပတ်သက်၍လည်း ဘုရင်မင်းမြတ် ကိုယ်တော်

တိုင် အရည်းတို့၏ ဝါဒကို မသုတ်သင်သော်လည်း မလိုက်လျော၊ မချီးမြှင့်၊ မနာယူသောကြောင့် လူတို့သည် အရည်းဂိုဏ်းမှ ရဟန်း ဂိုဏ်းသို့ တဖြည်းဖြည်း ဝင်လာကြကုန်၏။ မှူးကြီးမတ်ရာ အချို့နှင့် မင်းမှုထမ်း အချို့တို့လည်း ကျောင်းလွှတ် ပူဇော်မှုကို မကြိုက်ကြ သဖြင့် အရည်းတို့၏ ဩဝါဒခံ အဖြစ်မှ ရုန်းထွက်ကြကုန်၏။

[ထိုကဲ့သို့လျှင် စလေငခွေးသည် အရည်းတို့၏ ဩဇာကို ညှဲဖျင်း အောင် ပြုလုပ်၍ ရဟန်းဂိုဏ်းကို အားပေးခဲ့သောကြောင့် အနော်ရထာ မင်းစော လက်ထက်တော်သို့ ရောက်သောအခါ အရည်းတို့ကို နှိမ်နင်း ရာ၌ မှူးမတ်ဗိုလ်ပါ အများပါ၍ လွယ်လင့်တကူနှင့် အောင်မြင်ရလေ သည်။ စလေငခွေးသည် ထိုအခါကသာ အရည်းတို့ကို နှိပ်ကွပ်ခဲ့သော် မှူးမတ်ဗိုလ်ပါ အများတို့ ပါဝင်ကူညီကြမည် မဟုတ်၍ အကြံမအောင်ဘဲ ထီးနန်းကို စွန့်လွှတ်ရပေလိမ့်မည်။]

ထိုသို့သော သဘောတို့ကြောင့် ရာဇသင်္ကြံသည် မင်းကြီး ထံသို့ ဝင်၍ ဤသို့ လျှောက်ထားရလေ၏။

'ဦးရီးတော်၊ သတ်မှတ်ထားတော်မူတဲ့ ကြေးကျွန်တို့အပေါ်၌ လည်းကောင်း၊ အသည်တို့၏ အပေါ်၌ လည်းကောင်း၊ အရည်းတို့ရဲ့ ဒကာများအပေါ်၌ လည်းကောင်း အမိန့်တော်ဟာ ၎င်းတို့အား အလွန် အရေးပေးထားရာ ရောက်နေပါတယ်။ ဒါကြောင့် သခင်များဟာ ကျွန်များအပေါ်မှာ၊ မှူးမတ် လွှတ်တော်ဝန်များဟာ အသည်များ တရားခံများ အပေါ်မှာ အာဏာမရှိကြပြီ ဖြစ်လို့ တိုင်းပြည် ကသောင်း ကနင်း ဖြစ်တော့မည်ကဲ့သို့ ရှိနေပါတယ်။ အုပ်ထိန်းမရနိုင်အောင် လည်း ဖြစ်နေပါတယ်။ ဒကာများဟာလည်း အရည်းတို့ကို မလေး မစား ဖြစ်လာကြလို့ အရည်းတို့ ဆုံးမဖြစ်တားတာကို မနာမယူကြ တော့ပါ။ သာသနာမဲ့လာလျှင် အုပ်ထိန်းဖို့ အင်မတန် ခက်လာပါ

လိမ့်မယ်။ အဲ သို့ကလိုကြောင့် ပြင်ဆင်တန်သမျှကို ပြင်ဆင်တော်မူဖို့ သင့်ပါတယ်'

'တူတော်မောင် စကားဟာ မှန်သလိုလိုပဲ။ သို့သော် ဒီစကားဟာ အရည်းများနှင့် မှူးကြီးမတ်ကြီး သူဌေးကြွယ်တို့က ဖြစ်လာတဲ့ စကား ဖြစ်ပေလိမ့်မယ်။ စင်စစ် တိုင်းပြည် ကသောင်းကနင်း ဖြစ်အောင် ဘယ်သူ ပြုလုပ်နေသလဲ။ ရာဇဝတ်တော်ကို မလေးမခန့်ဘဲ ဘယ်မှာ ခိုးသေး မီးပွား ထ နေသလဲ။ တူတော်မောင်၊ လောကမှာ အလုပ်ကို အမြဲလုပ်ကိုင်နေတဲ့ အလုပ်သမားများဟာ ဘယ်တော့မှ ဆူညံသောင်းကျန်းခြင်း မရှိဘူး။ ဈေးကိုကြောက်ပြီး သူတစ်ပါးရဲ့ ခေါင်းကိုနင်းကာ ဂုဏ်ကြီး ဒြပ်ကြီး စည်းစိမ်ကြီးကို လိုချင်နေတဲ့ လူစဉ်းလဲများရဲ့ နောက်သို့ အလုပ်သမားများဟာ ယောင်ဝါးဝါးနှင့် ပါသွားကြရင်သာ တိုင်းပြည် ဆူပူတတ်တယ်။ အဲဒီတော့ တိုင်းပြည်ကို ဆူပူစေတဲ့ သူတွေဟာ ဈေးကိုကြောက်တဲ့ သူတို့တစ်တွေပဲ။

'ကိုင်း ဒါတွေကိုထားဦး တူမောင်၊ ဦးရီးတော်ဟာ ဘုရင့်စည်းစိမ် ဆိုတာ အိမ်တစ်အိမ်မှာ ကျွန်ရဲ့စည်းစိမ် တစ်ဝက်လောက် မရှိတာ၊ ဘုရင့်ခေါင်းမှာ အမြဲမီးလောင်နေတယ်ဆိုတာ၊ နန်းတော်ကြီးဟာ ရွှေရောင်တဖိတ်ဖိတ်နှင့် ပြောင်လက်နေသလောက် ဘုရင်ဆိုတာဟာ မှေးမှိန်နေတာကို သိရင်းစွဲ။ အခုလည်း သိနေတယ်။ ဒါပေမဲ့ ဆင်းရဲ နိမ့်ကျနေတဲ့ အသည်များ၊ မတရားခံနေရတဲ့ ကျွန်များ၊ မတရား ချုပ်ချယ်ခြင်းကို ခံနေရတဲ့ သူတို့ရဲ့ ကောင်းကျိုးကို ဆောင်ကြဉ်းလိုလို့ တောင့်တခဲ့တယ်။ တောင့်တတဲ့အတိုင်း ယခု ရပြီ။ သူတို့ကလည်း ဦးရီးတော်အား မင်းအဖြစ်ကို ပေးခဲ့ပြီ။ အဲဒီတော့ သူတို့ အကျိုးရှိအောင်၊ သူတို့ နေသာထိုင်သာအောင် စည်းမျဉ်း ဥပဒေ ပြုလုပ်ပြီး ဆောင်ရွက်ပေးရလိမ့်မယ်။ အရည်းတို့ကတော့ တူတော်မောင်လည်း သိပြီးအတိုင်းပဲ။ အဲဒီတော့ ဂုဏ်ကြီးရှင်တွေ

အလိုရှိတိုင်း မလိုက်နိုင်ဘူး။ စည်းစိမ်ယစ်နေတဲ့ ယစ်လိုတဲ့ ဂုဏ်ရှင်တွေ အလိုကို လိုက်ခြင်းဟာ လောက၏ သာယာခြင်းကို ဖျက်ဆီးခြင်းတစ်ခုတဲ့။ တစ်ကြောင်းမှာလည်း သူတို့ကို နင်းခံလုပ်ပြီး စည်းစိမ်ဆိုတဲ့ ခန်းမကြီးကို တက်ခဲ့လို့ ရောက်ကြပြီ မဟုတ်လား။ ရောက်တော့မှ သူတို့ကို ဂရုမပြုဘဲ၊ ရသင့်တဲ့ အခွင့်အရေးကို သူတို့ မရရင်၊ ပေးသင့်တဲ့ အခွင့်အရေးကို သူတို့အား ပေးနိုင်လျက်နှင့် မပေးရင် ဦးလေးကို ကတိ မတည်ဘူး၊ တရားရှင်မင်း မဟုတ်ဘူးလို့ စွပ်စွဲကဲ့ရဲ့ကြပေလိမ့်မယ်။ အဲဒီတော့ ထုတ်ပြီးတဲ့ အမိန့်တော်ကို မပြင်သင့်ဘူး တူတော်မောင်'

'ဦးလေးတော် မိန့်တော်မူတာလည်း အကြောင်းပါပဲ။ ကျွန်တွေ၊ ဆင်းရဲသားတွေ ကျေနပ်အောင် နေရာတကာမှာ ကာသာပေးနေရင် သင့်လျော်ဖို့ မရှိပါ။ သူတို့ မကျေနပ်မှာလည်း မှူးမတ်ဗိုလ်ပါနှင့် စစ်သည်သူရဲတို့ အရှင်ပါကပဲ၊ စိုးရိမ်ဖို့ မရှိပါ။ ပမာကို ပြရပါရင် အိမ်ပေါ်သို့ တက်နိုင်တဲ့ ကျေးရူးကြောင့် လှေကားကို အထက်ခန်းက တပ်ထားရင် သင့်လျော်ပါ့မလား။ လှေကားနေရာမှာ လှေကားပေါ့ ဦးလေးတော်ရဲ့။ ဒါကြောင့် ကျွန်ရာ ဆင်းရဲသားရာ ချန်ပြီး ထုတ်ထားတဲ့ အမိန့်တော်ကို ထပ်မံစဉ်းစားတော်မူပါ'

'တူတော်မောင်ရဲ့ အကြံဟာ မတော်ဘူး။ သည်လိုလုပ်ခဲ့ရင် ဦးလေးဟာ ရာဇဝင်မှာ အတော့်ကို အရုပ်ဆိုးနေတော့မှာပေါ့'

'ထပ်မံစဉ်းစားတော်မူပါ ဦးလေးတော်၊ ပုထိုးကို ထီးတင်ပြီးရင် ငြမ်းကို မဖျက်ဘဲထားက တင့်တယ်ပါ့မလား။ အမြော်အမြင်နဲ့နေတဲ့ ဆင်းရဲသား တစ်အိမ်ထောင်တည်းကိုပင် မည်သူမှ လှအောင်ဝအောင် မစောင်မနိုင်ပါ။ ဒါကြောင့် အမြော်အမြင်နည်းတဲ့ သူဆင်းရဲများနှင့် ထိုက်တန်တဲ့ အခွင့်အရေးဟာ နှိမ့်ချထားခြင်း တစ်ခုသာ လျှင် ဖြစ်သင့်ပါတယ်။

'မင်းတို့ တန်ခိုးကြီးခြင်းဟာ မှူးမတ်သေနာပတိတို့ကို မှီနေရလို့ ၎င်းတို့မှာ သြဇာအာဏာ ထက်ထက်မြက်မြက် မရှိပါရင် သည်မင်းမှာ လက်ရုံးမဲ့သလို ဖြစ်နေလို့ အရှိန်အဝါ တောက်ပနိုင်ဖို့ ခဲယဉ်းပါတယ်။ မင်းများရဲ့ ကြွယ်ဝ ချမ်းသာခြင်းဟာလည်း သူဌေး၊ သူကြွယ်၊ ကုန်သည်ကြီး၊ တောင်သူကြီးများပေါ်မှာ တည်နေပါတယ်။ အဲဒီတော့ သူဌေး သူကြွယ်တို့ သြဇာတိက္ကမနှင့် မတည်မရပ်နိုင်အောင် သာမန် အသည်များ၊ ကျေးကျွန်များ၊ လက်လုပ်လက်စားများတို့အား အတိုင်းထက်အလွန် အခွင့်အရေး ပေးထားခဲ့ချေသော် ထိုမင်း၏ အရောင်အဝါနှင့် စည်းစိမ် ပြန့်ပြောမှုကို ဖျက်ဆီးရာ ရောက်နေပါတယ်။ ဒါကြောင့် ဦးလေးတော် ထပ်မံပြီး အမိန့်တော်ကို လျှော့သင့် မလျှော့သင့် စဉ်းစားတော်မူပါ'

'တစ်ခုစဉ်းစားနော်် တူတော်မောင်၊ တူတော်မောင့် အကြံတွေဟာ ရုတ်တရက်တော့ သင့်လျော်သလိုပဲ။ သို့သော် မှူးမတ် တန်ခိုးကြီးတိုင်း မင်းမှာ လက်ရုံးအား ရှိတာမဟုတ်။ မှူးမတ် တစ်ယောက်ငါးနှင့် စဉ်းလဲခဲ့လျှင် တိုင်းပြည်တစ်ဝက်ဟာ အကြောင်းမဲ့ ပျက်စီးနေတော့တာပဲ။ စဉ်းစားနော်၊ မှူးမတ်ကြောင့်ရတဲ့ ဂုဏ်တန်ခိုးဟာ လုပ်ယူရတဲ့ တန်ခိုး၊ ကြားလား။ ပြည်သူလူကြောင့် ရတဲ့ တန်ခိုးဟာ သဘာဝအလျောက် ရတဲ့ တန်ခိုး၊ တိုင်းပြည်နိုင်ငံတို့ မည်သည် သဘာဝအလျောက် ရတဲ့ တန်ခိုးရှိမှ ထိပ်တန်းနိုင်ငံ ဖြစ်နိုင်တယ်။

'သည်လိုပဲ တူတော်မောင်၊ သူဌေးသူကြွယ်တို့ကို မှီပြီး ချမ်းသာရတဲ့ မင်း၊ တိုင်းပြည်တို့ဟာ အနှစ်မပါတဲ့ ချမ်းသာခြင်းမျိုးကွယ့်။ တိုင်းပြည်လူထု ချမ်းသာမှ သည်တိုင်းပြည်၊ သည်မင်းဟာ သဘာဝအလျောက် ချမ်းသာခြင်း ဖြစ်လို့ အစစ်တကယ် ချမ်းသာခြင်းကွယ့်။ တူတော်မောင် မှတ်ထား၊ တိုင်းပြည် ပညာရှိတွေကို မြုပ်အောင် မြှုပ်နေတာဟာ ငွေရှာသမား၊ စီးပွားရေးသမား ငွေရှင်တွေပဲကွယ့်။

တိုင်းပြည်ကို ဆင်းရဲအောင် လုပ်နေတာဟာလည်း သူတို့ပဲကွယ့်။ အချုပ်မှာကွယ် တိုင်းပြည်ကို နိမ့်အောင် နိမ့်နေတာဟာလည်း သူတို့ပဲကွယ့်။ အဲဒီတော့ တူတော်မောင့် စကားကို ဦးရီး စဉ်းစားရင်လေ တူတော်မောင်နှင့် တူမတော်ကလေး မယ်ကျေးတို့ရဲ့ ဂုဏ်ကို ထိပါးရာ ရောက်မယ်။ ကြားလား'

'သည်ကိစ္စကိုတော့ ထားပါတော့ ဦးလေးတော်၊ အရည်းတွေ မကျေနပ်ရင် ထီးသက်နန်းရှည်ဖို့ ခဲယဉ်းပါလိမ့်မယ်။ ဒါကြောင့် အရည်းတွေရဲ့ ကူညီခြင်း၊ နည်းလမ်းပေးခြင်း၊ စွက်ဖက်ခြင်းတို့ကို လည်း စဉ်းစားတော်မူသင့်ပါတယ်'

'တူတော်မောင် အရည်းဂိုဏ်းကို သဘောကျနေပြီ ထင်တယ်'

'အရည်းတို့ရဲ့ ဝါဒကို သဘောကျလို့ မဟုတ်ပါ။ အရည်းတို့ဟာ တံနက်မင်းကြီး လက်ထက်တော်ကလောက် တိုင်းပြည်ပေါ်မှာ ဩဇာ မရှိစေကာမူ မှူးမတ်အချို့နှင့် မင်းမှုထမ်းအချို့၊ အသည်များအချို့ အပေါ်မှာ အလွန် ဩဇာစူးရှကာ ရှိသေးလို့ တိုင်းပြည်မှာ အင်အားကြီးလျက်ပင် ရှိပါသေးတယ်။ အရည်းပေါင်းလည်း နှစ်ထောင်ကျော်ခန့် ရှိနေလို့ အရည်းရှိရင် ချက်တစ်ဖြုတ် ခေါင်းဆောင်ကာ ထကြွနိုင်ပါတယ်။ ဒါကြောင့် အရည်းတို့ကိုလည်း အရေးအရာထားပြီး စဉ်းစားသင့်ပါတယ်'

'တူတော်မောင် သတ္တိနည်းတယ် ထင်တယ်'

'မနည်းပါ၊ အရေးရှိက အသက်ကို စွန့်ဝံ့ပါတယ်'

'ကောင်းပြီ ကောင်းပြီ၊ တူတော်မောင် အရည်းတို့ရဲ့ ဝါဒကို နှစ်သက်ပါကလား'

'မနှစ်သက်ပါ'

'အရည်းတို့ဟာ မမြင်ရတဲ့ နောင်ဘဝရဲ့ ချမ်းသာခြင်းကို ပြပြီး မှိုင်းတိုက်နေကာ တိုင်းပြည်ကို ထားတယ်လို့ ဦးလေးတော့

မြင်နေတာပဲ၊ သူတို့ဟာ ခုဘ၀အတွက် တိုင်းသူပြည်သားများရဲ့ အကျိုးစီးပွားကို ဘယ်လိုများ ဆောင်ရွက်နေသလဲ'

'မပြနိုင်ပါ'

'ကောင်းပြီ။ သူတို့ဟာ တိုင်းပြည်ရေး၊ မင်းမှု စိုးခွင့် ဥပဒေဖြတ်ထုံး ဓမ္မသတ်တို့ကို နားလည်သလား'

'မလည်ပါ'

'ဒါဖြင့် သူတို့ဟာ တိုင်းပြည်ကို မှောင်ချထားပြီး ဟိုဘ၀အတွက် ခြောက်မြှောက်နေတာ သူတို့ ဩဇာကြီးဖို့၊ ဂုဏ်ရှိဖို့၊ ထင်ပေါ်ကျော်စောဖို့၊ လာဘ်မိုးစွေဖို့၊ စည်းစိမ်တိုးဖို့ပဲ လုပ်နေတယ် မဟုတ်လား'

'ဆိုနိုင်ပါတယ်'

'သည်လိုဖြင့် တူတော်မောင်ရယ်၊ တိုင်းသူပြည်သားတို့ လူတန်းစား မြင့်တက်လာကာ ကြွယ်ဝချမ်းသာ ကောင်းစားလာအောင်၊ ကျွန်တွင်းက ထွက်နိုင်အောင် ဘာတစ်ခုမျှ မည်မည်ရရ အလုပ် လုပ်တာကိုလည်း မပြနိုင်၊ တိုင်းရေးပြည်မှု မင်းရေးစိုးခွင့်ကိုလည်း နားမလည်၊ နိုင်ငံတော်ကို ဆူအောင်လုပ်ပြီး အသားယူကာ မိမိတို့ ဩဇာရှိအောင်၊ ဂုဏ်ကြီးအောင်၊ ထင်ပေါ်ကျော်စောအောင်၊ လာဘ်လာဘ များပြီး ကျောင်းကြီး ကန်ကြီး စည်းစိမ်ကြီးနှင့် နေနိုင်အောင် လုပ်နေတဲ့ အတ္တဟိတဝါဒီ အရည်းတို့ရဲ့ စကားကို တိုင်းပြည်ကြီး ကောင်းစားအောင် ဉာဏ်ပညာနှင့် ပြည့်စုံတဲ့ ဦးလေးတော်တို့၊ တူမောင်တို့က လိုက်နာရမယ် ဆိုတာဟာ မခက်ဘူးလား။ လိုက်နာနေရင် တိုင်းပြည်ကြီး မှောက်မှာပေါ့။ ဒါကြောင့် ဦးရိုးတော်ရဲ့ အမိန့်ထဲမှာ အရည်းများ ဝင်စွက်ခဲ့ရင် ကိုယ်တော်တိုင် လုံကစားပြမယ် တူတော်မောင်'

ရာဇသင်္ကြိသည် ထိုကဲ့သို့ အရေးမရဘဲ နန်းတော်ကြီးမှ

ပြန်လာခဲ့၍ အကြောင်းကို ဓနီးသည်အား ပြောကြားရာ၊ ကျေးဥ လည်း နန်းတော်ကြီးသို့ ဝင်ပြီးလျှင် ဤသို့ လျှောက်ထားပြန်လေ ၏။

'ဦးလေး၊ မိကျေး သံတော်ဦးတင်ရင် အရေးပေးနော်'

'လာ တူမကြီး၊ သံတော်ဦးတွေ လုပ်မနေနှင့်၊ ဦးလေးရဲ့ အနားမှာထိုင်၊ ဘာများ ပြောမလို့လဲ'

'ဦးလေး ဘေးဖြစ်မှာကို မိကျေး မမြင်ချင်ဖူးနော်'

'တူမကြီး ဘာတွေ ပြောချင်သလဲ'

'မှူးကြီးမတ်ရာ သေနာပတိများ၊ သူဌေး သူကြွယ် စသော ငွေရှင်များ မနှစ်လိုလျှင် ဘေးရန် များတတ်ပါတယ်။ အရည်းတော် များ မနှစ်လိုလျှင် အန္တရာယ် ထူထပ်လာတတ်ပါတယ်။ အရည်းတို့ ဟာ ဆန်းကြယ်တဲ့ ပယောဂ အတတ်ရှင်များလည်း ဖြစ်ကြပါတယ်။ ဒါကြောင့် တူတော်မောင် တင်ခဲ့တာတွေကို ပြန်လည်စေ့ငုပြီး စဉ်းစား ပါ ဦးလေးရယ်'

'တူမကြီး သတ္တိကြောင်သကိုး၊ ရဲရင် စမ်းကြစမ်းပါစေ။ ပယောဂအတတ် ဆိုတာဟာလည်း လောကမှာ လူဖျင်း၊ လူအ၊ လူနုံ၊ လူညံ့တို့ အပေါ်မှာသာ စူးရှနိုင်တတ်တယ်။ ဦးလေးဟာ ကိုယ်ကျိုး ကိုယ်စီးပွားကိုသာ ကြည့်ပြီး ဘုရင် လုပ်တာ မဟုတ်ဘူး။ သတ္တဝါ အများရဲ့ အကျိုးစီးပွားအတွက် သံတွေခဲနှင့်တူတဲ့ မင်းအဖြစ်ကို ခံယူ ခဲ့တယ်။ အဲဒီတော့ ရဲသူ တော်လှန်စမ်းပါစေ၊ သည်လုံ့ပုံ့ဟာ လူကုံထံရဲ့ သွေးကိုမှ အားကြီး သောက်တတ်တယ်။ အရည်းတွေရဲ့ အသားကိုမှ မြိန်မြိန်ရှက်ရှက် စားတတ်တယ်။ တူမကြီး မစိုးရိမ်နှင့်၊ ဦးလေးရဲ့ တူမချစ်ကြီး'

'ဦးလေး'

'လောကမှာ အလုပ်မလုပ်ချင်တဲ့လူ၊ အလုပ်မလုပ်တဲ့လူ၊ ဓိမ်

အစ်ပြီး ယစ်နေတဲ့ သူများဟာ ဘယ်တော့မှ ဘယ်လိုမှ အကျင့်စာရိတ္တ မကောင်းဘူး။ မှတ်ထား'

'ဟုတ်တော့ ဟုတ်တာပါပဲ'

'အကျင့်စာရိတ္တ မကောင်းတဲ့သူဟာ လူကို ဘယ်တော့မှ၊ ဘယ်လိုမှ လူမထင်ဘူး။ သူဟာ လောကရဲ့ အမြဲရန်သူကွယ့်'

'ဒီလိုတော့လည်း မှန်တာပါပဲ'

'လောကမှာ ဂုဏ်၊ ပကာသနကို လိုတဲ့ လူများနှင့် ငွေ့ရှင်စီးပွားရေးသမား၊ ငွေရှာသူများဟာ သူတစ်ပါးအား ထိုက်တန်တဲ့ အခွင့်အရေးကို ဘယ်တော့မှ မပေးဘူး။ လုပ်ခစားများနှင့် ငွေပေးသင့်သူများအားလည်း ထိုက်တန်တဲ့ငွေကို ဘယ်တော့မှ မပေးဘူး။ သူတို့တစ်တွေဟာ အာဏာ ဒေသနာနှင့် လုယက် တိုက်ခိုက် ခိုးယူနေတဲ့ သူတွေပဲ'

'ဒါတွေ ရှိလို့လည်း လောကမှာ မင်းရယ်လို့ ရှိရတာပေါ့ ဦးလေးရယ်'

'အဲသည်တော့ ဦးလေးကြီးကလေ သူတို့ကို နှိမ်နင်းမှာပဲ၊ ဦးလေးဟာလည်း သူတို့ရဲ့လက်ချက်နှင့် တစ်နေ့တော့ နတ်ပွဲဝင်ရမှာပဲ၊ ဒါတော့ ဓမ္မတာပေါ့ တူမကြီးရဲ့၊ တူတော်မောင်ကို နားစွဲအောင် ပြောနော်။ သတိ အမြဲချပ်ပါစေ'

*

မင်းကြီးသည် မကြာမတင်မီ အောက်ပါ အမိန့်တော်ကို ကျပ်တည်းစွာ ထုတ်ဆင့်လေ၏။

(၁) မည်သူမဆို ကြေးငွေချေးငှားရာ၌ အရင်း၏တစ်ဝက်ထက် ပိုသော အတိုးကို မယူရ၊ ထိုငွေများ အရင်းရော အတိုးပါကိုလည်း တစ်လုံးတည်း မဟုတ်ဘဲ ဆပ်နိုင်သမျှ အရစ်ကျ သားစဉ်မြေးဆက် ဆပ်ခွင့်ပြုရမည်။

(၂) ငွေ့ရှင်များက မရှိဆင်းရဲ မကိုလုံသူတို့အား လာရောက် ငွေချေးလျှင် ချေးငှားရမည်။ မချေးငှားက ရာဇဝတ်တော်သင့်စေ။

(၃) အရည်းများသည် မင်းရေးစိုးခွင့် လူမှုလူတာတို့၌ ဝင်ရောက် စွက်ဖက်ခြင်း၊ ငွေကို လက်ခံခြင်းတို့ ပြုနေက လူဝတ်လဲပြီးလျှင် အလုပ်ခွင်သို့ ဝင်စေရမည်၊ ငြင်းပယ်က ရာဇဝတ်တော် သင့်စေ။

ငါ့အမိန့်တော်ကို မတည်စေသူနှင့် မတည်သူအား စစ်ဆေးအရေးယူ၍ ကလန်များနှင့် ဝန်များတို့က သတ်စေ။

ထိုအမိန့်တော်သည် အကြားအားဖြင့် အလွန် ကောင်း၍ ပထမ၌ ဦးလည်မသုန် နာခံ ဆောင်ရွက်ကြသောကြောင့် အကျိုးကျေးဇူး ထိရောက်ဟန် ရှိလေ၏။ သို့ရာတွင် သဲထဲ၌ ရေဖျန်းကာ ကောက်စပါးကို ကြဲရာ တင်းပန်း စိမ်းလန်းစွာနှင့် ပေါက်သော်လည်း အသီးအနှံတို့ကို မရဘိသကဲ့သို့၊ ကြာလတ်သော် ထိုအမိန့်တော်သည် တိုင်းပြည်တွင် အလွန် ကြောက်မက်ဖွယ်ကောင်းသော အဆိပ် ဖြစ်နေလေ၏။ အမိန့်ရှင်သည်လည်း ညံ့ဖျင်းနေသော တိုင်းပြည်၌ ထုတ်ပြန်သော အမိန့်တော်နှင့် ဥပဒေသည် ဘယ်လိုမှ မကောင်းနိုင်ဆိုခြင်းကို မသိ၍ အမိန့်ကောင်း ဥပဒေကောင်းကိုသာ သိသည်။ မခံယူတတ်၊ မခံမယူနိုင်သည်ကိုကား မသိချေ။

ငွေ့ရှင်တို့သည်လည်း မိမိတို့ ပြုမူနေထိုင်လာခဲ့သည်ကို လုံးဝမလျှော့ဘဲ ကလန်၊ မြို့ဝန်၊ မြို့စိုး စသော အာဏာရှင် ဆိုသူတို့၏ ထံ၌ လာဘ်တံစိုး ထိုးကြကုန်၍ ရှက်ကြောက်ဖွယ်လိလိ လာဘ်တံစိုး ထိုးမှုသည် တဖြည်းဖြည်း ပျံ့နှံ့ကာ နိုင်ငံတော်၌ ထူထပ်လာလေ၏။

ဂုဏ်လိုသူများ၊ မင်းမှုထမ်းအဖြစ်နှင့် ငွေ၊ စီးပွား ရှာဖွေသူများ

သည် လာဘ်တံစိုးကို ရနိုင်သလို၊ ရသည့်နည်းနှင့် ယူမည်။ ထိုသဘောကို မင်းကြီးသည် ဝင်စားမိဟန် မရှိ။

အရည်းတို့နှင့် သူကြီး ကလန် မြို့ဝန် စသော အာဏာပိုင်ရှင်တို့သည် လျှို့ဝှက်ကာ ပူးပေါင်းကြလျက်၊ ထိုအမိန့်ကိုမှီလျက် ညာဏ်ကျက်စားနိုင်သမျှ ကျက်စားပြီးလျှင် မိမိတို့၏ အခွင့်အရေးကို ယူကြကုန်၏။

မင်းမှုထမ်းထဲတွင် မင်း၏ရန်သူ အမြဲရှိသည်။ မင်း ပညတ်သော၊ မင်း သတ်မှတ်သော၊ မင်း ချမှတ်သော စည်းကမ်း၊ ဥပဒေ၊ အမိန့်တို့ကို မှီ၍ မင်း၏ရန်သူ မင်းမှုထမ်းသည် မင်းကို ပြည်သူတို့ မနှစ်မြို့အောင် တတ်နိုင်သမျှ ဆောင်ရွက်နေလေသည်။ ထိုသဘောကိုလည်း စလေမင်းခွေးသည် မဝေဖန်မိချေ။

ထိုသဘောတို့ကြောင့် အာဏာပိုင်ရှင်တို့သည် လာဘ်တံစိုးယူသူ၊ အရည်းတို့သည် လာဘ်ပွဲစား၊ ငွေ့ရှင်တို့သည် လာဘ်ထိုးသူတို့ ဖြစ်လာကြကုန်၏။ နောင်ရှည်လတ်သော် မင်း၏အကျိုးကို မလိုလားသော မင်းမှုထမ်း စလေမြို့ဝန်သည် "ဤအမှုကို ပြုအံ့၊ မောင်ဖြိုးနှင့် မင်းကြီးသည် စိတ်ဝမ်းကွဲအံ့၊ ထိုအခါ မင်းကြီးကို အလွယ်တကူနှင့် ထီးနန်းမှ ချနိုင်အံ့" ဟု ယူဆလျက် ထိုအမိန့်တော်များကို ကိုးကား၍ အရည်းတို့နှင့် ကြံစည်လေ၏။

အရည်းဂိုဏ်း ဆရာတစ်ပါးသည် သူဌေးကြီး ဦးမျိုးညွန့်ထံ သွား၍ မင်းကြီး၏ ထီးနန်းသိမ်းခြင်း. အထိမ်းအမှတ်ကို ပြုလုပ်သည့် နှစ်စဉ်ပွဲတော်အတွက် ငွေငါးပိဿာ အလှူခံ၏။ ဦးမျိုးညွန့်လည်း ကြိမ်းမောင်းကာ လွှတ်၏။ အရည်း ဩဇာခံလူများကို သွားရောက် ငွေချေးစေ၏။ ဦးမျိုးညွန့်လည်း ငေါက်ငမ်းလွှတ်၏။ ထိုအခါ မြို့ဝန်သည် ဦးမျိုးညွန့်ကိုပင် 'ငါတို့မင်းကြီးကို ကျွန်ဘဝ

တုန်းက ရက်စက်စွာ ခိုင်းစေသည်၊ ယခုလည်း မင်းအမိန့်ကို ဖီဆန်သည်' ဟု အိမ်ထက်တွင်ပင် ချက်ချင်း သတ်ပစ်လိုက်လေ၏။

*

ကျေးဥသည် ထိုသတင်းကို ကြားရလတ်သော် ဆံပင်ဖားလျား၊ ထဘီရင်ရှားနှင့် ဖိနပ်မျှ မပါ၊ သည်းထန်လှစွာသော အပူဖြင့် ပြင်းပြစွာ ငိုယိုလျက် နန်းတော်ကြီးသို့ ပြေးပြီးလျှင် မင်းကြီးထံ ချက်ချင်း ဝင်ပြီးသော်– 'ဦးလေးရဲ့၊ ကိုယ်တော် တရားရှင်ကြီးရဲ့၊ ကြားဝံ့တော်မူသေးရဲ့လား၊ ကြားရက်တော်မူသေးရဲ့လား၊ မိကျေး ရှုးပေါ့ ဦးလေးကြီးရဲ့' ဟု ဟစ်ကာဟစ်ကာ တမ်းတကာနှင့် ရင်အုံကို စုံထုလျက် နန်းတော်ထက်တွင် လူးကာ၊ လိမ့်ကာ၊ လူးလိမ့်ကာဖြင့် တစာစာ ငိုကြွေးလေ၏။ ငခွေး၏ခြေကို ဆံပင်နှင့်ပွတ်၍ တဝွတ်တွတ် မြည်တမ်းခြင်းဖြင့်လည်း ငိုလေ၏။

'ဟဲ့ တူမတော် ဘာတုံး၊ ဦးလေးကို ပြောပြပါဦး၊ ဦးလေး အသည်းထိတ်လှချည်။ ဒါလောက်တောင် ဘာဖြစ်လာရတာလဲ'

'ဦးလေးကြီးရဲ့၊ တရားရှင်ကြီးရဲ့၊ ဒါတွေကို တင်ကြို မြင်လွန်းလို့ လျှောက်ထားပေမဲ့ အရေးမရ၊ ယခုတော့ ကောင်းနိုင်သေးရဲ့လား၊ ကြားရက်တော်မူသေးရဲ့လား' ဆိုကာ ကျေးဥသည် မတ်တတ်က ကိုယ်ကို ပစ်လှဲပြီးလျှင် မူးမေ့သွားလေ၏။

'ဟယ် ... ဟယ် ... ဟယ်။ ဟဲ့ ကိုယ်လုပ်တော်များ လာကြပါဦး၊ ထူမကြပါဦး၊ နှာနှပ်ကြပါဦး။ ခက်လိုက်တာနော်၊ ကောင်မကလေး၊ ဘာမှလည်း မသိရ။ ခက်ပေါ့ ခက်ပေါ့၊ ငါ ခက်လှချည်မယ်ကျေး။ ဟဲ့ မြန်မြန် နှာနှပ်ကြပါဦး။ အလိုလေး အသက်မှ ရှိပါသေးရဲ့လား။ ကျေး ကျေး ခက်ကပြီ၊ သည်မှာ ဦးလေး ဦးလေး ဘာမှ မသိရပါကလား၊ ဟဲ့ မောင်ဖြိုးကို မြန်မြန်ခေါ်ခဲ့ကြ။ ကျေး၊ ကျေး ဦးလေး ရှိတယ်။ ဦးလေးကိုများ ပြောပြစမ်းပါဦး'

*

'ဦးလေးရဲ့၊ အခက်ကြီး ခက်ကြပေါ့၊ ငဖြိုးကိုသာ သတ်ပါတော့ ဦးလေးရဲ့'

'တစ်ယောက်ကလည်း လာပြန်ပြီ၊ ငါ ဘာလုပ်ရမှာလဲ၊ ပြောကြစမ်းပါဦးကွယ်၊ ဦးလေးရဲ့ထိပ်ကို မြွေပေါက်နေပြီ'

ကျေးဥသည် သတိရလာ၍ 'ဦးလေးရယ်၊ မိကျေး ကိုယ်ကျိုးနည်းပြီ၊ မိကျေး လူပြည်မှာနေလို့ မထူးတော့ဘူး၊ မိကျေးကိုသာ သတ်လိုက်ပါတော့' ဆိုကာ ငခွေး၏ ရင်ခွင်ထဲသို့ ပစ်လှဲကာ၊ တစ်သက်လုံး နှဲ့ဆိုး ဆိုးလာခဲ့သည်အတိုင်း ဟစ်ကာဟစ်ကာ ငိုကြွေးနေလေ၏။

'မောင်ဖြိုး ပြောစမ်းပါဦးကွယ်၊ ငါ့တူမကြီးအတွက် ငါတော့ အသည်း အဆုတ်တောင် ရှိမယ် မထင်တော့ဘူး၊ ငါတူမရဲ့ သည်လိုအပူကို ငါဘယ်တော့မှ မခံခဲ့ဘူးလို့ ငါ ခက်လှချည်လား မောင်ဖြိုး'

'ဦး ... လေး ... ကြီးရယ်၊ စလေမြို့ဝန်က ဘဘကြီးကို ငါတို့ပြည့်ရှင် ဘုရင်မင်းမြတ်ကို ကျွန်ဘဝတုန်းက ရက်ရက်စက်စက် ခိုင်းစေတယ်၊ ယခုလည်း မင်းအာဏာတော်ကို မနာခံ ဆိုပြီး အိမ်ပေါ်တွင်ပင် မြို့ဝန်စားနှင့် ဘဘကြီး အသက်ဆုံးရပေါ့'

'ဟင် သည်အကောင် အင်မတန် ယုတ်မာပြီး စော်ကားလှပါကလား။ သင့်ကို ငါကိုယ်တော်တိုင် ကားစင်တင်ပြီး လှံကစားကာ သတ်မယ်။ အပူကို ငြိမ်းတော့ တူမကြီး။ သြော် ... ခပ်သိမ်းသော ပြုပြင်မှုသဘောတို့သည် မြင်မြင်သမျှ ပုပုရွရွတို့၌ အနိုက်အတန့်မျှကလေးမှပင် မမြဲလှပါတကား။ သြော် ပြုပြင်မှုသဘော ဟူသမျှတို့သည် တွေ့ရ၊ ကြုံရ၊ လှည့်လည်ခဲ့ရတဲ့ ဘဝါ ဘဝတို့မှာ ဆင်းရဲခြင်း ကြီးလှပါဘိတကား။ သြော် ပြုပြင်မှု ဟူသမျှ ကြုံရလေတို့သည် လောက လောက ထိုထိုသော လောက၌ သဘောမျှသာပါတကား၊ တူမကြီး တရားကို နှလုံးသွင်းလော့။

'ဟဲ့ လှေမြန်တော်များ မရှိဘူးလား'

'ရှိပါ့ဘုရား၊ အသင့်ပါ ဘုရား'

'ကုတ်ဝန်မင်း'

'အပါးတော်၌ ခစားလျက်ပါ ဘုရား'

'စလေဝန် ငမိုက်သားကို မသေရုံတမည် ထားပြီး ရွှေဖဝါး တော် အောက်သို့ ခေါ်ခဲ့စေ၊ တစ်ချက်လွှတ် အမိန့်တော်'

'ဦးတည့်ရပ်ပါ ဘုရား'

'မယ်မယ် နှစ်ပါးကိုလည်း စလေမှာ မထားခဲ့ဘဲ လှေယာဉ် တော်နှင့် အမြန်သွားရောက် ပင့်ဆောင်ခဲ့ကြစေ'

*

မောင်ဖြိုး၏မိခင်နှင့် ကျေးဥ၏ မိခင်တို့ကို လှေမြန်တော်နှင့် အမြန် ပင့်ဆောင်ကြရ၍၊ ကုတ်ဝန်မင်းလည်း အာဏာသားများနှင့် စလေ ဝန်ကို သွားရောက် ဖမ်းဆီးရာ၊ စလေဝန်က မိမိသည် ဦးမျိုးညွန့်ကို သတ်သည်မှာ မှန်သော်လည်း အကြောင်းတစ်စုံတစ်ရာကိုမျှ မသိရ ပါ၊ မင်းတို့အာဏာ ဓားလုံ့မှာ တည်စေ ဆိုတဲ့ မင်းမိန့်တစ်ရပ်မျှသာ ဖြစ်ရပါတယ်။ အရည်းတော် သုံးပါးက ဦးမျိုးညွန့်ဟာ ငါတို့ရဲ့ မင်းကြီးကို ကျွန်ဘဝတုန်းက တရားမဲ့ ရက်စက်စွာ ခိုင်းစေခဲ့ဖူးတယ်။ ယခုလည်း မင်းကြီးရဲ့ အမိန့်တော်ကို ကျွန့်အမိန့်ကို သခင် နာခံ ရမလားဆိုပြီး ဖီဆန်ပါတယ်။ သင် အရေးမယူက ရွှေနားတော်ကြား လျှောက်ထားရမယ် ဆိုခြင်းကြောင့် သတ်ရကြောင်းကို ဖြောင့်ဆို ဝန်ခံသောကြောင့် အရည်းတော် သုံးပါးကိုပါ ဖမ်းဆီး ခေါ်ဆောင် ခဲ့လေ၏။

တရားရှင်မင်းမြတ်၏ ရှေ့တော်မှောက်၌ တရားခံများ စုံညီ ရောက်လာကြသောအခါ ကျေးဥ၏ မိခင်သည် ငို၍ ဤသို့ ပြော ဆိုလေ၏။

'သားကြီး တရားရှင်၊ သားတော်မောင်ရဲ့ ဘဘကြီးဟာ မောင် တရားရှင် ဖြစ်တယ်လို့ ကြားလျှင် ကြားရခြင်းမှာပင် ဝမ်းပန်း တသာနှင့် လက်ပမ်းပေါက်ခတ်ကာ ငါ့သားလို လူသည် ဇမ္ဗူမှာ ရှိသေးရဲ့လားလို့ ကြိမ်းပခြင်း ပြုပါတယ်။ အဲသည်လို ကြိမ်းပပြီး တဲ့နောက် ငါ့သားဟာ တရားမဲ့ ပြုကျင့်ခြင်းကို မလို၊ ဂုဏ်ကြီးသူက ဂုဏ်ငယ်သူအား၊ ချမ်းသာသူက ဆင်းရဲသူအား နှိပ်စက်ညှဉ်းပန်း ပြုတာကို မလို၊ ကျေးပိုင်၊ ကျွန်ပိုင်၊ ကျေးကျွန်ဆိုတဲ့ သဘောကို မလို၊ ဒါကြောင့် အိမ်မှ ကျွန်များကို သွားလိုရာ သွားကြပေတော့လို့ မောင်ရဲ့အမိန့်တော် မသတ်မီကပင် အခွင့်ပြုကာ လွှတ်လို့ အိမ်မှာ လက်ဝါးစွန်းတောင်ဖေ့ ကျေးကျွန်မျှလောက်သာ ရှိပါတော့တယ်။ အချို့ကျွန်များကို လယ်ယာမိုးမြေ ပေးပြီးတောင် အိမ်က လွှတ်ရ တယ်။ မသွားလိုတဲ့ ကျွန်များကို သူရင်းငှား အဖြစ်နှင့် နေထိုင်ခွင့် ပြုထားရတယ်။

'မောင့် ဘဘကြီးမှာ မောင်လည်း သိတဲ့အတိုင်း ရွှေလည်း သုံးမကုန်၊ ငွေလည်း သုံးမကုန်၊ ရတနာ စိန်ကျောက်တို့လည်း အန တက္ကမ ဖြစ်နေလေတော့ နောင်သံသရာ ကောင်းကျိုးအတွက် ရည်စူး ပြီး အရိယာကျင့်စဉ် သူတော် ရှင်ရဟန်းတို့အား နေ့စဉ် အလှူဝတ် ကို ပြုပါတယ်။ တစ်လ လေးသီတင်းရှိရာ သီတင်းနေ့တိုင်း ဘုန်း တောင်း ယာစကာတို့နှင့် အထီးကျန်တဲ့သူများအား အလှူဝတ်ကို ပြုကာ ဝေငှ လှူဒါန်းပါတယ်။ လက်မှုပညာသည်များနှင့် အလုပ် သမားများ၊ တောင်သူငယ်များတို့အားလည်း မောင့်တူမကလေး သဘောအတိုင်း ငွေရင်းငွေနီးကို အတိုးမဲ့ ထုတ်ပေးပါတယ်။

'သားကြီး တရားရှင်၊ မောင့် ဘဘကြီးမှာ ပြောစရာတော့ ရှိပါတယ်။ အရည်းများကိုတော့ လက်ဖှေ့တိုက်တာ ရဟန်းမဟုတ်၊ ဓား၊ တုတ်၊ လှံ စတဲ့ လက်နက်တို့ကို ကိုင်ဆောင် သွားလာနေတာ

ရဟန်း မဟုတ်၊ မင်းအိမ် စိုးအိမ်ကို ဝင်ပြီး သာစေနာစေ သဘောနှင့် အမှုဆောင်နေတာဟာ ရဟန်း မဟုတ်၊ လုပ်ရတ် လမ်းကို လိုက်၊ အင်းအိုင် ခါးလှည့် လက်ဖွဲ့၊ မန္တန်ကျူး၊ ဆေးကု၊ ပယောဂ အတတ်ကို သင်အံတာ ရဟန်း မဟုတ်၊ ပုထိုးကို လက်ညှိုးညွှန်ပြီး ပွဲလမ်းသဘင်ပြု၊ မင်းကို လက်ညှိုးထိုးပြီး အောင်ပွဲသဘင်ပြု၊ သေသူကို အကြောင်းပြုပြီး ပွဲလမ်းသဘင်ပြု စသည်ဖြင့် ပြုနေတာဟာ ရဟန်း မဟုတ် ဆိုကာ မလျှုရှာဘူး။ အဲသည်လိုနှင့်ပင် ငါ့အမိန့်တော်အတိုင်း မတည်တဲ့သူများကို သတ်စေလို့ တစ်ချက်လွှတ် အမိန့်တော် ရောက်လာတဲ့အခါ ရဟန်းဂိုဏ်းက လူများထံမှာ၊ အချို့သူဌေး သူကြွယ်တွေထံမှာ မင်းနှင့် အကျွမ်းဝင်တဲ့ အရည်းတွေက လာဘ်တံစိုး တောင်းခံပါတယ်။ မရက တစ်ချက်လွှတ် အမိန့်တော်နှင့် သတ်ပစ်စေပါတယ်။

'နောက်ဆုံး ဟောဒီ အရည်း ကိုယ်တော်သုံးပါးဟာ မောင့်ဘဘကြီးထံ ညအချိန် ရောက်လာပြီး မင်း၏နှစ်ပတ်လည် အောင်ပွဲကျင်းပဖို့ဆိုကာ ငွေငါးပိဿာ အလိုရှိကြောင်းနှင့် တောင်းခံပါတယ်။ မရရင် တစ်ချက်လွှတ် အမိန့်တော်အရ အသေသတ်ရန် မြို့ဝန်ထံ တိုင်ရမယ်လို့ ခြိမ်းခြောက်ပါတယ်။ မောင့် ဘဘကြီးကလည်း မောင် သိတော်မူတဲ့အတိုင်း ခေါင်းမာမာ၊ စကားဆိုးဆိုးနှင့် ရဟန်းနှင့် ဘာဆိုင်သလဲ၊ မင်းပွဲနှင့်ကော ဘာဆိုင်သလဲ၊ ရဟန်းဆိုရင် ရဟန်းဘာသာနေ၊ သူတောင်းစားအဖြစ်နှင့် တောင်းရင် ငွေငါးပိဿာမက ငွေပိဿာငါးရာ ပေးမယ်၊ သည်လိုတောင်းမယ့်သူကိုသာ မျှော်နေတယ်။ မင်းပွဲလုပ်ဖို့ လာခဲ့၊ မင်းမှုထမ်း တောင်းလှည့်၊ လိုသလောက် ငါက ခံမယ်။ ငါ့သားအတွက် ပွဲလုပ်မှာ ငါ ခံမှာပေါ့၊ ဒါတွေဟာ ရဟန်းအလုပ် မဟုတ်၊ သာသနာအလုပ် မဟုတ်။ ထွီ ... ဆိုကာ ပြန်ပြောပါတယ်။

'အဲသည်တော့ သည်အရည်း သုံးပါးဟာ ချက်ချင်း ပြန်သွားပြီး၊ နောက်တစ်နေ့မှာ မြို့ဝန် လာရောက်ကာ မောင့်ဘဘကြီးရဲ့ နှုတ်တုံ့ပြန်ကာ အကြောင်းအရာကို ပြောဆိုခွင့်မပြုဘဲ – အသင်ဟာ ငါတို့ရဲ့ တရားရှင်ကေရာဇ်ဘုရားကို ကျွန်ဘဝတုန်းက နှိပ်နှိပ်စက်စက် အင်မတန် ခိုင်းတယ်၊ ယခုလည်း အမိန့်တော်မြတ်ကို တော်လှန်နေတယ် ဆိုကာ သတ်တာပဲ သားတော်မောင်'

ထိုအခါ မြို့ဝန်မင်းသည် တုန်တခိုက်နှင့် ဤသို့ လျှောက်ထားလေ၏။

'ရွှေဘုန်းတော်သခင် တရားရှင် ကေရာဇ်ဘုရား၊ အရှင့်မယ်တော် မိန့်တော်မူသည်အတိုင်း မှန်လှပါသည်။ သည်အရည်းတော် သုံးပါးပင်လျှင် ကျွန်တော်မျိုးထံ သန်းခေါင်ယံတွင် လာရောက်လျက် အရှင့်မယ်တော် မိန့်တော်မူသည့်အပြင် ကျွန်များကို မလွှတ်၊ ကျပ်တည်းစွာ ခိုင်းမြဲ ခိုင်းနေသည် ဟု ပြောပြပြီးသော်– မောင်မင်း ချက်ချင်း အရေးယူ၊ မယူခဲ့ရင် ငါတို့ ဘုရင်ထံ သွားပြီး လျှောက်တင်ရလိမ့်မယ်– ဟု လာရောက် အမိန့်တော်ရှိသောကြောင့် "မင်းတို့အာဏာ ကြိုးကြိမ်မှာ တည်ရသည်" "သခင့်အာဏာ ကျွန်မှာ တည်ရသည်" "ဘုရင့်အာဏာ ဓားလှံမှာ တည်ရသည်" ဆိုစကားအတိုင်း ဆုတ်မဆိုင်းဘဲ ကျွန်တော်မျိုးကြီး လက်လွန်မိပါသည်။ ထားလျှင် ရှင်၊ သတ်လျှင် သေရပါတော့မည် ရွှေဘုန်းတော်ရှင် တရားရှင် ကေရာဇ်ဘုရား'

ထိုအခါ မင်းကြီးသည် အမျက်သည်းထန်စွာ ထွက်လာ၍ ကြမ်းကြုတ် ခက်ထန်လွန်းသော မျက်နှာနှင့် အရည်းရဟန်း သုံးပါးအား တစ်စုံတစ်ရာမျှ မစစ်ဆေးတော့ဘဲ လက်စွဲတော်လှံနှင့် ထိုးသတ်ပြီးသော် ကိုယ်တော်တိုင် သူသေကောင်များကို နန်းရင်ပြင်မှ ခြေနှစ်ချောင်းကို ငင်ကိုင်ကာ အောက်သို့ လွှင့်ပစ်တော်မူ၏။ တစ်ဖန်

မြို့ဝန်မင်းအား သတ်ရန် ဓားကို ဆွဲသောအခါ ကျေးဥ၏ မိခင် ကိုယ်တိုင် ထ ၍ လက်ကာပြီးလျှင် ဤသို့ပြောဆို တောင်းပန်လေ၏။

'သားကြီးမောင် မြို့ဝန်ကို အပြစ်လွှတ်တော်မူပါ။ အရည်းတို့ရဲ့ စကားကြောင့် အမိန့်တော်ကို ရှိသေလွန်း၍ မှားရပေသည်။ အမိန့်တော်ကို အလွဲသုံးစား ပြုလုပ်သည်ဟု မယူမဆသင့်ပါ။ မောင့်ဘဘကြီးမှာကား ဝိပါကအလျောက် သေငြားရတော့ပြီ။ မြို့ဝန်သေလို့ မောင့် ဘဘကြီး ပြန်ရှင်မည် မဟုတ်ပါ။ ဒါ့ကြောင့် မယ်မယ်မှာ ဇီဝိတဒါန ဖြစ်ရလေအောင် မြို့ဝန်အသက်ကို ချမ်းသာပေးပါ သားကြီးမောင်'

မင်းကြီးသည် မြို့ဝန်ကို ရာထူးစည်းစိမ်နှင့်တကွ နုတ်သိမ်း၍ အသက်ကို ချမ်းသာပေးတော်မူလေသည်။

[ရာဇဝင်တိုင်း လောက်ကပင် ထိုမင်းကား စလေအရပ်၌ သခင်ဖြစ်သူ ညှဉ်းပန်းဖူးလေသည်ကို အငြိုးထား၍ သခင်ကို မင်းဖြစ်လျှင် သတ်လေသည် ဟု ဆို၏။ ။ ဤအချက်၌ မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင် မင်းသား နှစ်ပါးတို့ကို အခါပေးမိသည့်အတွက် စလေဦးပုည အသတ်ခံရရှာသည်ဟု အစဉ် စကားဆိုကြ၏။ ထိုစကားမှာ မင်းမိန့်အရ သတ်သကဲ့သို့ ဖြစ်နေ၏။ ထင်လည်း ထင်ရ၏။ သို့သော် မြို့ဝန် ဦးသာအိုးက ထိုအကြောင်းကို အချက်ရှာ၍ ရှေးက ရန်ငြိုးကြောင့် ဘုရင့်အမိန့်မရမီ စလေဦးပုညကို သတ်လေသည်။ ထိုကဲ့သို့ပင် စလေငခွေးနှင့် ၎င်း၏ သခင်မှာလည်း ဖြစ်ရပေသည်ဟု စာဟောဆရာ၊ ဓာတ်ဝတ္ထုဆရာတို့နှင့် ပါးစပ် ရာဇဝင်ဆရာ၊ တောင်စဉ် သမိုင်းတို့တွင် သတ်သည်ကို မင်းကြီး နောက်မှသိ၍ ယူကျုံးမရ ဖြစ်သည်ဟု ဆိုသည်ကိုလည်း အသိအမှတ် ပြုခဲ့ရလေသည်။]

စလေမင်းခွေး တရားရှင်မင်းကြီးသည် ထိုအခါကစ၍ အကွပ်အမျက် အလွန် ပြင်းထန်သည်၊ ကြမ်းကြုတ် ရက်စက်ခြင်း လွန်

သည်ဟု အလွန်ရွံ့ကြောက်ကြကုန်၏။ မင်းကြီးလည်း များစွာသော လူယုံတော် အထောက်တော်များကို ရွေပြည်တော်နှင့်တကွ နိုင်ငံတော် အရပ်ရပ်တွင် တံစိုးလက်ဆောင်ယူသော မင်းမှုထမ်းများနှင့် ဘုရင့်အမိန့်တော်ကို မလိုက်မနာသော သူတို့အား ထောက်လှမ်းရန် လွှတ်တော်မူပြီးလျှင် ဤကဲ့သို့လည်း အမိန့်တော်ကို ထုတ်ဆင့်သတ်မှတ်တော်မူလေ၏။

(၁) တံစိုးလက်ဆောင် ယူနေသော မင်းမှုထမ်းများ၊ မင်းမှုထမ်း စသော တရားသူကြီးများတို့အား တံစိုးလက်ဆောင်၊ လာဘ်ပေးသူများတို့ကို မည်သူမဆို လာရောက် သံတော်ဦးတင်ခွင့်ပြုကြောင်း။

(၂) ငါ့အမိန့်တော်ကို မနာခံသောသူတို့အား တရားသဖြင့် စစ်ဆေးပြီးနောက် ငါ့ခြေဖဝါးတော် အောက်သို့ ဆောင်ကြဉ်းခဲ့ရမည်။ ငါကိုယ်တော်တိုင် အမှုထင်ရှားသူများကို စီရင်တော်မူမည်။

ထိုအမိန့်တော်သည်လည်း အလွန် အောက်ကျနောက်ကျ ဖြစ်နေသော တိုင်းသူပြည်သားတို့၌ ခဏသာ တည်မြဲ၍ ကြာသော် တံစိုးထိုးမှု၊ လာဘ်ပေးမှုတို့သည် အာဏာပြင်းထန်သည်လောက် လျှို့ဝှက်ကာ ထူထပ်လာပြန်၏။ မြို့ဝန်၊ ကလန် စသော အာဏာပိုင်ရှင်တို့ကလည်း တံစိုးယူခြင်း၊ လာဘ်တောင်းခြင်း အမှုတို့ကိုသာ အထူးလျှို့ဝှက်ကာ ပြုနေကြ၏။ လူယုံတော် အထောက်တော်တို့ဖြင့်လည်း ပထမသော် တံစိုးယူသူ၊ လာဘ်ယူသူ၊ လာဘ်ပေးသူ၊ တံစိုးပေးသူများသည် ပေါ်ပေါက်၍ ရက်စက်စွာ သတ်ဖြတ်ခြင်းကို ခံကြရသောကြောင့် အမိန့်တော်ကို အလွန် ကြောက်ရွံ့ ရိုသေကြဟန် ရှိကုန်၏။ ထိုသို့သော မြို့ဝန် မြို့စိုး၊ သူကြီး၊ ကလန် စသည့်နေရာတို့၌ ကျွန့်ဘဝက လွတ်လာသော သူများအား ခန့်အပ် လွှဲထားလေ၏။ အချို့မှာ သံပျင် ဖြစ်သောအခါမှ ကျွန့်ဘဝမှ လွတ်ကြရ၏။ များစွာသော သူဌေး သူကြွယ် ငွေ့ရှင် စသော စီးပွားရေး ငွေရှာသမားတို့သည် အသတ်ခံကြရလေ၏။

ထိုကဲ့သို့ အသတ်အပုတ် များလာလတ်သော် ငွေသည် လူတစ်ယောက်ကို ဩဇာအာဏာခံ ဖြစ်စေနိုင်၍ အကျင့်စာရိတ္တကို ပျက်ပြားစေနိုင်သည်အတိုင်း လူယုံတော် အထောက်တော်များသည်လည်း ကျွန့်ဘဝမှ လွတ်၍ ကောင်းစားလာသော မြို့ဝန် မြို့စိုးစသည်တို့နှင့် တပေါင်းတည်း တညီတည်းကို ဖြစ်စေလျက် သူဌေး၊ သူကြွယ်တို့ထံမှ တဖြည်းဖြည်း လာဘ်တံစိုးတို့ကို ယူလာကြကုန်၏။

ငွေနှင့် ဂုဏ်ကို အလေးထား၍ တပ်မက် နှစ်သက်ခုံမင်နေသူအား မည်မျှလောက်၊ မည်ကဲ့သို့ပင် မြှောက်စားသော်လည်း အကျင့်စာရိတ္တသည် မကောင်းနိုင်။

လူတစ်ယောက်၏ အကျင့်စာရိတ္တနှင့် သိက္ခာကို ငွေနှင့်တို့၍ကြည့်၊ ဂုဏ်နှင့်လည်း တို့၍ကြည့်၊ ပကာသနနှင့်လည်း တို့၍ကြည့်ရာသည်။ လူယုံတော် အထောက်တော် အချို့သည်လည်း ရာဇဝတ်တော်ကို မရှိသေသူအဖြစ်နှင့် အသတ်ခံကြရကုန်၏။ ထိုကဲ့သို့ ဓားလက်နက်ကို အသုံးပြု၍ ဘုရင်မင်းမြတ်သည် အဖိုးတန်သော အမိန့်တော်များကို စိုက်ထူသော်လည်း မင်းမှုထမ်းများနှင့် ငွေ့ရှင်တို့မှာ အသိဉာဏ် ခေါင်းပါးနေ၍ မနှစ်လိုကြသဖြင့် အမိန့်တော်များသည် အရာရောက်ရောက် မတည်မမြဲနိုင်ကြပေ။ နေပြည်တော်နှင့် ကွာလှမ်းနေသော ရပ်ကွက် ကျေးရွာ မြို့သိမ်၊ မြို့ငယ်တို့မှာလည်း ပါးစပ်ကင်းမဲ့သကဲ့သို့ ဖြစ်နေကြရ၍ တရားမင်းမြတ် အမိန့်တော်၏ ရသာထူးသည် နိုင်ငံတော်သူ နိုင်ငံတော်သားတို့အား မထိ မစွဲနိုင် ဖြစ်နေလေသည်။

နားပင်း၍ မျက်စိကန်းနေသူကို တစ္ဆေသည် ကြောက်အောင် မခြောက်နိုင်။

အ နေသူကို ဂါထာမန္တရား သင်၍ မဖြစ်။

တရားရှင် မင်းမြတ်မှာလည်း မိမိ၏အမိန့်သည် ကောင်းစွာ

မတည်ကြောင်းကို သိသဖြင့် ကြမ်းကြုတ်စွာ ကွပ်မျက်ခြင်းသည် တိုးတက် ပြင်းထန်လာလေ၏။ စင်စစ်သော်ကား မည်သို့သော အမိန့်တော်၊ တရားဥပဒေ၊ မည်သည့် ကွပ်မျက်ခြင်း ပြစ်ဒဏ်ပေးခြင်း တည်းဟူသော ဓားလက်နက် စသည်တို့၌ မတည်ဘဲ တိုင်းသူပြည်သားတို့၏ အသိဉာဏ်နှင့် စိတ်ထား ရင့်မာခိုင်မြဲ မြင့်မြတ်မှုပေါ်မှာသာ တည်နိုင်ကြောင်းကို မသိသဖြင့် အသိဉာဏ် ကျယ်ပြန့်ရေး၊ စိတ်ထားမြင့်မြတ်ရေးတို့ကို ဖြစ်စေနိုင်သော စာပေပညာ သင်ကြားမှုတို့ကို သတိမထားမိသဖြင့် ကြာလေ ကြာလေ ကွပ်မျက်မှုတို့သည် တိုးတက်ပြင်းထန်ခြင်း များလေ ဖြစ်နေတော့သည်။

စလေငခွေး (စလေမင်းခွေး) သည် သက္ကရာဇ် ၂၃၈ ခု နှစ်ကစ၍ တရားရှင် အဖြစ်နှင့် မင်းပြုသဖြင့် ၂၆၃ ခုနှစ်သို့တိုင် ရောက်သော်လည်း ၎င်း၏ ကောင်းမွန် အကျိုးဖွံ့ဖြိုးနိုင်သော အမိန့်တော်များသည် နိုင်ငံတော်၌ လုံးလုံးလျားလျား တည်မြဲအောင် မတတ်နိုင်လေရကား၊ ကွပ်မျက်ခြင်းကိုသာ ရိုင်းစိုင်းစွာ ပြုဖန်များသောကြောင့် မှူးမတ် သေနာပတိတို့သည် ပြင်းထန်စွာ ကြောက်ရွံ့ကြသည်နှင့် အညီ ကြည်ညိုနှစ်သက်ခြင်း ကင်းမဲ့လာကြကုန်၏။

ကျွန်ဘဝမှ မင်းမှူထမ်း ဖြစ်လာကြသူတို့ပင်လည်း စလေမင်းခွေးကို နှုတ်ကသာ သစ္စာတည်လျက် ဝမ်းတွင်းက ကြည်ညိုခြင်း ကင်းမဲ့ကာ ရှိကြသည်သာ များကြ၏။

လူတို့ မည်သည်မှာလည်း သူတစ်ပါးက မတရား ပြုလုပ်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းကို မခံနိုင်၍ အပြစ်ဆိုတုံသော်လည်း မိမိကောင်းစားလာသောအခါ ထို မတရားပြုမှုခြင်း၊ ချုပ်ချယ်ခြင်းတို့ကို ပင်လျှင် ဘုန်းတန်ခိုး အာဏာတော်ဟု ထင်မှတ်ပြီးသော် အလွန်မွန်မြတ်သော အရသာထူး ဖြစ်လာတတ်သည်သာ များချေသည်။

ငါကိုတော့ မဖိနှိပ်နှင့်၊ မချုပ်ချယ်နှင့်။ ငါက သင့်ကို ဖိနှိပ်

ခြင်း၊ ချုပ်ချယ်ခြင်းသည်ကား ငါ့မှာ ကောင်းမြတ်သော မင်္ဂလာ ဖြစ်သည်။

ထိုသို့သော သဘောဖြင့် စလေမင်းခွေးသည် နိုင်ငံတော်၌ တံစိုးယူခြင်း၊ လာဘ်ယူခြင်း၊ နိုင့်ထက်စီးနင်း ပြုခြင်းတို့ကို ကြာလေ ကြာလေ မနှိပ်ကွပ်နိုင်လေ ဖြစ်နေသဖြင့် ထိုခေတ်က ပုဂံပြည်သည် တံစိုးလာဘ်တို့နှင့် တန်ဆာဆင်လျက် ရှိနေလေသည်။

သက္ကရာဇ် ၂၆၃ ခုသို့ ရောက်သောအခါ တရားရှင်မင်းမြတ်၏ အမိန့်တော်ကို မနာခံသော သူဌေး (ဝါ) သခင်များကို ဖမ်းဆီးရမိသောအခါ **ဝက်ဟူ၍** (ဝါ) **ဝက်ကျင် ကျင့်သောသူ** ဟူ၍ ဆင်ထက်က နေပြီးလျှင် ရေကန်တွင်ချလျက် လုံကစားတော်မူလေ၏။

ထိုသို့ ကွပ်မျက်ပြီးနောက် မှူးမတ် ဗိုလ်ပါတို့နှင့် ငွေ့ရှင်များသည် မင်းကြီးအား အလွန်နှလုံးနာနင့်ပြီး ဖြစ်သောကြောင့် ငွေစုဆောင်းပြီးသော် ဆင်ကဲကို အတိုင်းထက်အလွန် တံစိုးထိုး၍ ရေကန်ဝယ် ရေကစားစဉ် ဆင်ကဲသည် အောက်က ကြိုးကို ဖြတ်ထားသဖြင့်၊ က လည်ပြီးသော် မင်းကြီးသည် ရေထဲသို့ ကျလေ၏။ ထိုအခါ မှူးမတ်ဗိုလ်ပါတို့လည်း ရွံ့ညွှန် တစ်လက်ဖက်စီနှင့် ပစ်ကြကုန်၏။ ဆင်ကဲလည်း ဆင်နှင့် နင်းသတ်၏။ မင်းကြီးသည် ထိုခဏ၌ပင် ကံကုန်တော်မူလေသည်။

ရာဇသင်္ကြံ အမတ်ကြီးကား မင်းကြီး ကံကုန်တော်မူမှ သိရ၍ မှူးမတ်ဗိုလ်ပါတို့ကို အုပ်စီးပြီးသော်၊ ဗိုလ်ထုအပေါင်းက ရာဇသင်္ကြံ မောင်ဖြိုးအား မင်းအဖြစ်သို့ ချီးမြှင့်သည်ကို လက်မခံဘဲ စလေမင်းခွေး၏ သားတော် သိန်းခိုမင်းကို ကြပ်မတ်ကာ နန်းတင်လေသတည်း။

စလေငခွေးကား အိမ်နိမ့် ၃၀၊ စည်းစိမ် ၂၅၊ သက်တော် ငါးဆယ့်ငါးနှစ်တွင် လူ့ပြည် ငြီးရလေသတည်း။

# အခြားမှတ်စု

ဦးကုလား စီရင်သော မဟာရာဇဝင်ကြီး၌ စလေငခွေးသည် သက္ကရာဇ် ၂၃၈ ခုနှစ်တွင် နန်းတက်၍ ၂၆၃ ခုနှစ်တွင် စည်းစိမ် ၂၅၊ သက်တော် ၅၅ နှစ်၌ အနိစ္စရောက်သည်ဟုဆို၏။ မှန်နန်း ရာဇဝင်တော်ကြီး၌ကား သက္ကရာဇ် ၂၆၈ ခုနှစ်တွင် စလေငခွေး မင်းဖြစ်၍ စည်းစိမ် ၉ နှစ်၊ သက်တော် ၅၉ နှစ်တွင် သက္ကရာဇ် ၂၇၇ ခုသော် ကံကုန်တော်မူသည်ဟု ဆိုလေသည်။

စာဖတ်သူတို့ ဗဟုသုတ အလို့ငှာ ရာဇဝင်စကား သက်သက် နှစ်သက်သလို ကောက်ယူရန် ဖော်ပြပါအံ့။

သိန်းခွန် ညီအစ်ကို တိုက်ကြ၍ အစ်ကို နိုင်လျှင် ညီ ရှုံးသဖြင့် ထွက်ပြေးရာ စလေအရပ်တွင် ပုန်းကွယ်နေ၏။ ထိုသူ ၏ မြေးဖြစ်သော ငခွေးကို မိဘတို့သည် မကုံ၍ သူကြွယ် တစ် ယောက်၏ အိမ်မှာ ရောင်းလေ၏။ ထိုငခွေးကား ကွမ်း၊ ပန်း၊ ဖယောင်း၊ လိမ်းစရာ နံ့သာကို ချစ်၏။ ဝတ်ကောင်း၊ စားကောင်း ကို ချစ်၏။ တစ်နေ့ သုံးခါ ဆံကို အမှန်ဖြီးသော ဟူ၏။ တစ်ရံ ရောအခါ အရှင် သူကြွယ်သည် လှေထိုးထည့်လေ၏။ ပုဂံသို့ မရောက်ခင် ညတွင် ချက်က အူထွက်၍ ပုဂံမြို့ကိုပတ်လျက်

ရာပြည့်စာအုပ်တိုက်

နေသည်ဟု အိပ်မက် မြင်မက်၏။ မိုးသောက်လျှင် လှေထိုး၍ ဆန်ခဲ့၏။ လှေထိုးရာဝယ် မနောလင်ပန်းကို ထိုးမိ၍ ထိုးဝါး၌ ငြိကာ ပါလာလေ၏။ ငခွေးလည်း မနောလင်ပန်း ပါလာကြောင်း ကို သိလျှင် ငါအိပ်မက် မြင်ခဲလှသည်။ သည်မနောလင်ပန်းနှင့် ကျေလေတော့မည် ဟူ၍ မနောလင်ပန်းကို ထိုးချခဲ့၏။

ပုဂံသို့ ရောက်လတ်သော် မင်းဆရာဖြစ်သော ပုရောဟိတ် အိမ်သို့ သွားလေ၏။ ပုဏ္ဏား မရှိခိုက် ဖြစ်၍ ပုဏ္ဏေးမကို အကြောင်းပြန်ရာ ပုဏ္ဏေးမလည်း အသက်ရှည်မည်၊ ဘုန်းကြီး မည် ဟုသာ ဆိုလိုက်၏။ ငခွေးလည်း မှတ်မှတ်ရရ မဖတ်ပါ သောကြောင့် ဆင်း၍သွားလေ၏။ ထိုခဏ၌ ပုဏ္ဏားလာ၍ ငါ မရှိသည့်နောက် ဘယ်သူ လာသနည်းဟု မယားကို မေး၏။ မယားလည်း လုလင်တစ်ယောက် အိပ်မက် ပြန်လာသောကြောင့် ငါ သည်ကဲ့သို့ ဖတ်လိုက်သည်ဟု ပြောရာ၊ ပုဏ္ဏားလည်း မယား ဆံထုံးကို လှီး၍ အောက်သို့ ပစ်လိုက်၏။ ပစ်လိုက်သော ခဏ၌ ဆံထုံးကို မိုးကြိုးပစ်၏။

ပုဏ္ဏားလည်း အိပ်မက်ပြန်လာသသူကို အလျင်လိုက်၍ ခေါ်ရလေ၏။ ရောက်လျှင် အမောင်ကား အဘယ်အရပ်၌ နေ သနည်း။ အမောင်ကား အဘယ်သူ၏ အမျိုးအနွယ်နည်း။ အမောင် မက်သော အိပ်မက်သည်ကား အလွန် ဖြစ်ခဲလှသည်။ သီတင်းသီလကို ဆောက်တည်ပါလေ။ မကြာမတင် ပုဂံပြည်ကို အစိုးရသောမင်း ဖြစ်လတ္တံ့။ အလောင်းမင်း ဖြစ်သောအခါ ငါ့ကို မမေ့ပါစေနှင့်ဟု ဆိုလိုက်၏။ ငခွေးလည်း ကုန်စည် အရောင်း အဝယ် ပြီးလျှင် မိမိအရပ် စလေသို့ စုန်လေ၏။ အရှင်သူကြွယ် လည်း ငခွေးကို ညှဉ်းပန်း၍ ပူပြင်းစွာ စေလေ၏။ ငခွေးလည်း သည်းမခံနိုင်၍ တံနက်မင်းမှာ ဝင်၍ ခစားလေ၏။ မင်းသည်

လုလင်၏အသွင်ကို မြင်လတ်သော် သနားတော်မူသည် ဖြစ်၍ မြင်းခံ ခန့်တော်မူ၏။

မင်းလည်း မောင်းမငယ် တစ်ယောက်နှင့် မြင်းတင်းကုပ်သို့ နေ့ညမပြတ် လာတော်မူ၏။ မင်းကြီးလည်း မြင်းခံကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူ၏။ အချင်း မြင်းခံ၊ ထိုမြင်းချေးကို ဝေးစွာသော တွင်း၌ ထည့်ပြီးမှ သွေ့ရာကစ၍ မီးထည့်၊ နောက်ထည့်သော မြင်းချေးလည်း မီး၏အရှိန်ဖြင့် သွေ့နှင့်၍ လောင်နှင့်စေဟု မိန့်တော်မူ၏။ မြင်းခံလည်း မင်းကြီး ဆိုတိုင်း ပြု၏။ အခါတစ်ပါးသောနေ့၌ မောင်းမငယ်နှင့် မြင်းခံ စကားဝင်၍ မင်းကြီးကို မြင်းချေးတွင်းဝယ် တွန်းဘိ၏။ မြင်းခံလည်း မိဖုရားမောင်းမ တို့ကို အလိုသို့ပါအောင် ခြိမ်းခြောက်၍ အလိုသို့ပါလျှင် မင်းပြုလေ၏။

ငခွေးကား ဘုရားရှင်ကို နေမပူစေရအောင် အင်ဖက်သုံးချပ် ကာပေးသော တောင်စောင့်ဘီလူးကို ဤပြည်တွင် မင်းသုံးကြိမ် ဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်ရသောသူ ဖြစ်သဖြင့် ဘုန်းတန်ခိုး အာနုဘော် ကြီး၏။ ဘီလူးအဖြစ်မှ စုတေလာသူ ဖြစ်၍လည်း အမျက်စောင်းမာန် ကြီး၏။ အစားကြူး၏။ မှူးမတ်ဗိုလ်ပါတို့လည်း ကြောက်ရွံ့ခြင်း ပြင်းကုန်သည်ဖြစ်၍ ခစားရကုန်၏။ ထိုမင်းကား စလေအရပ်၌ သခင်ဖြစ်သသူ ညဉ်းပန်းဖူးသည်ကို အငြိုးထား၍ သခင်ကိုလည်း မင်းဖြစ်လျှင် သတ်လေသည်။ သခင်နှင့်တူသော သူတို့ကိုလည်း ဖမ်း၍ရလျှင် ရေကန်ဝယ် ချစေပြီးသော် ဝက်ဟူ၍ ဆင်ထက်က လှံနှင့် ထိုးသောဟူ၏။

ထိုသို့ပြုဖန် များလတ်သော် အမတ်ဗိုလ်ပါတို့လည်း ဆင်ကဲကို တံစိုးများစွာပေး၍ ရေကန်ဝယ် ရေကစားလျှင် ဆင်ကဲလည်း

အောက်ကကြိုးကို ဖြတ်သဖြင့် က လည်လေလျှင် ကနှင့်တကွ ရေတွင်ကျလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း ရွှံ့ညွန် တစ်ယောက် တစ်လက်ဖက်စီနှင့် ပစ်၍ အနိစ္စရောက်လေ၏။ ယခုတိုင်အောင် ထိုကန်ကို ညွန်တစ်လဖက်ကန်ဟူ၍ တွင်၏။ ထိုမင်းကား အနိစ္စ ရောက်တော်မူလိုသော် ဘီလူး ထန်းပင်လောက်ရှိ ကိုယ်ထင်ပြ၏။ မင်းရင်ပြင်တွင် ရပ်လာ၏။ နံတော် စနေသားတည်း။

[ဤကား မှန်နန်းရာဇဝင်နှင့် ဦးကုလား ရာဇဝင်တို့ အလို တည်း။]

ပြီးပြီ။

# စစ်ကိုင်း ရှိုးရှိုးသင်း
# စလေမင်းခွေး

ကျွန်ဘဝမှ ရေမြေ့သခင် ဘုရင်တစ်ပါး မင်းတရားဖြစ်လာသူ ငခွေးကား...

- ဘုရားရှင်ကို နေမပူစေရအောင် အင်ဖက်သုံးချပ် ကာပေးသော တောင်စောင့်ဘီလူးကို ဤပြည်တွင် မင်းသုံးကြိမ် ဖြစ်လတ္တံ့ ဟူ၍ ဗျာဒိတ်ရသောသူ ဖြစ်သဖြင့် ဘုန်းတန်ခိုး အာနုဘော် ကြီး၏။
- ဘီလူးအဖြစ်မှ စုတေလာသူ ဖြစ်၍လည်း အမျက်စောင်းမာန် ကြီး၏။ အစားကြူး၏။
- မှူးမတ် ဗိုလ်ပါတို့လည်း ကြောက်ရွံ့ခြင်း ပြင်းကုန်သည်ဖြစ်၍ ခစားရကုန်၏။
- ထိုမင်းကား စလေအရပ်၌ သခင်ဖြစ်သသူ ညှဉ်းပန်းဖူးသည်ကို အငြိုးထား၍ သခင်ကိုလည်း မင်းဖြစ်လျှင် လက်စားချေ၏။

- ဤသို့ဖြင့် -

